မလှိုင်မြို့

ကံကြီး၊ သိရိသောမာရုံ

မဟာနာယက

ဝိသုဒ္ဓါရုံ ကာဗျဝိဒူ ဓမ္မာစရိယ

ဆရာတော် အရှင်စန္ဒဇောတိ

၏

ဒုစရိုက် သုစရိုက် ခွဲတမ်း

# လူ့စည်းကမ်းဥပဒေတော်ကြီး

သာသနာ- ၂၅၂၄ ကောဇာ-၁၃၄၂

ဘာသာရေးဆိုင်ရာ ပုံနှိပ်ထုတ်ဝေခွင့် (၁၃၀၇)

ကင်းလွတ်ခွင့် (၅၁၈)

အဖုံးခွင့်ပြုအမှတ် (၈၂)

ပထမအကြိမ်

မေ့ဒါန

အုပ်ရေ (၂၀၀၀)

၁၉၈၀။ စက်တင်ဘာလ

**ထုတ်ဝေသူ**

ဦးတိလောကသာရ

ဗိဋကမေ့ာရုံ အာဇာနည်ဗိမာန်လမ်းရန်ကုန်၊

**ပုံနှိပ်သူ**

ဒေါ်နှင်းမြင့် (၀၁၉၉၁)

နှင်းပုံနှိပ်တိုက် အမှတ် (၁၂) ၄-လမ်းပုသိမ်ညွန့် ရန်ကုန်။

**စာစီ+စက်ရိုက်**

မောင်မောင်တို့ အဖွဲ့။

**စာအုပ်ချုပ်**

စိုး ထွန်း ကျော် နဲ့ အင်အားစု

၇၂-က၊ ရေတာရှည်လမ်းဟောင်း ဗဟန်း။

ဒုစရိုက် သုစရိုက်ခွဲတမ်း

# လူ့စည်းကမ်း ဥပဒေတော်ကြီး

မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **ကျမ်းဦးသမိုင်း** | ၁-မှ ၁၄-အထိ |
| ၂။ | **ကျမ်းဦးပရိကမ်** | ၁၅-မှ ၁၇-အထိ |
| ၃။ | **ဒုစရိုက်ခွဲတမ်း** | ၁၈-မှ ၂၀-အထိ |

[ယင်းအခန်း၌ (၁) ကျက်မှတ်ဖွယ် အတိုင်အဖောက် သံပေါက်ကဗျာ (၂) သရုပ်အဓိပ္ပါယ် (၃) ထပ်ဆင့်ရှင်းပြခန်း (၄) လိုရင်းဆောင်ပုဒ်ကဗျာ၊ ဤ၄-မျိုးကို အခြေခံထား၍ စီစဉ်ထားသည့်အပြင် အထက်အထက် အခန်းများ၌လည်း အလားတူ ဤ၄-မျိုးကိုပင် အခြေခံပြု၍ စီစဉ်ထားပါသည်။]

| | | |
|---|---|---|
| ၄။ | **ကာယကံခွဲတမ်း** | ၂၀-မှ ၂၅-အထိ |

[ယင်းအခန်း၌ ၁- အသေနှင့်အရှင်၊ ၂- ပါဏာတိပါတ၏ ဆိုးမွေများ၊ ၃။ လူဆင်းရဲနှင့်လူမွဲ၊ ၄။ လူ့ဒါန်းတိုင်း ဘုရားကြိုက်မဖြစ်—စသော အကြောင်းအရာများကို အကွက်ကျကျ သရုပ်ဖော်ထားသည်။]

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | ဝစီကံခွဲတမ်း | ၂၆-မှ ၄၇-အထိ |

[ယင်းကဏ္ဍ၌ တခုတခုသော ဝစီကံ၏အခြေခံ သဘာဝကိုထိရောက်အောင် ရှင်းပြထားသည့်အပြင် ထပ်ဆင့် ရှင်းပြခန်း၌လည်း လူမှုဆက်ဆံရေး ပျက်ပြားပုံကို သရုပ်ဖော်ထားသော စုန္ဒနှင့် နန္ဒတို့၏ ဆက်ဆံရေး အဖျက်သမားကြီး မပုတို့၏ အကြောင်းအရာနှင့် အင်္ဂလိပ်ဖတ်စာထဲမှ လူလိုစကားပြောတတ်သော ပင်လယ်နတ်ငါးကြီး ဝတ္ထုကိုပါ တွေ့ရပါမည်။]

| | | |
|---|---|---|
| ၆။ | မနောကံခွဲတမ်း | ၄၈-မှ ၆၂-အထိ |

[လူအဆင့်အတန်း မြင့်လေလေ အဘိဇ္ဈာ အလှမ်းကျယ်လေလေ ဖြစ်ရပုံကို ရှေးခေတ်နယ်ချဲ့ဘိုးအေကြီးများနှင့် ယခုခေတ် ကမ္ဘာ့နိုင်ငံရေး ခေါင်းဆောင်ကြီးတို့၏ အဘိဇ္ဈာမှ နောက်ဆက်တွဲ ဒုစရိုက်များ ပေါ်ပေါက် လာရခြင်း, ဗျာပါဒတရားသည် လူရှော်လူညံ့တို့၌ အဖြစ်များခြင်း, ဒိဋ္ဌိ အမျိုးမျိုးကို သရုပ်ဖော်ထားခြင်း စသည်တို့ အပြင် ဆာဝက(စာရ်ဗာက) ခေါင်းဆောင်သော ရှေးခေတ် ဘာသာဝါဒ တော်လှန်ရေးကြီး အကြောင်းကိုလည်း ယင်းအခန်း၌ စုံလင်စွာ ဖော်ပြထားသည်။]

| | | |
|---|---|---|
| ၇။ | ဒုစရိုက်အကျယ် ၄၀- ဖြစ်ပေါ်လာပုံ | ၆၃-မှ ၆၆-အထိ |

[ယင်းကဏ္ဍ ထပ်ဆင့်ရှင်းပြခန်း၌ ဒုစရိုက်အကျဉ်းမှ ဒုစရိုက်အကျယ်ဖြစ်လာရပုံကို အသေးစိတ်ရှင်းပြထားသည့်အပြင်

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

ယခုခေတ် အလှူကြီးပေးရာ၌ မလှူတတ်က ရေစက်ချ အမျှ မဝေမိကာပင် ငရဲကြီးနေရပုံကိုလည်း သရုပ်ဖော်ထားသည်။]

၈။ သုစရိုက်ခွဲတမ်း ၆၇-မှ ၆၉-အထိ

[သုစရိုက် ၁၀- ပါးအကျဉ်းချုပ် ဆောင်ပုဒ် အမေးအဖြေ သရုပ်ပြအဓိပ္ပါယ် ထပ်ဆင့်ရှင်းပြခန်း လိုရင်းဆောင်ပုဒ်ကဗျာများ ပါဝင်သည်။]

၉။ ကာယသုစရိုက်ခွဲတမ်း ၇၀-မှ ၇၇-အထိ

[ယင်းအခန်း၌ ကာယဒုစရိုက်, ကာယသုစရိုက် တို့၏ ကောင်းကျိုး, ဆိုးပြစ်များကို လင်္ကာ ဆောင်ပုဒ်များနှင့် တကွ ဖော်ပြပြီးနောက် ကာယဒုစရိုက် ဝိရတီ သီလသိက္ခာပုဒ်များ ဖြစ်လာပုံကို ရှင်းပြထားသည်။]

၁၀။ ဝစီသုစရိုက်ခွဲတမ်း ၇၈-မှ ၉၇-အထိ

[ယင်းအခန်း ထပ်ဆင့်ရှင်းပြခန်း၌ (၁) ဝစီဒုစရိုက်, ဝစီသုစရိုက်တို့၏ ကောင်းကျိုး,ဆိုးပြစ်များ (၂) ဝစီဒုစရိုတဝိရတီ သီလ သိက္ခာပုဒ်များ ဖြစ်ပေါ်လာပုံ (၃)ကိုယ်နှင့်နှုတ် စောင့်စည်းခြင်းကိုပင် သီလခေါ်ရပုံ (၄) ကာယဒုစရိုတ ဝိရတီ ဝစီဒုစရိုတ ဝိရတီ တို့မှပင် အာဇီဝဋ္ဌမက သီလ ငါးပါးသီလ စသည်ဖြစ်ပေါ်လာပုံ (၅) သုရာပါနကို သိက္ခာပုဒ်ပြုလုပ် ဆောက်တည်ခြင်းနှင့် သောက်စားခြင်း၏အပြစ် (၆) ငါးပါးသီလ လုံခြုံနည်း ၃-မျိုး (၇) သုရာပါန မပါသော ငါးပါးသီလနှင့် ဝစီဒုစရိုက်မစုံသော

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

ငါးပါးသီလတို့ကို ညွှန်းတင်ပြထားသည့်အပြင် အာဇီဝဋ္ဌမကသီလ ငါးပါးသီလနှင့် စပ်လျဉ်း၍ သီလချင်းသွေးမခွဲသင့်ပုံ စသည်တို့ကိုပါ အကွက်ကျကျ ရှင်းတမ်းပြုထားသည်ကို ဖတ်ရှုကြရမည်။]

၁၁။ မကျင့်လျှင် မနေရ ငါးပါးသီလ ၉၈-မှ၁၀၆-အထိ

[ယင်းအခန်း၌လည်း (၁) ဗုဒ္ဓမြတ်စွာအတည်ပြုချက် (၂) လူ့တာဝန်မကျေသူ (၃) လူ့အဖွဲ့အစည်းနှင့် လူ့စည်းကမ်း (၄) မျက်မှောက်အခွင့်အရေးများ (၅) ဗုဒ္ဓမြတ်စွာဘယ်လို မိန့်ကြားသလဲ- စသောခေါင်းစီးများဖြင့် လူ့ကျင့်ဝတ် ပွားတိုးရေးအတွက် လှုံ့ဆော်ချက်များပါဝင်ပါသည်။]

၁၂။ မနောကံသုစရိုက်ခွဲတမ်း ၁၀၇-မှ ၁၂၁-အထိ

[ယင်းထပ်ဆင့်ရှင်းပြခန်း၌ (၁) သမ္မာဒိဋ္ဌိ ၅-မျိုးကို တမျိုးစီရှင်ပြထားခြင်း (၂) ဝေရမဏီ- ပါသော ကာယကံ ဝစီကံနှင့် ဝေရမဏီ– မပါသော မနောကံတို့ကို ပါဠိတော် သာဓကပြ၍ ရှင်းပြထားခြင်း (၃) မနောကံ၌ ဝိရတီ သီလမရပုံ (၄) အရင်းအနှီးမစိုက်ရသော ကုသိုလ်ဟူသည်မှာ ဘယ်အရာဖြစ်သည် စသော သိမှတ်ဖွယ်များကို ထိရောက်စွာ သရုပ်ဖော်ပြထားသည်။]

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | လူ့စည်းကမ်း ဥပဒေတော်ကြီးဟု မော်ကွန်းတင် အမည်တပ်ပုံ | ၁၂၂-မှ ၁၂၅-အထိ |
| ၁၄။ | သုစရိုက်တရားပြန့်ပွါးခြင်း ရလဒ်များ | ၁၂၆-မှ ၁၃၂-အထိ |

[ယင်းအခန်း၌ (၁) လူတွေက လူ့စည်းကမ်းဥပဒေ ဟုဆိုရသော သုစရိုက်တရားကိုယ်စီနှင့် ပြည့်စုံခိုက်အခါဝယ် လူ့လောကကြီးသည် ဘယ်နည်းဘယ်ပုံ သာယာဝပြော လျက်ရှိသည်- ဟူသော အချက်အလက်တွေကို ရှေးခေတ် ကမ္ဘာ့သမိုင်းကြောင်း တရပ်အနေဖြင့် စိတ်ဝင်စားဖွယ်ဖြစ် အောင် သရုပ်ဖော်ထားသည်။]

| | | |
|---|---|---|
| ၁၅။ | ပုညကြိယဝတ္တု သုစရိုက် ခွဲတမ်းများ | ၁၃၃-မှ–၁၃၈-အထိ |

[ယင်းကဏ္ဍ၌ ပုညကြိယဝတ္တု- ဟူသော ပါဠိဝေါဟာ ရကို မြန်မာလိုပေါ်လွင်အောင် ရှင်းပြထားသည်။]

| | | |
|---|---|---|
| ၁၆။ | ဒါနရေးရာပိုင်း | ၁၃၉-မှ ၁၅၂-အထိ |

[ယင်းအခန်း၌ (၁) ဒါန၏ အခြေခံသဘာဝ (၂) မ ပျက်စီးသော စွမ်းရည်သတ္တိ (၃) ပရ လောကကိုယုံကြည်

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

ရှိလျှမ္မ ဒါနဖြစ်ပုံ (၄) အလှူခံပုဂ္ဂိုလ် ရွေးချယ်ရေး (၅) ဘုရားရှိစဉ်က အလှူခံရွေးချယ်ပုံ (၆)တန့်ခိုးပြ၍စည်းရုံးသော ရှင်ဒေဝဒတ် (၇) ယခုခေတ်အလှူခံ ရွေးချယ်နည်း (၈) သံဃိကအလှူဖြစ်နိုင်ရေး— စသောအပိုင်းလေးများကလည်း ဗုဒ္ဓဘာသာလူထုကြီးအား လှူရေး တန်းရေး သင်တန်းပေးလျက် ရှိနေသည်ကို တွေ့ရပါမည်။]

၁၇။ သီလရေးရာမိုင်း ၁၅၃-မှ ၁၅၈အထိ

[ယင်းအခန်း၌(၁) သီလ၏ အခြေခံသဘာဝ (၂)ဒါနပြုလျှင် သီလကိုပါ ထိန်းသိမ်းရပုံ (၄) လူထုလုပ်စာကို အချောင်နှိုက်နေသော လူဒုသီလများ အကြောင်း (၅) တိုင်းပြည်သာယာမှုအတွက် သီလ ၄-မျိုး ထူထောင်ရေး စသော သီလနှင့်စပ်သည့် သိမှတ်ဖွယ်ရာ အဖြာဖြာတို့ကို ဖတ်ရှုလေ့လာရမည်။]

၁၈။ ဘာဝနာရေးရာမိုင်း ၁၅၉မှ ၁၈၉အထိ

[ယင်းအခန်း၌ (၁) ရုပ်နာမ်ဓမ္မကို ခွဲခြားသိခြင်း(နာမရူပပရိစ္ဆေဒဉာဏ်) အကြောင်း (၂) ရုပ်ခေတ် ပေါက်ပြန်ပုံနှင့် နာမ်ခေတ် အာရုံသို့ ညွတ်ပုံ (၃) ပညတ်ဖုံး၍ ရုပ်နာမ်ပျောက်ဆုံးရခြင်းနှင့် ထိုအဖုံးဖယ်လျှင် ရုပ်နာမ်မြင်ရပုံမောင်ဖြူနှင့် နေတို့ကို ပမာပြခြင်း (၄) လောကသိနှင့် ဝိပဿနာသိအထူး (၅) သတိပဋ္ဌာန်နည်းဖြင့် ရုပ် နာမ်

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

သဘာဝကို စိစစ်ရာ၌ အခြေခံလှုပ်ရှားမှုကြီး ၄-မျိုး အကြောင်းနှင့် သတိစွဲမြဲရေးကို ဖော်ပြကာ ထိုသတိပဋ္ဌာန်မှ ဝိပဿနာသို့ ကူးတတ်ပုံကိုင်း(၆) အရှင်စန္ဒဇောတိ၏ အိမ်တွင်းသတိပဋ္ဌာန်ဆောင်ပုဒ်လက်များကိုင်း ၇-ကျမ်းပြုဆရာ အရှင်စန္ဒဇောတိ၏ တောင်ပုလုဆရာတော်ကြီးနှင့်တွေ့၍ မိမိကိုယ်တိုင် သတိပဋ္ဌာန်လုပ်ငန်းခွင် ဝင်ရာ၌ တွေ့ခဲ့သော အတွေ့အကြုံနှင့် လုပ်ဆောင်ချက်တို့ကိုင်း (၈) ဘာဝနာရေးရာပိုင်းအဆုံး၌ မင်္ဂလာဖို့ရေးတွင် ကျမ်းပြုဆရာတော်၏ အဇ္ဈာသယနှင့် တိုက်တွန်းချက်တို့ကိုင်း စိတ်ဝင်စားဖွယ်ဖတ်ရှု လေ့လာရပါမည်။]

၁၉။ အပစာယနာဒိကဏ္ဍရေးရာပိုင်း ၁၉၀-မှ ၂၀၄-အထိ

[ယင်းအခန်း၌(၁) အပစာယန ဝေယျာဝစ္စ ပတ္တိဒါန နှင့် ပတ္တာနုမောဒန ဓမ္မသဝနနှင့် ဓမ္မဒေသနာ ဒိဋ္ဌုဇုကမ္မတို့၏ အဓိပ္ပါယ် (၂) အပစာယန၌ အသက်ကြီးသူနှင့် သိက္ခာကြီးသူ လေးစားမှုနှင့် ရိုသေမှုတို့၏ အထူး(၃) အသက်သိက္ခာကြီးသူတို့အား ရိုသေသဖြင့် ရရှိသော အကျိုးများ (၄) ရဟန်းတော်များ ဝေယျာဝစ္စ ဆောင်ရွက်ရာ၌ သိသင့် သိထိုက်သော အရာများ (၅) ရဟန်းတော်များ တရားဟောရာ၌သတိပြုသင့်သော အချက်များကို ကိုယ်တွေ့ အဖြစ်အပျက် သက်သေသာဓက ထုတ်ဆောင်၍ ဓမ္မဒေသနာကုသိုလ်ဖြစ်အောင် လမ်းညွှန်တင်ပြထားသည်ကို ဖတ်ရှုရပါမည်။]

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

နောက်ဆုံး ပုညကြိယဝတ္ထု ၁၀- ပါးအကျဉ်းချုပ်, လိုရင်းပုညကြိယဝတ္ထု ၃—ပါးတို့၌ကျန်ပုညကြိယဝတ္ထုများ လျော်ရာသွင်းပုံဘို့ကိုအတိုချုပ်မြန်မာဂါထာတို့ဖြင့်ထပ်ဆင့် ဖော်ပြထားသည်ကိုလည်း တွေ့ရှိမှတ်သားရပါမည်။]

၂၀။ လူ့စည်းကမ်းဥပဒေတော်ကြီး

နိဂုံးချုပ်ကဏ္ဍ ၂၀၅- မှ ၂၁၅-အထိ

[ဤအခန်း၌ လူတို့၏ သက်တမ်းတိုးတက်ရေး သက်တမ်းဆုတ်ယုတ်ရေးသည် ဤကျမ်း၌ ဖော်ပြခဲ့သော လူ့စည်းကမ်းကျင့်စဉ်တို့ကို ကျင့်သုံးမှု တိုးလာခြင်း, လျော့ပါးလာခြင်းတို့အပေါ် အခြေခံမှုတည်ခြင်းစသည်ဖြင့် လောကကြီးပြောင်းလဲမှု၌ သိပ္ပံပညာရှင်- ဒါဝင်, အိုင်စတိုင်းတို့၏ အယူအဆကိုပြလျက် သိပ္ပံပညာကြောင့် ရုပ်လောက တိုးတက်သည်နှင့်အမျှ နာမ်လောက လူ့ကျင့်ဝတ် လူ့စည်းကမ်းတွေ ဖေါက်ဖျက်လာမည်ဖြစ်၍ သောကကင်းရေးကိုယ်ကျင့် မွေးကြရန်အတွက် ရှစ်လုံးဘွဲ့ မြန်မာဂါထာတို့ဖြင့် ဟိုက်တွန်းနှိုးဆော်၍နိဂုံးချုပ်ထားသည်ကိုဖတ်ရှုရပါမည်။]

မာတိကာ ပြီး၏။

ဒုစရိုက် သုစရိုက် ခွဲတမ်း

# လူ့စည်းကမ်း ဥပဒေတော်ကြီး

## ကျမ်းဦးသမိုင်း

## (သိဒ္ဓိ-ရတ္တု)

### ဝမ်းမြောက်စရာ လူကြီးပိုင်း

ယခုအချိန်သည် ဝိပဿနာခေတ် ဆန်းသစ်သော နေ့ချိန်ဖြစ်၍ ဗုဒ္ဓဓမ္မ၏ အနှစ်သာရကိုသိရှိသူ လူကြီးပိုင်းဆိုင်ရာ ဗုဒ္ဓဘာသာဝင် လူနည်းစု၏ အခြေအနေကို သုံးသပ် လေ့လာရလျှင် ဗုဒ္ဓဓမ္မရေးရာ၌ ရှေးအခါကနှင့် မတူအောင် အလွန်မြင့်မားလာသော ဘာသာရေးလုပ်ရပ်တို့ကို တွေ့ရှိရပြန်သည်၊ ယင်း လုပ်ရပ်တို့သည် အဘယ်အရာများနည်း၊ ဖော်ပြလတ္တံ့သော လုပ်ရပ်များပင်တည်း။

၁။ ဝိပဿနာ အလုပ်ပေးတရားပွဲများ ကျင်းပ၍ တရားနာခြင်း။

၂။ ကမ္မဋ္ဌာန်းရိပ်သာအသီးသီး၌ တရားအားထုတ်ကြခြင်း၊

၃။ အဘိဓမ္မာသင်တန်း, ပဋ္ဌာန်းသင်တန်းများဖွင့်လှစ်၍ သင်တန်းယူခြင်း။

၄။ ပဌာန်းဝတ်အသင်းများဖွဲ့၍ ပဌာန်း ပါဠိတော်ကြီးများကို ရွတ်ဖတ်ပူဇော်ကြခြင်း။
၅။ အခြေအတင် တရားဆွေးနွေးပွဲများ ပြုလုပ်ကြခြင်းစသော ဘာသာရေး တက်ကြွလာစေမှုများ ဖြစ်ပါသည်။

ဗုဒ္ဓ ဓမ္မရေးရာနှင့် ပတ်သက်၍ ဤကဲ့သို့မြင့်မားလာသည်ကိုတွေ့ရခြင်းသည် ဘာသာရေးဆန်းစစ်သူတို့အဖို့မှာ အားရစရာကောင်းသလောက် ဝမ်းမြောက် ဖွယ်ရာလည်း ဖြစ်ရပြန်သည်၊ အမှန်မှာ အားရစရာ ဝမ်းမြောက်စရာ လုပ်ရပ်ကြီးများဖြစ်သည်ဟု ဆိုထိုက်သည်သာတည်း။

## ရင်နင့်ဖွယ်ရာ လူယယ်ပိုင်း

သို့သော် ဗုဒ္ဓဓမ္မကိုသိရှိသူ လူနည်းစုဖြစ်သော လူကြီးပိုင်းမှ ဘာသာရေးအသိ မြင့်မားလာသလောက်အောက်ခြေမှ ကလေးသူငယ်များနှင့် လူငယ်လူလတ်ပိုင်းမှ လူများစုမှာမူ သူတို့နှင့်ထိုက်တန်ရုံ ဘာသာရေး အသိဉာဏ်သည်ပင် သုည ဖြစ်နေသည်ကိုတွေ့ရှိရသည်။ စည်းပျက် ကမ်းပျက် ဒုစရိုက် ဘက်သို့ ယိမ်းယိုင်နေသည်ကိုလည်း တွေ့ရှိရပြန်သည်။

သို့ဖြစ်ရာ ယဉ်းလူအုပ်စု၂ မျိုးတို့တွင် လူငယ်လူလတ်ပိုင်းမှ လူ့အကျိုးပျက်ဖြစ်သော လမ်းသရဲသောကကို ထူထောင်ရန် စိတ်ညွတ်နေကြစဉ်မှာပင် ယင်းတို့၏ အောက်ခြေမှ ကလေးသူငယ်တို့သည်လည်း သူတို့၏ ကြောက်မက်ဖွယ်ရာ ဇာတိရုပ်ကို ဖော်ထုတ်လျက် ရှိနေကြပြန်သည်။ ထိုလူအုပ်စု ၂ မျိုးလုံးမှ

မြင်တွေ့ရသော အခြင်းအရာတို့သည် ရင်နှင့်ဖွယ်ရာ ကောင်းလှ သည်သာတည်း။

## ဆိုင်တင်ရောင်းရသောပစ္စည်း

ဆက်၍ ဖော်ပြရဦးမည်၊ အိုးပုတ်နှင့် ချိုးရုပ်သည် ရှေးခေတ်ဟောင်း ကလေးသူငယ်တို့၏ ကစားစရာပစ္စည်း ဖြစ်သော်လည်း မျက်မှောက်ခေတ် ကလေးသူငယ်တို့၏ ကစားစရာသည်ကား အိုးပုတ်နှင့် ချိုးရုပ် မဟုတ်တော့ပါ၊ လောက်လေးခွနှင့် လေသေနတ်များသည်သာလျှင် ခေတ် ကလေးသူငယ်တို့၏ ကစားစရာ ဖြစ်လာရပြန်သည်။

သို့ဖြစ်ရာ မျက်မှောက်ခေတ် ကလေးသူငယ်တို့သည် ဖွားမြင်ပြီးနောက် ပုခက်တွင်းမှ ဆင်းလာသော အချိန်မှစ၍ မရမနေ တောင်းရမ်းအပ်သော အရာသည်ကား လောက်လေးခွနှင့် လေသေနတ်တို့ပင် ဖြစ်ခဲ့ရာ ခေတ်မိဘတို့သည် အလွန်ချစ်မြတ်နိုးသော သားသားလေးတို့အား ယင်းလောက်လေးခွနှင့် လေသေနတ်တို့ဖြင့်ပင် နှစ်သိမ့်မှု ပေးကြရသည်၊ ထို့ကြောင့် ယခုခေတ်တွင် လောက်လေးခွနှင့် လေသေနတ်တို့သည်လည်း ဆိုင်တင်ရောင်းရသော ကလေးကြိုက် ပစ္စည်းများ ဖြစ်လာရတော့သတည်း။

## ကလေးသူငယ်တို့၏အကျင့်ဆိုးများ

တဆင့်တက် ဖော်ပြရန်ရှိသေး၏၊ ကလေးသူငယ်တို့၏ အခြေအနေကို သုံးသပ်ရလျှင် လမ်းကြိုလမ်းကြား၌ ဝိုက်ဆံပစ်တမ်းကစားနေသော ကလေးအုပ်ကြီးကိုလည်း မြို့တိုင်း ရွာ

တိုင်းမှာပင်တွေ့ရမည်၊ သားငှက် တိရစ္ဆာန် လေးမျိုးကို ပစ်ခတ်ရန် လောက်လေးခွ ကိုယ်စီဖြင့် ချိတမြမြသွေး ထားသော ကလေးသူငယ်များကိုလည်း အများဆုံးတွေ့ရမည်။

ထို့ပြင် ထိုးတမ်းကြိတ်ဘမ်း ကစားနေသော ကလေး သူငယ်များလည်း မရှားလှပါ၊ မီးရထားစီးသွားလျှင် ခဲနှင့်ပစ်ခတ်၍ မီးရထား ခရီးသည်တို့အား အနှောင့်အယှက်ပေးနေသော ကလေးဆိုးများကိုလည်း တွေ့ရဦးမည်မှာသေချာသည်၊ ဤသည်တို့ကား အဖျက်လုပ်ငန်းဆီသို့ ဦးတည်လျက်ရှိသော ယခုခေတ် ကလေးသူငယ်တို့၏ အကျင့်ဆိုး ညင်ဆိုးများ ပေတည်း။

## စာရိတ္တဗလမြှင့်တင်ရေး

အောက်ခြေမှ ကလေးသူငယ် လူငယ် လူလတ်များနှင့် ထိပ်ပိုင်းမှ လူနည်းစုဖြစ်သော လူကြီးဖြစ်သူတို့၏ ဘာသာရေးကွာခြားမှုမှာ မီးစတဘက် ရေမှုတ်တဘက် ဖြစ်နေသောကြောင့် အချင်းချင်း ဆက်စပ်မရအောင် အလှမ်းဝေးလျက် ရှိနေသည်၊ အကယ်၍သာ ဤအတိုင်း ဆက်လက်သွားခဲ့မူ ထိပ်ပိုင်းမှ လူကြီးများ မရှိသည့်နောက်ပိုင်း၌ ကလေးသူငယ် လူရွယ် လူလတ်ပိုင်းမှလည်း ဘာသာရေး အသက်ဆက်မှု မရတော့သဖြင့် ထိုအချိန်တွင် မြန်မာပြည်မှ ဘာသာရေး သမိုင်းသည်ကား ပြတိုက်တွင်း၌ အလှပြထားသော ရှေးဟောင်းပစ္စည်း တမျိုးသာ ဖြစ်နေရမည်မှာ မလွဲပေ။

သို့သော်လည်း ဒုစရိုက်လောကဘက်သို့ ယိမ်းယိုင် နေသော ကလေးသူငယ်များနှင့်ဒုစရိုက်သုစရိုက်မကွဲသေးသောအများစုလူငယ် လူလတ်ပိုင်းကို ပြုပြင်ပေးရန်မှာ အချိန်မနှောင်းသေးပါ၊ သို့ဖြစ်၍ အစိုးရ အာဏာပိုင်တို့က ကလေးသူငယ်တို့၏ စာရိတ္တဗလ ကို သူ့နည်း သူ့ဟန်နှင့် မြှင့်တင်ပေးနေစဉ်အချိန်မှာ မိမိတို့ ၏ဘက်မှလည်း ကလေးသူငယ်တို့၏ စာရိတ္တဗလကို ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ထူထောင်ပေးရန် တာဝန်ရှိသည်ဟု ရိုးသားစွာ ယူဆရပြန်သည်။

## ဆရာတော်တပါး၏ အကြံပေးချက်ကို အမှတ်ရလာရပုံ

ဤစာရေးသူသည် ၃ ကြိမ်တိုင်တိုင် ခွဲစိတ်ကုသထားရသဖြင့် တကျမ်းတဖွဲ့ ရေးနိုင်လောက်အောင် ကျန်းမာရေး မပြည့်ဝပဲ နာတာရှည် ဖြစ်နေပါသည်။ သို့ရာတွင် မကျန်းမာသည့်အခါ (မလှိုင်မြို့) ကံကြီးဆိုင်ရာ ဒကာ ဒကာမတို့က ယုယစောင့် ရှောက်ကြပါသည်၊ အလူးအလဲ ဖြစ်ရသည့်အခါမျိုး၌ကား မလှိုင်မြို့ ဝင်းဆေးလိပ်လုပ်ငန်းပိုင်ရှင် ဦးလတ် မိသားစုတို့က အချိန်မရွေး ဆရာဝန် ခေါ်နိုင်ရေးအတွက် ဤစာရေးသူကို တံခွန်တိုင်ကျောင်းသို့ပင့်ဆောင်၍ ဆေးဝါးခေတ်စာ အရာရာ တွင် တာဝန်ယူ ကုသပေးကြပါသည်။

ထိုအခါတွင် မလှိုင်မြို့မှ အခြား ဒကာ ဒကာမတို့သည် လည်း ဝင်းမိသားစုကို ဗဟိုမဏ္ဍိုင်ပြုကာ ဝိုင်းဝန်းယုယ စောင့်ရှောက်ကြပြန်ပါသည်၊ သို့ဖြစ်ရာ တံခွန်တိုင်မှ ထေရာသန တိုက်ကျောင်းသည်ကား ဤစာရေးသူ၏ ဆေးရုံအတူးခန်းကဲ့သို့

ဖြစ်နေပြန်သည်၊ ဤကဲ့သို့ တောနေမြို့နေ ဒကာ ဒကာမနှင့် သီတင်းသုံးဖော်ဆရာတော်များ၏ ဂရုတစိုက်စောင့်ရှောက်ပေးမှုကိုအစွဲပြု၍ မိမိ၏ ကျန်းမာရေးအခြေအနေမှာ အလွန်ကြီးတောင့်တင်းခိုင်မာမှု မရှိသည့်တိုင်အောင် အတော်အသင့် ထူထူထောင်ထောင် ဖြစ်လာပါသည်။

ထိုကဲ့သို့ ထူထူထောင်ထောင် ဖြစ်လာသော အချိန်မှာ တကျမ်းတဖွဲ့ ရေးသားမှုအတွက် ကျဆင်းနေသောစိတ်ဓာတ်သည် ပြန်လည်တက်ကြွလာပြန်ရကား ဤစာရေးသူသည် ရဟန်း (၈)ဝါရ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်ကြီး၌ နေစဉ်က စာပေဂန္ထဝင် ထိပ်ခေါင်တင်ဖြစ်သော ဆရာတော် အရှင်ဇနကာဘိဝံသ၏ အကြံပေးချက်ကို ပြန်ပြောင်း အမှတ်ရလာပြန်ပါသည်။

## ခြေရာလက်ရာ ကျန်ရစ်ပါစေ

ထိုစဉ်က မိမိရေးဖွဲ့ထားသောစာနှင့်ပတ်သက်၍ ဆရာတော် အရှင်ဇနကာဘိဝံသက အမိန့်ရှိသည်မှာ ဤဆိုမည့်အတိုင်းဖြစ်ပါသည်။

"ဦးစန္ဒောဘာသ ဟိုကခိုင်း ဒီကခိုင်းတဲ့ ရတု တေးထပ်ဩဘာစာ အတိုအထွာတို့ကို ရေးနေမည့်အစား ခြေရာလက်ရာ ကျန်ရစ်ခဲ့ရန် တကျမ်းတဖွဲ့ရေးစမ်းပါ၊ စာတိုစာစတွေ ရေးရတဲ့အတွက် မိတ်ဖြစ်ဆွေဖြစ်လောက်ပဲ အကျိုးရှိပါတယ်၊ ဦးစန္ဒောဘာသ အနေဖြင့် အရေးအသားမှာ လိုဘာထက်ပိုနေပါပြီ၊ ကျေးဇူးများမည့်ကျမ်းစာမျိုးကိုပါ ရေးပါ"။

ဤကဲ့သို့ အကြံပေးစကား မိန့်ကြားတော် မူပြီးနောက် ထုတ်ဝေဖြန့်ချိစဖြစ်သော သင်္ဂြိုဟ်ဘာသာ ဋီကာကျမ်းကြီးကို လည်း အမှတ်တရ လက်ဆောင်မွန်အဖြစ်ဖြင့် ဤစာရေးသူအား လှူဒါန်းလိုက်ပါသည်။

ထိုအကြံပေးချက်သည် ဆရာတော် အရှင်ဇနကာဘိဝံသ အဘယာရာမတိုက်မှာ သီတင်းသုံးစဉ် အနှစ် ၄၀ ကျော်ကြာမြင့် ပြီ ဖြစ်သော်လည်း ဤစာရေးသူအဖို့မှာ ယခုလောလောဆယ် အကြံပေးနေသကဲ့သို့ ပြန်လည် အသက်ဝင်လာပါသည်။ ဤ စာရေးသူအနေဖြင့် ပြောရလျှင် စာတိုစာစ ရေးသားမှု ဝဲသြဃ အတွင်းသို့ ဆွဲနှစ်ထားသော အရင်းခံလက်သည်မှာ တဂိုဏ်းလုံး က ဂုဏ်ပြုထားသော "ဝိသုဒ္ဓါရုံ ကာဗျဝိဒူ"ဘွဲ့ထူးပင် ဖြစ်နေ ပါသည်၊ ထိုဘွဲ့ထူးကြောင့်ပင် "ထမ်းပိုးကောင်းတွဲနွား နှာနှံ အခိုင်းခံရ" ဆိုသကဲ့သို့ ဖြစ်နေပြန်သည်။

## ဒုစရိုက် သုစရိုက်ခွဲတမ်း

ယခုအချိန်၌မူ ဤစာရေးသူသည် စာတိုစာစဝဲသြဃသံသရာ ၌ နစ်မွန်းနေရသည်ကို ငြီးငွေ့စပြုလာသည့်အလျောက် အခြေ အနေ ပေးခိုက်တွင် အချိန်လုပြီး ခြေရာလက်ရာ ကျန်ရစ်ခဲ့မည့် ကျမ်းစာတစောင်တဖွဲ့ ရေးသားဦးမည်ဟု စိတ်စောလျက်ရှိနေ ပြန်သည်၊ ထိုစိတ်စောမှုကိုပင် အဖျွေသဘာအဖြစ်ထား၍ ရေး သားရမည့် ကျမ်းစာကို စဉ်းစားရာဝယ် ကလေးသူငယ်များနှင့် လူငယ် လူလတ်ပိုင်းအတွက် အကျိုးပြုမည့် ကျမ်းစာမျိုးကို ရေးသားသင့်သည်ဟု ထင်မြင်လာရပြန်သည်။

# လူ့စည်းကမ်းဥပဒေတော်ကြီး

၈

အမှန်မှာ ယခုအချိန်၌ မိုးဖွဲ့နေသော ဝါယာသနာ ကျမ်းစာ တွေ ပေါများသလောက် ကလေး လူငယ် လူလတ်ပိုင်း၏ အ ကျိုးပြု အောက်ခြေ စာဖက်၌ကား ဟာကွက်ဖြစ်နေသည်ကို တွေ့မြင်ရပြန်သည်၊ သို့ဖြစ်ရာ အောက်ခြေ စာဖက်၌ ဟာကွက် ကို ဖြည့်စွက်ပေးရာ ရောက်စေဘော့ဟု ဒုစရိုက် ၁၀-ပါး၊ သုစရိုက် ၁၀-ပါး၊ ပုညကြိယ ဝတ္ထု ၁၀-ပါး ကို အကျယ် အားဖြင့် ရှင်းပြထားသော ဤ ဒုစရိုက် သုစရိုက် ခွဲတမ်းစာမူကို စီစဉ်ရေးသားရခြင်းဖြစ်၏။

## လူ့စည်းကမ်း ဥပဒေတော်ကြီး

ထို ဒုစရိုက် သုစရိုက်ခွဲတမ်းအရ—

၁၊ ဒုစရိုက် ၁၀-ပါးမှရှောင်ကြဉ်ခြင်း၊

၂၊ သုစရိုက် တရားကို ထူထောင်ခြင်း၊

၃၊ ပုညကြိယဝတ္ထု ၁၀-ပါးကို ကျင့်သုံးခြင်းတို့သည်— လူတိုင်း လူတိုင်း လိုက်နာရမည့် လူ့ကျင့်ဝတ် လူ့စည်းကမ်း တွေ ဖြစ်နေပြန်ရကား ယင်းတို့ကိုပင် မနုဿဓမ္မ (လူတို့၏ ကျင့်ရိုး ကျင့်စဉ်တရား) ဟု ကျမ်းဂန်တို့က သရုပ်ဖော်ထား ပြန်သည်၊ အကယ်၍ ဥတ္တရိ မနုဿဓမ္မ ဈာန် မဂ် ဖိုလ် အဆင့် သို့ လှမ်းလိုပါကလည်း ဤ မနုဿဓမ္မ (လူတို့၏ဖြစ်ရိုးဖြစ်စဉ် တရား) မှ တဆင့် တက်လှမ်းကြရမည်ဖြစ်သည်၊ သို့သော် လူ တို့၏ဖြစ်ရိုးဖြစ်စဉ် တရားဟူသည် လူတို့၏ စည်းကမ်းဥပဒေ တို့သာတည်း။

ထို့ကြောင့် ဒုရိုက် သုစရိုက် ခွဲတမ်းဟူသော ဝေါဟာရနှင့် ယှဉ်တွဲလျက် 'လူ့စည်းကမ်း ဥပဒေတော်ကြီး' ဟူ သော ဝေါ

ဟာရကို ထပ်ဆင့်ထားရပြန်ပါသည်၊ ဤကျမ်း၏အမည်ကို အပြည့်အစုံ ခေါ်ဝေါ်ပါက 'ဒုစရိုက် သုစရိုက်ခွဲတမ်း လူ့စည်းကမ်း ဥပဒေတော်ကြီး' ဟု ခေါ်ဆိုရမည်ဖြစ်သည်၊ သို့သော် 'လူ့စည်းကမ်း ဥပဒေတော်ကြီး' ဟု အတိုကောက် ခေါ်အားဖြင့် ခေါ်ဝေါ်ချင်လျှင်လည်း ခေါ်ဝေါ်နိုင်ပါသည်။

## လူ့အုပ်စု ၃-မျိုးလုံးခြုံမိသောကျမ်းကြီး

ဤလူ့စည်းကမ်း ဥပဒေတော်ကြီးကို ကျမ်းစာအဖြစ် စီစဉ်ရေးသားရာ၌ မူလစတင်ရေးသားစဉ်က လူငယ်အုပ်စုနှင့် လူငယ်လူလတ်ပိုင်း အုပ်စုအတွက် ရည်ညွှန်းချက်ပြု၍ ရေးသားခဲ့သော်လည်း ရေးယင်းရေးယင်းနှင့် ကျမ်းဆရာ၏ စေတနာမှာ ထက်သန်လာပြန်ရကား နောက်ပိုင်းသို့ရောက်လေလေ စာပေအဆင့်အတန်းက မြင့်မှန်းမသိ မြင့်လာလေလေ ဖြစ်သည်၊ သို့ဖြစ်၍ တကျမ်းလုံးအနေဖြင့် သုံးသပ်လျှင်-

၁။ ကလေးသူငယ် အုပ်စု၊

၂။ လူငယ် လူလတ်ပိုင်းအုပ်စု၊

၃။ လူကြီးပိုင်းအုပ်စု၊

သုံးအုပ်စုလုံးခြုံမိသောကျမ်းစာတစောင် ဖြစ်လာသဖြင့် လူတန်းစားမရွေး ဖတ်သင့်သော ကျမ်းစာဟု ဝမ်းသာစွာ ကြိုဆိုကြဖို့ပင် ရှိပါတော့သည်။

ထိုတွင် ဒုစရိုက် သုစရိုက် ခွဲတမ်းအရ လူ့ကျင့်ဝတ် သီလအမျိုးမျိုးဖြစ်ပေါ်လာပုံကို ဖတ်ရှုရလျှင် ဘာသာဝင် အမျိုးမျိုးမှ လူတန်းစားအားလုံး၏ လူပီသရေးအတွက် သင်တန်း

ပေးနေသလောဟု တွေးတောဖွယ် ဖြစ်လာရပါမည်၊ ထို့ပြင် ပုညကြိယဝတ္ထုခွဲတမ်းအရ ဒါနရေးရာပိုင်း သီလရေးရာပိုင်း တို့သည်ကား ဗုဒ္ဓဘာသာဝင် အားလုံးတို့၏ ဗုဒ္ဓဘာသာဝင် ပီသရန်အလို့ငှါ အများဆုံး အထောက်အကူ ပြုပါလိမ့်မည်။

ထို့ပြင် ဘာဝနာရေးရာ ပိုင်းကလည်း တရားသမားဖြစ် သော လူကြီးသူကြီးတို့ကို အိုက်ကောင်း၍ ဖတ်ရသောကျမ်း စာဟု ဝမ်းသာစွာ ဆီးကြိုလက်ခံစေရန် ညွှန်ပြ နှိုးဆော်နေ သကဲ့သို့ဖြစ်ပါသည်၊ အခန်းတိုင်း အခန်းတိုင်း၌ ပါဝင်သော အတိုင်အဖေါက် သံပေါက်လင်္ကာနှင့် သရုပ်ပြ အဓိပ္ပါယ်အပြင် အဆုံးအဆုံးတွင် ရေးဖွဲ့ထားသော ရှစ်လုံးဘွဲ့ မြန်မာကဗျာ ဆောင်ပုဒ်တို့ကလည်း ကျက်မှတ်ချင်ဖွယ်ရာ လျှာအရသာကို ဖန်တီးပေးနေသကဲ့သို့ ဖြစ်နေပါလိမ့်မည်၊ ထိုကြောင့် လူအုပ်စု သုံးမျိုးလုံး ခြုံမိသောကျမ်းစာဟု မော်ကွန်းတင်ရပါသတည်း။

## အခန်းကဏ္ဍဖွဲ့ပုံ

၁။ ဒုစရိုက် ၁၀-ပါး၊ သုစရိုက် ၁၀-ပါး၊ ပုညကြိယ ဝတ္ထု ၁၀-ပါးဆိုင်ရာ အတိုင်အဖေါက် သံပေါက် လင်္ကာများ ကို ရှေးဦးကဏ္ဍ အနေဖြင့် ကျက်မှတ်ချင်ဖွယ် ရေးဖွဲ့ထားပါ သည်။

၂။ သရုပ်ပြ အဓိပ္ပါယ်ခန်းကို ဒုတိယ ကဏ္ဍအနေဖြင့် စီစဉ်ထားပါသည်။

၃။ ထပ်ဆင့် ရှင်းပြခန်းကိုမူ မှတ်သားဖွယ် အချက်အလက်တို့ဖြင့် ကွက်ကွက်ကွင်းကွင်း ထင်မြင်အောင် ဆင်ပြင်ရေးသားထားပါသည်။

၄။ အခန်းတိုင်း ဆိုင်ရာ လိုရင်းဆောင်ပုဒ် များကိုလည်း အခန်းကဏ္ဍ အဆုံးအဆုံး၌ ချောပြေသာယာ ကျက်မှတ်ချင်ဖွယ်ရာ စာသွားဖြင့် နာကြားရသူတို့ ကြည်နူးဖွယ်ဖြစ်အောင် ရေးဖွဲ့ထားပါသည်။

ထိုလေးကဏ္ဍတို့တွင် စာလုံး တမျိုးဖြင့် စီထားသော ၁-၂-၄- အမှတ်ပြ အပိုင်းတို့သည် ကလေးသူငယ်တို့ ကျက်မှတ်ရန် နှုတ်ငုံဆောင် အပိုင်းဖြစ်၍ ၃-အမှတ်ပြ အပိုင်းသည် လူငယ်လူလတ်ပိုင်းအုပ်စုနှင့် လူကြီးပိုင်းအုပ်စုအတွက် ရည်ညွှန်းချက်ပြုထားသော အခန်း ကဏ္ဍများဖြစ်ကြောင်းကိုတင် သိစေအပ်ပါသည်၊ ထို့ကြောင့် လူတန်းစား အားလုံးတို့ကပင်, ငါတို့အတွက် ထွက်ပေါ်လာသောကျမ်းစာ’ ဟု ဝမ်းသာစွာ ဆီးကြိုနိုင်ပါစေသတည်း။

## ခြီးမြှောက်မြင့်တင် ကျေးဇူးရှင်

ဤ လူ့စည်းကမ်း ဥပဒေတော်ကြီးကို ဖန်တီးရေးသားနိုင်လောက်အောင် ပရိယတ္တိပညာပေး၍ မွေးကျွေးသုတ်သင် စင်မြင့်တင် ခြီးမြှောက်တော်မူကြသော ကျေးဇူးရှင် ဆရာတော်များသည်ကား မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ရွှေကျင်နိကာယ တိပ်ခေါင်တင် ဝိသုဒ္ဓါရုံ စည်ရှင်

ဆရာတော်ဘုရားကြီးနှင့်တကွ ထိုဆရာတော်ဘုရားကြီး၏ ညာလက်ရုံးသဖွယ် ဖြစ်ကြသော—

၁။ ဝိသုဒ္ဓါရုံ ဂဏဝါစက အရှင်အာနန္ဒပဏ္ဍိတာဘိဝံသ (ယခု ပြည်ဝိသုဒ္ဓါရုံ ဗာရာဏသီ ဆရာတော်)

၂။ ဝိသုဒ္ဓါရုံ ဂဏဝါစက အရှင်ဥဂ္ဂါစာရ (ယခု မန္တလေး ပရိယတ္တိသာသနဟိတ အသင်းနှင့် မဟာဗောဓိအသင်း ဥက္ကဋ္ဌ ရတနာကုန်သည်ကြီး ဦးအောင်သာ)

၃။ ပထမကျော် ဦးကေသရိန္ဒ (မင်းကွန်း အဘယရွှေကူ ချောင်)၊

၄။ ဝိသုဒ္ဓါရုံ ဂဏဝါစက အရှင်ဝိသုဒ္ဓိဘိဝံသ (ဝိသုဒ္ဓါရုံတိုက် ဆီးပင်ကျောင်းဆရာတော်)၊

၅။ ဝိသုဒ္ဓါရုံ ဂဏဝါစက အရှင်ပဏ္ဍိတာဘိဝံသ (အဘယာရာမ ဆရာတော် သီဟိုဠ်မှာသီတင်းသုံးခိုက် သုဝဏ္ဏဝတီ အဋ္ဌကျောင်းဘုန်းကြီးဖြစ်သူ)၊

ယင်း ဆရာတော်များအပြင် မလှိုင်မြို့ သာသနဝေပုလ္လကျောင်းတိုက်မှ—

၆။ မလှိုင်မြို့ သာသနာ့ကျက်သရေဆောင် လေးမျက်နှာ ဆရာတော်ကြီး၊

၇။ ပထမကျော် အရှင်စန္ဒိမာသိရီဘိဝံသ - တို့ဖြစ်ကြပါသည်။

ယခုဖော်ပြအပ်သောကျေးဇူးရှင်ဆရာတော်၇-ပါးတို့အနက် ဤစာရေးသူအား ယခုတိုင် အကျိုးပြုတုန်းဖြစ်သောဆရာတော်သည်ကား ဂန္ထန္တရဝိဒူ ဟိန္ဒူသက္ကဋဘာသန္တရ ပဏ္ဍိတ်ကြီးဖြစ်သော ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီဆရာတော် ဖြစ်ပါသည်။

## ခြယ်မှုန်းပြင်ဆင်—အရောင်တင်

ထို့ပြင် ဤစာရေးသူ၏ သာသနာရေးစိတ်ဓာတ်ကို တလျှပ်လျှပ် အရောင်တောက်လာစေရန် ခြယ်မှုန်းပြင်ဆင် အရောင်တင်ပေးကြသော ဩဝါဒါစရိယ ဆရာတော်ကြီးများမှာမူ မိမိ၏ ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော ရွှေကျင် သာသနာ့ပိုင် ဒုတိယ ဝိသုဒ္ဓါရုံ ဒိပဲယင်းဆရာတော်ဘုရားကြီးနှင့်တကွ ရွှေကျင်ဂိုဏ်းကြီးကို ယခုအထိ အစဉ်အလာမပျက် အဆက်ဆက်ကွပ်ကဲအုပ်ချုပ်တော်မူကြသော ဥက္ကဋ္ဌ—ဥပဥက္ကဋ္ဌ ဂိုဏ်းစီးဦးကိုင် ရွှေကျင် သာသနာပိုင်ဆရာတော်ကြီးများပေတည်း။

## တုန့်ပြန်ကျေးဇူးဆပ်ခြင်း

ထိုစာချဆရာတော်များနှင့် ဩဝါဒါစရိယ ဆရာတော်တို့၏ ကျေးဇူးဂုဏ်သည်ကား ဆပ်၍မကျေနိုင်ဖွယ် ကြီးကျယ်လှပါပေသည်၊ သို့ရာတွင် တတ်နိုင်သလောက် တုန့်ပြန်ဆပ်ဖို့ရန်မှာ ဤလူ့စည်းကမ်း ဥပဒေတော်ကြီးကို ရေးသား ဖော်ထုတ်၍ စည်းမဲ့ကမ်းမဲ့ဖြစ်နေသော လူ့လောကကြီးကို ပြုပြင်ပေးရေးပင် ဖြစ်ပါသည်၊ ထို့ကြောင့် ပါရမီဓာတ်ခံအလျောက် သာသနာ့စင်မြင့်ပေါ်သို့ရောက်အောင် ပညာပေးပြုပြင်အရောင်တင် ခြယ်မှုန်းပေးကြသော ထိုဆရာတော်ကြီးအားလုံးအား ဤလူ့စည်းကမ်းဥပဒေတော်ကြီး ဖန်တီးရေးသား ကြိုးစား

ဆည်းပူး ပညာပါရမီကုသိုလ်ထူးဖြင့် တုန့်ပြန်ကျေးဇူးဆပ်ပါ၏။

## သာသနာ့တံခွန်–ဂုဏ်ရည်ချွန်

ဤလူ့စည်းကမ်းဥပဒေတော်ကြီး ဖန်တီးရေးသားပြီးဖြစ်သော စာမူကြမ်းများကို မူချောအဖြစ်သို့ရောက်အောင် ဖတ်ရှုပြင်ဆင်၍ နောက်ဆုံး၌ သပ်ရပ်သည်ဝါဖြန့်ချိဖို့ရာ ကျမ်းစာအုပ်ဖြစ်လာသည်အထိ မိမိ၏လိုသားချက်ကိုပြည့်ဝစေရန် အကူအညီပေး၍ ကျေးဇူးပြုပေသော ပုဂ္ဂိုလ်သည်ကား သာသနာ့တံခွန်ဂုဏ်ရည်ချွန်ထူးကဲပေသော မလှိုင်မြို့ မြို့သစ်ဆရာတော်လေးအရှင်တိလောကသာရပင် ဖြစ်ပါသည်၊ ထို့ကြောင့် အရှင်တိလောကသာရကိုလည်း ကျမ်းစာအုပ် ဖြစ်မြောက်အောင် အကူအညီပေးသော ဆရာတော်ဖြစ်၍ ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်ရပါတော့၏၊ ဤသို့လျှင် အထက်ပါပုဂ္ဂိုလ်တို့၏အကူအညီဖြင့် ထွက်ပေါ်လာသော ဤလူ့စည်းကမ်း ဥပဒေတော်ကြီးသည် ဤလူ့လောကကို သင့်တန့်သမျှတန်ဆာဆင်လျက် ယဉ်ကျေးမှုခရီးလမ်းတွင် စည်းကမ်းတကျလမ်းညွှန်ပြနိုင်ပါစေဟု ဆန္ဒပြုယင်း ဤကျမ်းဦးစကားကိုရပ်နားလိုက်ပါသတည်း။

အရှင်စန္ဒဇောတိ
ဂန္ထကာရက၊ ဓမ္မာစရိယ၊ ကာဗျဝိဒူ
ကံကြီး–သိရိသောမာရုံ
မလှိုင်မြို့။

၁၃၄၁–ခု နတ်တော်လပြည့်ကျော်
၁၄–ရက်နေ့၊

# လူ့စည်းကမ်းဥပဒေတော်ကြီး

(သိဒ္ဓိ+ရတ္ထု)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ကျမ်းဦးပရိကမ်

ဝါဂီသော မုနိ သဗ္ဗဂ္ဂ–
ဘာသာယ သာရဝန္တိယာ၊
ဣမံ လောက မုပါကာသိ၊
သော ဉာတု မေ မနောသရေ။

ဝါဂီသော-စကားအရာ၊ ပျားပမာသို့၊ နားမှာချိုမြ၊ မလို ရအောင်၊ ဆိုသမျှစကား၊ တရားဖြစ်စေ၊ ခွဲဝေချိန်ဆ၊ ဟောပြ မကုန်၊ ဝါစာအစိန္တေယျ ဂုဏ်ရှိတော်မူပေသော။ ယော မုနိ– သာကီမျိုးရိုး၊ သတိုးသကျ၊ ဖက်မမျှသည့်၊ သကျမုနိ၊ အတုမရှိ ထွတ်ထား၊ အကြွင်ရှင်တော်မြတ်ဘုရားသည်။ ဝါဂီသော– စကားဝါကျ၊ အကွက်လှအောင်၊ မြွက်ဟညွှန်ကြား၊ စကား အရာ၊ လွန်စွာနိုင်နင်း၊ ပြိုင်ဖတ်ကင်းသည်ဖြစ်ပါ၍။ သာရဝန္တိ ယာ–အနက်သဒ္ဒါ၊ မပျက်ပါပဲ၊ အကာတွန်းဖယ်၊ အဓိပ္ပါယ် မဟာရအောင်၊ သဘာဝအတိ၊ အနှစ်သာရရှိပေသော။ သဗ္ဗဂ္ဂ ဘာသာယ–ပိဋကတ်သုံးပုံ၊ ဆေးရောင်ခုံ ပန်းခြယ်သကဲ့သို့၊ ဆန်းကြွယ်လှစွာ၊ ဒေသနာဟုခေါ်၊ ဘာသာအကာတို့၏

အထွတ်ဆုံး အမြတ်ဆုံးဖြစ်သော တရားတော် စကားတော်တို့ဖြင့်။ ဣမံလောကံ-တထောင့်ငါးရာ၊ ကိုလေသာတောထ၊ အိပ်မော ကျူသည့်၊ မောဟအုပ်စီး၊ ဤအသီးသီးသော သတ္တလောကကြီးကို။ ဥပါကာသိ—မသေအောင်ကယ်မမည်ဟု၊ အပါယ်မှလွဲစေ၊ ဆင်းရဲတွေ့ မခံစားရအောင်၊ အမှန်တရား၊ ဉာဏ်အားတိုးမှု၊ (ဩဝါဒ်)ကိုယ်တော်တိုင် အကျိုးပြုတော်မူခဲ့ပါပြီ။

ဝါဂိသော—စကားအရာ၊ လွန်စွာနိုင်နင်း၊ ပြိုင်ဖက်ကင်းတော်မူသော။ သော မုနိ—ပြိုင်ယှဉ်ဖွယ် ဖက်မရသည့်၊ သကျထွတ်ထား၊ ထိုရှင်တော်မြတ်ဘုရားသည်။ (ဣမ လိခနေ)–ဒုစရိုက်သုစရိုက်ခွဲတမ်း၊ လူ့စည်းကမ်းဥပဒေတော်ကြီး၊ ဘဲ့ချီးကြေငြာ၊ ဤကျမ်းစာကို ရေးသားရာအခါ၌။ မေ-စန္ဒဇောတိ၊ ပြည်သိထင်ပေါ်၊ ဘုရားတပည့်တော်၏။ မနော ဃရေ–အသိဉာဏ်အရိပ်ထင်သည့် စိတ်စဉ်ဟုခေါ်၊ စိတ်အိမ်တော်၌။ ဌာတု—ဤလိုအမိပွါယ်၊ စိတ်ဝယ်ကြံတွေး၊ ဤလိုရေးဟု၊ နည်းပေးသည့်ပုံ၊ ကျမ်းပြည့်စုံပြီးမြောက်ဖို့၊ ခြိမ်းမြောက်သောအား၊ တန့်နှံ့ဘွားကိန်းဝပ်တော်မူလှည့်ပါ့–သကျရန်အောင်၊ ထွတ်ဘုန်းခေါင်အရှင်မြတ်ကြီးဘုရား။

× × ×

၁။ ဝါစာစိန္တေ၊ ပရမေ၊ ဘုန်းဝေထွတ်မဟာ။
၂။ ကိုးတန်ဂုဏ်ပုဒ်၊ နှုတ်ဝယ်ထုတ်၊ ကျွန်ုပ်ဥုးညွှတ်ကာ။
၃။ တရားသံဃာ၊ ဆရာရှိသမျှ၊ သတိရ၊ တိကျရိုသေစွာ။

၄။ ရှိခိုးပြီးနောက်၊ ကျမ်းမှုနှောက်၊ ချင့်ထောက်ခွဲစိတ်ဖြာ။

၅။ ဒုစရိုက်+သုစရိုက်၊ လူတိုင်း၌၊ သိထိုက် လှသည်သာ။

၆။ ငယ်ရွယ်သူများ၊ သိစေသား၊ ခွဲခြား ရေးအံ့ငါ။

၇။ ငါလျှင်ရေးသား၊ ဤစာကား၊ ပြန့်ပွား မြို့ပြည်ရွာ။

၈။ ကျက်ကြ မှတ်ကြ၊ နှုတ်တက်ရ၊ ကျင့်ကြ သင့်တို့သာ။

၉။ သုစရိုက်မြဲ၊ ဒုနှင့်ခွဲ၊ ဆင်းရဲကင်းပြည်သာ။

၁၀။ လူတိုင်းနောင်ခရေး၊ သင်တန်းပေး၊ ကျင့်ရေး သင်ခန်းစာ။

ကလေးသူငယ်သင်

ဒုစရိုက် သုံစရိုက် ခွဲတမ်းသင်ခန်းစာ

# ဒုစရိုက်ခွဲတမ်း

ဒုစရိုက်တရား၊အကျဉ်းအား၊ အပြား ဘယ်မျှဖြစ်သနည်း။
ဒုစရိုက်တရား၊ အကျဉ်းအား၊ ဆယ်ပါး ဖြစ်ပါသည်။

ဒုစရိုက်ဆယ်ပါး၊ ဟူသည်ကား၊ ခွဲခြားဤသို့ ဖြစ်ပါသည်။

သရုပ်ပြ အဓိပ္ပါယ်

၁။ ကိုယ်ဖြင့်လွန်ကျူးရသော ကာယကံ–ဒုစရိုက်၃-ပါး။

၂။ နှုတ်ဖြင့် လွန်ကျူးရသော ဝစီကံ- ဒုစရိုက်၄-ပါး။

၃။ စိတ် (မနော)ဖြင့် ကြံစည်ရသော မနောကံ - ဒုစရိုက် ၃-ပါး။

ဤသို့လျှင် ဒုစရိုက်သည် အမျိုးအစား အားဖြင့် ၁၀-ပါး ဖြစ်ပါသည်။

ထပ်ဆင့်ရှင်းပြခန်း

ပြုချင်စိတ်ကြောင့် ဖြစ်ပေါ် လာသော (ဝါယောဓာတ် လွန်ကဲခြင်း) ကိုယ်အမူအရာရုပ်ကို ဇမ္မဒွါရအနေဖြင့် ကာယ

ဒွါရ(ကိုယ်တံခါးပေါက်)ဟု ခေါ်ဆို၍ ပြောချင်စိတ်ကြောင့် ဖြစ်ပေါ်လာသော) ဝါယောဓာတ် လှုန်ကဲခြင်း (အသံရုပ်နှင့် တကွ နှုတ်အမူအရာ ရုပ်ကို ဝစီဒွါရ (နှုတ်တံခါးပေါက်) ဟု ခေါ်ဆိုရသည်။ ယင်းကိုယ်တံခါးပေါက် နှုတ်တံခါးပေါက် တို့၌ ဝင်လာမစဲဖြစ်နေသော ဒုစရိုက်တို့ကိုပင် ကိုယ်ဖြင့် လွန်ကျူးရသော ကာယကံဒုစရိုက်၊ နှုတ်ဖြင့်လွန်ကျူးရသော ဝစီကံ ဒုစရိုက်ဟု ခေါ်ဆိုရပြန်သည်။ အချုပ်အားဖြင့် ကိုယ်၌အဖြစ် များသော စရိုက်ဆိုးသည် ကာယကံဒုစရိုက်ဖြစ်၍ နှုတ်၌အဖြစ် များသော ဒုစရိုက်ဆိုးသည်ကား ဝစီဒုစရိုက်ဖြစ်သည်ဟု မှတ် သားအပ်၏။

## အမူအရာမပါလျှင် မနောကံ

ကိုယ်အမူအရာ နှုတ်အမူအရာမှကင်း၍ တမင်သက်သက်စိတ် (မနော)ဖြင့်သာ ကြံစည်ရသော ဒုစရိုက်မျိုးဖြစ်အံ့၊ ယင်းကို ကား မနောဒွါရ(စိတ်တံခါး)၌အဝင်အထွက်များသောကြောင့် မနောကံ ဒုစရိုက်ဟု ခေါ်ဆိုပြန်သည်။ သို့ရာတွင် ဆဒွါရိက စိထိစိတ်အရာ၌ ဇောဖြစ်ရာဘဝင်ဟုဆိုရသော ငြိမ်ဝပ်အားမဲ့ စိတ်တွေကို မနောဒွါရဟု ဆိုရသော်လည်း ဤမနောကံအရာ ၌ကား ကံဖြစ်ရာ ဇောစိတ်တို့ကိုပင် မနောဒွါရ ခေါ်ဆို ရသည်ဟုမှတ်ပါ။

မေး။ ။လိုရင်းဖော်ထုတ်၊အကျဉ်းချုပ်၊ဆောင်ပုဒ် ဘယ် သို့ဆိုသနည်း။

ဖြေ။ ။လိုရင်းဖော်ထုတ်၊အကျဉ်းချုပ်၊ ဆောင်ပုဒ် ဤသို့ ဆိုပါသည်။

ဆောင်။ ။**ကာယကံမှု—သုံးခုစုံလင်၊**
**ဝစီကံမှု—လေးခုအပြင်၊**
မနောကံမှု-သုံးခုပါဝင်၊
ဒုစရိုက်-မှုမိုက်ဆယ်ပါးတွင်။ ။

## ကာယကံ ခွဲထမ်း

မေး။ ။ကာယကံသုံးပါး၊ ဟူသည်ကား၊ ခွဲခြားဘယ်သို့ဖြစ်သနည်း။

ဖြေ။ ။ကာယကံသုံးပါး၊ဟူသည်ကား၊ ခွဲခြား ဤသို့ဖြစ်ပါသည်။

### သရုပ်ပြအဓိပ္ပါယ်

၁၊ သူတပါး၏အသက်ကို ရက်စက် ကြမ်းကြုတ် သတ်ပုတ် ညှဉ်းဆဲခြင်း ပါဏာတိပါတ ၁-ပါး၊
၂။ သူတပါး၏ဥစ္စာကို မသမာသော လောဘဖြင့် ခိုးယူတိုက်ခိုက်ခြင်း အဒိန္နာဒါန ၁-ပါး၊
၃။ သူတပါး၏သားမယားကို မှောက်မှားလွန်ကျူးခြင်း ကာမေသုမိစ္ဆာစာရ ၁-ပါး၊ ဤသို့လျှင်**ကာယကံ** ဒုစရိုက်သည် ၃-ပါးဖြစ်ပါသည်။

### ထပ်ဆင့်ရှင်းပြခန်း

**ပါဏာတိပါတ**။ ။ယင်းပုဒ်၌ ပါဏ-အတိပါတ—ဟု ပုဒ်ခွဲ၍ ပါဏ-အရ ပုဂ္ဂိုလ်သတ္တဝါကို ယူရမည်ဖြစ်သော်လည်း ပုဂ္ဂိုလ်

သတ္တဝါ ဟူသော အခေါ်အဝေါ်သည် တကယ်မရှိသော ပညတ်မျှသာဖြစ်၍ သတ်၍မရကောင်းပေ။ ထို့ကြောင့် ပါဠိ အရ သဘာဝအနေဖြင့် တကယ်ရှိသော ရုပ်ဇီဝိတ (ရုပ်သက်) နှင့် နာမ်ဇီဝိတ(နာမ်သက်)တို့ကိုသာ ရ၏။

## အသေနှင့် အရှင်

သတ္တဝါတို့မှာ တဘဝအတွက် ကံအရှိန်မကုန်သေး၍ ရုပ်သက်-နာမ်သက်တွေ အဆက်မပြတ်ဖြစ်နေသမျှအသေဟုမခေါ်ရ၊အရှင်ဟုသာ ခေါ်ရသည်။ တဘဝအတွက် အဆက်မပြတ်ဖြစ်နေရသော ယင်းရုပ်သက်- နာမ်သက်တို့သည် အကြောင်းတခုခုကြောင့် နောက်ထပ်ဆက်မဖြစ်တော့ပဲ အကယ်၍အဆက်ပြတ်သွားခဲ့အံ့၊ ထိုအခါ၌ ရုပ်သက်- နာမ်သက် ဆက်လက်၍ မဖြစ်တော့သည်ကိုပင် သေသည်ဟု ခေါ်ရပြန်သည်။

## ပါဏာတိပါတ၏ ဆိုးမွေများ

မှန်၏။ အကယ်၍သာ မိမိက မသတ်ခဲ့ပါမူ ယင်းလူ၊ယင်းတိရစ္ဆာန်သည် သူ့ဘဝ၌ ပျော်ပျော်ပါးပါးနေသင့်သလောက်နေသွားရမည် ဖြစ်သော်လည်း မိမိက သတ်လိုက်တဲ့အတွက် အသက်အတိုင်း နေမသွားရတော့ပဲ အချိန်စောပြီး သေသွားရရှာသည်။ ထိုကဲ့သို့ အသတ်ခံရသူ သေချိန်မရောက်ပဲ သေရသည့်နည်းတူ သတ်သူကိုယ်တိုင်လည်း အပါယ်မှ လွတ်၍ လူ့ဘဝသို့ ပြန်ရောက်လာသည်တိုင်အောင် အသက်အတိုင်းမနေရပဲ အသက်တိုရမည်မှာ မလွဲပေ။

၁၄၈-၁၉၈

ယခုအခါ၌ မိမိတို့က တတ်နိုင်သူတွေဖြစ်၍ အာဟာရဓာတ်ပြည့်ဝသော အစားအစာနှင့် အဖိုးတန် ဆေးကောင်းတွေကို သုံးဆောင်နေရပါလျက် မြွေလင့်ချက်အတိုင်း မဖြစ်လာပဲ ငယ်ရွယ်သူအဖြစ်ဖြင့် ပျော်တုန်းပါးတုန်း အသက်ဆုံးရသူ မှန်သမျှ ရှေးက သူ့ကျူးလွန်ခဲ့သော ပါဏာတိပါတ၏ ဆိုးမွေကို ခံယူခြင်းသာဖြစ်သည်ဟု မှတ်သားအပ်၏။ ထို့ပြင် မျက်မှောက်၌ပင် မင်းပြစ်မင်းဒဏ်ခံရခြင်း၊ မင်းပြစ်မင်းဒဏ်မှ လွတ်မြောက်ရေးအတွက် ငွေကုန်ကြေးကျဖြစ်၍ စီးပွားရေးပျက်ပြားရခြင်း၊ အသတ်ခံရသူဘက်မှ တုန့်ပြန်လာမည့်ရန်ကို စိုးရိမ်နေရခြင်း၊ မှားသောအမှုကြီးကို လွန်ကျူးမိပေပြီဟု အမှတ်ရတိုင်း စိတ်၏ မသာယာမှုကို ခံစားရခြင်း၊ သူတပါး၏ အကဲ့ရဲ့ကို ခံရခြင်း၊ သေသည်မှ နောက်၌လည်း အပါယ်လားရခြင်း စသည်တို့မှာ လည်း အသားတူ ပါဏာတိပါတ၏ ဆိုးမွေတို့သာတည်း။

## လူဆင်းရဲနှင့်လူမွဲ

အဒိန္နာဒါန။ ။ယင်းပုဒ်ကို အဒိန္န-အာဒါနဟု ပုဒ်ခွဲ၍ အဒိန္န–အရှင်က ကိုယ်နှုတ်ဖြင့် ယူစေဘဲ့ဟု မပေးသောဥစ္စာ၊ အာဒါန ခိုးယူခြင်းဟု အနက်ဖော်ရမည်ဖြစ်ရာ နှစ်ပုဒ် တွဲမိသောအခါ၌ကား သူတပါး၏ဥစ္စာကို ခိုးယူခြင်းဟု ဝေါဟာရ အနက်ထွက်သာရ၏။ မိမိ၏ဥစ္စာကို စေတနာ ထက်သန်စွာနှင့် သူတပါးအား ပေးလှူစွန့်ကြဲလိုက်လျှင် ထိုပေးလှူ စွန့်ကြဲမှုကောင်း ဘဝသံသရာ၌ လှူဒါန်းသူ ဒါနရှင်ကို လူချမ်းသာဖြစ်စေသကဲ့သို့ သူတပါး၏ဥစ္စာကို စေတနာဆိုးဖြင့် ခိုးယူပြန်လျှင်လည်း ထိုခိုးမှုကပင် ခိုးသူကို ဘဝသံသရာတလျှောက်၌လူဆင်းရဲ လူ

မွဲဖြစ်စေပြန်သည်။ အမှန်မှာ ဒါနအရ ပေးမှုနှင့် အဒိန္နာဒါန အရ ခိုးမှုတို့သည် လူ့ အဆင့်အတန်းကို အလင်းနှင့် အမှောင် ကဲ့သို့ မတူအောင် ခွဲခြားပေးရာ၌ အရင်းခံ လက်သည်တို့ ပေ တည်း။

## လူ့ဒါန်းတိုင်းဘုရားကြိုက်မဖြစ်

ထိုအဒိန္နာဒါနနှင့် ဒါနတို့၏ အကောင်းအဆိုး အကျိုးပေး ခြင်း ဆန့်ကျင်ဘက်ဖြစ်ပုံကို ရည်ညွှန်းပြီးလျှင် ရှေးပညာရှိတို့က "လှူလျှင်တိုး- ခိုးလျှင်မွဲ"ဟု ပြောစမှတ်ပြုကြသည်။ သို့သော် လှူသင့်သလောက် စားဦးစားဖျား ပေးလှူခြင်းကြောင့် နောင် တမလွန်၌စည်းစိမ်ရှင်ဖြစ်နိုင်သကဲ့သို့လူမှုရေးအဆောင်အယောင် ၏ လှည့်စားမှုအရ ဂုဏ်ပကာသနဖက်၍ ငွေတိုးယူ ချေးငှါးလှူ ဒါန်းခြင်းကြောင့် မျက်မှောက်၌ပင် လှည်းပြုတ်၊ နွားပြုတ်၊ ကြွေးလည်ပင်းမြုတ်နေသော တောင်သူ လယ်သမားကြီးများ ကိုလည်း နေရာတိုင်း၌ တွေ့ရပြန်သည်။ ထို့ကြောင့် လှူဒါန်း တိုင်းလည်း ဘုရားကြိုက်မဖြစ် အခြေအနေကို သုံးသပ်၍ လှူ တတ်မှသာ ဘုရားကြိုက်ဖြစ်မည်ဟု နားလည်ထားသင့်၏။

## ကိုယ်ပိုင်သောကာမနှင့် ကိုယ်မပိုင်သောကာမ

**ကာမေသုမိစ္ဆာစာရ**။ ။ယင်းပုဒ်အရ ယောက်ျား မိန်းမ တို့၏ အစုံစုံတွေ့ထိရသော အတွေ့အထိကာမကိုသာ ကာမဂုဏ် အဖြစ်ဖြင့်လိုအပ်၏။ အခြား အဆင်းကောင်း၊ အသံကောင်း၊ အနံ့ကောင်း၊ အရသာကောင်းဟု ဆိုအပ်သော ဝတ္ထုကာမ တို့ကိုကား ဤအရာ၌ ကာမအဖြစ်မလိုအပ်ပါ။ အတွေ့အထိ

ကာမအရာ၌လည်း အမျိုးသားတဦးတယောက်သည် သူ့အမျိုးသမီး(ဇနီး)ဖြစ်သူ၏ အင်္ဂါအတွေ့အထိကာမကိုသာ သူပိုင်ဆိုင်သည်။ အခြားအမျိုးသမီးတို့၏ အတွေ့အထိကိုကား သူမပိုင်ဆိုင်ချေ။

## ကာမသူခိုး ကာမဒမြဖြစ်ခြင်း

ဤဖော်ပြအပ်ပြီးသော စကားရပ်တို့ကို ထောက်ထားခဲ့သော် အမျိုးသားတိုင်းပင် သူပိုင်ကာမကို ခံစားရာ၌မိစ္ဆာစာရ (အမှားကျင့်သုံးမှု) ဖြစ်သည်ဟု မဆိုနိုင်သော်လည်း သူပိုင်မဟုတ်သော သူတပါး၏ဇနီး၊ သူတပါး၏သမီးပျိုတို့နှင့် အပျော်လိုက်စားရာ၌ကား သူမပိုင်သည်ကို ခိုးယူ တိုက်ခိုက်သော ကာမသူခိုး၊ ကာမဒမြအဖြစ်ဖြင့် မိစ္ဆာစာရ (အမှားကျင့်သုံးရာ)ရောက်ပြန်သည်။ ဤအရာ၌ အမှားကျင့်သုံးခြင်း ဟူသည် လူ့စည်းကမ်းကိုကျော်လွန်၍ ကျင့်သုံးရာရောက်သဖြင့်ထိုအမှားကျင့်သုံးခြင်းကိုပင် ယုတ်ယုတ်မာမာ ကျင့်သုံးခြင်းဟု အဋ္ဌကထာ ဋီကာတို့က ဖွင့်ဆိုကြပြန်သည်။ ကိုယ်ပိုင် မဟုတ်သော ယောကျ်ားတပါးနှင့် မှောက်မှားသော အမျိုးသမီးတို့အဖို့မှာလည်း အလားတူပင်ဖြစ်သည်ဟု မှတ်ပါ။

## သံသရာမြစ်မှ တိမ်းရှောင်မရ

ဤကာမေသုမိစ္ဆာစာရ ဒုစရိုက်ကံသည် လောကပြစ်၊ သံသရာပြစ် ၂ မျိုးလုံးမကင်းသဖြင့်ကြောက်မက်ဖွယ်ကောင်းလှ၏။ သို့သော် လောကပြစ်မှ လိမ္မာပါးနပ်မှုဖြင့် ဖြစ်စေ၊ အခြားတနည်းနည်းဖြင့်ဖြစ်စေ ရှောင်တိမ်းနိုင်သည့် တိုင်အောင် သံသရာပြစ်မှုကား အရှင်အာနန္ဒာလို အလောင်းတော်များပင်

တိမ်းရှောင်မရသဖြင့် ဘဝပေါင်းများစွာ အလူးအလဲ အဆင်းရဲ ခံရသေးသည် ကို သတိပြုပါ။

မေး။ ။ လိုရင်းဖော်ထုတ်၊ အကျဉ်းချုပ်၊ ဆောင်ပုဒ် ဘယ်သို့ဖြစ်သနည်း။

ဖြေ။ ။ လိုရင်းဖော်ထုတ်၊ အကျဉ်းချုပ်၊ ဆောင်ပုဒ် ဤသို့ဆိုပါသည်။

ဆောင်။ ။ သူ့သက်သတ်ခြင်း—ချို့ယွင်းပြန်စေ၊
သူ့ဥစ္စာခိုး—မရိုး သလေ။
သူချစ်မယား— ပြစ်မှားပြန်ချေ၊
သူလိုက်စား— မိုက်မှား မူရာပေ။ ။

## ဝစီကံ ခွဲတမ်း

မေး။ ။ ဝစီကံလေးပါး၊ ဟူသည်ကား၊ ခွဲခြား ဘယ်သို့ ဖြစ်သနည်း။

ဖြေ။ ။ ဝစီကံလေးပါး၊ဟူသည်ကား၊ ခွဲခြား ဤသို့ဖြစ်ပါသည်။

## သရုပ်ပြ အခိပ္ပါယ်

၁။ ။ သူတပါးအကျိုး ပျက်ပြားစေရန် လှည့်စားပြောဆိုခြင်း မုသာဝါဒ ၁-ပါး။

၂။ ။ အချင်းချင်းချစ်ကြည်ရေး ပျက်ပြားစေရန် ကုန်းချော ပြောဆိုခြင်း ပိသုဏဝါစာ ၁-ပါး။

၃။ ။ မဖွယ်မရာ ကြမ်းတမ်းစွာ ပြောဆိုခြင်း ဖရုသဝါစာ ၁-ပါး။

၄။ ။ သေးနုပ်သိမ်ဖျင်း အခိပ္ပါယ် ကင်းသော စကားကို ပြောဆိုခြင်း သမ္ဖပ္ပလာပ ၁-ပါး။ ဤသို့လျှင် ဝစီဒုစရိုက် ၄-ပါးဖြစ်ပါသည်။

## ထပ်ဆင့် ရှင်းပြခန်း

မုသာဝါဒ။ ။လိမ်ပြောလျှင် မုသာဝါဒဖြစ်သည်ဟု အများကပင် အကြမ်းစား နခဲလည်နေကြသော်လည်း ထိုမုသာ

ဝါဒကံမြောက်မှုအတွက်မှာကား–သူတပါး၏ အကျိုးပျက်ပြား ရေးကို ရည်ရွယ်ပြီးလျှင် –

၁။ ။ ပြောရမည့်စကားက မဟုတ်မမှန်သောအရာလည်း ဖြစ်ရမည်။
၂။ ။ ပြောလိုသော စိတ်လည်း ရှိရမည်။
၃။ ။ ပြောလည်း ပြောရမည်။
၄။ ။ သူရည်ညွှန်းအပ်သူက ယုံကြည်မှုလည်း ရှိရမည်။

ဟု ကျမ်းဂန်တို့၌ အချက်ကြီးလေးချက်ပြ၍ စိစစ်ထားသည်။ ထို့ကြောင့် ယင်း၄ချက်လုံးနှင့် ကိုက်ညီသောလှည့်စားမှုမျိုး ဖြစ်မှသာ မုသာဝါဒအရာ မြောက်သည်။ မကိုက်ညီလျှင်မုသာ ဝါဒအရာမမြောက်ဟု မှတ်သားရမည်။

## လှည့်စားတိုင်းအပြစ်မဖြစ်

သူတပါး နစ်နာစေလိုမှုမပါ၊ ကိုယ်ရေးကိုယ်တာ အတွက် ဖြင့်မတတ်သာ၍ လှည့်စားရသော အရာများလည်း ရှိသေး၏။

ဥပမာ– တယောက်သောသူက သင့်ထံမှာ ငွေချေးလာပြီဟု ဆိုကြစို့.... သင်ကလည်း ဒီလူဟာ မရိုးဖြောင့်ဘူး၊ စိတ်ရင်း မကောင်းဘူး၊ သူ့ကို ချေးလိုက်လျှင် ပြန်ပေးမှာမဟုတ်ဘူးဟု အတတ်သိပြီးဖြစ်၍ မိမိ၌ ငွေရှိလျက် မရှိပါဟု ပြောလိုက်ပြီဟု ဆိုကြပါစို့.... ထိုအခါမျိုး၌ လှည့်စားမှုကို အသုံးပြုရသော် လည်း မိမိ၏ပစ္စည်းကို ကာကွယ်ရုံမျှတပါး အခြားသူ့အပေါ် ၌ နစ်နာစေလိုမှု မပါသောကြောင့် မုသာဝါဒ အရာမြောက် သည်ဟု မဆိုထိုက်။

မွန်၏၊ ယခုအခါ၌ အချို့သူတို့သည် တအိမ်ကငှါးလာသောပစ္စည်းကို ပြန်မပေးလိုသည့်အပြင် ကြာလျှင် သူတို့ပစ္စည်းပါဟု ငြင်း၍ ပြန်တောင်းလာသူ ပစ္စည်းရှင်ကိုပင် ရန်တွေ့လွှတ်ကြသေး၏။ လူတွေကလည်း ဤမျှအထိ တရားပျက်ကြသည်။ ထိုအခါမျိုး၌ မိမိပစ္စည်းကို လှည့်စားမှုဖြင့် ကာကွယ်ဖို့ရန်မှ တပါး အခြားနည်းမရှိတော့ပြီ။ ထို့ပြင် မိမိ၌ဖြစ်စေ၊ သူတပါး၌ဖြစ်စေ အန္တရာယ်ကျရောက်လာသဖြင့် ထိုအန္တရာယ်မှ လွတ်မြောက်စေတော့ဟု လှည့်စားမှုဖြင့် ကာကွယ်ပြောရာ၌လည်း အလားတူသာတည်း။

## စံနမူနာတမျိုး

ထို့ပြင် သူတပါးအကျိုးသက်ရောက်ရေးကို ရည်ရွယ်လျက်တမင်သက်သက် လှည့်စားရသော အခါမျိုးနှင့်လည်း ရံခါရံခါ ကြုံရတတ်သေး၏။ ထိုအခါမျိုး၌လည်း လှည့်စားမှုကြောင့် အပြစ်မရှိပေ။ ဥပမာ–မြင်းသားဟင်း ခေတ်စားကျနေသော သူနာရဟန်းအား ဒါယကာဖြစ်သူက ရဟန်းတို့ မစားအပ်သော မြင်းသားဟင်းကိုပင် နွားသားဟင်းပါဘုရားဟု လျှောက်ထား၍ သုံးဆောင်စေရာ၌ လျှောက်ထားသူမှာ မုသာဝါဒကံမထိုက်သည့်ပြင် ကုသိုလ်ပင်ရသေးသကဲ့သို့တည်း။ ထို့ကြောင့်လှည့်စားတိုင်းလည်း အပြစ်မဖြစ်ဟု မှတ်သားအပ်၏။ သို့သော် တမင်သီလ ဆောက်တည်ထားသူတို့ အဖို့ကား မိမိ၏လှည့်စားမှုကြောင့် သူတပါးနစ်နာသည်ဖြစ်စေ၊ မနစ်နာသည်ဖြစ်စေ ထိုလှည့်စားမှုအတွက် သီလပျက်မည်သာဖြစ်၏။

## မုသာဝါဒ၏ အလေးချိန်

မည်သို့ပင်ဖြစ်စေ ရှေးဦးစွာ ဖော်ပြထားသော အချက်ကြီး ၄-ချက်နှင့် ကိုက်ညီသည့် သူတပါး၏ အကျိုးဖျက် မုသာဝါဒ မျိုးဖြစ်လျှင်ကား မုချအပြစ်ကြီးသည်ဟု နားလည်ထားရမည်။ ဗုဒ္ဓမြတ်စွာသည် ဤကဲ့သို့သော မုသာဝါဒကံကို ရည်ရွယ်ပြီး လျှင် ဤသို့ဟောကြားတော်မူ၏။

### ဟောတော်မူပုံ

အို .... ရဟန်းတို့....။ တခုသောတရားကို လွန်၍ကျင့်သော ပုဂ္ဂိုလ်မှာ အခြားတစုံတခုသော မကောင်းမှုကို ပြုလုပ်မည် မဟုတ်ဟု ငါဘုရား မဟောပေ။ (အားလုံးဒုစရိုက်ကိုကျူးလွန် မည်သာဖြစ်၏) ထိုတခုသောတရားဟူသည် အဘယ်နည်း။ "သိ လျက်ချွတ်ယွင်းသော စကားကို ပြောဆိုခြင်း မုသာဝါဒပင် တည်း"ဟုဟောတော်မူ၏။ (ဣတိဝုတ်ပါဠိတော် မုသာဝါဒ သုတ်၊ နှာ ၂၀၇-မှာရှု။)

ယင်းဟောပြချက်ကို ထောက်၍ နှုတ်က လိမ်ရဲလျှင် သူ တပါး၏အသက်ကိုလည်း သတ်ရဲမည်၊ သူတပါး၏ဥစ္စာကိုလည်း ခိုးရဲမည်၊ သူမလုပ်ရဲသော ဒုစရိုက်ဟူ၍ မရှိတော့သဖြင့် အခြား ဝစီဒုစရိုက်များထက် မုသာဝါဒဒုစရိုက်က သာလွန်၍ အပြစ် ကြီး၏။ ဥပမာ-အခြားဝစီဒုစရိုက် ၃-ပါးတို့၏ အလေးချိန်က အချိန် ၁၀—စီလောက် ရှိမည်ဆိုပါက မုသာဝါဒ ဒုစရိုက်၏ အလေးချိန်မှာ အချိန်(၁၀၀)လောက် ရှိရမည်မှာ မလွဲပေ။

အဘူတဂါဒီနီ ရယံဉပေတိ။ ။(မဟုတ်မမှန် လုပ်ကြံပြော ဆိုသူသည် ငရဲသို့ ကပ်ရောက်ရသည်)ဟု ဥဒါနပါဠိတော်သုတ္တ ရှိသုတ်၌ ဗုဒ္ဓမြတ်စွာ ဟောတော်မူချက်အရ မုသာဝါဒကံသည် ငရဲသို့ ကျရောက်သည်အထိ အပြစ်ကြီးကြောင်း ထင်ရှားပြန် သည်။ ထို့ကြောင့် အခြားဝစီဒုစရိုက် ၃-ပါးတို့ထက်အလေး ချိန်ပိုသော မုသာဝါဒကိုပင် ငါးပါးသီလ၊ ရှစ်ပါးသီလ စ သည်တို့၌ တိုက်ရိုက် သိက္ခာပုဒ်ပြုလုပ်၍ ရှောင်ကြဉ်ရကြောင်း ထိုထိုပါဠိတော်၌ လာသော စကားရပ်တို့က မုသာဝါဒကံ၏ အပြစ်ကြီးပုံကို လေးနက်စေပြန်သည်။ (အထက်ဖော်ပြမည့် ဝစီဒုစရိုက်ခွဲတမ်း ထပ်ဆင့်ရှင်းပြခန်းနှင့် ဆက်စပ်ကြည့်ရှုပါ။)

## တို့မီးရှို့မီးလုပ်၍ သွေးခွဲခြင်း

**ပိသုဏဝါစာ။** ။ဤဝစီဒုစရိုက်အရာဝယ် ပိသုဏဟူသော ကြိယာဝါစကနာမ်ပုဒ်သည် ကြိတ်ချေဖျက်ဆီးခြင်း အနက်ကို ဟောပြသည်ဖြစ်ရကား ဝါစာဟူသော နောက်ပုဒ်နှင့် တွဲမိ သောအခါ အချင်းချင်း၏ ညီညွတ်မှုကို ကြိတ်ချေဖျက်ဆီးတတ် သောစကားဟု အဓိပ္ပါယ်ထွက်လာသည်။ တမျိုးပြောရလျှင် ယင်းပုဒ်ကို ပိယ-သုည-ကရဏ ဝါစာ ပုဒ်တို့မှ မလိုအပ်သော (ယ-ည-က-ရ) အက္ခရာ ၄ လုံးတို့ကို သဒ္ဒနိရုတ္တိနည်းဖြင့် ချေ ဖျက်၍ ပိသုဏဝါစာဖြစ်လာသည်ဟု ဖွင့်ဆိုကြပြန်သည်။ယင်း အဖွင့်အရ အနက်ပြန်လျှင် မိမိအတွက်ချစ်အောင်ပြုလုပ်၍ သူ နှစ်ဦးတို့အတွက် အချစ်ပျက်အောင် ပြုလုပ်ပေးသောစကားဟု အဓိပ္ပါယ် သက်ရောက်စေသည်။

ခဲတလုံးဖြင့် စ၁၂-ကောင်ကို ထိမှန်အောင် ပစ်ခတ်သကဲ့သို့ မိမိကိုလည်းချစ်စေ၊ သူတို့ချင်းလည်း မုန်းစေဟု ရည်ရွယ် ပစ်သွင်းသောစကားကိုပင် ကုန်းချော ပြောဆိုခြင်းဟု ဆိုရပြန်သည်။ အရပ်စကားဖြင့် ပေါ်လွင်အောင်ပြောရလျှင် ချစ်ကြည်နေသော လူနှစ်ယောက်(သို့မဟုတ်) အချင်းချင်း ညီညွတ်နေသော အဖွဲ့အစည်းတခုကို အချင်းချင်း ကွဲသွားအောင် တို့မီးရှို့မီးလှုပ်၍ သွေးခွဲပေးခြင်းပင်တည်း။

## တို့မီးရှို့မီးလှုပ်၍ သွေးခွဲပုံ

မြို့ထဲရွာတဲ၌ ဖြစ်တတ်သော သဘာဝကို သာဓကအဖြစ် ဖန်တီးပြရလျှင် ဤဆိုမည့်အတိုင်း ဖြစ်လာပါမည်။

မြို့တမြို့၌ စုစုနှင့်နုနုဆိုသူ အမျိုးသမီး၂ယောက်ရှိသည်ဟု ဆိုကြပါစို့။ သူတို့နှစ်ယောက်သည် တဦးနှင့်တဦး သင့်မြတ်နေကြသော မိတ်ဆွေသူငယ်ချင်းမများဖြစ်ကြ၏။ သူတို့ ရပ်ကွက်ထဲ၌ပင် မပုဆိုသူအမျိုးသမီးကြီးတဦးလည်းရှိနေပြန်သည်။ သို့သော် မပုသည် စိတ်ရင်းမကောင်းသူ ဖြစ်သည့်အလျောက် စုစုနှင့် နုနုတို့၏ချစ်ရေးကို မရှုစိမ့်နိုင်သဖြင့် သူတို့၏ ညီညွတ်ရေးကို ဘယ်နည်းဘယ်ပုံဖြိုခွဲရပါအံ့နည်းဟု အမြဲစဉ်းစားနေသူ ကြံစည်နေသူတယောက်ဖြစ်၏။ထို့ကြောင့်မပုသည် တနေ့၌ နုနုထံသို့သွားပြီးလျှင် ဟောင်စဉ်ရေမရ ရောက်တတ်ရာရာ ပြောရာမှ နောက်ဆုံး၌ သူစဉ်းစားထားချက်အရ နုနု၏ စိတ်ကို ထိခိုက်စေနိုင်သော စကားလုံးတွေကို နုနု၏ နှလုံးသားထဲသို့ ဤဆိုမည့်အတိုင်း ပစ်သွင်းလိုက်သတည်း။

နုနုရေ—နုံနုရဲ့အချစ်တော်ကြီး စုစုကဖြင့် နုနုကို ဒီလိုပြော နေပြီ၊ ပွဲသဘင် အခန်းအနားရှိတိုင်း နုနုဝတ်ဆင်ထားတဲ့ ရွှေဘီးတို့ လက်ကောက်တို့ ဆွဲကြိုးတို့ဟာ နုနုရဲ့ ပစ္စည်းတွေလို့ များထင်သလား၊ မဟုတ်ဖူးတဲ့၊ အဲဒါတွေဟာ သူနှင့်ရင်းနှီးသူ တဦးထံမှ ငှားရမ်းဝတ်ဆင်ထားတဲ့ ရွှေတွေတဲ့။

ခဲတလုံးဖြင့် စာ ၂-ကောင် ပစ်ခတ်သော မပု

နုနုသည် မပု၏စကားကို ကြားရသောအခါ နုံနုဟူသော အမည်နှင့်မတန်အောင် စိတ်ကြမ်းနှုတ်ကြမ်း ဖြစ်လာပြီးလျှင် "ကြည့်စမ်း၊ ငါက သူ့ကို အစ်မအရင်းလို သဘောထားပြီး ဆက်ဆံခဲ့တယ်၊ ဒါပေမဲ့ သူက ငါ့ကို မျှစ်ချိုးမှိုချိုးပြောတယ်၊ မိတ်ဆွေမပီသဘူး အလကားကောင်မ ဒီနေ့ကစပြီး သူ့ကို ရန်သူ စာရင်းသွင်းရတော့မှာပဲ"ဟု ပြောပြောဆိုဆိုနှင့်ပင် နုနု မပုထောင်ထားသော ထောင်ချောက်ထဲသို့ တိုးဝင်သကဲ့သို့ ဖြစ်သွားရ၏။ ဤနည်းဖြင့်ပင် စုစုအပေါ်၌ ယခင်က ထားခဲ့သော ချစ်ကြည်မှုသည်လည်း မပု၏ ကုန်းစကားကြောင့် လုံးလုံးလျားလျား ပြိုပျက်ရတော့သတည်း။

သို့ရာတွင် နုနုသည် သတင်းပို့လာသောမပုကိုကား သူ့ထံလာ၍ပြောဖော်ရသည်ဟု မိတ်ဆွေအဖြစ် အသိအမှတ်ပြုလိုက်၏။ ဤသို့လျှင် မပုသည် စုစုအပေါ်၌ရှိခဲ့သော နုနု၏ချစ်ကြည်မှုကိုလည်း သူ့အပေါ်သို့ရောက်အောင် ပြောင်းလွှဲ ယူလိုက်သည်။ စုစုနှင့် နုနုတို့ ညီညွတ်ရေးကိုလည်း ယူစရာမရအောင် ကြိတ်ချေဖျက်ဆီးလိုက်၏။ အဲမှန်မှာ မပုသည် ခဲတလုံးနှင့် စာ

နှစ်ကောင်ကို ပစ်ခတ်နိုင်သူပေတည်း။ ဤဖြစ်ရပ်၌ နောက်ဆုံး အကျိုးသက်ရောက်မှုကို ဖော်ပြလျှင် မပုမှာ ချစ်သူနှစ်ဦးတို့၏ ညီညွတ်ရေးကို စေတနာဆိုးနှင့် ဖျက်ဆီးခဲ့ရသော ပိသုဏဝါ စာဒုစရိုက်ကြောင့် လောကမကောင်း သံသရာမကောင်း ဖြစ်ရမည်မှာ မလွဲပေ။ အကယ်၍သူပြောသလိုမဟုတ် လုပ်ကြံပြော ဆိုမှုသက်သက်သာ ဖြစ်ပါမူ ပိသုဏဝါစာကံ ထိုက်ရုံသာမက လည်းဆယ်မှုမုသာဝါဒကံသည်လည်း ထိုက်ရဦးမည်မှာ သေချာ သလောက်ပင်တည်း၊

## နေရာတိုင်း၌ တို့သမား ရှို့သမားရှိသည်

ဤဖန်တီးချက် သာဓကပုံဝတ္ထုလေးက ဘာကို သိစေသနည်း။ မြို့တိုင်း ရွာတိုင်း ရပ်ကွက်တိုင်းမှာပင် ခဲတလုံးနှင့် စာ၂—ကောင်ကို ပစ်ခတ်နိုင်သော မပုလိုမိန်းမ-မပုလို ယောကျ်ား တွေ အများကြီးရှိသည်။ တဦးနှင့်တဦး တအိမ်နှင့်တအိမ် တဖွဲ့ နှင့်တဖွဲ့ တရပ်ကွက်နှင့် တရပ်ကွက် ဆက်ဆံရေး ဆိတ်သုဉ်း၍ စိတ်ဝမ်းကွဲကြရသည်ဆိုသမျှ သူတို့၏လက်ချက်ကများကြောင်း သိစေသည်။

အမှန်အတိုင်း ပြောရသော် ယင်းပုဂ္ဂိုလ်တို့သည် မိမိတို့၏ ဝါသနာကြောင့်သော်ရင်း၊ တဖက်လူကိုပါအောင် ဆွဲဆောင် လိုသောကြောင့်သော်ရင်း ဒီစကားဟိုပို့—ဟိုစကား ဒီကိုယူ လူလူချင်း သေးကွဲမှုအတွက် စကားပေး၊စကားယူ ကိစ္စဖြင့် အလုပ်များနေသူများဖြစ်ကြသည်။ စာသံပေသံဖြင့် ပြောရလျှင် အကွဲအပြဲကို ပွဲလမ်းပမာ သဘောထားကြသော "သမဂ္ဂဘေဒ

ဝဂ္ဂနန္ဒီ”ပုဂ္ဂိုလ်တို့သာတည်း။ ထို့ကြောင့် တဖွဲ့နှင့်တဖွဲ့ တအိမ်နှင့် တအိမ် တယောက်နှင့်တယောက် ဒေါသမီးတောက်အောင် တို့လား ရှို့လားလုပ်ပေးသောကုန်းသမားတွေ မြို့တိုင်းရွာတိုင်း၌ ရှိသည်ဟု သင်တို့အား သင်ခန်းစာပေးနေပါသည်။

## သူရှို့သောမီးက သူ့ကို ပြန်လောင်ခြင်း

သံဃာအဖွဲ့အစည်းကို ဖြစ်စေ၊ လူ့အဖွဲ့အစည်းကို ဖြစ်စေ ညီညွတ်နေသော အဖွဲ့အစည်းတခုကို ညီညွတ်ရေးပျက်ပြားအောင် ဖြိုခွဲခဲ့ပါလျှင် ပြိုကွဲခြင်း၏ အကျိုးဆက်အနေဖြင့် အဖွဲ့ဝင်အချင်းချင်း ငြင်းခုံခြင်း၊ စကားစစ်ထိုးခြင်း၊ရန်ခိုက်ဒေါသပွားရခြင်း စသော ပြဿနာအရပ်ရပ်တို့သည်လည်း ဖြေရှင်း၍မရနိုင်လောက်အောင်“အကျယ်အကျယ် မငြိမ်းဖွယ်”ဖြစ်လာရပြန်သည်။ သို့ရာတွင် ညီညွတ်ရေးကိုဖြိုခွဲသူ အရင်းခံလက်သည်မှာကား— အခြားသူမဟုတ်၊ ဖော်ပြအပ်ပြီးသော တို့ရှို့ပေးသူကုန်းသမားတို့သာ ဖြစ်ကြ၏။

ဗုဒ္ဓမြတ်စွာရှိစဉ်က ရှင်ဒေဝဒတ်သည် ညီညွတ်သော သံဃာအဖွဲ့ကြီးကိုဖြိုခွဲ၍ သီးခြားသံဃာအဖွဲ့တခုကို တည်ထောင်ရာဝယ် ဘုရားနှင့် မဟာသာဝကကြီးများအပေါ်၌ ကြည်ညိုမှုပျက်ပြားရန်အလို့ငှါ မကောင်းသတင်းလွှင့်လျက် ရင့်ကျက်မှုခေါင်းပါးသော ရဟန်းဖျင်းရဟန်းညံ့တို့ကို သူ့ဖက်ပါအောင် ဆွဲဆောင်နိုင်ခဲ့သည်။ နည်းအမျိုးမျိုးဖြင့် ဗုဒ္ဓမြတ်စွာ၏အသက်အန္တရာယ်ဖြစ်ရေးအတွက်လည်း လုံးပန်းခဲ့သည်။ သို့သော်လည်း နောက်ဆုံး၌ အဝီစိငရဲသို့ ကျရောက်ရခြင်းသည်ကား ဘုရားသတ်ကံ

ကြောင့် မဟုတ်ပါ၊ သံဃညီညွတ်ရေးကိုဖြိုခွဲခဲ့သောသံဃဘေဒကာ ကံကြောင့်သာလျှင်ဖြစ်၏။ အမှန်မှာ တို့မီးရှို့မီးလုပ်၍ သံဃာ ကွဲပြားစေရန် သူကိုယ်တိုင် ရှို့ခဲ့သောမီးကပင် နောက်ဆုံး၌ သူ့ကို ပြန်လောင်မြိုက်ခြင်းဖြစ်သည်။ ထိုအချက်ကို ရည်ညွှန်း လျက် ဗုဒ္ဓမြတ်စွာသည် ဤသို့ဟောကြားတော်မူ၏။

သံဃံ သမဂ္ဂံ ဘေတွာန၊ ကပ္ပံ နိရယမှိ ပစ္စတိ။

ဒေဝဒတ်သည် ညီညွတ်နေသော သံဃာ့အဖွဲ့အစည်းကို ဖြိုခွဲ ခဲ့သောကြောင့် တကမ္ဘာပတ်လုံး အဝီစိငရဲ ကျရောက်ရ၏။ (ကူတိဝုတ်ပါဠိတော် သံဃဘေဒသုတ်၊ နှာ-၂၀၂-မှာရှု)။

## မျက်မှောက်ဆိုးကျိုးများ

ကုန်းချောခြင်း ပိသုဏာဝါစာကံကြောင့် နောင်သံသရာ၌ ကြုံတွေ့ရမည့်ဘေးကို ဖယ်ထားဘိဦး၊ မျက်မှောက် လူမှုဆက်ဆံ ရေး ရှုတ်ထွေးမှု ဆိုးကျိုးများကိုလည်း ခံစားရမည်သာဖြစ်၏။ ရှေးတုန်းက ညီညွတ်မှုရှိသဖြင့် စည်ပင်သာယာခဲ့သော ဝေသာ လီ ပြည်ကြီး ကစဥ့်ကရဲ နွားကွဲကျားကိုက်ဖြစ်ရသည်မှာ အဇာ တသတ်မင်း၏သူလျှို ဝဿကာရ အမတ်ချုပ်ကြီး၏ သွေးခွဲ ကုန်းတိုက်မှုကြောင့်ဖြစ်သည်။

ယခုခေတ်၌ အုပ်စုဖွဲ့ထားသော ကမ္ဘာ့အစိုးရခေါင်းဆောင် ကြီးတို့သည် မိမိတို့နှင့် ဝါဒမတူသော တိုင်းပြည်အချင်းချင်း ကွဲပြဲရန် သွေးထိုးပေးခြင်း ကိုယ့်ဘက်မှာ အကောင်းပြောပြီး သူ့ဘက်အပြစ်ဖို့၍ တို့မီးရှို့မီးလုပ်ပေးခြင်း၊ ဝါဒစစ်ပွဲဆင်နွှဲ

ခြင်း စသည်တို့ကို ဖန်တီးလျက်ရှိကြသည်။ ထိုဖန်တီးမှုတို့ကြောင့်ပင် ကမ္ဘာ့အခြေအနေသည်လည်း ကမ္ဘာဖျက် လက်နက်ဖြင့် အပြန်အလှန် တိုက်ကြခိုက်ကြမည့် တတိယကမ္ဘာစစ်ကြီးဆီသို့ ဦးတည်နေပြီမဟုတ်ပါလော။ အော်–ကုန်းချောလှည့်စားခြင်း ပွဲသုဏာဝါစာကံသည်လည်း ကြောက်စရာပါပေ။

## စိတ်ကကြမ်း၍ နှုတ်ကြမ်းလာရခြင်း

ဖရုသဝါစာ။ ။နှုတ်ထွက်ကြမ်းသောစကားကို လူသွားစမ်းရသကဲ့သို့ အတွေ့အထိကြမ်းသောကြောင့် ဖရုသဝါစာဟုခေါ်ဆိုရ၏။ ထိုဖရုသဝါစာသည် ဒေါသနှင့်ယှဉ်တွဲ၍ဖြစ်ပေါ်လာရသောစေတနာကြမ်းကို အကြောင်းခံ၍ ပေါ်ပေါက်လာရသည့် ဝစီကံဒုစရိုက်ဖြစ်၏။ ဒေါသနှင့် ယှဉ်တွဲရသောကြောင့် စေတနာကြမ်းခဲ့လျှင် ယှဉ်ဖက်ဖြစ်သော မိုရာစိတ်သည်လည်း ကြမ်းရတော့မည်မှာမလွဲပေ။ ထိုစိတ်ကြမ်းကပင် စိတ္တဇရုပ်ကြမ်းတွေကို ဖြစ်ပေါ်လာစေရာ နောက်ဆုံး၌ ယင်းစိတ္တဇရုပ်ကြမ်းကိုမှ အသံရုပ်နှင့်တကွသော နှုတ်အမူအရာရုပ်ကြမ်းတွေ ပီပီသသပေါ်လာရပြန်သည်။ နှုတ်ထဲမှ ပီပီသသပေါ်လာရသောစကားလုံးကြမ်းတို့ကိုပင် ဆဲရေးတိုင်းထွာသည်, မကြားကောင်းမနာသာ ကျိန်ဆဲသည်ဟု ခေါ်ဆိုကြရ ပြန်သတည်း။ အမှန်မှာ ဖရုသဝါစာဖြစ်မှု စေတနာကြမ်းမှုက ပဓာနဖြစ်သည်ဟု မှတ်သားအပ်၏။

## စကားကြီး ၄-မျိုး

သို့ဖြစ်၍ ဖရုသဝါစာ ဖြစ်ထိုက် မဖြစ်ထိုက်စိစစ်မှုနှင့်ပတ်သက်၍ စက်လှည့်သရုပ်ခွဲပါက ဤဆိုမည့်အတိုင်း စကားကြီး ၄-မျိုးထွက်ပေါ်လာရပါမည်။

၁။ ။နှုတ်ထွက်ကြမ်း၍ စေတနာ မကြမ်းသောစကား၊

၂။ ။စေတနာသာကြမ်း၍ နှုတ်ထွက်မကြမ်းသောစကား၊

၃။ ။စေတနာလဲကြမ်း-နှုတ်ထွက်လဲ ကြမ်းသောစကား၊

၄။ ။စေတနာလဲမကြမ်း နှုတ်ထွက်လဲ မကြမ်းသောစကား။

ဤကား သရုပ်ခွဲချက်အရ ထွက်ပေါ်လာသော စကားကြီး ၄-မျိုးပေတည်း။

### ၁-အမှတ်ပြစကား

ဆက်ဦးအံ့၊ ဆရာမိဘဖြစ်သူတို့က မိမိ၏ တပည့်သားသမီးတို့အား မြည်တွန်မောင်းမဲ ကျိန်ဆဲပြောဆိုရာ၌ ကောင်းကျိုးလိုလား၍ မြည်တွန်မောင်းမဲမှု ပြုသော်လည်း စေတနာကြမ်းထန်းမှုကား မရှိပေ၊ ထို့ကြောင့် ယင်း ၁-အမှတ်ပြစကားသည် ဖရုသဝါစာဖြစ်ထိုက်သောစကားမဟုတ်၊ ဥပမာ-ဆိုဆုံးမ၍ မရသောသားကို မိခင်က မြွေပွေးကြီး ကိုက်သေပါစေဟု ကျိန်ဆဲသည့်အတိုင်း မဖြစ်စေလိုသကဲ့သို့တည်း။ သို့သော် ရံခါ ရံခါ၌ မိဘတို့က သားသမီးတို့အား စေတနာကြမ်းအလိုက် ဆဲရေးခြင်းမျိုးလည်းရှိတတ်ပါသေး၏။

## ၂-အမှတ်ပြစကား

ရှေးခေတ်အာဏာပိုင်ဘုရင်တို့က သတ်ထိုက်သော ရာဇဝတ်သားကို သေမိန့်ပေးရာ၌ သူတို့မသေမီ ကောင်းစွာစားပါစေ၊ ကောင်းစွာအိပ်ပါစေဟု ပြောဆိုစကားသည် နှုတ်က ချိုသာမှုရှိသည့်တိုင်အောင် ရည်ရွယ်ချက်စေတနာအရ သေမိန့်ပေးသည်အထိ ကြမ်းတမ်းသောကြောင့် ယင်း ၂-အမှတ် ပြစကားကို ဖရုသဝါစာဖြစ်သည်ဟု ဆိုရပြန်၏။

## ၃-အမှတ်ပြစကား

နှုတ်လဲကြမ်း၊ စေတနာလဲကြမ်း၊ ၂-မျိုးလုံးကြမ်းသော ၃ အမှတ်ပြစကားအနေဖြင့် ဖရုသဝါစာဖြစ်မှုမှာကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း။ ဖရုသဝါစာ အပီသဆုံးစကားဖြစ်တော့သည် သာတည်း။ မြို့ထဲရွာထဲမှ နှုတ်မစောင့်စည်းသော အရပ်သူ အရပ်သားတွေ တယောက်နှင့်တယောက် အတိုင်အဖောက် ဆဲခရေးတိုင်းတွာကြသော စကားလုံးများသည် ဒေါသနှင့်ဖက်တွဲသော စေတနာက ကြမ်းသလောက် မကြားကောင်း မနာသာ နှုတ်ထွက်မှာလည်းကြမ်းသောကြောင့် ယင်း ၃-အမှတ်ပြစကားထဲ၌ ပါဝင်လျက်ရှိသည်သာတည်း။

## ၄-အမှတ်ပြစကား

ဤ ၄-အမှတ်ပြစကားသည် နှုတ်ကြမ်းမှုလဲမရှိ၊ စေတနာကြမ်းမှုလဲ မပါသောကြောင့် ဖရုသဝါစာဖြစ်ထိုက်သောစကားဟု မဆိုရ၊ သို့သော် နှုတ်မကြမ်းရုံမျှဖြင့် စကားကောင်းဖြစ်ပြီ

ဟူ၍ကား မယူဆသိုက်သေး၊ အဘယ်ကြောင့်နည်း၊ လောဘမူ အကြောင်းခံ၍ဖြစ်သော အခြား ဝစီဒုစရိုက် ၃-ပါးတို့သည် လည်း ဒေါသနှင့် ယှဉ်တွဲခြင်း မရှိသည့်အတွက် နှုတ်လဲမကြမ်း စေတနာလဲမကြမ်းဟူသော ဤ ၄-အမှတ်ပြ စကားမျိုးထဲသို့ ပါဝင်နိုင်သောကြောင့်တည်း။

သို့ဖြစ်ရာ ဗကားကောင်းလက္ခဏာ ပီသရေးအတွက်မှာမူ အခြား ဝစီဒုစရိုက် ၃–ပါးတို့နှင့်လည်း ငြိစွန်းမှုကင်းရန်လိုအပ် ပြန်၏။ သို့သော်လည်း စေတနာကြမ်းမှုလဲမပါ နှုတ်ထွက်လဲ သာယာမည်ဆိုပါက အကောင်းဆုံးစကား မဟုတ်သေးသည် တိုင်အောင် ဖရုသဝါစာကား မဖြစ်တော့သဖြင့် မိမိ၏ နှုတ် အတွက် သက်သာမှုအများကြီးရသွားပါပြီ။

## နှုတ်သီးခေါးမ တမြမြ

မှန်၏၊ ဤဖရုသဝါစာသည် သူတပါးအပေါ်၌ ဒေါသ ရှေ့ထားပြီး ဆဲရေးရသောစကားဖြစ်ရကား တမြမြသွေးထား သော ခေါးမကြီးပမာ ခုတ်ဖို့ရာအကြောင်း တိုက်ဆိုင်လာပါက ဆင်ခြင်တုံဘရားကင်းမဲ့ပြီး အရမ်းမဲ့ခုတ်တော့မည်မှာ မလွဲပေ။ အကယ်၍ သူတော်ကောင်းများကို ခုတ်မိခဲ့ပါမူ မျက်မှောက် သံသရာ ၂–ဖြာလုံးမှာပင် ဆုံးရှုံးနစ်နာရမည်မှာ မလွဲပေ။

ဗုဒ္ဓမြတ်စွာရှိစဉ်တုန်းက ကောကာလိကဆိုသော ရဟန်းသည် ဗုဒ္ဓမြတ်စွာ၏မျက်မှောက်တော်၌ပင် တသာသနာလုံးကကြည်ညို နေသော လက်ယာရံ-လက်ဝဲရံ အဂ္ဂသာဝကကြီး ၂-ပါးတို့အား "ပါပိစ္ဆာ သာရိပုတ္တမောဂ္ဂလ္လာနာ(သာရိပုတ္တာရှင်နှင့်မောဂ္ဂလ္လာန်

တို့သည် ယုတ်မာသူတွေ ဖြစ်ကြသည်)ဟု စွပ်စွဲပြောဆိုရာ ဘုရားက တားမြစ်သော်လည်း မရ၊ဇွတ်တိုးပြီး ဆဲရေးမြဲ ဆဲရေးခဲ့၏။ ယင်းပြစ်မှားမှု ကံဖြင့်ပင် များမကြာမီ ကောကာလိက ကိုယ်၌ မုန်ညင်းစေ့ခန့် နှမ်းစေ့ခန့်ပမာဏမှ အုတ်ရှစ်သီးလုံးခန့် ပမာဏအထိ ဆင့်ကဲဆင့်ကဲ ကြီးထွားလာသော အဖုအပိန့်အနာလုံးကြီးတွေ တွက်ပေါ်လာရာ တကိုယ်လုံးပေါက်ကွဲ၍ သွေးပြည်အရွဲအရွဲနှင့်သေရသည်။ သေသည်မှ နောက်၌လည်း ပဒုမငရဲသို့ကျရပြန်သည်။ နှုတ်သီးဓားမကား ကြောက်စရာပါပေ။

## မိမိ၏ဓားမဖြင့် မိမိကို ပြန်ခုတ်ခြင်း

ဗုဒ္ဓမြတ်စွာသည် ထိုကောကာလိကရဟန်းကို အကြောင်းပြု၍ ဤသို့ဟောကြားတော်မူ၏။—

ပုရိသဿ ဟိ ဇာတဿ၊ ကုဌာရိ ဇာယတေ မုခေ။

ယာယ ဆိန္ဒတိ အတ္တာနံ၊ ဗာလော ဒုဗ္ဘာသိတံ ဘဏံ။

လူတို့နှုတ်ထဲ၌တမြမြသွေးထားသော ဓားမကြီးတချောင်းစီရှိကြ၏။ မိုက်မဲသူသည် သူတပါးအား ဆဲလား ဆိုလား မကောင်းသောစကားကို ပြောဆိုလျက် (နောက်ဆုံး၌) ယင်းဓားမကြီးဖြင့်ပင် မိမိကိုယ်ကို ပြန်လည်ထိုးခုတ်ကြကုန်၏။(သုတ္တနိပါတ်ပါဠိတော် ကောကာလိကသုတ်၊ စာမျက်နှာ - ၃၇၁ မှာရှု။)

## ရှေးဟောင်းပုံပြင်များ

သမ္ဘပ္ပလာပ။ ။ ဤပုဒ်၌ သဒ္ဒါနည်းအရ ဝေဖန်ခွဲစိတ်ရလျှင် သံ (ဟိတသုခံ) ဖလတိ (ဝိနာသေတိ)တိ သမ္ဖော- ဟူ

သော ဝစနတ္ထအရသံ–ရှေးရှိသောဖလ–ခါတ်နောင်ကွ ိ–ပစ္စည်း သက်၍ ခုတွန္တ– လ နှင့်ကွ ိ ပစ္စည်းကိုပါ ချေပြီးလျှင် သမ္ဘ- ဟု ရုပ်ပြီးလာသောပုဒ်ဖြစ်ရာ သံ–ဥပသာရပုဒ်က အကျိုးစီး ပွား ဟူသောအနက်ကို ဖော်ပြ၍ ဖလခါတ်ကလည်း "ပါဌ်တ ချက်–အနက်ဆယ်ထွေ"–ဆိုသည့်အတိုင်း ဤ၌အသီးသီးခြင်း ဟူသော အနက်ကိုမဟောပဲ ပျက်စီးခြင်းဟူသောအနက်ကို ဖော် ပြသည်။

ပလာပ- ပုဒ်၌လည်း ပလတို့ ခေတနာတိ ပလာပေါ-ဟု ကရဏသာဓ်ပြု၍ သမ္ဘသပလာပေါ သမ္ဘပလာပေါ-ဟု နှစ်ပုဒ် တွဲစပ်ထားသော ဝစနတ္ထအရ အကျိုးမဲ့စကားကို ပြောဆို သော လောဘယှဉ်ဘက် စေတနာဟု သဘာဝအဓိပ္ပါယ်ထွက် လာသည်။ အကျိုးမဲ့ဟူသည်မှာလည်း နားထောင်ရသူတို့၏ အကျိုးဖြစ်ထွန်းမှုမပါ။ နားထောင်ကောင်းရုံမျှသာပြောကြား အပ် ရေးသားအပ်သော ရှေးဟောင်းဒဏ္ဍာရီ ပုံပြင် စသည်တို့ ပင်တည်း။ ထို့ကြောင့် ရှေးဟောင်းပုံပြင် ဒဏ္ဍာရီများကိုပင် သေးနုတ်သိမ်ဖျင်း အဓိပ္ပါယ်ကင်းသော စကားဟုအလွယ်တကူ မှတ်သားပါ။

## ခဲတံချောင်း၌ ဖြစ်လာရသောစကား

သိကြားမင်းနှင့် ဗြဟ္မာမင်းတို့သည် ဗေဒင်ပြဿနာနှင့် ပတ် သက်၍ ရှုံးသူကခေါင်းဖြတ်တမ်း–ဟု ငြင်းခုံကြရာ လူ့ပြည် က ဝေဒပညာရှိ ကဝိလမိုင်းထံ၌ အဆုံးအဖြတ် ခံယူရာတွင် ဗြဟ္မာမင်းရှုံး၍ ခေါင်းဖြတ်ခံရသည်။ ဗြဟ္မာမင်း၏ဦးခေါင်း

ကို နတ်သမီးဘို့က အလှည့်ကျခွဲပေ့ထားရသည်-ဟု ဥဒါန်းတွင်လျက်ရှိသော ရှေးဟောင်း အိန္ဒိယပုံပြင်တို့သည်၎င်း၊ ဗုဒ္ဓဟူးဂြိုဟ်သည် လ–နတ်သား၏အလင်းရောင်ကို အလိုရှိသဖြင့်လောင်းကစားပြုရသည်။ ဤကမ္ဘာမြေကြီးကို ပုဂ္ဂကဲ့ဆိုသူက ပခုံးပေါ်ထမ်းထားရာ ပခုံးပြောင်း၍ ကမ္ဘာမြေကြီး ရွေ့လျားသည်ကိုပင် မြေငလျင်လှုပ်သည်ဟူ၍ ခေါ်ဆိုရသည်ဟု ပြောလေ့ပြောထရှိသော ရှေးဟောင်းစကားများသည်၎င်း တကယ်မှန်သော အကြောင်းအရာများ မဟုတ်ကြပါ။ အဟုတ်ထင်ရအောင် တီထွင်ပြောကြားအပ်သော စကားမျိုးသာဖြစ်၏။ ထိုစကားမျိုးကို နားထောင်ရသူတို့မှာလည်း အပျင်းပြေနားထောင်ကောင်းရုံမျှသာပါး အခြားဘာမျှ အကျိုးမရှိပေ။

ပြောဆိုအပ်သောစကားတွင်သာ မဟုတ်သေး ရေးသားအပ်သော စာပေအနေဖြင့် စိတ်ရလျှင် ကာမရာဂတိုးပွါးရန်လှုံ့ဆော်ပေးသော ကာလပေါ်ဝတ္ထု စာပေတို့သည်လည်း ဖတ်ကောင်းရုံ ရေးသားထားသော အရသာခံစာပေမျိုးသာ ဖြစ်ကြ၏၊ ထိုစာပေမျိုးကို ဖတ်ရသူတို့မှာလည်း အလုပ်ပျက်ခြင်း၊ စိတ်ဓာတ်ပျက်ခြင်း စသော အကျိုးဆုံးရှုံးမှုတို့သည်သာလျှင်အဖတ်တင်၍ ကျန်ရစ်ခဲ့ကြ၏။ တမျိုးပြောရလျှင်- ယင်းတို့သည်ကား လူအကျိုးဖျက်စာပေတို့သာတည်း။

## လူလို စကားပြောသော နတ်ငါးကြီး

အကျိုးပြုစာပေလည်းမဟုတ်၊ အချက်အလက်ကလည်းမမှန်ကန်ခဲ့လျှင် 'သမ္ဖပ္ပလာပ'–ဖြစ်ရမည်မှာ သေချာသည်။ သို့သော်

စာဖတ်သူတို့အား စိတ်ထားမှန်ကန်ရေးအတွက် သင်ခန်းစာပေးသည့်အနေဖြင့် ဖြစ်စေ၊ တိုင်းပြည်နှင့်လူထုကို ပြုပြင်ပေးသည့် အနေဖြင့်ဖြစ်စေ၊ အကောင်းဖက်သို့ ဦးတည်ရေးသားသော ဝတ္ထု စာပေမျိုးဖြစ်ခဲ့ပါမူ အချက်အလက်က မမှန်ကန်သည့်တိုင်အောင် 'သမ္ဗပ္ပလာပ' — ဖြစ်သည်ဟူ၍ကား မဆိုထိုက်။

ဥပမာ ပြရသော် အင်္ဂလိပ်ဖတ်စာထဲက (The fisherman and his wife — တံငါသည်ကြီးနှင့် သူ့မယား) ဟု ခေါင်းတပ်ထားသော ပုံဝတ္ထုမျိုးဖြစ်ပါသည်။ ယင်းပုံဝတ္ထုထဲ၌ တွေ့ရသည်မှာ–လယ်ကွင်းထဲကသစ်ပင်ကို အိမ်ပြုလုပ်၍ နေကြသော တံငါသည်ကြီးနှင့် သူ့အိမ်သူမတို့အား ပိုက်ကွန်မိရာမှ ပင်လယ်ထဲသို့ ပြန်လွှတ်လိုက်သော လူလိုစကားပြောတတ်သော နတ်ငါးကြီးသည် တံငါသည်၏ မယားက ခိုင်းစေသည့်အတိုင်း တံငါသည်ကြီးက တောင်းဆိုလေသော် သစ်ပင်အောက်တွင်နေရသောဘဝမှ တဲအိမ်နှင့် တင့်တင့်တယ်တယ် နေရသောဘဝသို့ တန်ခိုးဖြင့် ဖန်ဆင်းပေးလိုက်၏။

သို့ရာတွင် တံငါသည်၏ မယားသည် ထိုမျှလောက်နှင့်လည်း ရောင့်ရဲခြင်းမရှိသဖြင့် တဆင့်တဆင့် တိုး၍တိုး၍ အခွင့်အရေးတောင်းဆိုစေပြန်ရာ နတ်ငါးကြီးသည် တန်ခိုးရှင်ဖြစ်သည့် အလျောက် တဲအိမ်နှင့် တင့်တင့်တယ်တယ် နေရသောဘဝမှ ကျောက်တိုက်ကြီးနှင့် ခမ်းခမ်းနားနား နေရသောဘဝသို့၎င်း ကျောက်တိုက်ကြီးနှင့် ခမ်းခမ်းနားနား နေရသောဘဝမှ နန်းတော်ကြီး၌ သူတို့ကိုယ်တိုင် ဘုရင်မိဖုရား ဖြစ်ရသောဘဝသို့၎င်း မိမိ၏ တန်ခိုးဖြင့် တံငါသည်လင်မယားကို ဆင့်ကဲဆင့်ကဲပို့ဆောင်ပေးခဲ့ရပြန်သည်။

## သစ်ပင်အောက်သို့ ပြန်မို့လိုက်ခြင်း

သို့သော် တံငါသည်၏မယားသည် သူကိုယ်တိုင် မိဖုရားကြီးဖြစ်နေရသော်လည်း အခွင့်အရေးတောင်းရာ၌ အလိုပြည့်ခြင်း မရှိရကား မိုးစွေနေချိန်တွင် ဥယျာဉ်ထဲအပျော်အပါးမထွက်ရသည်ကို ရိုးမယ်ဖွဲ့ပြီးလျှင် ကောင်းကင်က နေမင်းကြီးကို "ပူဆိုပူ၊ အေးဆိုအေး" ကြိုက်သလိုအမိန့်ပေးနိုင်ရန် နေဘုရင်မကြီးအဖြစ် အဘိသိက်မြှောက်ပေးပါဟု နတ်ငါးကြီးထံတောင်းဆိုစေပြန်သတည်း။

နတ်ငါးကြီးသည် အခွင့်အရေးတောင်းလွန်းသော လောဘရမ္မက်အားကြီးလွန်းသော တံငါသည်၏မယားအပေါ်၌ စိတ်မရှည်နိုင်တော့သဖြင့် နောက်ဆုံး ဖန်ဆင်းပေးသော ဘုရင် မိဖုရား၏ အဆောင်အယောင်တွေကို ရုပ်သိမ်းလျက် ပန်းတွေဝေနေသော လယ်ကွင်းကြီးထဲ၌ နေရောင်ခြည်ယှက်သန်းနေသော မူလနေရာ သစ်ပင်အောက်သို့ ပြန်ပို့လိုက်ပုံကို သရုပ်ဖော်ထားပါသည်။ ဤသို့လျှင် တံငါသည်လင်မယားတို့ကား ရှင်ဘုရင် မိဖုရားဘဝမှစုန်ဆင်းလျက် ဒုံရင်းသို့ ပြန်ရောက်ကြရသတည်း။

## အကောင်းဘက်သို့ ဦးတည်ခြင်း

ဤပုံဝတ္ထုထဲ၌ လူလိုစကားပြောတတ်သော ပင်လယ်နတ်ငါးကြီးက တံငါသည်လင်မယားအား တောင်းဆိုသမျှ အရာဝတ္ထုတွေကို ဖန်ဆင်းပေးသည်ဆိုသော အကြောင်းအရာများမှာ တကယ်ဖြစ်နိုင်သော အရာမဟုတ်ပေ။ ဝတ္ထုရေးဆရာ၏ရည်

မှန်းဥူးတည်ချက်ကို သရုပ်ဖော်သည့်အနေဖြင့် ရေးသားထားသောစိတ်ကူးယဉ် စာပေမျိုးပင်ဖြစ်၏။ သို့သော်လည်း လူသားဖြစ်သူတို့မှာ တဏှာလောဘ၏ လှုံ့ဆော်ချက်အရ လိုချင်တောင့်တမှုတို့ကို အရှိန်မသတ်နိုင်ပဲ "ရလေ-လိုလေ"ဖြစ်နေခဲ့ပါလျှင် နောက်ဆုံး၌ တံငါသည်ကြီး၏ မယားကဲ့သို့ ရအပ်ပြီးသော အခွင့်အရေးများ ဆုံးရှုံးနိုင်ပုံကို စာဖတ်သူများ သဘောပေါက်ရန် သင်ခန်းစာပေးသကဲ့သို့ ရအပ်ပြီးသော အခွင့်အရေးများဆုံးရှုံးနိုင်ပုံကို စာဖတ်သူများ သဘောပေါက်ရန် သင်ခန်းစာပေးသကဲ့သို့ ဖြစ်နေသည်ကို တွေ့ရပြန်သည်။

သို့ဖြစ်ရာ အချက်အလက်တို့က အမှန်မဟုတ်သည့် တိုင်အောင် ရည်မှန်းချက်မှာ အကောင်းဘက်သို့ ဥူးတည်လျက်ရှိသောကြောင့် ထိုကဲ့သို့သော စာပေတို့ကိုကား သေးနုတ်သိမ်ဖျင်း အဓိပ္ပါယ်ကင်းသော 'သမ္ဖပ္ပလာပ' စာရင်းထဲသို့ မသွင်းသင့်ပေ၊ ရေးသားရာ၌ဖြစ်စေ၊ ဖဟောပြောရာ၌ဖြစ်စေ သမ္ဖပ္ပလာပဖြစ်မဖြစ် စိစစ်ရာ၀ယ် ဤနည်းကိုမှီ၍ ခွဲထွင်သိလောက်ပေပြီ။

## ဒုစရိုက် ၄-တန် ဝစီကံ

ဤသို့လျှင် ဝစီဒုစရိုက်သည်-

၁။ လှည့်စားခြင်း-မုသာဝါဒ၊

၂။ ကုန်းတိုက်ခြင်း-ပိသုဏာဝါစာ၊

၃။ ကြမ်းတမ်းစွာ ပြောဆိုခြင်း-ဖရုသဝါစာ၊

၄။ သေးနုပ်သိမ်ဖျင်း အဓိပ္ပါယ်ကင်းသော စကားကိုပြောဆိုခြင်း—သမ္ဖပ္ပလာပဟု ၄-မျိုးရှိကြောင်း အကျယ်ရှင်းပြခဲ့ပြီ။

ယင်းဝစီကံ ဒုစရိုက် ၄-ပါးတို့သည် သူ့အတိုင်းအတာနှင့်သူ အပြစ်ရှိကြသော်လည်း လောကသူသားတို့သည်ကား အပြစ်ရှိသည်ဟု အရေးအတွက်မထားပဲ တဦးနှင့်တဦး အပြန်အလှန်ဝစီကံထိုက်သောစကားဖြင့် ပစ်ခတ်ထိုးဆွလျက် အပါယ်လေးပါးသို့ မျက်နှာမူလျက်ရှိကြ၏။ ဗုဒ္ဓမြတ်စွာသည်လူတို့၏သဘာဝကို သရုပ်ဖော်သည့်အနေဖြင့် ဤသို့ဟောကြားတော်မူ၏။

## ဗုဒ္ဓမြတ်စွာ၏ဟောပြောချက်

တုဒန္တိ ဝါစာယ အသညတာ ဇနာ။

သရေဟိ သင်္ဂါမဂတံဝ ကုဉ္စရံ။

တဖက်စစ်တပ်မှစစ်သူရဲတို့သည်စစ်မြေပြင်သို့ရောက်နေသော စစ်ဆင်ကြီးကို မြားတို့ဖြင့် ပစ်ခတ်ထိုးဆွကြကုန်သကဲ့သို့ နှုတ်မစောင့်စည်းသောလူတို့သည်လည်း လှည့်စားကုန်းချောအပြောရှုန့်ရင်းသိပ်ဖျင်းသောစကားဖြင့် သူတပါးတို့အား ပစ်ခတ်ထိုးဆွကြကုန်၏။ (ခုဒ္ဒကနိကာယ်ဥဒါနပါဠိတော် သုန္ဒရီသုတ် စာမျက်နှာ ၁၃၁-မှာရှု)

လိုရင်းဖော်ထုတ်၊အကျဉ်းချုပ်၊ဆောင်ပုဒ်ဘယ်သို့ဆိုသနည်း။

လိုရင်းဖော်ထုတ်၊ အကျဉ်းချုပ်၊ ဆောင်ပုဒ်ဤသို့ ဆိုပါသည်။

ဆောင်။ ။လူတဖက်သား—ပျက်ပြားရန်ရှာယ်၊
လှည့်စားကုန်းချော- အမြောမဖွယ်။
စကားယုတ်ကန်း—နှုတ်ကြမ်းပြန်တယ်။
ဓိပ္ပါယ်ကင်း-အဖျင်းနှုတ်မှာကြွယ်။

# မနောကံခွဲတမ်း

မနောကံသုံးပါး၊ဟူသည်ကား၊ ခွဲခြားဘယ်သို့နည်း၊
မနောကံသုံးပါး၊ ဟူသည်ကား၊ ခွဲခြား ဤသို့ဖြစ်ပါသည်။

## သရုပ်ပြအဓိပ္ပါယ်

၁။ သူတပါ ဥစ္စာကို ကိုယ့်ဥစ္စာဖြစ်စေရန် ကြံစည် စိတ်ကူးခြင်း အဘိဇ္ဈာ ၁-ပါး။

၂။ သူတပါး၏အကျိုး ပျက်စီးရေး ကြံတွေးစဉ်းစားခြင်း ဗျာပါဒ ၁-ပါး။

၃။ အယူမှားခြင်း မိစ္ဆာဒိဋ္ဌိ ၁-ပါး။ ဤသို့လျှင် မနောကံ ဒုစရိုက်သည် သုံးပါးဖြစ်ပါသည်။

## ထပ်ဆင့်ရှင်းပြခန်း

**အဘိဇ္ဈာ။** ။သူတပါး၏ဥစ္စာကို ကိုယ့်ဥစ္စာ ဖြစ်စေရန် ကြံစည်ခြင်းကို အဘိဇ္ဈာဟု ခေါ်ဆိုရာ ယင်း အဘိဇ္ဈာသည် တရားကိုယ်အားဖြင့် သူတပါးပိုင် ပစ္စည်းဥစ္စာ တစုံတရာကို မတရားယူလိုခြင်း လောဘစေတသိက်ပင် ဖြစ်၏။ ဆက်ဦးအံ့။ သူ့ဥစ္စာကို ကိုယ့်လက်တွင်း ရောက်လာအောင် ဘယ်နည်း ဘယ်ပုံယူရပါ့မလဲ၊ လိမ်ယူမှလား လုယူရမလား ခိုးယူရမလား၊ သို့မဟုတ်အာဏာဖြင့် ခြိမ်းခြောက် ယူရမလားဟု စဉ်းစားစိတ်ကူးနေသောအခါ၌ ယင်းလောဘ ကိလေသာသည် မီးခဲပြာဖုံးဖြစ်နေသော အနုသယ(မျိုးစေ့)ကိလေသာ အဆင့်မှ ပရိယုဋ္ဌာန (စိတ်ကူး) ကိလေသာအဆင့်သို့ ရောက်လာသည်။

မျိုးစေ့ကိလေသာမှ စိတ်ကူးကိလေသာ ဖြစ်လာသော ယင်း လောဘကိုပင်“အဘိမုခံ ဈာယတီတိ အဘိဇ္ဈာ”ဟူသော ဝစနတ္ထအရ သူတပါး၏ဥစ္စာကို မတရားရယူရန် ကြံစည်တတ်သောကြောင့် အဘိဇ္ဈာဟုခေါ်ရကြောင်း နားလည်ထားရမည်။ သို့ရာတွင် သူ့ဥစ္စာမျိုးရဖို့ရန် ကိုယ်လဲရှာကြံမည်ဟု ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် စိတ်ကူးခြင်းကိုကား အဘိဇ္ဈာဟု မခေါ်ဆိုရပေ။

## မီးပွါးမှ မီးတောက်ကြီးဖြစ်လာရပုံ

အကယ်၍ စိတ်ကူးအနေဖြင့် မနောထဲ၌သာ ရှိနေသော အဘိဇ္ဈာသည် ထိန်းချုပ်၍မရတော့သဖြင့် ကိုယ်ထဲနှုတ်ထဲသို့ ရောက်လာပြီဟု ဆိုကြပါစို့။ ထိုအခါ၌ နဂိုက ကြံစည်ထားသည့်အတိုင်း ခိုးယူခြင်း၊ လုယက်ခြင်း၊ လိမ်ယူခြင်း စသော ကာယဒုစရိုက် ဝစီဒုစရိုက်တို့သည်လည်း ဝီတိက္ကမ (လွန်ကျူး) ကိလေသာအနေဖြင့် ကိုယ်ထဲနှုတ်ထဲ၌ သောင်းကျန်းလာရမည်မှာ မလွဲပေ။ အမှန်မှာ မီးပွါးလေးသဖွယ်ဖြစ်သော အဘိဇ္ဈာမှ မီးတောက်ကြီး နှင့်တူသော ကာယဒုစရိုက် ဝစီဒုစရိုက်များ ဖြစ်ပေါ်လာရခြင်းပင်တည်း။

သို့ဖြစ်ရာ မီးပွါးလေးလို စိတ်ကူး ကိလေသာမှာလည်း ကိုယ်ထဲနှုတ်ထဲသို့ ကူးစက်ပြီး မီးတောက်ကြီးလို ဖြစ်လာရသောကြောင့် စိတ်ထဲ၌ စွဲငြိနေသော အဘိဇ္ဈာတရားကို သေးငယ်သော မနောဒုစရိုက်လေးပေတကားဟု အမှုမဲ့ အမှတ်မဲ့ထားခြင်းငှါ မသင့်လှ၊ အကယ်၍ ယင်းအဘိဇ္ဈာသည် ကိုယ်ထဲနှုတ်ထဲသို့ မရောက်စေကာမူ စိတ်၌ပူလောင်နေသောတရားဖြစ်၍ မနောကံဒုစရိုက်အနေဖြင့် အပြစ်ရှိသည်သာတည်း။

## အဆင့်အတန်းမြင့်လေလေ အလှမ်းကျယ်လေလေ

ဤအဘိဇ္ဈာအရာ၌ ကြံစည်သူက အဆင့်အတန်းမြင့်လေလေ ကြံစည်မှုအဘိဇ္ဈာကလည်း အလှမ်းကျယ်လေလေဖြစ်၏။ ဥပမာ– သာမန်လူတယောက်က အခြားသူ၏ သာမန်ဥစ္စာကိုသာလျှင် သူ့ဥစ္စာဖြစ်ဖို့ရန် ကြံစည်မည်ဖြစ်သော်လည်း ရှင်ဘုရင်တဦးကမူ သာမန်ဥစ္စာမျှဖြင့် တင်းတိမ်ရောင့်ရဲခြင်းမရှိပဲ အခြားရှင်ဘုရင်တဦး၏ တိုင်းပြည်ကိုသာ သူ့တိုင်းပြည်ဖြစ်ရန်ကြံစည်လိမ့်မည် ဖြစ်သကဲ့သို့တည်း။ ထို့ပြင် ခမည်းတော်၏ ထီးနန်းစည်းစိမ်ကိုအလိုရှိသဖြင့် သားဖြစ်သူက ခမည်းတော်ကို သူကိုယ်တိုင် ပုန်ကန်ရခြင်းတို့သည်လည်းယင်းအဘိဇ္ဈာ၏ အလှမ်းကျယ်မှုမှ ပေါက်ဖွားလာရသော နောက်ဆက်တွဲဒုစရိုက်တို့သာဖြစ်၏။

ရှေးခေတ် နယ်ချဲ့ဘိုးအေကြီးများဖြစ်ကြသော အယ်လီဇန္ဒာ၊ ဂင်းဂစ္စခန်၊ နပိုလီယံ တို့သည် စစ်တပ်ကြီးများဖွဲ့၍ သူတပါးပိုင် တိုင်းပြည်တို့ကို လက်နက်ဖြင့် တိုက်ခိုက်သိမ်းပိုက်ရာဝယ် သူတို့၏ သန္တာန်၌ ရှေးမဆွက ဖြစ်ခဲ့သောကြံစည်မှုအဘိဇ္ဈာသည် မည်မျှလောက်အလှမ်းကျယ်မည်နည်း စဉ်းစားပါလေ။ ယခုခေတ်၌ သူတပါး၏ သြဇာခံတိုင်းပြည်ကို မိမိ၏ သြဇာခံတိုင်းပြည်ဖြစ်စေရန် သို့မဟုတ် အခြားအုပ်စုဝင်တိုင်းပြည်ကို မိမိတို့၏အုပ်စုဝင် တိုင်းပြည်ဖြစ်စေရန်အစွမ်းကုန် အကြံထုတ်နေကြသော ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်အစိုးရကြီးတို့၏ အဘိဇ္ဈာသည်လည်း မခန့်မှန်းနိုင်အောင် အလှမ်းကျယ်လျက်ရှိသည်ကို အပြိုင်အဆိုင်လက်နက်တပ်ဆင်မှုတို့ကပင် သက်သေခံ

နေပြီမဟုတ်ပါလော။ ထို့ကြောင့် ယင်းအဘိဇ္ဈာကို အပါယ်လားကြောင်း မနောဒုစရိုက်ဟု မှတ်သားအပ်သတည်း။

## သူ့အကျိုးစီးပွါး ဖျက်ဆီးခြင်း

ဗျာပါဒ။ ။ ဝိ– ရှေး၊ အာ- ရှေးရှိသော ပဒ–ဓာတ်နောင် ဏ-ပစ္စည်းသက်၍ ရုပ်စီရင်ရာမှ ဗျာပါဒပုဒ်ဖြစ်လာရာ ပဒ–ဓာတ်က ရောက်ခြင်းအနက်ကို ဟောသော်လည်း ဤဓာတ်၏ရှေ့၌ရှိသော ဝိ- အာ- ဥပသာရပုဒ်တို့၏ အထူးပြုပေးချက်အရ ရောက်ခြင်းဟူသော မူလအနက်မှ ဖျက်ဆီးခြင်း(ပျက်စီးစေခြင်း) ဟူသောအနက်ထူး တမျိုးဖြစ်လာရ၏။ ထို့ကြောင့် ယင်းဗျာပါဒ–ပုဒ်ကို "ဟိတသုခံ ဗျာပါဒယတီတိ ဗျာပါဒေါ"- ဟု ဝစနတ္ထပြု၍ သူ့အကျိုးစီးပွားကို ဖျက်ဆီးခြင်း ဟု အနက်ဖော်ကြသည်။

သူ့အကျိုးစီးပွားကို ဖျက်ဆီးခြင်းဟူသည်လည်း တရားကိုယ်အားဖြင့် မိမိမုန်းတီးသူ၏ အကျိုးစီးပွားကို ပျက်စီးအောင်ကြံစည်ခြင်း ဒေါသစေတသိက် ဖြစ်၏။ ဒေါသစေတသိက်ကို-ပဓာနထား၍ ပြောလျှင် ဒေါသ၏ယှဉ်ရာစိတ်နှင့် အခြားယှဉ်ဖက်စေတသိက်တို့သည်လည်း အလိုအလျောက်ပါဝင်ပြီး ဖြစ်တော့သည်သာတည်း။ ဤဗျာပါဒသည် ဒေါသပြင်းသောတရားဖြစ်သည့်အလျောက် မုန်းတီးအပ်သူ၏ အကျိုးစီးပွါးကို ပျက်ပြားစေရန် ကြံစည်းခြင်းမှာ ထင်ရှားပြီ။

သို့ရာတွင် ယင်းကဲ့သို့ အကျိုးစီးပွါး ပျက်ပြားအောင် ကြံစည်ခြင်းကြောင့် အခြားသူ၏ အကျိုးစီးပွါး ပျက်စီးမှုမှာ

မသေချာသော်လည်း ကြံစည်သူမှာကား ဤဗျာပါဒ ဒုစရိုက် အတွက် ရှေးဦးစွာ အပြစ်ဖြစ်မှု သေချာလှ၏။ ဥပမာ-အခြား လူတယောက်ကို မိမိက မုန်းတီးသောကြောင့် မစင်နှင့် ကိုင် ပေါက်လိုက်ပြီဆိုကြပါစို့.... ထိုလူမှာ မစင်လူးချင်မှ လူးမည် ဖြစ်သော်လည်း ကိုင်ပေါက်သူမှာကား ရှေးဦးစွာ မစင်လူး ပေရမည် ဖြစ်သကဲ့သို့တည်း။

## လူညံ့တို့မှာ ဖြစ်သောတရား

မျက်မြင်အနေဖြင့် ပြောရလျှင် ပင်စိမ်းရိုင်း၊ ကြက်မောက် ရိုင်း၊ လင်းတ ပါးပျဉ်း စသော မျိုးညံ့ ပင်တို့သည် မိုးကောင်း သည်ဖြစ်စေ၊ မိုးခေါင်သည်ဖြစ်စေ၊ မြေညံ့ ပေါ်၌သာ ပေါက် ရောက်မြဲ ဖြစ်သကဲ့သို့ ဤလူအကျိုးဖျက် ဗျာပါဒတရားသည် လည်း များသောအားဖြင့်— စိတ်ထားယုတ်ညံ့ သူတို့မှာသာ ဖြစ်တတ်သည်ကို တွေ့ရ၏။ မှန်၏၊ လူမွန်လူမြတ်တို့သည် သူတ ပါး၏ အကျိုးကို လိုလားတောင့်တလျက် လူ့အဖွဲ့အစည်း၏ ချမ်းမြေ့သာယာရေးအတွက် တတ်နိုင်သည့်ဖက်မှ ကူညီရိုင်း ပင်း လူလူချင်း မေတ္တာထားနိုင်ကြသော်လည်း လူရှော်- လူ ညံ့တို့သည်ကား လူလူချင်း မေတ္တာမထားနိုင်ပဲ သူတပါး၏ အကျိုးစီးပွါးကို ဖျက်ဆီးဖို့ရန် ဝန်မလေးကြပေ၊ အခြားသူ၏ အကျိုးကို မသည်ပိုးလျှင် ရှိစေဦးတော့ နဂိုရှိပြီး အကျိုးကို ဖျက်ဆီးခြင်းသည်ကား ယုတ်ညံ့သူတို့၏ လုပ်ရပ်သာတည်း။

## နှစ်မွန်းစေနိုင်သော ဗျာပါဒ

မောင်မဲသည် မောင်ဖြူကို မုန်းတီးခြင်းကြောင့် မောင်ဖြူ၏လုပ်ခင်းမှ သီးနှံပင်တို့ကို ဓားနှင့် မွှေ့ယမ်းခြင်း၊ မနီသည် မညိုကောင်းစားသည်ကို မနာလိုသဖြင့် မညို၏အလုပ်ကိစ္စကို အနှောင့်အယှက်ပေးခြင်း စသောအဖျက်လုပ်ငန်းတို့သည်လည်း သူ့အကျိုးကို မလိုလားခြင်း ဗျာပါဒဒုစရိုက်မှ အံထွက်လာသော ဝသီဆိုး ညဥ့်ဆိုးတို့သာ ဖြစ်သည်ဟု လူတိုင်းနားလည်နိုင်သည်။

မိမိက သူတပါးကို ဆင်းရဲအောင် ပြုလုပ်လျှင် ကာလအတန်ကြာသောအခါ ထိုဆင်းရဲတို့သည် မိမိအပေါ်သို့ပြောင်းရွှေ့လာသည့်ပမာ မိမိမှာလည်း ထို့ထက်ကြီးမားသော ဆင်းရဲတို့ကို တွေ့ကြုံရမြဲဖြစ်၏။ "သူ့ကိုတရံ၊ ယင်ရှိကြံသော်၊ကိုယ့်ထံမျက်မှောက်၊ ဆင်ရှိရောက်လိမ့်" ဟူသော သုဝဏ္ဏသာမ ပျို့အတိုင်း သူတပါးကို ယင်ကောင်ပမာဏ အနည်းငယ်မျှ မကောင်းကြံလျှင် ဆင်ကောင်ကြီး ပမာဏရှိသော မကောင်းကျိုးများလည်း တုန့်ပြန်လာတတ်သောကြောင့် ဤဗျာပါဒတရားသည်လည်း ဘဝသံသရာ၌ နှစ်မွန်းစေနိုင်သော ဒုစရိုက်တရားပင်ဖြစ်သည်ဟု နားလည်မှု ရှိကြပါစေ။

## မှားယွင်းသောအမြင်

**မိစ္ဆာဒိဋ္ဌိ။** ။"မိစ္ဆာ ပဿတီတိ မိစ္ဆာဒိဋ္ဌိ" ဟူသောဝစနတ္ထအရ မှားယွင်းဖောက်ပြန်သောအားဖြင့် မြင်တတ်သောကြောင့် မှားယွင်းသောအယူဝါဒကိုပင် မိစ္ဆာဒိဋ္ဌိဟု ခေါ်ဆိုရ၏။ ထိုမှားယွင်းသောအယူဝါဒ ဟူသည်မှာလည်း အမှန်တရား

၏ ဆန့်ကျင်ဘက်အနေဖြင့် မြင်ဘတ်သော အမြင်မှားခြင်း ဒိဋ္ဌိ စေတသိက်ပင်ဖြစ်၏။ အမြင်မှားသောသူသည် မိမိ၏အမှားကို အမှန်ဟု သဘောကျလျက်ရှိရကား ယင်းဒိဋ္ဌိ စေတသိက်သည် လည်း လောဘနှင့် ယှဉ်တွဲဖြစ်ရုံသာမက လောဘကိုအကြောင်း ခံ၍လည်း ဖြစ်ပေါ်လာရသည်သာတည်း။

## အတ္တ ဒိဋ္ဌိ

သတ္တဝါတို့၏ ခန္ဓာအိမ်ထဲ၌ ခန္ဓာအိမ်ရှင် အဖြစ်ဖြင့် အကောင်းအဆိုး အမျိုးမျိုးသော ကိစ္စတို့ကို စီမံ ခန့်ခွဲတတ် သော အတ္တခေါ်ဝိညာဉ်ကောင်လေးတွေ ကိုယ်စီ ကိုယ်စီ ရှိနေ ကြသည်။ ထိုဝိညာဉ်ကောင် အတ္တတို့သည်ကား ခန္ဓာအိမ်ပျက် စီးသော်လည်း ပျက်စီးရာပါမသွားပဲ အခြားခန္ဓာအိမ် အသစ် တခုသို့ ဆက်လက် ကူးပြောင်းသွားသည်ဟု အများအားဖြင့် ထင်မှတ်နေကြ၏။ သို့သော်လည်း လူတိုင်းက အထင်ကြီးနေ သော ထိုအတ္တသည် ခန္ဓာငါးတန် ရုပ်နာမ်တို့ကဲ့သို့ ပရမတ္ထ အနေဖြင့် တကယ်ရှိနေသော အရာဝတ္ထု မဟုတ်ပေ။ အတွေး အခေါ်သမားတို့က တည်ထွင်ကြံဆ ထားသော စိတ်ကူးယဉ် အမြင်မှားသာ ဖြစ်၏။

ထို လုံးဝမရှိသောအတ္တကို အရှိသဘောဖြင့် သိမ်းပိုက်စွဲ လမ်းခြင်းကိုပင် အတ္တဒိဋ္ဌိဟု ဆိုရပြန်သည်၊ ထို့ကြောင့် ယင် အတ္တဒိဋ္ဌိသည် သတ္တဝါတို့၏ သန္တာန်၌ အနုသယ (မျိုးစေ့) ကိလေသာအဖြစ်မှ ပရိယုဋ္ဌာန (စိတ်ကူး) ကိလေသာ အဖြစ်သို့ ရောက်၍ အမြစ်တွယ်ခိုင်မြဲလျက် ရှိပြန်သည်။

## သဿတ ဒိဋ္ဌိ

ဤနည်းအားဖြင့်ပင် သစ်ပင် တပင်မှ သစ်ပင်တပင်သို့ ကူး ပြောင်းခိုနားလေ့ရှိသောငှက်ကလေးပမာ ခန္ဓာအိမ်တခုမှခန္ဓာ အိမ်တခုသို့ ကူးပြောင်းနေသောခန္ဓာအိမ်အစဉ်အတန်းကြီးသည် လည်း အစလည်းမရှိ၊အဆုံးလည်း မရှိပေ။ ထိုအတ္တကောင်၏မှီရာ ခန္ဓာအိမ် အစဉ်အတန်းကြီးကိုပင် ဘဝသံသရာဟု ခေါ်ဆိုရပြန် သည်။ သို့ရာတွင် အတ္တ၏ မှီရာခန္ဓာအိမ်တို့က တဘဝပြီးတဘဝ ပျက်စီး၍ မည်မျှလောက်ပင် မြားမြောင်သည့် တိုင်အောင် ခန္ဓာအိမ်ပိုင်ရှင် အတ္တမှာမူ ဟိုဘဝတုန်းကလည်း ဤအတ္တ၊ မျက်မှောက်ဘဝ၌လည်း ဤအတ္တပင်ဖြစ်၍ တမျိုးတည်းအနေ ဖြင့် ခိုင်မြဲလျက်ရှိသည်ဟု စွဲလန်းကြပြန်သည်။ ဥပမာ—ကြိုးဖြင့် သီကုံးထားသော စိတ်ပုတီးကို လက်ဖြင့် ကိုင်စိတ်ရာဝယ် တလုံးပြီးတလုံး ရွေ့ရှားနေသော ပုတီးလုံးတွေက မည်မျှ လောက်ပင် မြားမြောင်သည်ဖြစ်စေ ပုတီးကုံးဖြစ်အောင် လျှို သွင်းထားသော ကြိုးမှာမူ တကြိုးထဲ ဖြစ်သကဲ့သို့တည်း။

ထိုနည်းတူစွာ ပြောင်းလဲ ပျက်စီးသွားသော ခန္ဓာအိမ်ပျက် တွေက မည်မျှလောက်ပင် မြားမြောင်သည်ဖြစ်စေ ခန္ဓာအိမ် ရှင်အတ္တမှာမူ တမျိုးထည်း တဆက်ထည်းဖြစ်၍ ပြောင်းလဲ ပျက်စီးခြင်းမရှိပဲ ခိုင်မြဲနေသည်ဟု ထင်မှတ် စွဲလန်းခြင်းကိုပင် သဿတဒိဋ္ဌိဟု ခေါ်ဆိုရပြန်သည်။ ဗုဒ္ဓမြတ်စွာသည် ဘဝသံသ ရာရှိသည်ဟု လက်ခံထားသည့်တိုင်အောင် သဿဒိဋ္ဌိနှင့် တွဲစပ် ထားသော ဘဝသံသရာကိုမူကား ရဲရဲတောက် တော်လှန်တော် မူသည်သာတည်း။

## ဒိဋ္ဌိ အမျိုးမျိုး ပေါက်ဖွားလာရခြင်း

ယေဘုယျအားဖြင့် ပြောရလျှင် ဘဝသံသရာ နောက်သို့ အတ္တခေါ် ဝိညာဉ်ကောင်ကလေးက အမြဲတန်းလိုက်ပါနေသည် ဟူသော စွဲလန်းမှုသည် ဘာသာဝင်တိုင်း လူမျိုးတိုင်းမှာပင် မသိမသာဖြစ်စေ, သိသာစွာပင်ဖြစ်စေ ရုတ်တရက် ဖြည်မရ အောင် နှောင်ဖွဲ့ထားသော ဒိဋ္ဌိတမျိုးဖြစ်နေရပြန်၏။ အကယ် ၍ သောတာပန်အဆင့်သို့ မရောက်သေးသည်ဖြစ်အံ့၊ ယင်း အတ္တ စွဲ၊ သဿတ-စွဲတို့မှပင် အခြားအခြားသော အမြင်မှားမှု ဒိဋ္ဌိ အမျိုးမျိုးတို့သည်လည်း ပေါက်ပွားလာရမည်သာ ဖြစ်၏။ ဤ နည်းအားဖြင့်ပင် အမြင်မှားခြင်း ဒိဋ္ဌိ (အယူဝါဒ) တို့သည် အမျိုးအစားပေါင်း ၆၂-မျိုး အထိ ကျယ်ပွားခဲ့ရသတည်း။ (ဒိဋ္ဌိ ၆၂-မျိုးမှာ သုတ်သီလက္ခန် ဗြဟ္မဇာလသုတ်၌ အကျယ် လာ၏။)

## ဒိဋ္ဌိကြီး ၃—မျိုး

ဒိဋ္ဌိအမျိုးအစား ၆၂-ပါးမှမည်သည့် ဒိဋ္ဌိပင်ဖြစ်စေ "မိစ္ဆာ ပဿတိတိ မိစ္ဆာဒိဋ္ဌိ" ဟူသော ဝစနတ္ထအရ အမှန်တရားမှ ကင်း ကွာသော အမြင်မှားမှုတို့သာ ဖြစ်၏။ သို့ရာတွင် ဤမနောကံ ဒုစရိုက်အရာ၌ကား ဖော်ပြလတ္တံ့သော နိယတ မိစ္ဆာဒိဋ္ဌိကြီး ၃-မျိုးကိုသာလျှင် အမြင်မှောက်မှားခြင်း မိစ္ဆာဒိဋ္ဌိအဖြစ်ဖြင့် လိုအပ်၏။ အဘယ့်ကြောင့်ဆိုသော် ယင်းဒိဋ္ဌိကြီး ၃-မျိုးကို သေသည်အထိ ခိုင်ခိုင်မြဲမြဲ ချွတ်လွှဲ၍မရအောင် စွဲယူမိပါက သေသည်၏ အခြားမဲ့၌ အဝီစိငရဲသို့ ကျရောက်သောကြောင့် ဖြစ်၏။

ယင်းဒိဋ္ဌိကြီး ၃-မျိုးတို့ကား အဘယ်နည်း။

၁။ နတ္ထိကဒိဋ္ဌိ။ ။(ကောင်းကျိုး-ဆိုးကျိုး မရှိဟု ဟန့်တားသော အယူ ဖြစ်၏။)

၂။ အကိရိယ ဒိဋ္ဌိ။ ။ (ပြုလုပ်မှုကောင်းကံ–ဆိုးကံမရှိဟု ဟန့်တားသော အယူဖြစ်၏။)

၃။ အဟေတုက ဒိဋ္ဌိ။ ။ (အကြောင်း+အကျိုး ဆက်သွယ်မှုမရှိဟု ထင်မှတ်သော အယူဖြစ်၏။)

## ၁–နတ္ထိက ဒိဋ္ဌိ

ဆက်ဦးအံ့၊ သတ္တဝါတို့မှာ ဤဘဝမှသေလျှင် နောက်ထပ်ဖြစ်ဖို့ရာ ပရလောက (လူ့ဘဝ-နတ်ဘဝ-ငရဲဘဝ) မရှိသောကြောင့် မသေမီ ဤဘဝက ကြိုတင်ပြုလုပ်အပ်သော ကောင်းမှုတို့အတွက် ကောင်းကျိုး ခံစားရမည်မဟုတ်၊ မကောင်းမှုပြုလုပ်မိလျှင်လည်း ထိုမကောင်းမှုအတွက် မကောင်းကျိုး ခံစားရမည် မဟုတ်ဟု နောင်ဖြစ်ရမည့် ကောင်းကျိုး ဆိုးကျိုးတွေကို ဟန့်တားသော အယူသည်ပင် နတ္ထိက ဒိဋ္ဌိ ဖြစ်၏။ ကောင်းကျိုး ဆိုးကျိုး မရှိဟု ဆိုသဖြင့် ဤဘဝ၌ ပြုအပ်သော ကောင်းမှု ဆိုးမှုများလည်း မရှိဟု ဆိုပြီးဖြစ်တော့သည်သာတည်း။

ဗုဒ္ဓမြတ်စွာရှိစဉ်က တိတ္ထိဆရာကြီး ၆-ဦး ရှိသည့်အနက် အဇိတခေါ်သော တိတ္ထိဆရာကြီးသည် ဤနတ္ထိက ဒိဋ္ဌိ အယူဝါဒကို သူ၏ နောက်လိုက်ဖြစ်သော ဘာသာဝင် လူထုအား ဟောပြော ဖြန့်ချီကြောင်း ပိဋကတ်ကျမ်းစာများအရ သိနိုင်

၏။ သို့သော် ဗုဒ္ဓမြတ်စွာ မပွင့်ပေါ်မီ အတော် ရှေးကျသော ခေတ်ကပင် ဤနတ္ထိက ဒိဋ္ဌိ ပေါ်ပေါက်ခဲ့ကြောင်း ဘာသာရေး သုတေသီတို့၏ အဆိုအမိန့်အရ သိရပြန်သည်။

## ဆာဝကာ—၏ နတ္ထိက ဒိဋ္ဌိ

ယင်းနတ္ထိကဒိဋ္ဌိ၏ နောက်ခံသမိုင်းမှာ ဤသို့လတ်တံ့ အတိုင်း ဖြစ်၏— ဗုဒ္ဓမြတ်စွာ မပွင့်ပေါ်မီ အတော်ရှေးကြသောခေတ်၌ ယဇ် ပုရောဟိတ် ဗြာဟ္မဏ ဆရာကြီးတို့၏ ညွှန်ကြားချက်အရ ကောင်းကင်ဘုံက နတ်ဘုရားတို့အား ကျွဲ-နွား တိရစ္ဆာန်တို့၏ အသား အသွေးဖြင့် ယဇ်ပူဇော်ရသော ဓလေ့ ထုံးစံများ ထွန်းကားခဲ့၏။ ထိုဓလေ့ ထုံးစံအရ ဘုရင်ဖြစ်သူတို့ကလည်း ယဇ်ပူဇော်ပွဲကြီးများ ပြုလုပ်ခဲ့ရာ ထိုယဇ်ပူဇော်ပွဲကြီးအတွက် ရှင်ဘုရင်ဖြစ်သူတို့သည် လိုအပ်သော ကျွဲ-နွား တိရစ္ဆာန်တို့ကို လူထုထံမှ အာဏာဖြင့် မတရား သိမ်းယူရပြန်၏။

ကာလ ကြာမြင့်သောအခါ ယဇ်ပူဇော်မှု၏ ဓလေ့ ထုံးစံ ကြောင့် လူထုစီးပွါးရေး ထိခိုက်လာရုံမျှမက ပြည်သူလူထု သည်လည်း ဘာသာရေးကို ဆန့်ကျင်ဖို့ရန် စိတ်စောလျက် ရှိ ကြသည်။

ထိုအချိန်တွင် အခြေအနေ၏ တောင်းဆိုချက်အရ စာရိဗာ က (ဆာဝက) ဆိုသူက ခေါင်းဆောင်ပြီးလျှင် နတ္ထိ ဒိန္နံ (လှူဒါန်းအပ်သော ဒါန၌ အကျိုးမရှိ)။ နတ္ထိ ယိဋ္ဌံ (ယဇ်ပူ ဇော်ရကျိုး မရှိ)။ နတ္ထိ ဟုတံ(ယဇ်ငယ်ပူဇော်ရသော အကျိုး

မရှိ)။ သုကတ ဒုက္ကဋ္ဌာနံ ကမ္မာနံ ဖလံ ဝိပါကော၊ (ကုသိုလ်-အကုသိုလ်တို့၏ အကျိုးရင်းလည်းမရှိ၊ အကျိုးဆက်လည်းမရှိ)။ ဤသို့ စသောကြွေးကြော်သံများကို လက်ကိုင်ပြုကာ ထိုခေတ်ရှိ ဘာသာရေးတို့ကို တော်လှန်ခဲ့၏။ ဤနည်းဖြင့်ပင် ဤနတ္ထိကဒိဋ္ဌိသည် ထိုခေတ်ရှိ ဘာသာရေးတော်လှန်ရာမှ ပေါ်ထွက်ခဲ့ရသတည်း။

## သတိပြုဖွယ်

ယခုခေတ်၌လည်း ဘာသာရေးအရ ဘုရားပွဲကြီးတွေ ကျောင်းပွဲကြီးတွေ အလှူပွဲကြီးတွေ ပြုလုပ်ကြရာ၌ ငွေကုန်သလောက် ကုသိုလ်မရသော ဘာသာရေးသရုပ်ပျက် စည်းကမ်းမဲ့ အလှူဒါနမျိုး မဖြစ်ဖို့ရန် လှူဒါန်းသူတိုင်းမှာပင် တာဝန်မကင်းပဲ ရှိပြန်သည်၊ ပေးကမ်းစွန့်ကြဲခြင်းသည် မွန်မြတ်သောလိုပ်ရပ်ဖြစ်သည်မှာမှန်၏၊ သို့ရာတွင် ပေးကမ်းစွန့်ကြဲသူတို့ဘက်မှ အသိဉာဏ် မပါခဲ့လျှင်ကား လိုအပ်သော အကျိုးကို မရသည့်အပြင် မလိုအပ်သော အပြစ်နှင့်ပင် ကြုံတွေ့ရတတ်သေး၏။ ထို့ကြောင့် ဤကဲ့သိမဖြစ်စေရန်အလို့ငှါ—

၁။ ကုသိုလ်အရခြုံ၊ ငွေတွေကုန်၊ ပျော်ရုံသက်သက်ပင်။

၂။ ကုသိုလ်လွန်ကဲ၊ ငွေကုန်နဲ၊ ဉာဏ်လဲယှဉ်စေချင်။

၃။ ထိုကုသိုလ်ရေး၊ အကျိုးပေး၊နောင်ရေးကောင်းဖို့မြင်၊ ဟု ဆောင်ပုဒ်များဖြင့် မဂ်လာအမြုတေကျမ်းစာ၌ စာရေးသူကိုယ်တိုင် သတိပေးခဲ့ပါပြီ။

## အကိရိယ ဒိဋ္ဌိ

ကုသိုလ်ရလိမ့်မည် အထင်ဖြင့် ကုသိုလ်ပြုနေလျှင်လည်း မိမိတို့ ထင်မှတ်သည့် အတိုင်း ကုသိုဟ်ပြုရာ မရောက်၊ အချည်းနှီးပင် ဖြစ်၏။ အကုသိုလ်ပြုလျှင် ငရဲကြီးမည်ဟု ထင်မှတ်နေကြသော်လည်း မိမိတို့ ထင်မှတ်သည့်အတိုင်း ငရဲကြီးစရာ အကုသိုလ် မရှိဟု အကြောင်းဖြစ်သော ကောင်းမှု မကောင်းမှုကို တားမြစ်သော အယူသည်ပင် အကိရိယ ဒိဋ္ဌိ ဖြစ်၏။ အကြောင်းဖြစ်သော ကောင်းမှု+မကောင်းမှုကို ဟန့်တားသဖြင့် နောင်ဖြစ်ရမည့် ကောင်းကျိုး+ဆိုးကျိုးကိုပါ ဟန့်တားပြီး ဖြစ်တော့သည်သာတည်း။

## အဟေတုက ဒိဋ္ဌိ

သတ္တဝါတို့ ချမ်းသာနေရာ၌ ရှေးကပြုအပ်သော အကြောင်းကုသိုလ်နှင့် ဆက်သွယ်ခြင်းမရှိ၊ သူ့အလိုအလျောက် ချမ်းသာခြင်းသာ ဖြစ်၏။ သတ္တဝါတို့ ဆင်းရဲနေရာ၌လည်း ရှေးကပြုခဲ့သောအကြောင်း အကုသိုလ်နှင့် ဆက်သွယ်ခြင်းမရှိ၊ သူ့အလို အလျောက် ဆင်းရဲနေခြင်းသာ ဖြစ်၏။ ဖြူစင်ဖို့ရန်လည်း အကြောင်းမရှိ၊ ညစ်နွမ်းဖို့ရန်လည်း အကြောင်းမရှိ၊ သူကောင်းချိန်တန်တော့ သူ့အလိုအလျောက် ကောင်းလာလိမ့်မည် ဟု အကြောင်း အကျိုး ၂-မျိုး-လုံးကို တားမြစ်သော အယူသည်ပင် အဟေတုက ဒိဋ္ဌိ ဖြစ်၏။

ဤ ဒိဋ္ဌိ ကြီးသုံးမျိုးလုံးသည်ပင် ကုသိုလ်နှင့် အကုသိုလ်ကို သူ့နည်းနှင့်သူ ဟန့်တားရာ ရောက်၏။ ကုသိုလ်ကို ဟန့်တားသ

ဖြင့် သတ္တဝါတို့၏ တက်လမ်းကို ဆို့ပိတ်ရာရောက်၍ အကုသိုလ်ကို အကုသိုလ်အဖြစ် လက်မခံခြင်းကြောင့် သတ္တဝါတို့အား အဆင်းမှာ တွန်းချလိုက်သကဲ့သို့ဖြစ်၏။ ယင်းဒိဋ္ဌိကြီး သုံးပါးကို ခိုင်ခိုင် မြဲမြဲ မည်သူကမှ ချွတ်လွှဲ၍ မရအောင် သေသည် အထိ စွဲယူမိပါက ထိုသူအဖို့ ဘဝသံသရာမှာ ကျွတ်လွတ်ခွင့်ပင် မရှိသောကြောင့် ဤဒိဋ္ဌိကြီး သုံးပါးကိုပင် ဤမနောကံ ဒုစရိုက်အရာ၌ အယူမှောက်မှားခြင်း မိစ္ဆာဒိဋ္ဌိ ဟု မှတ်သားအပ်သည်သာတည်း။

## နိဂုံးချုပ်

ဤသို့လျှင် **မနောကံဒုစရိုက်သည်**–

၁။ ။သူ့ဥစ္စာကို ကိုယ့်ဥစ္စာဖြစ်ဖို့ရန် ကြံစည်ခြင်း– အဘိဇ္ဈာ။

၂။ ။သူတပါး၏ အကျိုးပျက်ပြားရေး ကြံတွေးစိတ်ကူးခြင်း–ဗျာပါဒ။

၃။ ။အယူမှောက်မှားခြင်း –မိစ္ဆာဒိဋ္ဌိဟု သုံးမျိုးပြားရလေသည်။

မေး။ ။လိုရင်းဖော်ထုတ်၊ အကျဉ်းချုပ်၊ဆောင်ပုဒ် ဘယ်သို့ ဆိုသနည်း။

ဖြေ။ ။လိုရင်းဖော်ထုတ်၊ အကျဉ်းချုပ်၊ ဆောင်ပုဒ်ဤသို့ ဆိုပါသည်။

ဆောင်။ ။ကိုယ့်ဟာဖြစ်မှု–ရှေ့ရှုကြံစည်၊
သူ့ကျိုးပျက်ရေး–အတွေးမကြည်။
အယူမှောက်မှား–ဖောက်ပြားပြန်သည်။
မနောပြစ်–ဇောဖြစ်စိတ်စယ်တည်။

# ဒုစရိုက်အကျယ် (၄၀) ဖြစ်လာပုံ

မေး။ ။ဒုစရိုက်ဝယ်၊ မှတ်သားဖွယ်၊ အကျယ်ဘယ်မျှနည်း။

ဖြေ။ ။ဒုစရိုက်ဝယ်၊ မှတ်သားဖွယ်၊ လေးဆယ်ဖြစ်ပါသည်။

မေး။ ။ဒုစရိုက်လေးဆယ်၊ ဖြစ်ရာဝယ်၊ မှတ်ဖွယ် ဘယ်သို့နည်း။

ဖြေ။ ။ဒုစရိုက်လေးဆယ်၊ ဖြစ်ရာဝယ်၊ မှတ်ဖွယ် ဤသို့တည်း။

သရုပ်ပြအစီပွာယ်

ဒုစရိုက် ၁၀-ပါးရှိရာ တပါးပါး၌—

၁။ ကိုယ်တိုင်လွန်ကျူးခြင်း-သာဟတ္ထိက ဒုစရိုက်တပါး။

၂။ ။သူတပါးကို စေခိုင်းတိုက်တွန်းခြင်း — အာဏတ္တိက ဒုစရိုက်တပါး။

၃။ ။သူတပါး ဒုစရိုက်ကျူးလွန်ချင်အောင် ချီးမွမ်းပြောဆိုခြင်း-ဝဏ္ဏဘာသန ဒုစရိုက်တပါး။

၄။ ။သူတပါး ဒုစရိုက်ကျူးလွန်သည်ကို စိတ်တူကျေနပ်ခြင်း-သမနုညာ ဒုစရိုက်တပါး။ ဤဆိုအပ်သော ဒုစရိုက် ၄-မျိုးဖြင့် မြှောက်ပွားခဲ့လျှင် ဒုစရိုက်အကျယ် (၄၀) ဖြစ်ပါသည်။

## ထပ်ဆင့်ရှင်းပြခန်း

ဆက်ဦးအံ့၊ ဒုစရိုက် ၁၀-ပါးရှိရာ တပါးတပါး၌ ကိုယ်တိုင်ကျူးလွန်လျှင် သာဟတ္ထိကဒုစရိုက်ဖြစ်သကဲ့သို့ သူတပါးအား စေခိုင်းတိုက်တွန်းရာ မိမိ၏စေခိုင်းတိုက်တွန်းချက်အရ သူတပါးက ကျူးလွန်ပြန်လျှင်လည်း စေခိုင်းတိုက်တွန်းသူမှာ အာဏတ္တိက ဒုစရိုက်အနေဖြင့် အပြစ်ရှိရပြန်သည်။ သူတပါးအားကျဖို့ရန် မိမိကချီးမွမ်းပြောဆိုရာ၌ သူတပါးကအားကျ၍ ဒုစရိုက်ကျူးလွန်ပြန်လျှင်လည်း ချီးမွမ်းပြောဆိုသူမှာ ဉာဏ္ဏဝဏ္ဏဘာသန ဒုစရိုက်အနေဖြင့် အပြစ်ရှိသည်ပင်၊ သူတပါး ဒုစရိုက်ကျူးလွန်သည်ကို မိမိက စိတ်တူကျေနပ်ပြန်လျှင်လည်း စိတ်တူကျေနပ်သူမှာ ဉာဏ္ဏသမနုညာဒုစရိုက်အတွက် အလားတူ အပြစ်ရှိသည်သာတည်း။

ဥပမာ—လူတယောက်ကို မိမိကိုယ်တိုင်သတ်ဖြတ်ခဲ့လျှင် သတ်ဖြတ်သူမှာ ကိုယ်တိုင်ကျူးလွန်မှုအတွက် သာဟတ္ထိကဒုစရိုက်အနေဖြင့် ပါဏာတိပါတကံထိုက်၍ အပြစ်ရှိရသကဲ့သို့ သူတပါးကို စေခိုင်းတိုက်တွန်းရာ၌ မိမိ၏စေခိုင်းချက်အရ ထိုသူကသတ်ခဲ့လျှင် စေခိုင်းတိုက်တွန်းသူမှာလည်း အာဏတ္တိက ဒုစရိုက်အနေဖြင့် အပြစ်ရှိရပြန်သည်။ တိုက်ရိုက်စေခိုင်းခြင်းမပြုပဲ သတ်သည့်အတွက် ရနိုင်သောအကျိုးကျေးဇူးတို့ကို သွယ်ဝိုက်၍ ချီးမွမ်းပြောဆိုချက်အရ တပါးသူက သတ်ခဲ့ပြန်လျှင်လည်း ချီးမွမ်းပြောဆိုသူ၌ ဝဏ္ဏဘာသန ဒုစရိုက်အနေဖြင့် အပြစ်ရှိရသကဲ့သို့တည်း။

မည်သူဟာ အရက်ချက်ရောင်းသဖြင့် စီးပွားရေးချောင်ချိ၍ ရွှေတွဲလဲ ငွေတွဲလဲ ဖြစ်နေပြီ၊ မည်သူကဖြင့် ဆေးဝါးအတုတွေ တည်ထွင် ရောင်းချသောကြောင့် တိုက်ကြီးလဲ တည်နိုင်ပြီ။ ကိုယ်ပိုင်ကားလဲ စီးနေရပြီ စသည်ဖြင့် သူတပါးအားကျရန် လှုံ့ဆော်အားပေး မြှောက်ပေးပြောဆိုခြင်းသည်လည်း ဝဏ္ဏဘာသနဒုစရိုက်ပင် ဖြစ်သည်ဟု မှတ်ပါ။

## ရေစက်မချမိက ရေကြီးနေရပုံ

သူတပါးသတ်ဖြတ်သည်ကို မိမိကကြားဝင်၍ စိတ်တူကျေနပ် ပြန်လျှင်လည်း ဤသမနုညာဒုစရိုက်အရ အပြစ်မကင်းပဲရှိပြန်၏။ အမှန်မှာ၊ ဤသမနုညာဒုစရိုက်သည် သူတပါးဒုစရိုက်ကျူးလွန် သည်ကိုမိမိကသဘောတူကြောင်း ဆန္ဒပေးခြင်းတမျိုးပင်တည်း။ ဥပမာ–လာသမျှပရိသတ်ကို ဝက်သား အဝကျွေးမည်ဟု စေတနာပြဋ္ဌာန်းထားသော အလှူပွဲကြီးတခုအတွက် လိုသလောက် ဝက်သားရဖို့ရန် ကြားလူတို့က စီမံပေးရာဝယ် အလှူရှင် ဒကာ ဒကာမတို့မှာ ဝက်သားဖိုးစရံငွေ ပေးသွင်းလိုက်သည့်အချိန်က စ၍ အစုလိုက်အပြုံလိုက် ဝက်တွေသေရမှုအတွက် စိတ်တူကျေနပ် ပြီး ဖြစ်နေသောကြောင့် အလှူရေစက်ချ အမျှမဝေခင်ကပင် ငရဲကြီးနေရပြီ ဖြစ်သကဲ့သို့တည်း။

## ခေါင်းခဲရောဂါ စွဲကပ်တော်မူရခြင်း

ဗုဒ္ဓမြတ်စွာသည် အလောင်းတော်မြတ်အဖြစ်ဖြင့် ပါရမီ ဖြည့်ရစဉ် တခုသောဘဝ၌-“နိမ့်တုံ-မြင့်တုံ၊ဝဋ္ဋ်တေးဘုံ”ဆိုသည့်

အတိုင်း နိမ့်ကျသောတံငါသည်မျိုး၌ ဖြစ်ခဲ့ရ၏။ ထိုအခါ၌ ဘုရားလောင်း သူငယ်ငယ်လေး သည် ဆွေမျိုးဖြစ်သူတို့က ခေါင်း၌ ခဲနှင့်ထု၍ထု၍ ငါးများသတ်ဖြတ်ကြသည်ကို သူငယ်တို့၏ဘာသာ ဘာဝဖြင့် အားရပါးရ ဝမ်းမြောက်ခြင်းဖြစ်ခဲ့လေသည်။

နောက်ဆုံး ဘုရားအဖြစ်သို့ရောက်ခဲ့ရာ ထိုစဉ်က သူတပါးတို့ ငါးခတ်သတ်ဖြတ်သည်ကို ကျေနပ်အားရမှုဖြစ်ခဲ့သော ဤသမန္တ ညာ ဒုစရိုက်ကံကြောင့် မကြာမကြာ ခေါင်းခဲရောဂါစွဲကပ်၍ ဒုက္ခဝေဒနာခံစားရကြောင်း ပြန်၍မိန့်ကြားတော်မူခဲ့၏။ သို့ဖြစ်၍ ဤသမန္တညာ ဒုစရိုက်အရာ၌ မိမိ၏ပယောဂစိုက် စွက်မှုမပါသော ကြောင့် ဒုစရိုက်ဖြစ်ဖွယ်မရှိဟု အမှတ်မထားသင့်၊ သူတပါး ဒုစရိုက်ကျူးလွန်သည်ကို မိမိက အားပါးတရ ကျေနပ်သည့် အမူအရာကို ပြခြင်းသည်ပင် ကိုယ်တိုင်ပြုသည်နှင့်မခြားဖြစ်သည် ဟု နားလည်မှုရှိရမည်။

မေး။ ။ လိုရင်းဖော်ထုတ်၊ အကျဉ်းချုပ်၊ ဆောင်ပုဒ် ဘယ်သို့ ဆိုသနည်း။

ဖြေ။ ။ လိုရင်းဖော်ထုတ်၊ အကျဉ်းချုပ်၊ ဆောင်ပုဒ် ဤသို့ ဆိုပါသည်။

ဆောင်။ ။ ကိုယ်တိုင်တိုက်တွန်း- ချီးမွမ်းပြန်ချေ၊
စိတ်တူပြန်ရ- ဆန္ဒအနေ။
ထိုလေးပါးနှင့်- မြောက်ပွား၊ပါလေ၊
ဒုစရိုက်- မှုမိုက်လေးဆယ်ပေ။ ။

# သုစရိုက်ခွဲတမ်း

မေး။ ။ သုစရိုက်တရား၊ အကျဉ်းအား၊ အပြားဘယ်မျှနည်း။

ဖြေ။ ။ သုစရိုက်တရား၊ အကျဉ်းအား၊ဆယ်ပါးဖြစ်ပါသည်။

မေး။ ။ သုစရိုက်ဆယ်ပါး၊ဟူသည်ကား၊ ခွဲခြားဘယ်သို့နည်း။

ဖြေ။ ။ သုစရိုက်ဆယ်ပါး၊ ဟူသည်ကား၊ ခွဲခြား ဤသို့ဖြစ်ပါသည်။

သရုပ်ပြ အခ်ိပ္ပါယ်

၁။ ။ ကာယကံဒုစရိုက် ၃–ပါးမှ ရှောင်ကြဉ်ခြင်း– ကာယသုစရိုက် ၃–ပါး။

၂။ ။ ဝစီကံဒုစရိုက် ၄—ပါးမှ ရှောင်ကြဉ်ခြင်း- ဝစီသုစရိုက် ၄-ပါး။

၃။ ။ မနောကံဒုစရိုက် ၃-ပါးကို စိတ်၌မဖြစ်ပေါ်စေရန်လုံ့လပြုခြင်း– မနောသုစရိုက် ၃-ပါး။ ဤသို့လျှင် သုစရိုက်တရားသည် အမျိုးအစားအားဖြင့် ၁၀– ပါး ဖြစ်ပါသည်။

## ထပ်ဆင့်ရှင်းပြခန်း

သုစရိုက်တရားဟူသည်မှာ တမင်ထူထောင်နေရသော တရားမျိုးမဟုတ်ပေ။ မကောင်းမှုပြုခြင်း ကာယ ဒုစရိုက် ၃ - ပါး၊ မကောင်းပြောပြောခြင်း ဝစီဒုစရိုက် ၄-ပါးတို့မှ ရှောင်ကြဉ်နေသမျှ ကာလပတ်လုံး မိမိတို့၏ကိုယ်ထဲ နှုတ်ထဲ၌ ကာယသုစရိုက်- ဝစီသုစရိုက်များ အလိုအလျောက် ဖြစ်ပေါ်နေပြီဟုဆိုရ၏။ ထို့အတူ မနောဒုစရိုက်၃-ပါးကို မိမိစိတ်ထဲ၌ ဖြစ်ပေါ်ခွင့်မပေးပဲ စိတ်ကိုဖြူစင်အောင် သန့်ရှင်းရေး ပြုလုပ်ထားနိုင်လျှင်လည်း မနောသုစရိုက် ၃-ပါး ဖြစ်နေပြီဟူ၍ပင် ဆိုရပြန်သည်။

ခြုံ၍ပြောရလျှင် ဒုစရိုက် ၁၀— ပါးမှ ဖယ်ရှားရှောင်ကြဉ်ခြင်းသည်ပင် သုစရိုက်—၁၀- ပါးဖြစ်ပါသည်။ သို့သော် မိမိတို့၏ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို ဒုစရိုက်ဖက်သို့ ယိမ်းယိုင်မသွားရန်ထိန်းသိမ်းရသော အလုပ်သည်ကား အပြောလွယ်သလောက် ထိရောက်မှုအတွက် မလွယ်ကူလှ။ တမင်အောင့်အည်း သည်းခံ၍ ကျင့်သုံးမှသာ အောင်မြင်မှုရသော လုပ်ရပ်တမျိုးဖြစ်ကြောင်း နားလည်ရပေမည်။

မေး။ ။ လိုရင်းဖော်ထုတ်၊ အကျဉ်းချုပ်၊ ဆောင်ပုဒ် ဘယ်သို့ဆိုသနည်း။

ဖြေ။ ။ လိုရင်းဖော်ထုတ်၊ အကျဉ်းချုပ်၊ ဆောင်ပုဒ် ဤသို့ဆိုပါသည်။

။ဒုစရိုက်၁၀–ပါး ဖယ်ရှားရှောင်ကျဉ်၊
သုစရိုက်လဲ- ထိုနဲ့အသွင်။
ဒုစရိုက်မှု- မပြုပါလျှင်၊
သုစရိုက်- ပြုခိုက်မည်သည်ပင်။ ။

# ကာယသုစရိုက်ခွဲတမ်း

မေး။ ။ ကာယကံ၌၊ သုစရိုက်တရား၊ အကျဉ်းအား၊ အပြား ဘယ်မျှနည်း။

ဖြေ။ ။ ကာယကံ၌၊ သုစရိုက်တရား၊ အကျဉ်းအား၊ သုံးပါး ဖြစ်ပါသည်။

မေး။ ။ ကာယကံ၌၊ သုစရိုက်သုံးပါး၊ ဟူသည်ကား၊ ခွဲခြား ဘယ်သို့နည်း။

ဖြေ။ ။ ကာယကံ၌၊ သုစရိုက်သုံးပါး၊ ဟူသည်ကား၊ ခွဲခြား ဤသို့တည်း။

## သရုပ်ပြ အစီပွါယ်

၁။ ။ သူ့အသက်သတ်မှု- ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း ပါဏာတိပါတ ဝိရတီ ၁- ပါး။

၂။ ။ သူတပါး၏ဥစ္စာကို ခိုးယူတိုက်ခိုက်မှု- အဒိန္နာဒါနမှ ရှောင်ကြဉ်ခြင်း- အဒိန္နာဒါန ဝိရတီ ၁-ပါး။

## ကာယသုစရိုက်ခွဲတမ်း

၃။ ။ **သူတပါး၏ သားမယားကို ပြစ်မှားကျူးလွန်မှု-ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်း- ကာမေသုမိစ္ဆာစာရ ဝိရတီ ၁—ပါး**။

ဤသို့လျှင် **ကာယကံ** သုစရိုက်သည် အမျိုးအစားအားဖြင့် ၃—ပါး ဖြစ်ပါသည်။

## ထပ်ဆင့် ရှင်းပြခန်း

**ကာယသုစရိုက်ဟူသည်** ဒုစရိုက်ခွဲတမ်းတွန်းက ဖော်ပြအပ်ခဲ့သော ကာယကံဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်းကိုပင် ကာယသုစရိုက်ဟု ခေါ်ဆိုရ၏။ ထိုကာယသုစရိုက်သည် တရားကိုယ်အားဖြင့် ဝိရတီ စေတသိက်သုံးပါးထဲမှ သမ္မာကမ္မန္တဝိရတီ စေတသိက်နှင့် ရှောင်ကြဉ်ကြောင်းဖြစ်သော မဟာကုသိုလ် စေတနာတို့ပင်တည်း။ ထိုကာယကံ သုစရိုက်၃-ပါးထဲမှ သူ့အသက်ကိုသတ်ခြင်းသည် အပြစ်မကင်းသော အကုသိုလ် တရားဖြစ်ရာ အကုသိုလ်မှန်လျှင်လည်း မကောင်းကျိုးကိုသာ ပေးရမြဲဖြစ်၏။ ထို့အတူ သူ့အသက်ကိုသတ်မှုမှ ရှောင်ကြဉ်ခြင်းသည် အပြစ်မရှိသော ကုသိုလ်တရားဖြစ်၍ ကောင်းကျိုးကိုသာ ပေးရမည်မှာ မလွဲပေ။

## ဆိုးပြစ်နှင့် ကောင်းကျိုး

သို့ဖြစ်ရာ ဤပါဏာတိပါတ ဒုစရိုက်အရ သူတပါး၏ အသက်ကို သတ်ခဲ့လျှင် ထိုသူ့အသက်သတ်သူသည် ဖြစ်ရာဘဝ၌ လူစဉ်မမှီပဲ....

၁။ ။ ကိုယ်အင်္ဂါအစိတ်အပိုင်း ချွတ်ယွင်းခြင်း၊

၂။ ။ ရုပ်ဥပမိ စိုစိုပြေပြေ မရှိပဲ မွဲပြာညိုခြောက်ခြင်း၊

၃။ ။ ခွန်အားဗလ ယိုယွင်းခြင်း၊

၄။ ။ လျှင်မြန်ဖြတ်လတ်မှု မရှိခြင်း၊

၅။ ။ ဘေးရန်ဖြစ်ပေါ်လာလျှင် ကြောက်တတ်ခြင်း၊

၆။ ။ သူတပါး၏ အသတ်ကို ခံရခြင်း၊

၇။ ။ အနာရောဂါ ထူပြောခြင်း၊

၈။ ။ အခြေအရံ ပျက်စီးခြင်း၊

၉။ ။ အသက်တိုခြင်း။ — စသောဆိုးကျိုး ဆိုးပြစ်များကို ခံစားရသကဲ့သို့ — ယင်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်နိုင်လျှင်လည်း ဖြစ်ရာဘဝ၌ ထိုမှအပြန်ဖြစ်သော....

၁။ ။ အင်္ဂါရုပ်လက္ခဏာ ဆိုစရာအပြစ်မရှိခြင်း၊

၂။ ။ အင်္ဂါရုပ်စိုပြေလျက် ခန့်ငြားထယ်ဝါခြင်း၊

၃။ ။ ခွန်အားဗလနှင့် ပြည့်စုံခြင်း၊

၄။ ။ လျှင်မြန်ဖြတ်လတ်ခြင်း၊

၅။ ။ ဘေးရန်ဖြစ်ပေါ်လျှင် မကြောက်လန့်ခြင်း၊

၆။ ။ သူတပါး၏ ပယောဂဖြင့် မသေရခြင်း၊

၇။ ။ အနာရောဂါကင်းရှင်းခြင်း၊

၈။ ။ အခြေအရံ မပျက်စီးခြင်း၊

၉။ ။ အသက်ရှည်ခြင်း - စသော ကောင်းကျိုးတို့ကို ရရှိမြဲဖြစ်ပြန်သည်။

လူတဉီးတယောက်၌ ဘဝနှင့်ကပ်ပါလာသော ထိုဆိုးကျိုးဆိုးပြစ်တို့ကို တွေ့မြင်ရခြင်းအားဖြင့် ဤသူသည် ရှေးဘဝများ၌ ကျူးလွန်ခဲ့သော ပါဏာတိပါတကံ အားကြီးသူဘည်း ဟု သိနိုင်သကဲ့သို့ ဘဝနှင့်ကပ်ပါလာသော ကောင်းကျိုးတို့ကို မြင်ရခြင်းအားဖြင့်လည်း ဤသူသည်ကား ရှေးဘဝတုန်းက ပါဏာတိပါတကံ ကင်းရှင်းသူဟု ခွဲခြား၍ သိနိုင်ပြန်သည်၊ သို့သော် အချို့အချို့သူတို့၌ ကောင်းကျိုးဆိုးပြစ် ရောနှောနေသည်ကို တွေ့ပြန်ရခြင်းသည်ကား ပါဏာတိပါတ ဒုစရိုက်နှင့် ပါဏာတိပါတ ဝိရတိ သုစရိုက်တို့၏ ရောပြွမ်းဖန်တီးမှုသာတည်းဟု မှတ်သားသင့်၏။

သူ့အသက်သတ်သူတို့ ခံစားရသော ဆိုးကျိုးဆိုးပြစ်များနှင့် သူ့အသက်မသတ်သူတို့ ခံစားရသော ကောင်းကျိုးများကို အလွယ်တကူသိရန် ကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးက ဤသို့ဆောင်ပုဒ်လင်္ကာ ရေးဖွဲ့သွားတော်မူသည်။

## ဆောင်ပုဒ်လင်္ကာ

''ပါဏာတိပါတ်၊ သူ့သက်သတ်က၊ ချို့လက်အင်္ဂါ၊ ပြာရုပ်သွင်၊ အားအင် ယိုယွင်း၊ လျင်ခြင်းလည်ဝေး၊ ဘေးကိုကြောက်တတ်၊ အသတ်ခံရ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုရ၊ ပြစ်များလှသည်။ ။ရှောင်က အပြန်အကျိုးတည်း။''

## အဒိန္နာဒါနနှင့် အဒိန္နာဒါန ဝိရတိ

ဤအဒိန္နာဒါန ဒုစရိုက်အရ သူတပါး၏ဥစ္စာကို ခိုးယူတိုက်ခိုက် သူမှန်ကအခြား အပရာ ပရိယကုသိုလ်ကံက ထောက်ပံ့၍ လူ့ဘဝသို့ ရောက်လာသည့်တိုင်အောင် ယင်းအဒိန္နာဒါနကံ၏ အကျိုးဆက်အနေဖြင့် လူ့အဆင့်အတန်းမမှီပဲ....

၁။ မွဲတေခြင်း၊
၂။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရခြင်း၊
၃။ ငတ်မွတ်ခေါင်းပါးခြင်း၊
၄။ လိုအပ်သောအရာကို မရနိုင်ခြင်း၊
၅။ မှုခင်းကိစ္စ ထူပြော၍ စည်းစိမ်ဥစ္စာ ပျက်စီးရခြင်း၊
၆။ ရန်သူမျိုးငါးပါး နှိပ်စက်၍ ရှိပြီးဥစ္စာပင် ပျက်ပြားရခြင်း၊

ဟူသော ဆိုးကျိုးဆိုးပြစ်များနှင့် ကြုံတွေ့ရသကဲ့သို့ ထိုအဒိန္နာဒါန ဒုစရိုက်မှ ရှောင်ကြဉ်သူ အဖို့မှာကား ပစ္စည်းဥစ္စာ ချမ်းသာခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမရှိခြင်း၊ လိုအပ်သောအရာကို လွယ်ကူစွာရနိုင်ခြင်း-စသော ထိုမှ ဆန့်ကျင်ဘက် ကောင်းကျိုးတရားတို့ကို ခံစားရမြဲဖြစ်၏။

"ထမင်းရက်ချန်၊ ရေရက်မှန်နှင့်၊ ကပ်ကျန်မွဲတေ၊ ဖွတ်ဘိုးအေ"ဟု စာဖွဲ့ရလောက်အောင် ဆင်းရဲ မွဲတေသူများမှာ မိမိတို့၏ နိမ့်ကျသော အခြေအနေကပင် ရှေးဘဝတို့၌ သူတပါး၏ဥစ္စာကို ခိုးယူ တိုက်ခိုက် ခဲ့သူများ ဖြစ်ကြောင်း ထုတ်ဖော်ပြောပြသကဲ့သို့ ဖြစ်ပြန်၏။ ထို့အတူ ပစ္စည်းဥစ္စာနှင့် ပြည့်

စီးသူ လိုအပ်သောအရာကို လွယ်ကူစွာ ရနိုင်သူတို့မှာကား မိမိတို့၏ မြင့်မားသော အခြေအနေကပင် ဤ အဒိန္နာဒါနကံမှ ကင်းရှင်းသူများဖြစ်သည်ဟု ထုတ်ဖော် ပြောပြသကဲ့သို့ ရှိသည်သာတည်း။

## ဝိသုဒ္ဓါရုံ ဆောင်ပုဒ်လင်္ကာ

"ဘောဂပျက်စီး၊ ရေမီးသူခိုး၊ မွေခံဆိုးဟု၊ မင်းမျိုးအပြား ရန်သူ ါးကြောင့်၊ ပျက်ပြားဉစ္စာ၊ ဖြစ်များစွာသည်။ ။ရှောင်ခါအပြန်အကျိုးတည်း။

## မိစ္ဆာစာရနှင့် မိစ္ဆာစာရဝိရတီ

ကာမေသုမိစ္ဆာစာရ ဒုစရိုက်အရ သူတပါး၏သားမယားကို ပြစ်မှားသူမှန်က ဖြစ်ရာဘဝ၌ ထိုမိစ္ဆာစာရ၏ အကျိုးဆက် အနေဖြင့်—

၁။ မလိုမုန်းတီးသူပေါများခြင်း၊
၂။ ရန်သူများခြင်း၊
၃။ ပစ္စည်းလာဘ်ခေါင်းပါးခြင်း၊
၄။ ချမ်းသာမှု ကင်းဆိတ်ခြင်း၊
၅။ မိန်းမဖြစ်ရခြင်း၊
၆။ မိန်းမ မဟုတ်၊ ယောကျ်ားမဟုတ် ပဏ္ဍုက်ဖြစ်ရခြင်း၊
၇။ ယုတ်ညံ့သောအမျိုး၌ အကြိမ်ကြိမ် ဖြစ်ရခြင်း၊
၈။ အရှက်တကွဲအကျိုးနဲ ဖြစ်ရခြင်း၊
၉။ လက္ခဏာဒ္ကန္ဒေ ချွတ်ယွင်းခြင်း၊
၁၀။ စိုးရိမ်ကြောင့်ကြမှု ထူပြောခြင်း—ဟူသော ဆိုးကျိုး

ဆိုးပြစ်များကို ခံစားရသကဲ့သို့ ထိုမိစ္ဆာစာရ ဒုစရိုက်မှ ရှောင်ကြဉ်နိုင်သူသည်ကား ထိုမှ အပြန်ဖြစ်သော ကောင်းကျိုးများနှင့် ကြုံတွေ့ရမည်မှာ မလွဲပေ။ လူတဉးတယောက်၌ ထိုဆိုးကျိုးဆိုးပြစ်များ ရှိ–မရှိကို ထောက်ထား၍ မိစ္ဆာစာရမှု–ရှိမရှိကိုလည်း ခွဲခြားသိနိုင်ပြန်သည်။

## ဝိသုဒ္ဓါရုံ ဆောင်ပုဒ်လင်္ကာ

"မိစ္ဆာစာရ၊ ကျူးလွန်ကလည်း၊ မုန်းကြသူများ၊ ရန်သူပွား၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏၊ ကလ္လတ္ထိပဏ္ဍက်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာဋ္ဌေ၊ ယှင်းသွေ့ချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်။ ။ရှောင်ခါအပြန် အကျိုးတည်း"။

ဤသို့လျှင် ကာယသုစရိုက်သည် သူ့အသက်သတ်မှု ကာယဒုစရိုက်မှ ရှောင်ကြဉ်ခြင်း– ပါဏာတိပါတ ဝိရတီ။ သူ့ဥစ္စာကိုခိုးယူမှု ကာယ ဒုစရိုက်မှ ရှောင်ကြဉ်ခြင်း–အာဒိန္နာဒါန ဝိရတီ။ သူ့သားမယားပြစ်မှားမှု ကျူးလွန်မှု ကာယ ဒုစရိုက်မှ ရှောင်ကြဉ်ခြင်း–ကာမေသုမိစ္ဆာစာရ ဝိရတီဟု သုံးမျိုးပြားရ၏။ အချုပ်အားဖြင့်ပြောရသော် ယင်းကာယ သုစရိုက်သုံးပါးကိုပင် အကုသိုလ်မဖြစ်ရအောင် ကိုယ်အမူအရာကို အချိုးကျသေသပ်စွာ စောင့်စည်းထိန်းသိမ်းတတ်သောကြောင့် သီလဟုခေါ်ဆိုရပြန်သည်။

ထို့ကြောင့် ဗုဒ္ဓသာသနာ ထွန်းကားရာ သာသနာခေတ် အတွင်း၌ဖြစ်စေ၊ သာသနာခေတ်မဟုတ်သော သာသနာပ ကာလ၌ဖြစ်စေ ရှေးအစဉ်အလာမှစ၍ ယင်းကာက သုစရိုက် ၃-ပါးကို လူသားတို့ မလိုက်နာလျှင်မဖြစ်သော လူ့ကျင့်ဝတ် လူ့စည်းကမ်းအနေဖြင့်—

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော လူ့ကျင့်ဝတ်သိက္ခာပုဒ်ကို စိတ်၌ မြဲစွာ ဆောက်တည် ပါ၏။

၂။ အဒိန္နာဒါနာဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ သူတပါး၏ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော လူ့ကျင့်ဝတ်သိက္ခာပုဒ်ကို စိတ်၌ မြဲစွာဆောက် တည်ပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ ကာမဂုဏ်တို့၌ မှားသောအကျင့်မှ ရှောင်ကြဉ်ကြောင်းဖြစ်သော လူ့ကျင့်ဝတ်သိက္ခာပုဒ်ကို စိတ်၌ မြဲစွာ ဆောက်တည်ပါ၏—ဟု သီလ သိက္ခာပုဒ်ပြုလုပ် ဆောက်တည်ထိန်းသိမ်းကြရသတည်း။

# ဓမ္မသုစရိုက်ခွဲတမ်း

မေး။ ။ဝစီကံ၌၊ သုစရိုက်တရား၊ အကျဉ်းအား၊ အပြား ဘယ်မျှနည်း။

ဖြေ။ ။ဝစီကံ၌၊ သုစရိုက်တရား၊ အကျဉ်းအား၊ လေးပါး ဖြစ်ပါသည်။

မေး။ ။ဝစီကံ၌၊ သုစရိုက် လေးပါး၊ ဟူသည်ကား၊ ခွဲ ခြားဘယ်သို့နည်း။

ဖြေ။ ။ဝစီကံ၌၊ သုစရိုက်လေးပါး၊ ဟူသည်ကား၊ ခွဲခြား ဤသို့တည်း။

သရုပ်ပြအစီပွါယ်

၁။ သူတပါးအကျိုး ပျက်ပြားစေရန် လှည့်စား ပြောဆို မှုမှ ရှောင်ကြဉ်ခြင်း— မုသာဝါဒဝိရတီ ၁—ပါး။

၂။ အချင်းချင်း ချစ်ကြည်ရေးပျက်ပြားစေရန် ကုန်းတိုက် ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း- ပိသုဏဝါစာ ဝိရတီ ၁- ပါး။

၃။ ဆဲရေးတိုင်းထွာ မဖွယ်မရာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း- ဖရုသဝါစာ ဝိရတီ ၁-ပါး။

၄။ သေးနုပ်သိမ်ဖျင်း အဓိပ္ပါယ်ကင်းသောစကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း သမ္ဖပ္ပလာပ ဝိရတီ ၁-ပါး။ ဤသို့လျှင် ဝစီ သုစရိုက်သည် အမျိုးအစားအားဖြင့် ၄-ပါးရှိပါသည်။

## ထပ်ဆင့်ရှင်းပြခြင်း

ဝစီသုစရိုက်ဟူသည် ဒုစရိုက်ခွဲတမ်းတုန်းကဖော်ပြအပ်ခဲ့သော ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းကိုပင် ဝစီသုစရိုက်ဟုခေါ်ဆိုရ၏။ ထို ဝစီသုစရိုက်သည် တရားကိုယ်အားဖြင့် ဝိရတီ စေတသိက် ၃-ပါးထဲမှ သမ္မာဝါစာ ဝိရတီစေတသိက်နှင့် ရှောင်ကြဉ်ကြောင်းဖြစ်သော မဟာကုသိုလ် စေတနာ တို့ပင်တည်း။

ထိုတွင် လှည့်စားပြောဆိုခြင်း မုသာဝါဒ ဒုစရိုက်သည် အခြားဝစီဒုစရိုက် ၃-ပါးထက် ပိုပြီး အလေးချိန်စီးသော ဒုစရိုက်ဖြစ်ကြောင်း အောက်၌ ဖော်ပြခဲ့ပြီ။ "အဘူတဝါဒီ နိရယံ ဥပေတိ"ဟု ဟောတော်မူသည်နှင့်အညီ အခွင့်အခန့် မတော်ကရေသို့လည်း- ရောက်ရစေကာမူ ထိုမုသာဝါဒကံ၏ အကျိုးဆက်အနေဖြင့်—

၁။ စကားမပီသခြင်း၊

၂။ သွားမညီညွတ်ခြင်း၊

၃။ ခံတွင်းပါးစပ် ပုပ်ညှီခြင်း၊

၄။ အသားအရေ စိုပြေလှပမှု မရှိခြင်း၊

၅။ မျက်စိ-နား-နှာ စသော ရုပ်ကလန္ဒြေနောက် ကျခြင်း၊
၆။ ကိုယ်ဟန်ပုံပန်း ချွတ်ယွင်းဖောက်ပြန်ခြင်း၊
၇။ သူတပါးအပေါ်၌ မိမိဩဇာ မညောင်းခြင်း၊
၈။ နှုတ် လျှာကြမ်းထော် မသင့်မတော် ပြောဆိုခြင်း၊
၉။ လျှပ်ပေါ် လော်လီ စိတ်မတည်ခြင်း—ဟူသောဆိုးကျိုး ဆိုးပြစ်များကို မုသာဝါဒကံ၏ အမွေအဖြစ်ဖြင့် ရရှိသကဲ့သို့ လှည့်စားပြောဆိုမှု ရှောင်ကြဉ်၍ စကားကောင်းကိုသာပြောဆို ပြန်လျှင်လည်း စကားပီသ သွားညီမျှ၍ ရုပလက္ခဏာ ထယ်ဝါ ခန့်ညားခြင်းစသော ကောင်းကျိုး တရားတို့ကို ဝစီသုစရိုက်၏ ကောင်းမွေအဖြစ်ဖြင့် ရရှိဖို့ သေချာသည်သာဘည်း။

## ဝိသုဒ္ဓါရုံ ဆောင်ပုဒ် လင်္ကာ

"မုသားစကား၊ ပြောမိငြားမူ၊ စကားမပီ၊ သွားမ ညီတည်း၊ ပုပ်ညှီပါးစပ်၊ ခြောက်တပ်ကိုယ်ရေ၊ ဣန္ဒြေ နောက်၊ ပုံယွင်းဖောက်၏၊ မရောက်ဩဇာ၊ နှုတ်လျှာ ကြမ်းထော်၊ လျှပ်ပေါ်လော်လီ၊ စိတ်မဘည်ဟု၊ ကျမ်းညီထုတ်ဖော်၊ ဆိုးကျိုးမြော်သည်။ ။ရှောင်သော် အပြန် ကောင်းကျိုးတည်း။

## ဝစီသုစရိုက် သီလဖြစ်ခြင်း

ထို့ပြင် ကျန်ဝစီဒုစရိုက် ၃-ပါးတို့သည် သူ့အတိုင်းအတာ နှင့်သူ အပြစ်ရှိသကဲ့သို့ ယင်းဝစီဒုစရိုက်၃-ပါးမှရှောင်ကြဉ်ခြင်း သည် သူ့အတိုင်းအတာအလျောက် အကျိုးရှိကြ သည်သာ တည်း။အချုပ်အားဖြင့် ပြောရသော် ဝစီသုစရိုက်၄-ပါးလုံးတို့

ကိုလည်း နှုတ်အမူအရာကို အချိုးကျအောင် ပြုပြင် တိန်းသိမ်း တတ်သောကြောင့် သီလဟုပင် ခေါ်ဆိုရပြန်၏။

ထို့ကြောင့် သာသနာတွင်း သာသနာပ မည်သည့် ကာလ၌ပင်ဖြစ်စေ ရှေးအစဉ်အလာမှစ၍ ယင်းဝစီသုစရိုက် ၄-ပါး တို့ကိုလည်း လူသားတို့မလိုက်နာလျှင် မဖြစ်သော လူ့ကျင့်ဝတ်- လူ့စည်းကမ်းအနေဖြင့်—

၁။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊လှည့်စားပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော လူ့ကျင့်ဝတ် သိက္ခာပုဒ်ကို စိတ်၌ မြဲစွာ ဆောက်တည်ပါ၏။

၂။ ပိသုဏာဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ကုန်းချောပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော လူ့ကျင့်ဝတ် သိက္ခာပုဒ်ကို စိတ်၌ မြဲစွာ ဆောက်တည်ပါ၏။

၃။ ဖရုသဝါစာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ စိတ်ကြမ်း နှုတ်ကြမ်း ယုတ်ကမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော လူ့ကျင့်ဝတ် သိက္ခာပုဒ်ကို စိတ်၌ မြဲစွာ ဆောက်တည်ပါ၏။

၄။ သမ္ဖပ္ပလာပါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ သေးနုပ်သိမ်ဖျင်း အဓိပ္ပါယ် ကင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော လူ့ကျင့်ဝတ် သိက္ခာပုဒ်ကို စိတ်၌ မြဲစွာ ဆောက်တည်ပါ၏ဟု သီလ သိက္ခာပုဒ် ပြုလုပ်၍ ဆောက်တည် ထိန်းသိမ်းကြရသတည်း။

## ကိုယ်နှင့်နှုတ် စောင့်စည်းခြင်း

သီလဟူသည် ကိုယ်နှင့်နှုတ် စောင့်စည်းခြင်း ကာယသုစရိုက် ၃ ပါးနှင့် ဝစီသုစရိုက် ၄-ပါးပင်ဖြစ်ရာ မည်သူမဆို ကိုယ်အမူအရာအားဖြင့် ကိုယ်လုပ်ချင်တိုင်း စည်းကမ်းမဲ့မလုပ်ပဲ နှုတ်အမူအရာအားဖြင့်လည်း ကိုယ်ပြောချင်တိုင်း စည်းကမ်းမဲ့ မပြောပဲ မိမိ၏ ကိုယ်နှင့်နှုတ်ကို စည်းကမ်းနှင့်အညီ စောင့်စည်းထားနိုင်ခဲ့လျှင် ထိုသူသည်ပင် ကိုယ်နှင့်နှုတ် လုံခြုံမှုအရ သူ့အလိုအလျောက် သီလရှိသူ ဖြစ်လာရ၏။ တနည်းအားဖြင့် ပြောရလျှင် ကိုယ်ကျင့် တရားပြည့်ဝသော လူကောင်း သူကောင်းတယောက် ဖြစ်လာရ၏။

သို့သော် လူကောင်း သူကောင်း ဖြစ်ရေးအတွက် ကိုယ်နှင့်နှုတ်ကို စောင့်စည်းရသော အလုပ်သည်ကား မလွယ်ကူလှ၊ အောင့်အည်း သည်းခံပြီး တမင်ကျင့်သုံးမှ ဖြစ်နိုင်၏။ အကယ်၍သာ ကိုယ်နှင့်နှုတ်ကို မစောင့်စည်းတော့ပဲ ဖြစ်ချင်ရာဖြစ်ပစေဟု တံခါးမရှိ ဓားမရှိ လွှတ်ထားခဲ့ပါမူ ထိုစည်းလွှတ် ဝါးလွှတ်ဖြစ်နေသော ကိုယ်နှုတ်ထဲမှ ဘာတွေ ပေါ်ထွက်လာမည်နည်း။ စည်းကမ်းပျက်ဖြစ်သော မကောင်းမှု ဒုစရိုက်တွေသာ ဝီတိက္ကမ ကိလေသာအမနေဖြင့် ပေါ်ထွက်လာရမည် မဟုတ်ပါလော။ ထို့ကြောင့် ကိုယ်နှင့်နှုတ် စောင့်စည်းခြင်းကိုပင် သီလဟု ခေါ်ဆိုရသတည်း။

## အာဇီဝဋ္ဌမကသီလ ဖြစ်လာရပုံ

အသက်မွေးဝမ်းကျောင်းမှုအတွက် သူ့အသက်သတ်ရခြင်း၊ သူ့ဥစ္စာကို ခိုးယူတိုက်ခိုက်ရခြင်း စသော ကာယဒုစရိုက်များ သည်ရှင်း၊ အသက်မွေးမှုအတွက် မတရားသောနည်းဖြင့် ရှေ့နေလိုက်ရခြင်း၊ မတရားသက်သေ ပြုလုပ်ရခြင်း စသောဝစီဒုစရိုက်များသည်ရှင်း မှားသောအသက်မွေးမှု ဖြစ်သောကြောင့် မိစ္ဆာဇီဝမည်၏။ ထိုမှားသောအသက်မွေးမှု မိစ္ဆာဇီဝမှ ရှောင်ကြဉ်သောအခါ သမ္မာအာဇီဝ ဖြစ်လာရ၏။ ကောင်းရောင်း-ကောင်းဝယ် ကုန်သွယ် လယ်လုပ်ခြင်း ပြည်သူလူထုထံမှ လာဘ်မယူပဲ တရားဥပဒေနှင့်အညီ ပြည်သူ့ဝန်ကို ထမ်းဆောင်ခြင်း စသည်တို့သည်လည်း သမ္မာအာဇီဝတို့ပင်ဖြစ်၏။ ထို သမ္မာအာဇီဝဟူသည်မှာလည်း တရားကိုယ်အားဖြင့် အသက်မွေးမှုနှင့် စပ်သော ကာယဒုစရိုက်—ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်း သမ္မာအာဇီဝ ဝိရတီစေတသိက် ပင်တည်း။

သို့ဖြစ်ရာ မိစ္ဆာဝဇီပုဒ်နှောင် ယင်းကာယသုစရိုက်— ဝစီသုစရိုက်မှာကဲ့သို့ "မိစ္ဆာဇီဝါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊ ဖောက်ပြန်ယွင်းမှား မတရားသော အသက်မွေးမှုမှ ရှောင်ကြဉ်ကြောင်းဖြစ်သော လူ့ကျင့်ဝတ်သိက္ခာပုဒ်ကို စိတ်၌မြဲစွာ ဆောက်တည်ပါ၏။" ဟု ယခင် သုစရိုက် ၇-ပါးမှ ထောက်၍ ရှစ်ပါးမြောက် သီလသိက္ခာပုဒ် အနေဖြင့် ဆောက်တည်ခဲ့လျှင် ကာယသုစရိုက်၃- ပါး၊ ဝစီသုစရိုက်၄-ပါးပေါင်း ၇—ပါးလုံး ခြုံမိငုံမိသော အာဇီဝဋ္ဌမကသီလ ဖြစ်လာရပြန်သည်။ (အာဇီဝလျှင် ရှစ်ခုမြောက်သီလဟု ဆိုလို၏။)

အမှန်မှာ အာဇီဝဋ္ဌမကသီလဟူသည် ကာယဒုစရိုက်- ဝစီဒုစရိုက်နှင့် မိစ္ဆာဇီဝတို့မှ ရှောင်ကြဉ်ရသဖြင့် သီလတရားကိုယ်ဖြစ်သော ဝိရတီစေတသိက် သုံးပါးလုံး ခြုံငုံမိသောကြောင့် သဘာဝအလျောက် သီလဂုဏ်မြောက်နေသော သီလထူးတမျိုးပေတည်း။ ထို့ကြောင့် ယင်းအာဇီဝဋ္ဌမကသီလကို အိမ်နေလူများ ဆောက်တည်သင့်ကြောင်း ကမ္ဘာ့ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက တိုက်တွန်းတော်မူ၏။

## ငါးပါးသီလဖြစ်လာပုံ

ထို့ပြင်– ၁။ ။သူ့အသက်သတ်ခြင်း— ပါဏာတိပါတ၊
၂။ ။သူ့ဥစ္စာခိုးယူတိုက်ခိုက်ခြင်း-အဒိန္နာဒါန၊
၃။ ။သူ့သား အိမ်ယာကျူးလွန်ခြင်း—ကာမေသုမိစ္ဆာစာရ၊

ဤကာယဒုစရိုက်၃–ပါးမှ ရှောင်ကြဉ်ခြင်း- သမ္မာကမ္မန္တဝိရတီ ၃-မျိုးနှင့် ဝစီဒုစရိုက် ၄–ပါးထဲမှ ပို၍ကြီးလေးသော လှည့်စားပြောဆိုမှု မုသာဝါဒမှ ရှောင်ကြဉ်ခြင်း သမ္မာဝါစာဝိရတီ ယင်းဝိရတီ ၄မျိုးတို့တွင် ဒုစရိုက် ၁၀-ပါးထဲ၌ တိုက်ရိုက်မပါသော သောက်စားမူးယစ်မှုမှ ရှောင်ကြဉ်ခြင်း သုရာပါနဝိရတီကိုထည့်သွင်းခဲ့လျှင် အိမ်နေလူတို့ အမြဲတမ်း ကျင့်သုံးထိုက်သော ငါးပါးသီလ ဖြစ်လာပြန်ပါသည်။

အမှန်မှာ ငါးပါးသီလဟူသည် တရားကိုယ်အားဖြင့် မဟာကုသိုလ်ဇော၌ပါသော ကာယဒုစ္စရိတဝိရတီ- ၃ပါး + မုသာဝါဒဝိရတီ ၁·ပါး သုရာပါနဝိရတီ ၁·ပါး ဤရှောင်ကြဉ်မှုဝိရတီ၅—ပါးနှင့် ရှောင်ကြဉ်ကြောင်းဖြစ်သော မဟာကုသိုလ်

စေတနာတို့ပင်တည်း။ သို့ဖြစ်ရာ ဤငါးပါးသော လူ့ကျင့်ဝတ် စည်းကမ်းတို့ကို သီလသိက္ခာပုဒ်ပြုလုပ်၍ ဆောက်တည်လိုခဲ့လျှင် ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ စသည် တို့၌ကဲ့သို့ အပိုဖြည့်စွက်ထားသော သုရာပါန အရာ၌လည်း....

"သုရာ မေရယ မဇ္ဇပပါဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သောက် စားမှုးရူး အပျော်ကျူးခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော လူ့ကျင့်ဝတ် သိက္ခာပုဒ်ကို စိတ်၌မြဲစွာဆောက်တည်ပါ၏၊ -ဟု မိမိအလိုလျောက်ဖြစ်စေ၊ လေးစားလောက်သော ရဟန်းသံဃာတို့ထံမှ ဖြစ်စေ နှုတ်မြွက်၍ ဆောက်တည်ရမည်သာတည်း။

## သောက်စားခြင်း၏ အပြစ်

**သောက်စားမှုးယစ်ခြင်း**- သုရာပါနသည် ဒုစရိုက်၁၀-ပါးထဲ၌မပါဝင်ပဲလျက် အဘယ့်ကြောင့် ဒုစရိုက်တခုကဲ့သို့ သီလ သိက္ခာပုဒ် ပြုလုပ်၍ ရှောင်ကြဉ်ရသနည်း။ ဤကဲ့သို့ မေးခဲ့ သော် သုရာပါနသည် ဒုစရိုက်၁၀- ပါးထဲ၌ မပါဝင်သော် လည်း ဒုစရိုက်ကျူးလွန်ရန် အရင်းခံအကြောင်း ဖြစ်သော ကြောင့် ဒုစရိုက်တပါးကဲ့သို့ သီလသိက္ခာပုဒ်ပြုလုပ်၍ ရှောင် ကြဉ်ရသည်ဟု ဖြေပါ။

မှန်၏၊ သုရာဓုတ္တ (အသောက်ကျူးသောသူ) သည် နဂိုက သူရဲဘောကြောင်သူ ဖြစ်စေကာမူ သူသောက်ထားသော သေ ရည် သေရက်ကပင် ရဲဆေးတင်ပေးလိုက်သလို ဖြစ်သော

ကြောင့် အရာရာ၌ ဆင်ခြင်တုံတရားမရှိတော့ပဲ ဘာကိုမဆို ပြောရဲ လုပ်ရဲဖြစ်လာသည်။ လူကိုလဲ သတ်ရဲသည်။ သူ့ဥစ္စာကိုလဲ ခိုးရဲတိုက်ရဲသည်။ မည်သည့်ဒုစရိုက်ကိုမဆို ကျူးလွန်ရန် ဝန်မလေးတော့ပေ။ အသောက်အစား များလာသော အခါ အလောင်းအစား အကစားလည်း ဖက်လာရပြန်သည်။ စီးပွါးဥစ္စာရှာဖွေရာ၌လည်း တက်ကြွမှုမရှိတော့ပဲ လစ်ဟင်းလာရာမှ အစပြု၍ နောတ်ဆုံး၌ စီးပွါးဥစ္စာ ယိုယွင်းလာရမည်မှာ မလွဲပေ။

အသောက်အစား ဖက်လာမည်ဆိုပါက သငှေးဆိုလျှင်လည်း သငှေးမိုက်သာ ဖြစ်ရမည်။ မင်းဆိုလျှင်လည်း မင်းဆိုး မင်းမိုက်သာ ဖြစ်ရမည်။ အစိုးရအမှုထမ်း ဆိုလျှင်လည်း တာဝန်မကျေသော အစိုးရအမှုထမ်းမျိုး ဖြစ်လာရမည်။ တောင်သူလယ်သမား အလုပ်သမား ဆိုလျှင်လည်း မိုက်မဲသောတောင်သူလယ်သမားနှင့် မိုက်မဲသော အလုပ်သမားမျိုးသာ ဖြစ်လာဖို့ရှိသည်သာတည်း၊ အချို့က သောက်ပြီး ဒုစရိုက်မှုမကျူးလွန်လျှင်အပြစ်မရှိနိုင်ဟု ဆင်ခြေပေးကြ၏။ ကိုယ့်စိတ်ကို မနိုင်၍ သောက်ရသူသည် သောက်ပြီးနောက် ဒုစရိုက်မှုကို မကျူးလွန်ပါဟု အဘယ်မှာ ဝန်ခံချက် ပေးနိုင်ပါအံ့နည်း။ ထို့ကြောင့် သုရာပါန လောက် အပြစ်ကြီးသော မကောင်းမှုမည်သည် မရှိတော့သဖြင့် ထို သုရာပါနကိုပင် သီလသိက္ခာပုဒ်ပြုလုပ်၍ လူ့ကျင့်ဝတ် လူ့စည်းကမ်းအနေဖြင့် ရှောင်ကြဉ်ကြရပြန်၏။

## အပြစ်နှင့်အကျိုး ၂-မျိုးဆန့်ကျင်ပုံ

သောက်စားမူးရူး အပျော်ကျူးသူတို့သည် လူ့ဘဝကို ရသည့်တိုင်အောင် လူ့အဆင့်အတန်းကိုမမှီပဲ သုရာပါန၏ အကျိုးဆက်အနေဖြင့်—

၁။ အရေးအခွင့် သင့်မသင့်ကို မသိနိုင်ခြင်း၊
၂။ ပျင်းရိခြင်း၊
၃။ မေ့လျော့ မူးရူးခြင်း၊
၄။ အရှက်အကြောက် ကင်းမဲ့ခြင်း၊
၅။ သူ့ကျေးဇူးကို မသိတတ်ခြင်း၊
၆။ သေရည် သေရက်ကြောင့် အကုသိုလ် ဒုစရိုက်ကို ပြုလွယ်ခြင်း၊- တည်းဟူသော အပြစ် ၆-မျိုးကို ရရှိသကဲ့

သို့ အသောက်အစားကင်းသူသည်လည်း ထိုမှအပြန် ဖြစ်သော ကောင်းကျိုးတို့ကို ရနိုင်ပြန်သည်။ ဤသို့လျှင် သောက်စားခြင်း၏ အပြစ်နှင့် အသောက်အစားကင်းခြင်း၏ အကျိုးတို့မှာ အကောင်းနှင့်အဆိုး အမျိုးချင်း ဆန့်ကျင်လျက် ရှိသတည်း။

## ဝိသုဒ္ဓါရုံဆောင်ပုဒ်လင်္ကာ

"သေရည်သောက်လင့်၊ သင့်—မသင့်ဥ်၊ ရေးခွင့်မသိ၊ ပျင်းရိမေ့ရူး၊ ကျေးဇူးမသိ၊ ဟိရောတ္တပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုတတ်ပါသည်။ ။ရှောင်ခါ အပြန်အကျိုးတည်း။

(ဝိသုဒ္ဓါရုံအဆုံးအဖြတ်ကျမ်းကြီးမှ ကောက်နှုတ်ဖော်ပြသည်။)

## ငါးပါးသီလ လုံခြုံနည်း ၃-မျိုး

ငါးပါးသီလလုံခြုံစွာ ထိန်းသိမ်းရာ၌—

၁။ စိတ်၌အဓိဋ္ဌာန်ချက်ပြု၍ လုံခြုံစွာ ထိန်းသိမ်းခြင်း၊

၂။ အဓိဋ္ဌာန်ချက်မပြုပဲ ကျူးလွန်ခွင့် ကြုံလာသည့်အခါ၌ ဤဒုစရိုက်မှုကို မပြုတော့အံ့ဟု ရှောင်ကြဉ်မှုပြု၍ ထိန်းသိမ်းခြင်း၊

၃။ သူ့သဘာဝအလျောက် လုံခြုံစွာ ထိန်းသိမ်းခြင်းဟု ထိန်းသိမ်းနည်း ၃-မျိုးရှိသည်။

ထို ၃-မျိုးတို့တွင် ၁-အမှတ်ပြ ထိန်းသိမ်းခြင်း ဟူသည်မှာ အလေးပြုလောက်သော ပုဂ္ဂိုလ်များထံ ဤအမှုမျိုးကို မပြုလုပ်ပါဟု နှုတ်မြွက်၍ ဆောက်တည်မှုပြုပြီးလျှင် ဆောက်တည်ထားသည့်အတိုင်း လုံခြုံစွာထိန်းသိမ်းခြင်းပင်ဖြစ်၏။ ထိုသို့ဆောက်တည်၍ လုံခြုံစွာထိန်းသိမ်းခြင်းကို သမာဒါနဝိရတိ-နည်းဖြင့် ထိန်းသိမ်းခြင်းဟု မှတ်သားအပ်၏။

၂-အမှတ်ပြထိန်းသိမ်းခြင်းဟူသည်မှာ ကြိုတင်၍ ဆောက်တည်မှုမပြုပဲ ကျူးလွန်ခွင့်ဆိုက်လာမှ ဤကဲ့သို့သော ဒုစရိုက်မှုကို ငါမပြုတော့ဟု မိမိ၏ အသိအားလျော်စွာ ထိန်းသိမ်းခြင်းပင်တည်း။ ထိုကဲ့သို့သော ထိန်းသိမ်းခြင်းမျိုးကို သမ္ပတ္တဝိရတီနည်းဖြင့် ထိန်းသိမ်းခြင်းဟု မှတ်သားအပ်၏။ (လက်ထဲ၌ သတ်ဖို့ရောက်နေသော ယုန်ကလေးကိုမသတ်တော့ပဲ ပါဏာတိ

ပါတ ဒုစရိုက်မှ ရှောင်ကြဉ်လိုက်သော သီဟိုဠ်ကျွန်းမှ ဇဂ္ဂန ဥပါသကာ၏ ရှောင်ကြဉ်ပုံမျိုးကဲ့သို့တည်း။)

မဂ်ဖိုလ်ကို မျက်မှောက်ပြုထားသောအရိယာပုဂ္ဂိုလ်တို့သည် မဂ်ဖိုလ်၏အစွမ်းဖြင့် ကိလေသာကို အမြစ်ဖြတ် ပယ်သတ်ထားသောကြောင့် ကိလေသာ၏အစွမ်းဖြင့် ဖြစ်ပေါ်လာမည့်ဒုစရိုက်များမှလည်း သဘာဝအားလျော်စွာ လုံခြုံပြီး ဖြစ်နေပြန်၏။ ထို့ကြောင့် အရိယာပုဂ္ဂိုလ်တို့၏ သူ့သဘာဝအတိုင်း ငါးပါးသီလ လုံခြုံခြင်းကို သမုစ္ဆေဒဝိရတီနည်းဖြင့် လုံခြုံခြင်းဟု မှတ်သားအပ်သည်သာတည်း။

## သုရာပါန မပါသော အာဇီဝဋ္ဌမက

ဆိုဖွယ်အထူးရှိသေးသည်မှာ အာဇီဝဋ္ဌမက သီလအရာ၌ ကာယသုစရိုက် ၃-ပါး ဝစီသုစရိုက် ၄-ပါး၊ယင်း ၇-ပါးလုံးကို သိက္ခာပုဒ်ပြုလုပ်၍ စောင့်ထိန်းရသောကြောင့် ကာယဒုစရိုက် ဝစီဒုစရိုက် အားလုံးခြုံမိသော်လည်း ယင်း အာဇီဝဋ္ဌမကသီလ၌ သောက်စားမူးယစ်မှုမှ ရှောင်ကြဉ်ခြင်း၊ သုရာပါန ဝိရတီကား မပါဝင်ပေ။ ထို့ကြောင့် အာဇီဝဋ္ဌမက သမားတို့အနေဖြင့် သေရည်သေရက် သောက်နိုင်သည်ဟု ထင်မှတ်ဖွယ်ရှိနေပြန်သည်။

သို့သော်လည်း ဤသို့ကားထင်မှတ်ရမည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော်– ကာမေသု မိစ္ဆာစာရအရ မှားယွင်းသောအခွင့်ကာ မနှင့်သုရာပါနအရ သောက်စားမူးယစ်ခြင်း ရသကာ

မတို့မှာ ကာမဂုဏ်အဖြစ်ဖြင့် သဘောချင်းတူမျှသည်ဖြစ်၍ မိစ္ဆာကာမမှ ရှောင်ကြဉ်နိုင်လျှင် ယင်းနှင့်သဘာဝချင်း တူမျှသော သုရာပါန ရသကာမမှလည်း မရှောင်ကြဉ်နိုင်စရာ အကြောင်း မရှိသောကြောင့်ဖြစ်၏။ သို့အတွက် အာဇီဝဋ္ဌမက သီလအရာ၌ သုရာပါနမှ ရှောင်ကြဉ်မှုလည်း ပါဝင်ပြီးဖြစ်သည်ဟုပင် မှတ်သားအပ်၏။

## ဝစီဒုစရိုက်မစုံသော ငါးပါးသီလ

ထို့ပြင် ငါးပါးသီလအရာ၌လည်း မုသာဝါဒမှ ရှောင်ကြဉ်မှုသာပါဝင်၍ အခြားသော ဝစီဒုစရိုက်၃-ပါးမှ ရှောင်ကြဉ်မှုကား မပါဝင်ပေ။ ထို့ကြောင့် ငါးပါးသီလသမားတို့ အနေဖြင့် မုန်းတီးနေသော လူတယောက်ကို ဆဲချင်လည်း ဆဲနိုင်သည်။ ညီညွတ်နေသော လူ၂-ဦး၊ သို့မဟုတ် ညီညွတ်နေသော လူ့အဖွဲ့အစည်း၊ သံဃအဖွဲ့အစည်းတို့ကို အချင်းချင်းရန်တိုက်လျက် သွေးခွဲချင်လည်း သွေးခွဲနိုင်သည်။ အဖျင်းပြောချင်လည်း ပြောနိုင်သည်ဟု ထင်မှတ်ဖွယ် ရှိနေပြန်သည်။

သို့သော် ဤသို့ကား ထင်မှတ်ရမည် မဟုတ်ပေ။ အဘယ်ကြောင့်နည်း။ ဒုစရိုက်ဖြစ်ကြောင်း သုရာပါနနှင့် အချိန်စီးလေးသော မုသာဝါဒတို့မှ ရှောင်ကြဉ်နိုင်လျှင် အလေးချိန်ပေါ့ပါးသော အခြား ဝစီဒုစရိုက်တို့မှလည်း မရှောင်ကြဉ်နိုင်စရာ အကြောင်းမရှိသောကြောင့်တည်း။ သို့ဖြစ်ရာ ငါးပါးသီလအရာ၌လည်း ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်မှု ပါဝင်ပြီးဖြစ်လည်းဟုပင် မှတ်အပ်၏။

## သီလချင်း သွေးမခွဲသင့်

အာဇီဝဋ္ဌမကသီလပင်ဖြစ်စေ ငါးပါးသီလပင်ဖြစ်စေ သီလမှန်လျှင် "သီလနံ သမာဒါနံ သီလံ"ဟု ဝစနတ္ထနှင့် အညီ ကိုယ်နှင့်နှုတ်ကို အပြစ်ကင်းအောင်ပြုပြင်ထိန်းချုပ်ပေးခြင်းပင် ဖြစ်၏။ အမှန်မှာ အာဇီဝဋ္ဌမက သီလသည်လည်း ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ရေးပင်ဖြစ်၏။ ငါးပါးသီလသည်လည်း ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ရေးပင် ဖြစ်၏။ ဝိရတီသီလအရာ၌ ကာယဒုစရိုက် ဝစီဒုစရိုက် ရှောင်ကြဉ်မှုမှတပါး အခြားသီလမျိုးမရှိပေ။

တမျိုးပြောရလျှင် အာဇီဝဋ္ဌမကသီလလုံခြုံစွာ ထိန်းသိမ်းသူလည်း ကိုယ်နှင့်နှုတ်တွင် ဒုစရိုက်တွေ မပေါ်လာတော့ပဲ ကိုယ်ကျင့်သီလနှင့် ပြည့်စုံသူ လူကောင်းသူကောင်း ဖြစ်ရမည်မှာ သေချာ၏။ ငါးပါးသီလကို လုံခြုံစွာ ထိန်းသိမ်းသူသည်လည်း ဒုစရိုက်ကင်းရှင်းသော လူကောင်းသူကောင်း ဖြစ်လာရမည်မှာ မလွဲပေ။ ထို့ကြောင့် အာဇီဝဋ္ဌမက သီလထက် ငါးပါးသီလကမြတ်သည်ဟူ၍ရင်း၊ ငါးပါးသီလထက် အာဇီဝဋ္ဌမကသီလက သာလွန်သည်ဟူ၍ရင်း၊ သီလချင်းသွေးခွဲ၍ငြင်းခုံနေခြင်းငှါ မသင့်။ မည်သည့်သီလကိုပင်ဖြစ်စေ လုံခြုံစွာ ထိန်းသိမ်းနိုင်ခြင်းသည်သာလျှင် လိုရင်းပဓါနတည်း။

## ရှစ်ပါးသီလ ဖြစ်လာရပုံ

ယခု လူတို့အမြဲစောင့်ထိန်းရသော ငါးပါးသီလတွင် ကာမေသုမိစ္ဆာစာရ ဝိရတီနေရာ၌ မိမိဇနီးနှင့်ပင် ပျော်ပါးခွင့်မရှိ

သော အဗြဟ္မစရိယ ဝိရတိကို အစားထိုး လဲလှယ်ပေးခဲ့လျှင် ကောမာရဗြဟ္မစရိယက ငါးပါးသီလ ဖြစ်လာသည်။ ကဿပ ဘုရားလက်ထက်တုန်းက အသက်ထက်ဆုံး အိမ်ထောင်မပြုသော ကိကီမင်းကြီး၏ သမီးတော်ခုနစ်ယောက်တို့ကဲ့သို့ အိမ်ထောင် ဖက်မရှိသော အပျိုကြီးလူပျိုကြီးတို့၏ ငါးပါးသီလမျိုးဟု ဆို ချင်လည်း ဆိုနိုင်သည်။ ထိုအပျိုကြီး လူပျိုကြီးတို့၏ အဖြူထည် ငါးပါးသီလပေါ်တွင် အမွန်းတင်သည့် အနေဖြင့်—

၁။ ဝိကာလဘောဇနဝိရတိ။ (နေလွဲညစာစားမှုမှ ရှောင် ကြဉ်ခြင်း)

၂။ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေ ပန ဓာရဏ မဏ္ဍန ဝိဘူသန ဌာန ဝိရတိ။ (သာသနာတော် ၏ ဆူးငြောင့်ခလုတ်နှင့်တူသော က,ပွဲသဘင် ကြည့်ရှုခြင်း— ဆိုင်းသံ တီးမှုတ်သံတို့ကို နားထောင်ခြင်း ပန်းပန်မှု- နံ့သာ လိမ်းမှုစသည်ဖြင့် အလှပြင်ခြယ်မှုန်းမှုတို့မှ ရှောင်ကြဉ်ခြင်း။)

၃။ ဥစ္စာသယန မဟာသယန ဝိရတိ။ (မြင့်သော နေ ရာ မြတ်သောနေရာတို့၌ နေထိုင်မှုမှ ရှောင်ကြဉ်ခြင်း) ဟုဆို အပ်သော ဤသီလသိက္ခာပုဒ် ၃-ပါးတို့ဖြင့် အပြောက် အ ညွန့် တပ်ဆင်လျက် ဆေးရောင်ခြယ်ပေးလိုက်လျှင် ယင်းကော မာရ ဗြဟ္မစရိယက ငါးပါးသီလမှအမွန်းတင်—ရှစ်ပါးသီလဖြစ် လာရပြန်သည်။ ထိုရှစ်ပါးသော သီလသိက္ခာပုဒ်တို့ အနက် ရှေ့ပိုင်းဖြစ်သော အဖြူထယ်သိက္ခာပုဒ်၅–ပါးကို မသင့်လျော် သော ကာယဒုစရိုက်တို့မှ ထားမြစ်သောကျင့်ဝတ် ဖြစ်သော

ကြောင့် ဝါရိတ္တသီလဟု ခေါ်ဆိုရ၏။ နောက်ပိုင်းဖြစ်သော သိက္ခာပုဒ် ၃-ပါးတို့ကား အမှန်းတင်သည့် အနေဖြင့် အပို ကျင့်ရသော သိက္ခာပုဒ်များဖြစ်၍ စာရိတ္တသီလဟု ခေါ် ဆို၏။

မှတ်ထားချက်။ ။ (ခြသေ့်သားရဲရုပ်တို့ဖြင့် အဆန်း တကြယ် ထုလုပ်ထားသော နှစ်တောင့်ထွာထက် အခြေမြင့်မား သော ပလ္လင်ကြီးများနှင့် ခုတင်ညောင်စောင်း စသည်ကို ဥစ္စာ သယန (မြင့်သောနေရာ)ဟုခေါ်၍ ကချေသည်ဘကျိပ်ခြောက် ယောက် ဆလောက်အောင် ကျယ်ဝန်းသောသားမွေးကမ္ဗလာနီ ထီးသုံး နန်းသုံး မွေးရှည်ကောဇောကြီးမျိုးကို မဟာသယန (မြတ်သောနေရာ)ဟု ခေါ်ဆိုရ၏။

## ဥပုသ်စောင့်သည်ဟု ခေါ်ရခြင်း

ယင်းရှစ်ပါးသီလဘည် အာဇီဝဋ္ဌမကသီလ ငါးပါးသီလ တို့၌ တည်ပြီး သူပင်ဖြစ်စေ၊ သို့မဟုတ်—လုံးဝ သီလမရှိသူပင် ဖြစ်စေ၊ မည်သူမဆိုအထူးတိုးပြီး ကျင့်သုံးရသော သီလဖြစ်၍ သဘာဝအားဖြင့် ထူးကဲသည်သာတည်း။ ဤထူးကဲသော သီလ ဖြင့် စင်ကြယ်သောကိုယ်နှုတ်ကို ဖြစ်စေပြီးလျှင် တရက်တာ နှစ်ရက်တာစသည် စိတ်၌ အဓိဋ္ဌာန်ပြုကာ ကိလေသာ ဖယ်ရှင်း အထူးစင်ကြယ်စွာ နေခြင်းကိုပင်သုဒ္ဓံ ကာယံ ဥပသမ္ပဇ္ဇ ဝသနံ ဥပေါသထောဟူ-သော ဝစနတ္ထ အရ ဥပုသ် စောင့်သည် ဟု ခေါ်ဆိုရပြန်၏။

တနည်းပြောရလျှင် "သုဒ္ဓံ ကာယံ ဥပသမ္ပဇ္ဇ ဝသတိ တော ယာတိ ဥပေါသထော"ဟူသော ကရဏာသာခနေ ဝစနတ္ထအရ ဤကဲ့သို့ စင်ကြယ်စွာနေကြောင်း ဖြစ်သော မဟာကုသိုလ် ဇော၌ ယှဥ်ခိုက် စေတနာကိုလည်း တရားကိုယ်အားဖြင့် ဥပုသ် စောင့်သည် ဥပုသ်ကျင့်သုံးသည်ဟူ၍ပင် ခေါ်ဆို ရသေး၏။ လောကစာရိတ္တ အထင်အရှား အများကျင့်ရိုးသို့လိုက်၍ ဤ ဥပေါသထသီလကို ဥပုသ်နေ့မဟုတ်သော အခြားနေ့များ၌ မ စောင့်ထိန်းရဟု ထင်မှတ်ဖွယ်ရှိပြန်သည်၊ သို့ရာတွင် စွမ်းဆောင် နိုင်ပါက အချိန်မရွေးစောင့်ထိန်း နိုင်သည်သာတည်း။

## ဥပုသ်စောင့်ရာ မရောက်ဘူးတဲ့

ယခုကာလ တကျော လောဘ အဘိဇ္ဈာ ဗျာပါဒတွေနှင့် ဥပုသ်စောင့်ကြသည်မှာ ဥပေါသထပုဒ်မှ ပေါ်ထွက်လာသော အနက်သဘာဝကို ထောက်ထားလျှင် ဥပုသ်စောင့်ရာ ဥပုသ် ကျင့် သုံးရာ မရောက်ပေ။ သို့သော်လည်း ဂေါပါလ ဥပုသ်ဟု ဆိုရပါသေး၏။ မစောင့်ပဲနေသည်ထက် အပုံ ကြီးမြတ်ပါသေး၏။ ငါးပါးသီလ အာဇီဝဋ္ဌမက သီလတို့ထက် လည်း မြတ်ပါသေး၏ဟု ကျေးဇူးရှင် ရွှေကျင်သာသနာပိုင်ဒုတိ ယ ဝိသုဒ္ဓါရုံ ဒီပဲယင်းဆရာတော် ဘုရားကြီးက ပရမတ္ထ စကျူ ကျမ်း၌ ထည့်သွင်းမိန့်ကြားတော်မူသည်။

မှတ်ချက်။ ။(လူမှုရေး စီးပွားရေးစသည်၌ အဘိဇ္ဈာ တကျော ဗျာပါဒတွေနှင့်စပ်၍ မိစ္ဆာဝိတက် မပြတ်တွေးတောကြံ စည်ယင်း စောင့်သုံးအပ်သော ဥပုသ်ကို နွားကျောင်းသား

န္တွားစာကျင်း၌ စဉ်းစားယင်း နွားကျောင်းသည်နှင့် တူသော ကြောင့် ဂေါပါလဥပုသ်ဟု ခေါ်ဆိုရ၏။)

## နဝင်္ဂုပေါသထ သီလဖြစ်လာရပုံ

ယင်း အဋ္ဌင်္ဂုပေါသထ ရှစ်ပါးသီလတွင် မေတ္တာဘာဝနာ ပွါးရေးအတွက် အဓိဋ္ဌာန်ချက်တခု တိုးပေးလိုက်လျှင် နဝင်္ဂုပေါ သထ(ကိုးပါးသီလ) ဖြစ်လာရပြန်သည်။ သို့ရာတွင် မေတ္တာ၏ ဆန့်ကျင်ဘက်ဖြစ်သော ဒေါသ ဗျာပါဒမှာ မနောကံ ဒုစရိုက် ဖြစ်၍ ကာယဒုစရိုက် ဝစီဒုစရိုက်တို့၌ကဲ့သို့—

ဗျာပါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ သူတပါး အကျိုး ပျက်ပြားရေး ကြံတွေးစိတ်ကူးခြင်းမှ ရှောင်ကြဉ် ကြောင်းဖြစ်သော သိက္ခာပုဒ်ကို စိတ်၌ မြဲစွာ ဆောက်တည် ပါ၏-ဟု ဤကဲ့သို့ ဝေရမဏီသိက္ခာပဒံ စာပုဒ်ထည့်၍ကား မ ဆောက်တည်ရပေ။ ထို့ကြောင့် ကိုးပါးသီလ ခံယူရာ၌ မေတ္တာ သဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဝိဟရာမိ၊(သတ္တ ဝါအားလုံးအပေါ်၌ ချစ်ကြည်မှုမေတ္တာသဟဂုတ်စိတ်ဖြင့် နေ ဖို့ရန် အဓိဋ္ဌာန်ချက်ပြုပါ၏။)ဟု ကိုးပါးမြောက် အင်္ဂါရပ်တခု အနေဖြင့် ဆောက်တည်ကြရ၏။

အကယ်၍ ကျမ်းဂန်နှင့် ညီညွတ်သော ကျင့်သုံးရိုး အစဉ် အလာကို နားမလည်သောကြောင့် ဝေရမဏီသိက္ခာပဒံ စာပိုဒ် ထည့်သွင်း၍ ဆောက်တည်လိုက်ပြီဟု ဆိုကြပါစို့-ထိုဆောက် တည်သူမှာ ဘာအပြစ်ရှိသနည်း။ ကျမ်းဂန်ဗဟုသုတ နည်းပါး

သဖြင့် ကျင့်သုံးရိုးအစဉ်အလာမကျဟု ကဲ့ရဲ့ဖွယ်အပြစ်မှတပါး အခြားဘာပြစ်မှ မရှိဟု ထင်ပါသည်။ ဥပမာ— အခွံသင်၍ စားရိုးရှိသော သရက်သီးကို အခွံမသင်ပဲ စားခဲ့သော် သရက်သီးမစားတတ်သော ကျေးတောသားဟု ကဲ့ရဲ့ဖွယ် ရှိသကဲ့သို့ တည်း။

သို့သော် "အတ္ထံ ဟိ သရဏံ အဝေါစ၊ န ဗျဉ္ဇနံ လောကာ ဟိတော မဟေသီ" စသည်ဖြင့် အဋ္ဌကထာလာရှိသည့်အတိုင်း အနက်သဘောသည်သာလျှင် လိုရင်းပဓာန ဖြစ်သောကြောင့် ဝေရမဏီတပ်၍ ဆောက်တည်သည် ဖြစ်စေ၊ မဆောက်တည်သည်ဖြစ်စေ မိမိတို့၏သန္တာန်၌ ဒေါသဗျာပါဒကို မဖြစ်စေပဲ မေတ္တာပွါးနိုင်ခြင်း သည်သာလျှင် လိုရင်းပဓါနဖြစ်သည် ဟု မှတ်ဘားအပ်၏။

(ရှေး၌လည်း တွေ့ရဦးလတံ့)

## သီလ ၂-မျိုးပေါ်ထွက်လာခြင်း

ကာယဒုစရိုက် ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်မှုကို အခြေခံထားသော ကျင့်ဝတ်သီလတို့သည် ဘာဇီဝဋ္ဌမက၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ စသည်ဖြင့် မည်မျှလောက်ပင် မြားမြောင်သည်ဖြစ်စေ တူရာ တူရာပေါင်းစပ်လိုက်လျှင် အမြဲတမ်းလိုက်နာကျင့်သုံးရသော ပကတိစာရိတ္တသီလ ရံခါရံခါ၌ အထူးကျင့်သုံးရသော ဝိကတိစာရိတ္တသီလ-ဟူ၍ အခြေခံမှုအားဖြင့် သီလ ၂-မျိုးသာ ပေါ်ထွက်လာသည်။ ထိုသီလ ၂-မျိုးတို့

တွင်လည်း ရံခါရံခါမှ အထူးကျင့်သုံးရသော ဝိကတိ စာရိတ္တ (ရှစ်ပါးသီလစသည်)ကို မကျင့်လျှင် နေခွင့်ရသည့်တိုင်အောင် ဒုစရိုက်မှ ရှောင်ကြဉ်မှုနှင့် တိုက်ရိုက် ဆက်စပ်လျက်ရှိသော ပကတိစာရိတ္တ(အာဇီဝဋ္ဌမကနှင့် ငါးပါးသီလ)တို့ကိုကား လူတိုင်း ကျင့်သုံးရမည်ဖြစ်၍ လူကျင့်ဝတ်သီလဟု ခေါ်ဆိုရပြန်သည်။

# မကျင့်လျှင်မနေရ ငါးပါးသီလ

ထိုလူကျင့်ဝတ် သီလနှစ်မျိုးတို့တွင်လည်း ထိုထိုပါဠိတော်၌ အာဇီဝဋ္ဌမက သီလထက် ငါးပါးသီလကိုသာ ပိုပြီးအရေးထား ဖော်ထုတ်ထားသည်ကို အတော်များများ တွေ့ရပြန်သည်။ သို့ဖြစ်ရာ လူ့ကျင့်ဝတ် လူ့စည်းကမ်းအနေဖြင့် မကျင့်လျှင်မနေရသောလူ့ကျင့်ပတ်သည်ကား ဤပကတိစာရိတ္တ ငါးပါးသီလပင်တည်း။ လူ့ကျင့်ဝတ်ဖြစ်သော ဤငါးပါးသီလသည် ဗုဒ္ဓမြတ်စွာမပွင့်ပေါ်မီ ရှေးမဆွကပင် ကျင့်သုံးရိုးအစဉ်အလာ ရှိခဲ့၏။ ဗုဒ္ဓမြတ်စွာ ပွင့်ပေါ်လာသော အခါ၌လည်း ဗုဒ္ဓမြတ်စွာသည် ယင်းငါးပါးသီလကိုပင် လူတို့ကျင့်သုံးရသော **ပကတိစာရိတ္တသီလ** အဖြစ်ဖြင့် အမှန်းတင်လျက် ထပ်မံအတည်ပြုတော်မူပြန်၏။

## ဗုဒ္ဓမြတ်စွာ၏ အတည်ပြုချက်

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ကိုယ်တော်မြတ်ထံသို့ ချဉ်းကပ်လာသော အနာထပိဏ်သဌေးကြီးအား လူတိုင်းလိုလားနှစ်သက်အပ်သော ရခဲသော အရာလေးမျိုး ရဖို့ရန် ၁–သဒ္ဓါသမ္ပဒါ၊ ၂–သီလသမ္ပဒါ၊ ၃–စာဂသမ္ပဒါ၊ ၄–ပညာသမ္ပဒါဟူ

သမ္ပဒါ ၄-ပါးရှိသည့်အနက် သီလသမ္ပဒါအရာ၌ ဤသို့ ဟော ကြားတော်မူ၏။

"ကတမာ စ ဟောတိ သီလသမ္ပဒါ၊ ဣဓဂေ ဟပတိ အရိယသာဝကော"

ဒါယကာ သင်္ဌေးကြီး—ကိုယ်ကျင့်သီလ၌ ပြည့်စုံခြင်းဟူသည် အဘယ်နည်းမူ၊ ဤလောက၌ အရိယာတို့၏ တပည့်ဖြစ်သော အိမ်နေ လူဒကာ—ဒကာမသည်—

၁။ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ။ ။သူတပါးတို့၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သူဖြစ်၏။

၂။ အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ။ ။သူတပါး၏ဥစ္စာကို ခိုးယူတိုက်ခိုက်ခြင်းမှလည်း ရှောင်ကြဉ်သူ ဖြစ်၏။

၃။ ကာမေသု မိစ္ဆာစာရာ ပဋိဝိရတော ဟောတိ။ ။ကာမဂုဏ်တို့၌ မတော်-မတရား အမှားကျင့်သုံးခြင်းမှလည်း ရှောင်ကြဉ်သူဖြစ်၏။

၄။ မုသာဝါဒါ ပဋိဝိရတော ဟောတိ။ ။မဟုတ်-မတရားလှည့်စား ပြောဆိုခြင်းမှလည်း ရှောင်ကြဉ်သူ ဖြစ်၏။

၅။ သုရာ မေရယ မဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဟောတိ။ ။လောကစီးပွါး တရားလစ်ဟင်း မေ့လျော့

ခြင်း၏ အကြောင်းဖြစ်သော သေရည်အရက် သောက်စားခြင်းမှလည်း ရှောင်ကြဉ်သူဖြစ်၏။

"အယံ ဝုစ္စတိ ဂဟပတိ သီလသမ္ပဒါ"။

ဒါယကာသူဌေးကြီး....ဤဒုစရိုက်မှုတို့မှ ရှောင်ကြဉ်သူကိုပင် ကိုယ်ကျင့်သီလနှင့် ပြည့်စုံခြင်း (ပြည့်စုံသူ) ဟု ခေါ်ဆိုရ၏။ (စတုက္ကင်္ဂုတ္တရပါဠိတော်—ပတ္တကမ္မသုတ်ကို ရှု)

## လူ့တာဝန် မကျေသူ

ဤကဲ့သို့ တစိတ်တဒေသအားဖြင့် ဖော်ပြထားသော ဗုဒ္ဓမြတ်စွာ၏ အတည်ပြုချက်ကာင် ငါးပါးသီလသည် လူတိုင်းလိုက်နာရမည့် လူ့စည်းကမ်းချက်ဖြစ်ကြောင်း အဓိပ္ပါယ်လေးနက်စေပြန်သည်။ မှန်၏-လူသည် မြို့ပြ ပြည်ရွာ တည်ထောင်ပြီး လူ့အဖွဲ့အစည်း ဖွဲ့ကာ ထယ်ထယ်ဝါဝါ နေသူဖြစ်သည်ကို မည်သူမျှမငြင်းနိုင်ပါ။ အကယ်၍ လူ့အဖွဲ့အစည်းထဲမှာ ရှိနေသူဖြစ်အံ့ လူ့အဖွဲ့အစည်းကို အနှောင့်အယှက် ဖြစ်စေမည့် အရာဆိုက ဘာကိုမှ မလုပ်ထိုက်၊ ထို့ကြောင့် လူ့အဖွဲ့အစည်းကြီးအေးချမ်းသာယာရေးအတွက် လူမှန်လျှင်—

၁။ ။ လူတိုင်း၏အသက်ကို ကာကွယ်နိုင်ရမည်။

၂။ ။ လူတိုင်း၏စည်းစိမ်ကို ကာကွယ်နိုင်ရမည်။

၃။ ။ လူတိုင်း၏အိုးအိမ်ကို သာယာစေရမည်။

၄။ ။ လူတိုင်း၏ဆက်ဆံရေးကို ပြေပြစ်စေရမည်။

၅။ ။ လူတိုင်း၏မြို့ရွာကို လုံခြုံစေရမည်။

ဤကား လူတိုင်းလိုက်နာရမည့် တာဝန်ဖြစ်၏။ အကယ်၍ ထိုမှအပြန်အလှန်ဖြစ်သော လူ့ ဆန္ဒကျင်ဘက်များကို ပြုလုပ်ခဲ့ပါမူ ထိုသူသည် လူ့စည်းကမ်းကို ချိုးဖေါက်ရာရောက်သဖြင့် လူ့တာဝန်မကျေပွန်သူသာတည်း။

## လူ့အဖွဲ့နှင့် လူ့စည်းကမ်း

သို့ဖြစ်ရာ လူတိုင်းပင် လူတိုင်း၏အသက်ကို ကာကွယ်ရမည့်ဖြစ်ရာ—

၁။ ။ သူ့အသက်ကို မသတ်ရ ဟူသော လူ့စည်းကမ်းကြီးသည် လူ့အဖွဲ့အစည်းထဲ၌ အစဉ်ထာဝရ ရှိနေရပြန်၏။

လူတိုင်းပင် လူတို့၏စည်းစိမ်ဥစ္စာကို ကာကွယ်ရမည်ဖြစ်ရာ ထိုလူ့စည်းစိမ် လုံခြုံရေးအတွက်— ၂- သူ့ဥစ္စာကို ခိုးယူတိုက်ခိုက်ခြင်း မပြုရ— ဟူသော လူ့စည်းကမ်းကြီးသည်လည်း လူ့အဖွဲ့အစည်းအတွင်း၌ အစဉ်ထာဝရ ရှိနေရပြန်၏။

လူတိုင်းပင် လူတို့၏ အိုးအိမ်ကို သာယာစေရမည်ဖြစ်ရာ ထိုလူ့အိုးအိမ်သာယာရေးအတွက်—၃- သူတပါး၏သားမယားကို မဖျက်ဆီးရ- ဟူသော လူ့စည်းကမ်းကြီးသည်လည်း လူ့အဖွဲ့အစည်းထဲမှာ အစဉ်ထာဝရ ရှိနေပြန်၏။

ထို့ပြင် လူတိုင်းပင် လူတို့၏လူမှုဆက်ဆံရေးကို ပြေပြစ်စေရမည်ဖြစ်ရာ ထိုလူ ဆက်ဆံမှု ပြေပြစ်ရေးအတွက်— ၄- မဟုတ်

မတရား လှည့်စားပြောဆိုခြင်း မပြုရ- ဟူသော လူ့စည်းကမ်းကြီးသည်လည်း လူ့အဖွဲ့အစည်းထဲ၌ အစဉ်ထာဝရ ရှိနေရပြန်၏။

လူတိုင်းပင် လူတို့၏ မြို့ရွာကို လုံခြုံစေရမည်ဖြစ်ရာ ထို လူ့ရပ်ရွာဒေသ လုံခြုံရေးအတွက်– ၅- သောက်စား မူးယစ်ခြင်း မပြုရ- ဟူသောလူ့စည်းကမ်းကြီးသည်လည်း လူ့အဖွဲ့အစည်းထဲ၌ အစဉ်ထာဝရ ရှိနေရသည်သာတည်း။

မည်သူမဆို အေးချမ်းသာယာသော လူ့လောကကြီးကို တည်ဆောက်လိုပါလျှင် ဤလူ့စည်းကမ်း၅-ချက်ကို လူတိုင်းလိုက်နာခြင်းမှတပါး အခြားကောင်းသော နည်းလမ်းမရှိပေ။ လူတိုင်းပင် လူ့လောက၏ အေးချမ်းသာယာမှုကို အလိုရှိကြ၏။ သို့သော် လူတိုင်းက လူ့စည်းကမ်းကိုကား– မစောင့်ထိန်းကြပေ။ ထို့ကြောင့် သူတို့လိုချင်သော လူ့လောက အေးချမ်းသာယာရေးကို မည်သည့်အခါမှ ကျပ်ပြည့်-တင်းပြည့် မခံစားကြရပေ။

## မျက်မှောက် အခွင့်အရေးများ

ဤလူ့စည်းကမ်း၅ါးချက်ကို ထိန်းသိမ်းထားသူတို့မှာ ငါးပါးသီလလုံခြုံသူများဖြစ်၍ သေသည်မှ နောက်၌ ကောင်းရာဂတိသို့ ဆန်တက်ရခြင်း ဆင်းရဲချုပ်ငြိမ်းရေး အတွက် အခြေခံ သော့ချက်ဖြစ်ခြင်း– စသော နောင်တမလွန်မှ ရမည့်အကျိုးတွေကို အသာဖယ်ထားလိုက်ပါ–

မျက်မှောက်တသက်တာ၌ပင်—

၁။ ။ လူကောင်း သူကောင်းဖြစ်ရခြင်း၊

၂။ ။ လူကောင်း သူကောင်းဟု လူများစု၏ ဂုဏ်တင်မှုကို ခံယူရခြင်း၊

၃။ ။ လူကောင်း သူကောင်းတို့ ရထိုက်သော ကောင်းကျိုးတို့ကိုရရှိခြင်း၊

၄။ ။ လူကောင်း သူကောင်း ဖြစ်ခြင်းကြောင့် လူဆိုး သူဆိုးတို့ခံရသော မင်းပြစ် မင်းဒဏ် မသင့်ရခြင်း၊

၅။ ။ မိမိက လူကောင်း သူကောင်းဖြစ်၍ စိတ်နှလုံး မသာယာမှုကို မခံစားရခြင်း၊

၆။ ။ အနာရောဂါ ကင်းရှင်းခြင်း၊

၇။ ။ အသက်ရှည်ခြင်း- စသော ကောင်းကျိုး ချမ်းသာတို့ကို ခံစားရမည်မှာ မလွဲပေ။

ယခုမျက်မှောက်၌ အမှုအခင်းဖြစ်ပွါး၍ ငွေကုန်ရသည်၊စီးပွါးရေးပျက်ပြားရသည်၊ မင်းပြစ် မင်းဒဏ်သင့်ရသည်၊ စိတ်နှလုံး မသာယာမှု ဖြစ်ရသည် ဆိုသမျှ ငါးပါးသီလမလုံခြုံသော ဒုစရိုက်သမားတို့သာ ဖြစ်သည်ကိုလည်း မျက်မြင်လောကကြီးကပင် သက်သေခံနေပြီ မဟုတ်ပါလော။

## ဗုဒ္ဓမြတ်စွာက ဘယ်လိုမိန့်ကြားသလဲ

အခါတပါး၌ ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့အား မိန့်ကြားတော်မူသည်မှာ အို ရဟန်းတို့....သင်တို့သည် ဤမိန့်ကြားမည့်အရာကို ဘယ်လိုထင်မှတ်ကြမည်နည်း။ တဦး တယောက်သောသူသည်– သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့သားမယားကိုပြစ်မှားခြင်း၊ မဟုတ်မတရား လှည့်စားပြောဆိုခြင်း၊သေရည် သေရက် သောက်စားခြင်းဟု ဆိုအပ်သော ဤဒုစရိုက်မှုတို့မှ ရှောင်ကြဉ်၏။ စင်စစ်အားဖြင့် ထိုဒုစရိုက်မှုတို့မှ ရှောင်ကြဉ်ခြင်းဟူသော အကြောင်းကြောင့် အာဏာပိုင်ဘုရင်တို့က ဖမ်းယူ၍ သတ်ဖြတ်ညှင်းဆဲသည်ကိုရင်း၊ချုပ်နှောင်ထားသည်ကိုရင်း၊ တိုင်းပြည်မှ နှင်ထုတ်သည်ကိုရင်း၊ သူတို့ပြုချင်သလိုပြုသည်ကိုရင်း။ သင်တို့ မြင်ဖူးကြကုန်၏လော။ သင်တို့ ကြားဖူးကြကုန်၏လော-ဟုမေးတော်မူရာ ရဟန်းတို့က ငါးပါးသီလ လုံခြုံခြင်းဟူသော အကြောင်းကြောင့် မင်းပြစ် မင်းဒဏ်သင့်သည်ကို မြင်လည်း မမြင်ဖူးပါကုန်၊ကြားလည်း မကြားဖူးပါကုန် ဘုရားဟု လျှောက်ထားကြကုန်၏။

အိုရဟန်းတို့–ခကာင်းပေစွ၊ငါဘုရားသည်လည်း ထိုဒုစရိုက်မှု ငါးမျိုးတို့ကို ပယ်စွန့်၍ ထိုဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်း ဟူသောအကြောင်းကြောင့် မင်းပြစ် မင်းဒဏ်သင့်ရသော အမျိုးသားကိုရင်း၊ မင်းပြစ်မင်းဒဏ် သင့်ရသော အမျိုးသမီး ကိုရင်း၊ မြင်လည်းမမြင်ဖူးခဲ့ပေ၊ ကြားလည်း မကြားဖူးခဲ့ပေဟု ပြန်မိန့်ကြားတော်မူ၏။ (ပဉ္စင်္ဂုတ္တရပါဠိတော်– ဥပေါသထဝဂ်မှ ရာဇသုတ်ကို အကျဉ်းချုံး၍ ဘာသာပြန်ထားသည်။)

## လူနှင့်တူသောလူ

ကိုယ်တိုင်နှုတ်မြွက်၍ ဆောက်တည်သည်ဖြစ်စေ၊ မဆောက်တည်သည်ဖြစ်စေ ငါးပါးသီလသည် လူ့ကျင့်ဝတ် လူ့စည်းကမ်းဖြစ်ရာ မည်သူ့ထံမှ လက်ဖြန့်တောင်းခံနေစရာ မလိုတော့ပဲ မြို့ထဲ ရွာထဲ၌လည်း ငါးပါးသီလ ပြန့်နှံ့ပြီး ဖြစ်စေရမည်။ အစိုးရအမှုထမ်းလောက၌လည်း ငါးပါးသီလ ပြန့်နှံ့ပြီး ဖြစ်စေရမည်။ အလုပ်သမားလောက၌လည်း ငါးပါးသီလ ပြန့်နှံ့ပြီး ဖြစ်စေရမည်။ ငါးပါးသီလသည် ဘာသာရေးသမား ပုတီးသမားတို့နှင့်သာ သက်ဆိုင်သည်၊ ငါတို့နှင့် မသက်ဆိုင်ဟု မည်သည့် လူတန်းစားကမှ မိမိတို့၏ နယ်နိမိတ်ထဲမှ ဖယ်ထုတ်ထားခြင်းငှါ မသင့်ပေ။

ရှင်းရှင်းရေးရလျှင် ဗုဒ္ဓဓမ္မနှင့် ပတ်သက်သော ဘာသာရေးဟူသည် သီးခြားရပ်တည်နေသော သဘာဝမျိုးမဟုတ်ပေ။ လူမှုရေး၊ စီးပွါးရေး၊ နိုင်ငံရေးစသော ရှိသမျှ အရေးအခင်းများကို ဆောင်ရွက်ရာဝယ် အမှန်တရားမှ ကင်းကွာမသွားစေရန် အမြဲတန်း ထိန်းချုပ်ပေးနေသော စာရိတ္တလမ်းညွှန်တို့သာ ဖြစ်သည်ဟု သဘောပေါက်ရမည်။ သို့ဖြစ်ရာ ရှိသမျှအရေးအခင်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နေကြသော လူတန်းစားတိုင်းပင် ငါသည် လူနှင့်တူသော လူဖြစ်ရမည်ဟု အဓိဋ္ဌာန်ပြုကာ ဤလူ့ကျင့်ဝတ် စည်းကမ်းငါးချက်ကို တသက်ဘာလုံး လိုက်နာကြကုန်လော့။

## မှာတမ်းလင်္ကာ

ဤတခန်းလုံး၊ အတိုချုံးလျက်၊ နိဂုံးလင်္ကာ၊ ရေးဖွဲ့မှာအံ့ ။ သတ္တဝါများ၊ ရင်ဝယ်သားသို့၊ သနားကြင်နာ၊ ကိုယ်ချင်းစာလျက်၊ မေတ္တာမပျက်၊ လည်ချင်းဖက်၍၊ အသက်စည်းစိမ်၊ အိုးအိမ်ကွယ်ကာ၊ ဆက်ဆံရာလည်း၊ သစ္စာရှိစေ၊ နယ်မြေအမြိုမြို၊ အေးချမ်းဖို့ကား၊ သင်တို့တာဝန်၊ ဒို့တာဝန်ဟု၊ ရည်မှန်းမိုင်းဖြတ်၊ ဓိဋ္ဌာန်မှတ်လျက်၊ မသတ်သူ့သက်၊ ခိုးဝှက်မယူ၊ အိမ်သူသူ့မယား၊ မပြစ်မှားနှင့်၊ မှုသားကင်းစေ၊ အရက်သေကို၊ ရှောင်လေအထူး၊ မူးရူးမရမ်း၊ လူ့စည်းကမ်းဟု၊ မှာတမ်းမှတ်သား၊ ဤငါးပါးကို၊ ပိုက်ထားဝမ်းထဲ၊ ခါးဝတ်မြဲသို့၊ ရခဲသောလူ၊ ဖြစ်စေဟူ၍၊ အားယူကျင့်မှု၊ တော်ကာကျသည်။ ။လူက တိရစ္ဆာန်များသောကြောင့်။

# မနောကံသုစရိုက်ခွဲတမ်း

မေး။ ။မနောကံ၌- သုစရိုက်တရား၊ အကျဉ်းအား၊ အပြား ဘယ်မျှနည်း။

ဖြေ။ ။မနောကံ၌- သုစရိုက်တရား၊ အကျဉ်းအား၊ သုံးပါးဖြစ်ပါသည်။

မေး။ ။မနောကံ၌-သုစရိုက်သုံးပါး၊ ဟူသည်ကား၊ ခွဲခြား ဘယ်သို့နည်း။

ဖြေ။ ။မနောကံ၌- သုစရိုက်တရား၊ ဟူသည်ကား၊ ခွဲခြားဤသို့ဖြစ်ပါသည်။

**သရုပ်ပြခွဲတမ်း**

၁။ သူတပါးဥစ္စာကို ကိုယ့်ဥစ္စာဖြစ်ဖို့ရန် မကြံစည်ခြင်း၊ **အနဘိဇ္ဈာ- တပါး။**

၂။ သူတပါး၏အကျိုး ပျက်ပြားရေး မကြံတွေးခြင်း၊ **အဗျာပါဒ တပါး။**

၃။ အယူမှန်ကန်ခြင်း၊ **သမ္မာဒိဋ္ဌိ တပါး။**

ဤသို့လျှင် မနောသုစရိုက်သည် အမျိုးအစားအားဖြင့် ၃–ပါး ဖြစ်ပါသည်။

## ထပ်ဆင့်ရှင်းပြခန်း

ဤမနောသုစရိုက်သုံးပါးရှိသည်အနက် အနဘိဇ္ဈာဟူသည် အဘိဇ္ဈာ(လောဘ)၏ ဆန့်ကျင်ဘက်ဖြစ်သော အလောဘ စေတသိက်ပင်ဖြစ်၏။ အဗျာပါဒဟူသည် ဗျာပါဒ (ဒေါသ) ၏ ဆန့်ကျင်ဘက်ဖြစ်သော အဒေါသစေတသိက် (မေတ္တာ) ပင် ဖြစ်၏။ ဒေါသ(ဗျာပါဒ) သည် သတ္တဝါတို့၏ အကျိုးဖျက် တရားဖြစ်သကဲ့သို့ အဒေါသ(မေတ္တာ)သည်ကား သတ္တဝါတို့ ၏ အကျိုးပြု တရားဖြစ်၏။ ယင်း ၂-ပါးတို့သည်လည်း မီးနှင့် ရေကဲ့သို့ ဖြောင့်ဖြောင့် ဆန့်ကျင်လျက်ရှိကြ၏။

ထို့ပြင် သမ္မာဒိဋ္ဌိဟူသည် မနောကံခွဲတမ်းတုန်းက ဖော်ပြအပ်ခဲ့သော အယူမှားခြင်း ဒိဋ္ဌိစေတသိက်၏ ဆန့်ကျင်ဘက် ဖြစ်သော အယူမှန်ကန်ခြင်း ပညိန္ဒြေ(အမောဟ)စေတသိက်ပင် ဖြစ်၏။ အမှားနှင့် အမှန်သည်လည်း အမှောင်နှင့်အလင်းကဲ့သို့ အချင်းချင်းဆန့်ကျင်ဘက် ဖြစ်ကြပြန်၏။

## သမ္မာဒိဋ္ဌိ ၅–မျိုး

ယင်းသမ္မာဒိဋ္ဌိသည်လည်း—

၁။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ။

၂။ ဈာနသမ္မာဒိဋ္ဌိ။

၃။ စိပ်ဿနာ သမ္မာဒိဋ္ဌိ။

၄။ မဂ္ဂသမ္မာဒိဋ္ဌိ။

၅။ ဖလသမ္မာဒိဋ္ဌိ။

ဟု အမျိုးအစားအားဖြင့် ငါးမျိုးရှိပြန်သည်။

ထိုသမ္မာဒိဋ္ဌိသည် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးထဲတွင် အရေးပါ အရာအရောက်ဆုံးဖြစ်သော အရိယာမဂ်၏ အစိတ်အပိုင်းတမျိုးသာတည်း။ သို့သော် မဂ်စိတ်လေးခု၌ ယှဉ်ခိုက်ဖြစ်သော ပညိန္ဒြေ စေတသိက်ကိုသာလျှင် သမ္မာဒိဋ္ဌိမဂ္ဂင်အစစ်ဟု မှတ်သားအပ်၏။ အဘယ့်ကြောင့် ဆိုသော် မဂ္ဂသမ္မာဒိဋ္ဌိကသာလျှင် ဝဋ်ဆင်းရဲကို ဖြိုဖျက်နိုင်သောကြောင့် ဖြစ်၏။ (မဂ္ဂသမ္မာဒိဋ္ဌိ ဂစ္ဆံ ဝိဒ္ဓံသေတိ- ဟူသော အင်္ဂုတ္တရနိကာယဒုတိယဝဂ်အဖွင့်မှာ ရှု။)

## ကမ္မဿကတာ သမ္မာဒိဋ္ဌိ

ထိုသမ္မာဒိဋ္ဌိ ၅—မျိုးတို့တွင် သတ္တဝါတို့မှာ ကိုယ်ပြုထားသော ကောင်းမှု-ဆိုးမှုတို့သည်သာလျှင် ကိုယ်ပိုင်ဥစ္စာဖြစ်သည်ဟု အမှန်အဟုတ်ငြင်သော အသိဉာဏ်ကိုသာလျှင် ကမ္မဿကတာ သမ္မာဒိဋ္ဌိဟု ခေါ်ဆိုရ၏။ ဆက်ဦးအံ့၊ တသက်တာ၌ သုံးမကုန်- ဖြုန်းမကုန်အောင် ကြွယ်ဝချမ်းသာသော သဌေးကြီးတို့သည် မိမိတို့ချမ်းသာသမျှ ပစ္စည်း ဥစ္စာတို့ကို ငါ့ပစ္စည်းတွေ ငါ့ဥစ္စာတွေဟု မည်မျှလောက်ပင် စွဲလမ်းသိမ်းပိုက်ထားကြသည့်တိုင်အောင် ထိုပစ္စည်း ဥစ္စာတို့သည် သေရသောအခါ၌

သဒ္ဒေးကြီးနောက်သို့ တပြုံးတချပ်မျှ ပါမသွားကြ၊ ထားခဲ့ကြရသည်။ မသေမီက ပြုထားသော ကောင်းမှု- ဆိုးမှုတို့သည်သာလျှင် ဘဝမကူး သူ့နောက်သို့ ထက်ကြပ်ပါသွားကြ၏။

သို့ရာတွင် အကုသိုလ်သည် အကုသိုလ်ပြုသူ၏ လိုအပ်သော အကျိုးဖလကို မဖန်းတီးနိုင်၊ ပြုထားသော ကုသိုလ်ကသာလျှင် လိုအပ်သော အကျိုးဖလကို ဖန်တီးနိုင်သည်ဖြစ်ရကား၊ ကုသိုလ်ကိုသာလျှင် ကုသိုလ်ပြုသူ၏ ကိုယ်ပိုင်ဥစ္စာအစစ်ဟု မှတ်သားသင့်၏။ သို့ဖြစ်ရာ ငါ့ပစ္စည်း— ငါ့ဥစ္စာဟု မှတ်နေကြသော ပစ္စည်းဥစ္စာတို့သည် ကိုယ်ပိုင်မဟုတ်၊ သားဆိုင်- သမီးဆိုင်— မင်းဆိုင်း စိုးဆိုင် အများပိုင်တို့သာ ဖြစ်၏။မသေမီက ပြုထားသော ကုသိုလ်တို့သည်သာ ကိုယ်ပိုင်ဥစ္စာဖြစ်၏ ဟု နားလည်ကြပြီးလျှင် အများပိုင်ဥစ္စာတွေကို ကိုယ်ပိုင်ဥစ္စာဖြစ်အောင် ပြုလုပ်ကြရန်မှာ- လူ့ဒါန်းနိုင်သူ ပစ္စည်းရှင်တို့၏ တာဝန်သာတည်း။

## ထားလဲထား စားလဲစား လှူလဲလှူ

ဘိုဘွားမိဘတွေ သူတို့နောက်ပါအောင် ယူမသွားနိုင်ကြသော ပစ္စည်းဥစ္စာတွေကို ကိုယ့်နောက်ပါအောင် ယူသွားမည်ဟု အိတ်သွန်ဖာမှောက် ရဲရဲတောက် လှူဒါန်းစွန့်ကြဲပြီးလျှင် ရသေ့ရဟန်းပြု၍ တောထွက်သွားကြသော ရှေးအလောင်းတော်ကြီးတွေ အပြတ်အသတ် ပါရမီဖြည့်နိုင်ကြသည်မှာ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် အခြေခံ အားကောင်းသောကြောင့်ဖြစ်၏။

ထို အလောင်းတော်ကြီးများကဲ့သို့ ယခုခေတ်လူတို့က ရှိသမျှ ပုံဘိုက်ပြီး အကုန်လှူပစ်ရမည်ဟု မဆိုလိုပါ၊ ခန္ဓာဝန်ကြီးကလည်း ရှိနေသေးသဖြင့် ထားလဲ့ ထားရမည်၊ စားလဲ စားရမည်၊ သို့သော်လည်း စားတဲ့အခါ၌ကား အရိုးအရင်းကို ဖယ်၍ စားဘတ်ဖို့ အရေးကြီး၏။ ထို့ကြောင့် ကျေးဇူးရှင် ရွှေကျင်သာသနာပိုင် ဒီပဲယင်းဆရာတော်ဘုရားကြီးက- **ထားသမျှမသေခင်၊ စားသမျှမစင်၊ ပြုသမျှကုသိုလ်အပင်၊ ထားလဲထား— စားလဲစား— အရိုးအရင်းကို ဖယ်၍ဝါး-** ဟုပရမတ္ထစကားကျမ်း၌ ထည့်သွင်းမိန့်ကြားတော်မူ၏။

မည်သို့ပင်ဖြစ်စေ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ် အခြေခံကောင်းသူမှန်က "**အကတ္တာ အကုသလံ ကမ္မံ**" ဟု ဟောကြားတော်မူသည့်အတိုင်း မိမိအတွက် ဆင်းရဲနိမ့်ကျကြောင်းဖြစ်သော အကုသိုလ်ဒုစရိုက်များကိုလည်း ပြုလုပ်မည်မဟုတ်ပါ၊ "**ကတ္တာနကုသလံ ဗဟုံ**" ဟု ဟောတော်မူချက်အရ ဘဝသံသရာ၌ နေရာကောင်းရမှု ချမ်းသာအတွက် လိုလေသေးမရှိအောင် ဖန်တီးပေးနိုင်သော ကုသိုလ်တို့ကိုလည်း အများကြီးပြုလုပ်မည်မှာမလွဲပေ။ သို့အတွက် ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ကို အခြေခံအုတ်မြစ်ချ၍ မြင့်မားသော ကုသိုလ်အဆောက်အအုံကို တည်ဆောက်နိုင်သူတို့အဖို့မှာ သေသည့်မှနောက်၌ ဘဝကောင်း-နေရာကောင်းရဖို့ရန် သေချာသလောက်ပင်တည်း။ (တတ္ထ **ကမ္မဿကတာ သမ္မာဒိဋ္ဌိ သမ္ပတ္တိဘဝံ အာကစ္ဆတိ**....ဟူသော အင်္ဂုတ္တရနိကာယ ဒုတိယဝဂ် အဖွင့်ကို မြွော်သည်။)

## ဈာန သမ္မာ ဒိဋ္ဌိ

ဈာန်ရပုဂ္ဂိုလ်တို့၏ ဈာန်၌ယှဉ်ခိုက်ဖြစ်သော သမ္မာဒိဋ္ဌိကိုပင် ဈာနသမ္မာဒိဋ္ဌိဟု ခေါ်ဆိုရ၏။ ပုထုဇဉ်ဈာနလာဘီပုဂ္ဂိုလ်တို့ သည် သေရမည့်အချိန်အထိ ရထားသောဈာန်မှ လျောကျမှုမရှိ ခဲ့ပါလျှင် မိမိတို့ရအပ်ပြီးသော ဈာန်ကုသိုလ်စိတ်အားလျော်စွာ ရူပဘုံ–အရူပဘုံတို့၌ ဖြစ်ရမည်မှာ သေချာလှ၏။ ထို့ကြောင့် **"ဈာနသမ္မာဒိဋ္ဌိ ရူပါရူပဘဝေ ပဋိသန္ဓိ ဒေတိ"**–ဟု ယင်း အဋ္ဌကထာ၌ပင် ဖွင့်ပြတော်မူရပြန်သည်။

## ဝိပဿနာ သမ္မာ ဒိဋ္ဌိ

သတ္တဝါတို့၏ အမြင်၌ ငါ–သူတပါး ယောကျာ်း–မိန်းမ စသည်ဖြင့် ခေါ်ဝေါ်သမုတ်အပ်သော တကယ်မရှိသော ပညတ် တရားတွေက ဖုံးအုပ်ထားသောကြောင့် တကယ်ရှိနေသော ရုပ်တရား–နာမ်တရားတွေ ပျောက်နေရသည်။ အကယ်၍ မရှိ သော ပညတ်တရားတွေကို ဖယ်ရှားနိုင်ပါက ဖောက်ပြန်တတ်မှု ရုပ်အစုနှင့် အာရုံသိတတ်မှု နာမ်အစုတို့ကိုသာလျှင် တကယ်ရှိ– အဟုတ်ရှိအနေဖြင့် တွေ့မြင်ရမည်သာတည်း။

အရှိသဘာဝဖြစ်သော ထိုရုပ်နာမ်တို့သည်လည်း တစက္ကန့်မျှ ခိုင်မြဲတည်တန့်သောတရားများ မဟုတ်ကြပေ၊ ကောင်းကင်မှ တခါတခါ လက်လိုက်သောလျှပ်စည်းရောင်လေးသည် ဝင်းကနဲ လက်ပြီး ပျက်သွားသကဲ့သို့ ရုတ်ခနဲဖြစ်ပြီး–ရုတ်ခနဲပျက်သွားရ သော အနိစ္စတရားတို့သာတည်း။ သို့သော်လည်း ထိုရုပ်နာမ်တို့၏

အဖြစ်သဘာဝ—အပျက်သဘာဝကိုကား မွေးရာပါ မျက်စိနှင့် ရှု၍ မမြင်ရ၊ ဝိပဿနာဉာဏ်မျက်စိဖြင့်သာ ရှု၍မြင်ရ၏။ ထို ရုပ်နာမ်တို့၏ အဖြစ်–အပျက်ကို သတိပဋ္ဌာန်ရှုနည်းဖြင့်ဖြစ်စေ– ဝိပဿနာအခြေခံဖြစ်သော အာနာပါနဿတိရှုနည်းဖြင့်ဖြစ်စေ- ဝိပဿနာသက်သက်ရှုသော နည်းဖြင့်ဖြစ်စေ မြင်အောင်ရှုနိုင် သော မဟာကုသိုလ်ဉာဏသမ္ပယုတ် အမောဟ(ပညိန္ဒြေ) စေတ သိက်ကိုပင် ဝိပဿနာသမ္မာဒိဋ္ဌိဟု ခေါ်ရ၏။

ရှုဖန်များ၍ ဝိပဿနာသမ္မာဒိဋ္ဌိ အားကောင်းလာသော အခါ ယင်းဝိပဿနာ သမ္မာဒိဋ္ဌိမှ မဂ္ဂသမ္မာဒိဋ္ဌိ— ဖလသမ္မာဒိဋ္ဌိ တို့သည်လည်း သဘာဝအလျှောက် ပေါ်ပေါက်လာရမည်ဖြစ် ၏။ ထို့ကြောင့် တကြိမ်သာဖြစ်ပြီး ချုပ်ပျောက်သွားသော အရိယာမဂ်အစစ်ကို ပွါး၍မရ၊ မဂ်၏ ရှေ့ပြေးဖြစ်သော သော ကီဝိပဿနာ သမ္မာဒိဋ္ဌိကိုသာလျှင် ဘာဝိတ- ဗဟုလီကတ ဖြစ် အောင် ပွါးများရမည်ဖြစ်သတည်း။

## ခြုံ၍သုံးသပ်ခြင်း

ကာယသုစရိုက်ခွဲတမ်း—ဝစီသုစရိုက်ခွဲတမ်း- မနောသုစရိုက် ခွဲတမ်းတို့၌ ဖော်ပြအပ်ခဲ့သော စကားရပ်အားလုံးတို့ကို ခြုံ၍ သုံးသပ်ခဲ့လျှင်–

၁။ ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်း– **ကာယသုစ ရိုက်သုံးပါး**။

၂။ ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်း- **ဝစီသုစရိုက် လေးပါး**။

၃။ မနောဒုစရိုက် သုံးပါးကို စိတ်ထဲ၌ မဖြစ်ပေါ်အောင် ဟန့်တားခြင်း- **မနောသုစရိုက် သုံးပါး**။ ။ဤသို့လျှင် သုစရိုက်သည် အမျိုးအစားအားဖြင့်(၁၀)ပါးရှိကြောင်း ထင်ရှားပြီး ဖြစ်ခဲ့ပြီ။

ထိုသုစရိုက်(၁၀)ပါးတို့တွင် ကာယသုစရိုက် ၃–ပါး၊ ဝစီသုစရိုက် ၄–ပါးတို့သည် ကိုယ်ထဲနှုတ်ထဲသို့ ရောက်လာသော ကာယဒုစရိုက်–ဝစီဒုစရိုက်(ဝီတိက္ကမ- လွန်ကျူးကိုလေသာ) တို့မှ ရှောင်ကြဉ်ရသော ဝိရတိသီလတို့သာ ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ဒုစရိုက်အကုသိုလ်နှင့် သုစရိုက်ကုသိုလ်တို့ကို တစုံစီ တစုံစီ ခွဲခြား၍ ဟောကြားရာဝယ် ကာယကံ–ဝစီကံအရာ၌ ဤကဲ့သို့ ဟောကြားတော်မူ၏။

## ဝေရမဏီ ပါသော ကာယကံ ဝစီကံ

**ပါဏာတိ ပါတော ခေါ ဝစ္ဆ အကုသလံ ပါဏာတိ ပါတာ ဝေရမဏီ ကုသလံ**။ ။အို–ဝစ္ဆပရိဗိုဇ်- သူ့အသက်သတ်ခြင်းသည် အကုသိုလ် ဒုစရိုက်တရားဖြစ်၏။ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ် သုစရိုက်တရားဖြစ်၏။ ဤသို့ စသည်ဖြင့် ဝစီဒုစရိုက်မှ နောက်ဆုံး- သမ္ဖပ္ပလာပ တိုင်အောင်–

သမ္ဖပ္ပလာပေါ ခေါ ဝစ္ဆ အကုသလံ သမ္ဖပ္ပလာပါ ဝေရမဏီ ကုသလံ။ ။အို- ဝစ္ဆပရိဗိုဇ်- သိမ်ဖျင်းသောစကားကို ပြောဆိုခြင်းသည် အကုသိုလ် ဒုစရိုက်တရားဖြစ်၏။ သိမ်ဖျင်း

သောစကားကို ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်းသည် ကုသိုလ် သုစရိုက်တရားဖြစ်သည်သာတည်း။ ဤသည်တို့ကား ကာယကံ-ဝစီကံအရာ၌ အသီးသီးဝေရမဏီဝိရတီစေတသိက်၏ ပေါင်းကြားပုံပါဠိတော်ကြီးဖြစ်၏။ သို့ရာတွင် မနောဒုစရိုက်နှင့် မနောသုစရိုက်တို့ကို တစုစီ ခွဲခြား၍ ဟောတော်မူရာ၌ကား- ကာယကံ-ဝစီကံတို့၌ ဟောပုံမျိုးမဟုတ်ပဲ ဝ.မျိုးကဖုံ ဟောကြားတော်မူပြန်၏။

## ဝေရမဏီ မပါသော မနောကံ

၁။ ။အဘိဇ္ဈာ ခေါ ဝစ္ဆ အကုသလံ အနဘိဇ္ဈာ ကုသလံ။ ။အို- ဝစ္ဆဂေါတ္တ- အဘိဇ္ဈာလောဘသည် အကုသိုလ် (မနောဒုစရိုက် တရားဖြစ်၏။ အဘိဇ္ဈာ၏ ဆန့်ကျင်ဘက်ဖြစ်သော အနဘိဇ္ဈာ (အလောဘ)သည် ကုသိုလ် သုစရိုက်တရားဖြစ်၏။

၂။ ။ဗျာပါဒေါ ခေါ ဝစ္ဆ အကုသလံ အဗျာပါဒေါ ကုသလံ။ ။အို-ဝစ္ဆဂေါတ္တ— ဒေါသ ဗျာပါဒသည် အကုသိုလ်ဒုစရိုက်တရားဖြစ်၏။ ဒေါသဗျာပါဒ၏ဆန့်ကျင်ဘက် အဗျာပါဒ (အဒေါသ မေတ္တာ) သည် ကုသိုလ် သုစရိုက်တရားဖြစ်၏။

၃။ ။မိစ္ဆာဒိဋ္ဌိ ခေါ ဝစ္ဆ အကုသလံ သမ္မာဒိဋ္ဌိ ကုသလံ။ ။အို- ဝစ္ဆဂေါတ္တ- အယူမှားခြင်း မိစ္ဆာဒိဋ္ဌိသည် အကုသိုလ်ဒုစရိုက်တရားဖြစ်၏။ အယူမှန်ကန်ခြင်း သမ္မာဒိဋ္ဌိသည် ကုသိုလ်သုစရိုက်တရားဖြစ်၏။ ဤသည်ကား- မနောကံအရာ၌

ဝေရမဏီမပါပဲ ဟောတော်မူပုံ ပါဠိတော်တည်း။ (မဇ္ဈိမနိကာယ်ပရိဗ္ဗာဇကဝဂ်မဟာဝစ္ဆဂေါတ္တသုတ် နှာ-၁၅၇ မှာရှု။)

မနောကံ၌ ဝိရတီသီလ မရ

ဒုစရိုက်ချင်းအတူတူဖြစ်၍ မနောကံအရာ၌လည်း ကာယကံ ဝစီကံတို့၌ကဲ့သို့ "အဘိဇ္ဈာ ခေါ ပစ္စ အကုသလံ အဘိဇ္ဈာယ ဝေရမဏီ ကုသလံ"စသည်ဖြင့် ဝေရမဏီထပ်၍ ဟောတော်မူသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဝေရမဏီမပါပဲ တမျိုးတဖုံဟောတော်မူရပါသနည်း။ အကယ်၍ ဤသို့မေးငြားအံ့ "နဟိ မနောဒုစ္စရိတာဿ ဝိရတိ အတ္ထိ အနဘိဇ္ဈာဒိတော တပ္ပဟာနသိဒ္ဓိတော"ဟု ပါဠိထယ်ျဋီကာ ဖွင့်ဆိုချက်အရ မနောဒုစရိုက်အရာ၌ ဝိရတီသီလ၏အစွမ်းဖြင့် ရှောင်ကြဉ်မှု မရပေ။ အဘယ်ကြောင့်ဆိုသော် အဘိဇ္ဈာကို အနဘိဇ္ဈာ(အလောဘ)ဖြင့်ရင်း၊ ဗျာပါဒကို အဗျာပါဒ(အဒေါသ)ဖြင့်ရင်း၊ မိစ္ဆာဒိဋ္ဌိကို သမ္မာဒိဋ္ဌိ(အမောဟ)ဖြင့်ရင်း၊ပယ်မှုကိစ္စ ပြီးစီးနိုင်သောကြောင့် ယင်းမနောကံအရာ၌ ဝေရမဏီထပ်၍ ဟောတော်မမူခြင်းဖြစ်သည်ဟု ဖြေရမည်သာတည်း။

မှန်၏၊ မနောဒုစရိုက်သည် အပြင်သို့မထွက်၊ အတွင်းဘက်၌သာ လှုပ်ရှားနေသော ပရိယုဋ္ဌာန(စိတ်ကူး)ကိလေသာဖြစ်၍ ယင်းစိတ်ကူးကိလေသာကို ကာယသုစရိုက်- ဝစီသုစရိုက်အစွမ်းဖြင့်ဖြစ်သော ဝိရတီသီလက မပယ်နိုင်၊မနောသုစရိုက်၏ အစွမ်းဖြင့်ဖြစ်သော ဘာဝနာတခုခုဖြင့်သာ ပယ်နိုင်သည်။ သို့ဖြစ်ရာ မနောကံအရာ၌ ကာယကံ- ဝစီကံမှာကဲ့သို့ ဝေရမဏီထပ်၍

ဟောတော်မမူဘဲ အနုဘိဇ္ဈာ-အဗျာပါဒ-သမ္မာဒိဋ္ဌိဟု မနော
သံဝရ၏ အစွမ်းဖြင့်သာ တမျိုးတဖုံ ဟောတော်မူရသတည်း။

## စိတ်တည်ငြိမ်ရေး အလုပ်ပေး

တမျိုးပြောရလျှင် ကာယဒုစရိုက်- ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ရသော ဝိရတီသီလသည် ကိုယ်ထဲ နှုတ်ထဲသို့ ရောက်လာသော ဒုစရိုက် (လွန်ကျူး) ကိလေသာတို့ကို တဒင်္ဂအနေဖြင့် ပယ်သားနိုင်သော်လည်း စိတ်ထဲ၌ မသန့်မရှင်း ဖြစ်နေသော မနောဒုစရိုက် (စိတ်ကူးကိလေသာ) ကိုကား ထိုဝိရတီသီလက လုံးဝမပယ်နိုင်ပေ။

" လူ—အလုပ်မရှိလျှင် ပွေ၊ စိတ်—အလုပ်မရှိလျှင် လေ" ဟူသော စကားအရ မိမိတို့၏စိတ်ကို သမထ—ဝိပဿနာ သင့်လျော်ရာ အလုပ်ကောင်းတခုခုကို ပေးမထားနိုင်ခဲ့ပါမူ ထိုအလုပ်မရှိသောစိတ်သည် တည်ငြိမ်မှုမရှိပဲ လေလွင့်နေရမည်သာဖြစ်၏။ ထိုစိတ်လေ စိတ်လွင့်ထဲမှာပင် မကောင်းကြံ ကြံခြင်း အဘိဇ္ဈာ- ဗျာပါဒ- စသော ကိလေသာများလည်း ပေါက်ပွါးလာကြရပြန် သည်၊ ထို့ကြောင့် မနောဒုစရိုက် (စိတ်ကူးကိလေသာ) များကို မယ်ရှားရန်မှာ မနောသုစရိုက်၏ အစွမ်းဖြင့်ဖြစ်သော ဘာဝနာပွါးရေးပင်တည်း။

အကယ်၍ အထက်ဘန်းဘာဝနာမျိုး မပွါးနိုင်စေကာမူ လူမှုရေးကိစ္စ အားလပ်ခွင့်ရချိန်၌ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းအနေဖြင့် ပုတီးစိတ်နေလျှင်လည်း စိတ်အလုပ်မရှိပဲ နေရသည်ထက်

အများကြီး တန်ဖိုးရှိပါသည်။ သို့သော် ပုတီးစိတ်ရာဌ်ကား "နင်ပြီး နင်ဆင်း- နှလုံးသွင်း မပါသော ပုတီးစိတ်နည်းမျိုး" မဖြစ်စေသင့်။

## အရင်းအနှီး မစိုက်ရသောကုသိုလ်

ဒုစရိုက် (၁၀) ပါးကို သူ့နည်းနှင့်သူ ဖယ်ရှားခြင်းသည်ပင် သုစရိုက်(၁၀) ပါးဖြစ်၏။ ထိုသုစရိုက်တရားတွေကို ကျင့်သုံးရေးအတွက် တပြားတချပ်မျှ အရင်းအနှီးစိုက်ထုတ်ရန်မလိုပါ။ အမှန်အတိုင်းပြောရသော်- သုစရိုက် (၁၀) ပါးသည် အရင်းအနှီး မစိုက်ရသော ကုသိုလ်ထူးကြီးဖြစ်၏။ အဘယ့်ကြောင့်ဆိုသော်- ဒုစရိုက်တရားဖယ်ရှားခြင်း- ဒုစရိုက်မှုကိုမပြုခြင်းသည်ပင် သုစရိုက်တရား ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် သုစရိုက်ခွဲတမ်း အခုပိုင်းတွင်လည်း ဤကဲ့သို့ ဆောင်ပုဒ် ရေးခဲ့ပါပြီ။

ဒုစရိုက်ဆယ်ပါး— ဖယ်ရှားရှောင်ကြဉ်၊
သုစရိုက်လည်း— ထိုနည်းအသွင်။
ဒုစရိုက်မှု— မပြုပါလျှင်၊
သုစရိုက်— ပြုခိုက်မည်သည် င်။

## သုစရိုက်-၁၀-ပါး အကျဉ်းချုပ်

ဤဖော်ပြခဲ့သော စကားရပ်တို့ကို အကျဉ်းချုပ်လိုက်လျှင် သုစရိုက်ခွဲတမ်းအရ သုစရိုက် ၁၀- ပါး ဟူသည်မှာ—

၁။ ပါဏာတိပါတ ဝိရတိ

၂။ အဒိန္နာဒါန ဝိရတိ

၃။ ကာမေသုမိစ္ဆာစာရ ဝိရတိ- ဟူ၍ ကာယဒုစရိုက်- ၃-ပါး မှရှောင်ကြဉ်ခြင်း ကာယ ဒုစရိုက် -၃-ပါး

၄။ မုသာဝါဒ ဝိရတိ

၅။ ပိသုဏာဝါစာ ဝိရတိ

၆။ ဖရုသဝါစာ ဝိရတိ

၇။ သမ္ဖပ္ပလာပ ဝိရတိ—ဟူ၍ ဝစီဒုစရိုက်– ၄-ပါး မှ ရှောင်ကြဉ်ခြင်း ဝစီ သုစရိုက် ၄—ပါး

၈။ သူတပါး ဥစ္စာကို ကိုယ့်ဥစ္စာဖြစ်မှုအတွက် မကြံ စည်ခြင်း– အနဘိဇ္ဈာ

၉။ သူတပါး၏ အကျိုးပျက်ပြားမှု မကြံတွေးမစဉ်း စားခြင်း — အဗျာပါဒ

၁၀။ အယူမှန်ကန်ခြင်း - သမ္မာဒိဋ္ဌိ— ဟူ၍ မနောသုစ ရိုက်– ၃-ပါး၊ ဤသို့လျှင် သုစရိုက်တရားသည် အကျဉ်းချုပ်+ ၁၀-ပါး ဖြစ်ပါသည်။

ဆောင်ပုဒ်လင်္ကာ

မေး။ ။ လိုရင်းဖော်ထုတ်၊ အကျဉ်းချုပ်၊ ဆောင်ပုဒ် ဘယ်သို ဆိုသနည်း။

ဖြေ။ ။ လိုရင်းဖော်ထုတ်၊ အဲ့ကျဉ်းချုပ်၊ ဆောင်ပုဒ်ဤသို့ ဆိုပါသည်။

(ဆောင်) ကာယကံမှု— သုံးခုစုံလင်။
ဝစီကံမှု— လေးခုအပြင်။
မနောကံမှု သုံးခုပါဝင်။
သုစရိုက်— ပြုလိုက်ဆယ်ပါးပင်။

မေး။ ။ သုစရိုက်အကျယ်၊ မှတ်သားဖွယ်၊ လေးဆယ်ဘယ်သို့ ဖြစ်သနည်း။

ဖြေ။ ။ သုစရိုက်အကျယ်၊ မှတ်သားဖွယ်၊ လေးဆယ်ဤသို့ ဖြစ်ပါသည်။

သုစရိုက်အကျယ် ၄၀-ဖြစ်ပုံ

သုစရိုက်အကျဉ်း–၁၀- ပါးရှိရာ တပါးတပါး၌–

၁၊ သုစရိုက်တရားကို ကိုယ်တိုင်ကျင့်သုံးခြင်း - သာဟတ္ထိက သုစရိုက်- ၁- ပါး။

၂။ သူတပါးကိုကျင့်သုံးစေရန် စေခိုင်းတိုက်တွန်းခြင်း- အာဏတ္တိကသုစရိုက် -၁- ပါး။

၃၊ သုစရိုက်တရားကို ကျင့်သုံးလေ့ချင်အောင် ချီးမွမ်းပြောဆိုခြင်း- ဝဏ္ဏဘာသန သုစရိုက် ၁- ပါး။

၄။ သူတပါး ကျင့်သုံးသည်ကို စိတ်တူကျေနပ်ခြင်း- သမနုညာ သုစရိုက်- ၁- ပါး။ ။ဤသို့လျှင် ဒုစရိုက်အရော၌ ကဲ့သို့ သုစရိုက်မှာလည်း အကျယ်လေးဆယ် ဖြစ်ပါသည်။

လိုရင်းဖော်ထုတ်၊ အကျဉ်းချုပ်၊ ဆောင်ပုဒ် ဘယ်သို့ဆိုသနည်း။

လိုရင်းဖော်ထုတ်၊ အကျဉ်းချုပ်၊ ဆောင်ပုဒ် ဤသို့ဆိုပါသည်။

(ဆောင်) ကိုယ်တိုင်တိုက်ဘွန်း- ချီးမွမ်းလေ့ကာ၊
စိတ်တူပြန်ရ-ဆန္ဒမကွာ၊
ဤလေးပါးနှင့်- မြှောက်ကပ္ပါးပြန်ရာ၊
သုစရိုက်-ပြုထိုက်လေးဆယ်ပါ။

သုစရိုက် တရားများကို

# လူ့စည်းကမ်းဥပဒေတော်ကြီး

ဟု မော်ကွန်းတင် အမည် တပ်ရပုံ

မိမိထို၏ ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို မကောင်းမှု ဒုစရိုက်ဖက်သို့ ယိမ်းယိုင်မသွားစေပဲ အချိုးကျ သေဝပ်အောင် ထိန်းသိမ်းထားခြင်းသည်ပင် ကုသိုလ်သုစရိုက်တရားလည်း ဖြစ်သည်၊ ကိုယ်ကျင့်သီလလည်းဖြစ်သည်ဟု အကျဉ်းချုပ်မှတ်သားရန် စာဖတ်သူတို့အား ဖော်ပြအပ်ပြီးသော အခန်းကဏ္ဍတို့ကပင် သင်ခန်းစာပေးခဲ့ပါပြီ၊

လူကို လူနှင့်တူအောင် လူပီသအောင် ထိန်းချုပ် ပြုပြင်ပေးသော ယင်းသုစရိုက်တရားတို့သည်ကား ကမ္ဘာဦးကာလ လူပေါ်စအချိန်မှ အစပြု၍ လူနှင့်အတူ ပေါ်ပေါက်လာခဲ့ရာ ကမ္ဘာသူ ကမ္ဘာသားတို့သည်လည်း ယင်းသုစရိုက်တရား တို့ကိုပင် "ငါတို့စောင့်ထိန်းရမည့် လူ့စည်းကမ်း လူ့ကျင့်ဝတ်တွေ ပါတကား" ဟု အားလုံးသဘောပေါက် နားလည်ကြကုန်ပြီး လျှင် မည်သူဘဦးတယောက်ကမျှ ဟောပြော တိုက်တွန်းရခြင်း မရှိပဲ လူ့သဘာဝအလျောက် စောင့်ရှောက်ကြ၏၊ ထိန်းသိမ်းကြ၏၊ လူ့စည်းကမ်း လူ့ဥပဒေအဖြစ်ဖြင့် အများသဘောတူ လိုက်နာကြ၏။

ထို့ကြောင့် ယင်းသုစရိုက်တရားကိုပင် "မနုဿာနံ ဓမ္မော မနုဿဓမ္မော" ဟူသော ဝေနတ္တအရ ကမ္ဘာ့လူသားတို့၏ ကျင့်ဝတ်တရားဟု အနက်ဖော်ကြ၏။ သို့သော် လူ့ကျင့်ဝတ်ဟူသည် လူသားဖြစ်သူတို့ မုချလိုက်နာရမည့် စည်းကမ်းဥပဒေတို့သာဖြစ်သဖြင့် ထိုလူ့ကျင့်ဝတ် သုစရိုက်တရားတို့ကို "လူ့စည်းကမ်းဥပဒေတော်ကြီး" ဟု ဤကျမ်းစာအနေဖြင့် မော်ကွန်းတင် အမည်တပ်လိုက်ရသည်။ အချုပ်အားဖြင့် သူ့သဘာဝ အလျောက် ပေါ်ပေါက်လာသော လူ့စည်းကမ်း ဥပဒေတော်ကြီးပင် ဖြစ်သတည်း။

## ဆောင်ပုဒ်လင်္ကာများ

မေး။ ။သုစရိုက်ဆယ်ပါး၊ လူသားတိုင်းသာ၊ ကျင့်သုံးလာ၊ ထိုခါဘယ်သို့ ဖြစ်မည်နည်း။

ဖြေ။ ။သုစရိုက်ဆယ်ပါး၊ လူသားတိုင်းသာ၊ ကျင့်သုံးလာ၊ ထိုခါဤသို့ ဖြစ်နိုင်သည်။

## သရုပ်ဖော်အဓိပ္ပါယ်

ကမ္ဘာဦးတုန်းက ကပ်ဦးသားများနှင့် လူ့သက်တမ်း ရှည်လျားသောခေတ်မှ ကမ္ဘာလူသားတို့သည် ဘုရားပွင့်ရာ သာသနာခေတ်သမယနှင့် အလှမ်းဝေးနေရသေးစေကာမူ သူတို့၏သန္တာန်၌ မျိုးစေ့အနေဖြင့်ရှိနေသော လောဘ ဒေါသ မောဟတို့သည်ကား စိတ်ကူးမှုကိလေသာအဆင့်သို့ မရောက်ကြသေး၊

ကိုယ်တိုင်လွန်ကျူးမှုအဆင့်သို့ ရောက်ဖို့ရန်ကား အတော်ကြီး အလှမ်းဝေးလျက်ရှိနေပါသေး၏။

သို့ဖြစ်ရာ ထိုခေတ် ထိုအခါတုန်းက ကမ္ဘာ့လူသားတို့သည်ကား သူ့အသက်သတ်ဖို့ဝေးစွ စိတ်ကူးထဲမှာပင် ထည့်သွင်းမစဉ်းစားကြပေ၊ သူတပါး၏ဥစ္စာကိုကား မရိုးသားသော စိတ်ဖြင့် မျက်စောင်းထိုး၍မျှ မကြည့်ခဲ့ကြ၊ သူတပါး၏ သားမယား အပေါ်၌ ကိုယ်ထိလက်ရောက် ဖောက်ပြန်ဖို့ရာဝေးစွ စိတ်မျှဖြင့် မပြစ်မှားကြပေ၊ မုသားမပြော မှန်ကန်သောအတိုင်းသာ ပြော၍ လူလူချင်းဆက်ဆံကြသည်၊ တဦးနှင့်တဦး စိတ်ဝမ်းကွဲပြားကြောင်းဖြစ်သော ကုန်းစကားကို ပြောဆိုသူကား မရှိ သလောက် ရှားပါးလှ၏၊ တဦးနှင့်တဦး ဆဲရေးတိုင်းထွာခြင်း မရှိပဲ သိမ်မွေ့သော စကားလုံးတို့ဖြင့် အပြုံးတတ်ကိုလည်း ဖော်ထုတ်ပေးနိုင်ကြသည်၊ အဖျင်းအချော်စကားမျိုးကိုကား ပြောကောင်းသည်ဟုပင် မထင်ကြချေ။

လူလူချင်း နှစ်နာမှုမရှိစေပဲ ကိုယ့်အားကိုယ်ကိုး ရိုးရိုးလေး အသက်မွေးမှု ပြုကြသည်မှာလည်း နောင်ခေတ်လူတို့လိုက်မမီနိုင်သော သမ္မာအာဇီဝ ကျင့်စဉ်ကြီးတချိုး ဖြစ်နေပြန်သည်။ ဒုစရိုက်ပွါးကြောင်းဖြစ်သော သေရည် သေရက်ကိုမူ ထိုခေတ်လူတို့က သောက်စားကောင်းသောအရာ ဟူ၍ပင် မသတ်မှတ်ကြသေး။

ဤနည်းအားဖြင့်ပင် ရှေးတုန်းက လူသားတို့သည် ကာယကံ သုံးရိုက်သုံးပါး ဝစကံ သုံးရိုက်လေးပါး အကျုံးဝင်သော

အာဇီဝဋ္ဌမကသီလနှင့် ငါးပါးသီလတို့ကို မည်သူကမျှ တိုက်တွန်းနှိုး ဆော်မှုမပြုရပဲ လူ့သဘာဝအလျောက် လူ့ဂုဏ်မြောက်အောင် ထိန်းသိမ်းကြသည့်အပြင် စိတ်ထဲ၌ ဖြစ်ပေါ်သော မနောကံ ဒုစရိုက်သုံးပါးတို့ကိုလည်း—

၁။ တဦး၏အကျိုးကို တဦးက လိုလားခြင်းမေတ္တာစေတ ဖြင့်၎င်း၊

၂။ ဆင်းရဲနိမ့်ကျသူကို ကယ်တင် စောင့်ရှောက်ခြင်း ကရုဏာစေတ်ဖြင့်၎င်း၊

၃။ ကိုယ့်ထက်သာသူကို တွေ့ရသည့်အခါ မနာလိုမရှုစိမ့်မှု မဖြစ်ပဲ နှစ်နှစ်ကာကာ ဝမ်းမြောက်နိုင်ခြင်းမုဒိတာစေတ်ဖြင့်၎င်း၊

၄။ ကယ်တင်သင့်သူကို ကယ်တင်၍ မရသည့်အခါ သူ့ကံအတိုင်းပါတကားဟု စိတ်ကို နှစ်သိမ့်မှု ပေးရခြင်း ဥပေက္ခာစေတ်ဖြင့်၎င်း၊

ဤလေးပါး သော ဗြဟ္မဝိဟာရ ဘာဝနာ မေတ္တာစေတ်၏ အစွမ်းဖြင့်ပင် စိတ်ထဲ၌ ဖြစ်ပေါ်ခွင့်မပေး စိတ်သန့်ရှင်းရေးပြုလုပ်လျက် ဖယ်ရှားထားနိုင်ကြပြန်၏။

ထို့ကြောင့် ထိုခေတ်အခါက လူသားတို့၏ အရည်အသွေးကို စစ်ဆေးသုံးသပ်ကြည့်ခဲ့ပါလျှင် ဒုစရိုက်မနော စင်းချောလုံးဖြစ်နေမည်ကိုသာ တွေ့မြင်ရမည်ဖြစ်သတည်း။

# သုစရိုက်ပြန့်ပွါးခြင်း၏ ရလဒ်များ

ဤဆိုအပ်သည့်အတိုင်း လူတို့က လူ့စည်းကမ်းဥပဒေတော်ကြီးနှင့်အညီ ကိုယ်စီကိုယ်စီ တရားစောင့်ကြသောအခါ တောတောင်ရေမြေ လူနေဆိတ်သုဥ်းသော အပြင်ဗဟိဒ္ဓသြကာသလောကကြီးသည်လည်း လူ့လောကမှ တုန့်ပြန်ရိုက်ခတ်လာသော သုစရိုက်တရားတို့၏ ခတ်ခိုက်မှုကြောင့် သာတောင့်သာယာ ဖြစ်လာရပြန်သည်။ လူ့မျက်စိဖြင့် မမြင်ရသော တောစောင့်နတ် တောင်စောင့်နတ်တို့သည်လည်း လူသားတို့ထံမှ မေတ္တာကရုဏာဓာတ်တွေကို ခံယူရသောကြောင့် လူသားတို့ထံ တုန့်ပြန်သည့်အနေဖြင့် လူ့လောက၏ ချမ်းမြေ့သာယာရေးအတွက် အဖက်ဖက်မှ ကူညီစောင့်ရှောက်ကြပြန်၏။

သို့ဖြစ်ရာ တောတောင်ရေမြေ၏ အခြေခံဖြစ်သော ဥတုဇရုပ် မဟာဘုတ်ကြီးလေးပါးတို့သည်လည်းယုတ်လျော့ခြင်း လွန်ကဲခြင်းမရှိပဲ အပူအအေးမျှတ၍ အချင်းချင်းသမဘာဂဖြစ်နေရပြန်၏။ သို့ရာတွင် ဥတုဇရုပ်ထံမှ အခြေခံ ပဓါနကျသောရုပ်သည်ကား လှုပ်ရှားထကြွမှု ဝါယောဓာတ်နှင့် ပူမှု အေးမှု တေဇောဓာတ်တို့ပင်တည်း၊ ထို့ကြောင့်လေထု၏အပူအအေးနှင့် ရေခိုးရေငွေ့တို့ တွေ့ထိမှသာ ရွာသွန်းရသော မိုးသည်လည်း မလွန်မယုတ် မှန်ကန်စွာ အလုပ် လုပ်နေရသော ထိုဓာတ်ကြီးနှစ်ပါး၏ မျှတမှုကို အစွဲပြု၍ လူ့လောကနှင့် အံဝင်ခွင်ကျဖြစ်အောင် အချိန်မှန် ရွာသွန်းမြဲဖြစ်သည်။

## မိုးခေါပလိဗောဓ မရှိခဲ့

အကယ်၍သာ ဤအတိုင်း မိုးသည် အချိန်မှန် ရွာသွန်းပေး ခဲ့ပါမူ မိုးရွာရေးအတွက် ငါးရံ့မင်း ပရိတ်ရွတ်ရခြင်း, လွန် ဆွဲရခြင်း, တွေ့ရာသားကောင်ကို သတ်၍ မိုးနတ်ကို ပသရခြင်း အိန္ဒိယနိုင်ငံ၌ကဲ့သို့ အမျိုးသမီးတို့က ယောကျ်ားလိုဝတ်၍ လယ် ထွန်ရခြင်း- စသော မိုးခေါပလိဗောဓ မှုများကို အဘယ်မှာ ပြုလုပ်ဖွယ် လိုပါတော့အံ့နည်း။ သုစရိုက်တရားတွေ ပြန့်နှံ့စည် ကား နေသောအခါ၌ မိုးသည် ဤမျှအထိလူတို့အပေါ်၌သစ္စာ စောင့်သိခဲ့၏၊ သို့သော်လည်း “ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ” ဟု ဟောတော်မူသည့်အတိုင်း လူတို့က တရားစောင့်သော ကြောင့် တရားက လူတွေကိုပြန်၍ စောင့်ရှောက်ခြင်းပင်တည်း။

## အစာလျှင်ဆေး–ရောဂါဝေး

ထိုအခါတုန်းက မိုးလေဝသမှန်ကန်မှုကြောင့် မြေဆီသြဇာ နှင့် မိုးရေကိုအများဆုံး အမှီပြုရသော လူတို့၏စိုက်ပျိုးခင်းတို့ သည်လည်း လူတို့၏ အစားအစာအလို့ငှါ “သီးချိန်တန် သီး ပွင့်ချိန်တန် ပွင့်” အဆင့်ဆင့်စည်ကားလျက် အာဟာရဓာတ် ပြည့်ဝသော အသီးအနှံတို့ကိုသာ သီးပွင့်ပေးကြရပြန်သည်။ အာဟာရဓာတ်ကို အမှီပြုရသော လူသားတိုင်းပင် အာဟာရ ဓာတ်ပြည့်ဝသော အစာကိုသာစားသုံးရသောကြောင့် “အစာ လဲ့ဆေး- ဆေးလဲအစာ” ဖြစ်၍ ကိုယ်ကာယ သန်မာဝဖြိုးခြင်း, အနာရောဂါကင်းခြင်း အသက်ရှည်ခြင်း စသော အကျိုးထူး များကိုသာ တူညီမျှ ရရှိနေကြသည်သာတည်း။

## လူသေကိုပွဲလုပ်၍ ကြည့်ရသောခေတ်

ထိုအခါမျိုး၌ လူသားတို့သည်ကား မရေတွက်နိုင်အောင် ရှည်လျားသော လူ့သက်တမ်းအရ လူ့ဘဝ၌ ပျင်းရိငြီးငွေ့အောင်နေကြရသည်၊ နတ်ပြည်က နတ်အရေအတွက်ဖြင့် သိကြားမင်းပေါင်း သုံးကျိပ် ခြောက်ယောက် ပြောင်းလဲသော်လည်း လူ့ပြည်က မန္ဓာတုစကြာမင်းကြီး ဘဝမပြောင်းပဲ ရှိသေးသည်ကို ထောက်ထားခဲ့လျှင် ထိုခေတ်က လူသားတို့၏ သက်တမ်းသည် မည်မျှလောက် ရှည်လျားကြောင်း ခန့်မှန်းနိုင်ပါလိမ့်မည်။

သို့စဉ်မျှ လူ့သက်တမ်းရှည်လျားခဲ့ရာ ထိုအခါ၌ လူတို့သည် လူသေကိုမမြင်ဖူးသလောက် ရှိနေသဖြင့် "လူသေဆိုတာ ဘယ်လိုပါလိမ့်၊ကြည့်ချင်စမ်းပါဘို့" ဟုလူသေကို မြင်ဖို့ရန် စိတ်စောလျက်ရှိနေကြ၏၊ ထို့ကြောင့် လူတယောက်သေလျှင် ရှတ်တရက် မသင်္ဂြိုဟ်သေးပဲ ကျန်ရစ်သူတို့က လူသေကို ပြင်ဆင်၍ ရက်ရှည်ထားကြရသည်၊ ထိုလူသေကိုပင် ပွဲကြီးပွဲကောင်းပမာ အရပ်သေးမျက်နှာမှ လာရောက်၍ ကြိတ်ကြိတ်တိုး ကြည့်ရှုကြရပြန်သည်။

လူသေကိုပွဲလုပ်၍ကြည့်ရသော ထိုခေတ်မျိုး၌ အမြဲမရှိအနိစ္စဆိုသောစကားလုံးကို အဘယ်မှာ လက်ခံနိုင်ပါတော့အံ့နည်း၊ ထို့ကြောင့် အနိစ္စတရားကို ညွှန်ပြရမည့် ဘုရားမြတ်စွာတို့သည်လည်း ထိုခေတ်၌ ပွင့်ရိုးထုံးစံ မရှိခဲ့ပေ။

## လူသေလျှင်ကူပံ့ရသောထုံးစံ

လူသေကို ကြည့်ဖို့ရန် အရပ်လေးမျက်နှာမှ လာရောက်သော ပရိတ်သတ်ကို အိမ်ရှင်တို့က ကျွေးမွေး ဧည့်ခံရသည်မှာလည်း မသက်သာလှ၊ သို့ဖြစ်ရာ မသာကြည့်လာသူတို့ကလည်း အလိုအလျောက် အသိတရားဝင်ကာ အိမ်ရှင်တို့အား ဧည့်ခံစရိတ် အလို့ငှါ ဝိုင်းဝန်းကူပံ့ကြရ၏၊ ယခုချိန်အထိ လူသေလျှင် ကူပံ့ရသော ဓလေ့ထုံးစံသည် ထိုခေတ်မှ အစပြုခဲ့သည်ဟု ခန့်မှန်းရ၏။

ဤနည်းအားဖြင့်ပင် နာရေးအတွက် ကူပံ့ရသော ဓလေ့ထုံးစံသည် ခေတ်အဆက်ဆက် တည်တံ့လာခဲ့ရာ ကာလကြာမြင့်သောအခါတွင်ကား နာရေးအတွက်သာမက သာရေးကိစ္စကိုပင် ကူးစက်လာပြန်သဖြင့် အလှူမင်္ဂလာအတွက် ကူပံ့ရသောကိစ္စ စသည်တို့သည်လည်း လူမှုရေး ကျယ်ပြန့်လာရတော့၏။

သို့ရာတွင် တတ်နိုင်၍ လှူဒါန်းရသော အလှူပွဲ၌ မတက်နိုင်သူတို့ကပါ ကူပံ့ရခြင်းကား သဘာဝ မကျလှပေ၊လှူဒါန်းသူတို့အနေနှင့်လည်း "ကျွန်တော့်အလှူ၊ ကြွေးတွေပူ၊ ငွေကူမျှော်မိတယ်"ဟူသော ရှေးခေတ် ယမမင်းထံ အစစ်ခံသံပေါက်အရ သူတပါးထံမှ ကူငွေကိုမြှော်လင့်ချက် ထားရသောကြောင့် စေတနာ မသန့်မရှင်း ဖြစ်ရမည်ကား သေချာသည်။ သို့ဖြစ်၍ အလှူမင်္ဂလာများအတွက် ကူပံ့ရသောကိစ္စကို စဉ်းစားဖို့ လိုလာပြီဟု ဆိုချင်ပါသည်။

## သောကကင်းဝေး–စိတ်ချမ်းအေး

ဤသို့အပ်ခဲ့ပြီးသည့်အတိုင်း ထိုခေတ်ရှိ ကမ္ဘာ့လူသားတို့သည် လူသေကိုပွဲလုပ်ပြီး ကြည့်ရလောက်အောင် မရေတွက်နိုင်သော လူ့သက်တမ်းအရ လူ့ဘဝ၌ နှစ်ပေါင်းတကုဋ္ဌေမက နှစ်ကုဋ္ဌေမက နေရပြီးနောက်လူ့ပြည်မှ သေရသည့်အခါတွင်လည်း သဘာဝအလျောက် အံထုံရနေသော သုစရိုက်ကုသိုလ်ကံတို့၏ထောက်ပံ့မှုကြောင့် ရုတ်တရက်အပါယ်သို့မလားရပဲ လူဖြစ်လိုက် နတ်ဖြစ်လိုက်နှင့်ပင် လူ့ပြည်နှင့်နတ်ပြည်သည် "ပုဂံနှင့်ညောင်ဦး– အိမ်ဦးနှင့်ကြမ်းပြင်" ဆိုသကဲ့သို့ ဖြစ်နေရပြန်သည်။

သို့သော် အနုသယ(မျိုးစေ့)ကိလေသာကိုမင်္ဂလ်ဖို့၏အစွမ်းသတ္တိဖြင့် မပယ်သတ်နိုင်သေးသော ပုထုဇဉ် လူသားတို့အဖို့မှာ မည်မျှလောက်ပင် သက်တမ်းရှည်လျားလှသည်ဖြစ်စေ တရားဆုတ်၍ သက်တမ်း ဆုတ်လာသောအခါ၌ကား ကိလေသာ သောင်းကျန်းမှုအရ တစတစ ဒုစရိုက်အကုသိုလ်တွေ ပေါ ပေါက်လာပြီးလျှင် အပါယ်လေးပါးသို့ လားရဦးမည်မှာ သေချာသည်။

မည်သို့ပင်ဖြစ်စေ ထိုခေတ်ကာလ အခိုက်အတံ့အနေဖြင့် ပြောရလျှင်ကား လူတိုင်းပင် သုစရိုက်တရားကိုယ်စီနှင့် ဖြစ်နေကြသောကြောင့်လူလူချင်း ကြောမှာ နှပ်မှာကိုလည်း မစိုးရိမ်ရ၊ ရန်သူကိုလည်း မကြောက်ရ၊ ကိုယ့်ပစ္စည်းပျောက်ရှမှာလည်း မပူရ၊ ရတတ်သမျှနှင့် ရောင့်ရဲပြီး စိတ်ဆင်းရဲမှုလည်းမရှိ၊ ကိုယ်ဆင်း

ရဲမှုလည်းမရှိ၊ ပီတိသော မနသာစိတ် လွှမ်းမိုးလျက်ရှိနေကြရ၏။ သို့ဖြစ်၍ ထိုအခါက လူသားတို့သည် ပျော်ရွှင်မှုအတွက် ပွဲလမ်းသဘင်ဖြင့် ဖျော်ဖြေဖို့ရန် မလိုတော့ပဲ သူ့အလိုအလျောက် စိတ်ပျော် ကိုယ်ပျော်ဖြစ်နေကြရသတည်း။

## ဆောင်ပုဒ်ကဗျာ

မေး။ ။လိုရင်းဖော်ထုတ်၊ အကျဉ်းချုပ်၊ ဆောင်ပုဒ်ဘယ်သို့ ဆိုသနည်း၊

ဖြေ။ ။လိုရင်းဖော်ထုတ်၊ အကျဉ်းချုပ်၊ ဆောင်ပုဒ် ဤသို့ဆိုပါသည်။

(ဆောင်) သုစရိုက်တရား- ဆုယ်ပါးကိုနှော်၊
လူ့တရားမြတ်— သတ်မှတ်အခေါ်။
လူတွေအားလုံး- ကျင့်သုံးလေသော်၊
သောကဝေး— ငြိမ်းအေး တူပျော်ပျော်။

## သုစရိုက်တရားမစုံလင်သေး

ဒုစရိုက်တရား ရှောင်ရှားသမှု ကောင်းအောင်ပြုခြင်းသည်ပင် သုစရိုက်တရားဖြစ်သည်။ ထိုသုစရိုက်တရား၌ အာဇီဝဋ္ဌမကသီလ ငါးပါးသီလ ရှစ်ပါးသီလ တို့သည်လည်း ထိုက်သင့်သလိုအကျုံးဝင်လျက်ရှိသည်၊ ထို့ကြောင့် လူ့ကျင့်ဝတ် လူ့စည်းကမ်းဖြစ်သော ယင်းသုစရိုက်တရားတို့ကိုပင် လူ့စည်းကမ်းဥပဒေတော်ကြီးဟု အမည်ပေးရကြောင်း ဖော်ပြခဲ့ပါပြီ။

ထိုဖော်ပြချက်အရ သုစရိုက်တရားသည်ပင် လူ့ကျင့်ဝတ် လူ့စည်းကမ်းဖြစ်၍ လူ့ကျင့်ဝတ် လူ့စည်းကမ်းပင်လျှင် သုစရိုက်တရားဖြစ်ကြောင်း နားလည်လောက်ပေပြီ၊ သို့သော်လည်း သုစရိုက်တရားသည်ကား ဤမျှဖြင့် စုံလင်ခြင်း မရှိသေးပေ၊ အဘယ့်ကြောင့်ဆိုသော် ဖော်ပြလတံ့ဖြစ်သော ပုညကြိယဝတ္ထု ၁၀-ပါးတို့သည်လည်း လူ့ကျင့်ဝတ်လူ့စည်းကမ်းအရာ၌ပါဝင်သောကြောင့်ဖြစ်၏၊ သို့ဖြစ်ရာ ယင်းပုညကြိယဝတ္ထု ၁၀–ပါးတို့ကိုလည်း သုစရိုက်တရားအနေဖြင့် ဤဆိုမည့်အတိုင်း ဖော်ပြရပါဦးမည်။

# ပုညကြိယဝတ္ထု သုံးမျိုးခွဲထမ်း

မေး။ ။ပုညကြိယဝတ္ထုတရား၊ အကျဉ်းအား၊ အပြား ဘယ်မျှနည်း။

ဖြေ။ ။ပုညကြိယဝတ္ထုတရား၊ အကျဉ်းအား၊ ဆယ်ပါး ဖြစ်ပါသည်။

မေး။ ။ပုညကြိယဝတ္ထုဆယ်ပါး၊ ဟူသည်ကား၊ ခွဲခြား ဘယ်သို့နည်း။

ဖြေ။ ။ပုညကြိယဝတ္ထုဆယ်ပါး၊ ဟူသည်ကား၊ ခွဲခြား ဤသို့ဖြစ်ပါသည်။

**သရုပ်ပြအစီပွါယ်**

**၁။** ပေးလှူစွန့်ကြဲခြင်း– ဒါနကုသိုလ် ၁-ပါး၊
၂။ ကိုယ်နှုတ်စောင့်ထိန်းခြင်း-**သီလ**ကုသိုလ် ၁–ပါး၊
၃။ စိတ်နှင့်အသိပညာကို လေ့ကျင့်မှုပေး၍ ပွါးများစေရခြင်း–**ဘာဝနာ**ကုသိုလ် ၁–ပါး
၄။ ရိုသေထိုက်သူတို့ကို အရိုအသေပြုရခြင်း– **အပစာယန**ကုသိုလ် ၁-ပါး၊

၅။ လေးစားထိုက်သူတို့၏ အမှုကိစ္စကို ကူညီ ဆောင်ရွက်ရခြင်း—ဝေယျာဝစ္စကုသိုလ် ၁—ပါး

၆။ မိမိ၏ ကုသိုလ်အဖို့ကို အမျှဝေပေးရခြင်း— ပတ္တိဒါနကုသိုလ် ၁·ပါး၊

၇။ သူတပါး၏ ကုသိုလ်အဖို့ကို ဝမ်းမြောက်ရခြင်း· ပတ္တာနုမောဒနကုသိုလ် ၁—ပါး၊

၈။ တရားနာရခြင်း—ဓမ္မဿဝနကုသိုလ် ၁·ပါး၊

၉။ တရားဟောပြောရခြင်း၊ ဓမ္မဒေသနာကုသိုလ် ၁·ပါ

၁၀။ အယူအဆ ဖြောင့်မှန်စေရခြင်း ဒိဋ္ဌိဇုကမ္မကုသိုလ် ၁·ပါး၊

ဤသို့လျှင် ပုညကြိယဝတ္ထုတရားသည် ၁၀—ပါး ဖြစ်ပါသည်။

## ထပ်ဆင့်ရှင်းပြခန်း

ပုည—ကြိယ—ဝတ္ထု သုံးပုဒ်တွဲ၍ ပါဠိဝေါဟာရကို တပုဒ်စီ ခွဲခြား၍ရင်း၊ ပုဒ်ချင်းချင်းပေါင်းစပ်၍ရင်း အသီးသီးအနက်ဖော်ခဲ့လျှင် ဤဆိုမည့်အတိုင်း ဖြစ်လာရမည်။

## ပုည (ဖြူစင်သောသဘာဝ)

ပုည—ဟူသောပုဒ်အရ ကိလေသာအညစ်အကြေးတို့မှ ကင်းရှင်းနေသော ကုသိုလ်တရားတို့ကို ပုည ဟုခေါ်ဆိုရ၏။ တမျိုး

ပြောရလျှင် ပုည–ဖြူစင်သော သဘာဝ (အဖြူသဘာဝ)ဟု အဓိပ္ပါယ်ထွက်လာသည်။ အဘယ့်ကြောင့် အဖြူသဘာဝဖြစ်ရသနည်း၊ ကုသိုလ်စိတ်တွေဖြစ်နေခိုက်မှာ ထိုကုသိုလ်စိတ်တို့က ပင် လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာ အညစ် အကြေးတို့ကို ဆိုင်ရာကုသိုလ်စိတ်တို့၏ အတိုင်းအတာအရ ဖြစ်ခွင့်မပေး သန့်ရှင်းရေးပြုလုပ်ထားသောကြောင့် တည်း။

ထို့ကြောင့် ဝဇီရဗုဒ္ဓိဋီကာ ရတနတ္တယပဏာမ- ပုညာဘိသန္ဒအဖွင့်၌ “အကုသလမလံ တဒင်္ဂါဒိပဟာနေန ပုနာတီတိ ပုညံ”ဟု ဖွင့်ဆိုထားသည်ကို တွေ့ရ၏။ ဖြူစင်စေတတ်သောကြောင့် ပုညဟုဆိုလျှင် တဒင်္ဂသတ္တိရှိသော ကာမာဝစရကုသိုလ်ထက် ဝိက္ခမ္ဘနသတ္တိရှိသော ရူပါဝစရ အရူပါဝစရ ကုသိုလ်က ပိုပြီးဖြူစင်ခြင်း ယင်းတို့ထက် သမုစ္ဆေဒပဟာန သတ္တိရှိသော မဂ်ကုသိုလ်တို့က သာလွန်၍ ဖြူစင်ခြင်းရှိသည်ဖြစ်ရကား ကုသိုလ် ၄-မျိုးလုံးသည်ပင် ပုညဟူသောအမည်ကို ရကြသည်သာတည်း။

မှန်၏၊ အကုသိုလ်ဒုစရိုက်တရားတို့သည် လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာတို့နှင့် ရောယှက်နေရသောကြောင့် ကဏှဓမ္မ- အမည်းသဘာဝ (အမဲသဘာဝ) ဖြစ်ရသကဲ့သို့ ကုသိုလ်တရားတို့သည်ကား အလောဘ၊ အဒေါသ သဒ္ဓါ သတိ ပညာစသော သောဘဏစေတသိက်တို့နှင့် ပူးပေါင်း ယှဉ်တွဲနေရသောကြောင့် သုက္ကဓမ္မ(အဖြူသဘာဝ)ဖြစ်နေရသည်၊ သို့ဖြစ်၍ အဖြူသဘာဝဖြစ်သော ကုသိုလ်တရားတို့သည် အမဲသဘာဝဖြစ်သော အကုသိုလ်တို့၏ ဆန့်ကျင်ဘက်အနေဖြင့် သူ့အလို

အလျောက် ပုည (အဖြူ)သဘာဝဖြစ် နေသည်သာတည်း၊ သို့သော်လည်း ဤနေရာ၌ကား အဖြူသဘာဝဖြစ်သောကုသိုလ်၄-မျိုးလုံးကို မယူပဲ ပုညကြိယဝတ္ထု ၁၀-ပါး၌ အကျုံးဝင်သော ကာမာဝစရ(မဟာကုသိုလ်စိတ်ရှစ်ခု)ကိုသာ ပုည(အဖြူသဘာဝ)အဖြစ်ဖြင့် ယူအပ်၏။

## ကြိယ- ပြုထိုက်သောအမှု

ပြုသင့်ပြုထိုက်သော အမှုကိုပင် "ကရိယတေ ကာတဗ္ဗံ-တိ ကြိယံ"ဟူသော ဝစနတ္ထအရ ကြိယဟု ဆိုရ၏၊ သို့သော် ပြုသင့်ပြုထိုက်သော အမှုဟူသည် အဖြူသဘာဝဖြစ်သော ကုသိုလ်တရားတို့ပင်တည်း၊ ထို့ကြောင့်လည်း ယင်းကြိယပုဒ်ကို ပုညပုဒ်နှင့် တွဲစပ်လိုက်သောအခါ ပြုသင့်ပြုထိုက်သော အဖြူသဘာဝဟု အဓိပ္ပါယ်ထွက်လာသည်။ (ကြိယပုညဟုဆိုလိုလျက် ဂဏုတ္တမံစသည်၌ကဲ့သို့ ဝိသေသနပုဒ်နောက်နေသော ပုညကြိယဟူသော ဝေါဟာရဖြစ်လာရ၏။)

## ပုညနှင့် ကုသလ အနက်တူဖြစ်ခြင်း

ကြိယပုဒ်က အထူးပြုအပ်သော ပုညသဒ္ဒါနှင့် ကုသလသဒ္ဒါတို့သည် ပါဠိဝေါဟာရအနေဖြင့် အသံကွဲသော်လည်း မြန်မာဝေါဟာရအနေ ဖြင့် အဖြူသဘာဝချင်းတူညီမှုရှိကြ၏။ သို့သော် ပါဠိနယ်ပယ်၌ကား ကုသလပုဒ်အစား ပုညဟူသော ပါဠိဝေါဟာရကို အလေးအနက်သုံးနှုန်းထားသော အရာများကိုလည်း အတော်များများ တွေ့ရပြန်သည်။

နမူနာပြရလျှင် "က္လဒိံ မေ ပုညံ အာသဂက္ခယာဝဟံ ဟော တု၊ က္လဒိံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု၊ ပုညာနိ ပရလောကသ္မိံ ပတိဋ္ဌာဟောန္တိ"စသည်တို့ဘည်း။ ထို့ပြင်လည်း မြောက်မြားစွာရှိ၏။ သို့သော် ကျယ်အံ့စိုး၍ ထုတ်ဖော် မပြ ဟော့ပါ။

## ဝတ္ထု-တည်ရာမှီရာ

ပုညကြိယပုဒ်၏ တွဲဖက်ဖြစ်သော ဝတ္ထုပုဒ်သည်ကား ဝသ- ဓာတ်နောင် အဓိကရဏသာနေအနက်၌ ရတ္ထုပစ္စည်းသက်၍ ပြီး စီးသောပုဒ်ဖြစ်၏။ ထို့ကြောင့် "ဝသတိ ဧတ္ထာတိ ဝတ္ထု" ဟူ သောဝစနတ္ထအရ ယင်းပုဒ်၌ တည်ရာမှီရာဟု အနက် ထွက်လာ သည်။ အဓိကရဏသာဓ်၊ ပြုတုံလတ်က၊ ရှေ့ပါဋ်ဆဋ္ဌီ၊ တွဲမြဲမှီ ဟူသော နိယံလင်္ကာအရဆိုလျှင် ပုညကြိယာနံ ဝတ္ထု-ပုညကြိယ ဝတ္ထုဟု ဆဋ္ဌီတပ္ပုရိသ် တွဲစပ်ရမည်ကဲ့သို့ ဖြစ်နေသည်။

သို့သော်လည်း ဤကဲ့သို့ တွဲစပ်ရမည်ကား မဟုတ်ပေ။ အ ဘယ်ကြောင့်နည်း၊ ဝတ္ထုပုဒ်အရ တည်ရာမှီရာဟူသည်မှာ အ ကြောင်းဖြစ်သော ပုညကြိယတို့၏ တည်ရာမှီရာ မဖြစ်နိုင်၊ အ ကြောင်း ပုညကြိယမှ ရင့်ကျက်လာသော ကောင်းကျိုးတရား တို့၏ တည်ရာ မှီရာသာ ဖြစ်နိုင်သောကြောင့်တည်း။ သို့ဖြစ်ရာ အကယ်၍ ဝိစနတ္ထပြုလိုပါမူ သမ္ပတ္တီနံ ဝတ္ထု သမ္ပတ္တိဝတ္ထု ဟူ ၍သာ ဆဋ္ဌီတပ္ပုရိသ် သမာသ်တွဲစပ်ရမည်ဖြစ်သတည်း၊ (သမ္ပတ္တိ နံ-ဘဝ သမ္ပတ္တိ ဘောဂသမ္ပတ္တိ နိဗ္ဗာနသမ္ပတ္တိတို့၏။ဝတ္ထု-တည်ရာ မှီရာတည်း၊ သမ္ပတ္တိဝတ္ထု- ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ နိဗ္ဗာန သမ္ပတ္တိတို့၏ တည်ရာမှီရာဟု အနက် ဖော်ပါ။)

## ၃—ပုဒ်တွဲ ဝေါဟာရ အဓိပ္ပါယ်

သမ္ပတ္တီနံ ဝတ္ထု၊ သမ္ပတ္တိဝတ္ထု၊ ဟုဆဋ္ဌီတပ္ပုရိသ်သမာသ်တွဲစပ်ပြီး နောက် ပုညကြိယဝတ္ထု၊ ဟူသော ၂—ပုဒ်တွဲဝေါဟာရ သဒ္ဒါနှင့် ပုည ကြိယမေဝသမ္ပတ္တိဝတ္ထု—ပုညကြိယသမ္ပတ္တိဝတ္ထု- ဟုအရတူ ကမ္မဓာရည်းသမာသ်တွဲစပ်ပါ၊ (ပုညကြိယမေဝ- ပြုသင့် ပြုထိုက် သော အဖြူသဘာဝသည်ပင်လျှင်၊ သမ္ပတ္တိဝတ္ထု—လူနတ်နိဗ္ဗာန် သုံးတန်သော သမ္ပတ္တိတို့၏ တည်ရာမှီရာတည်း၊ ပုညကြိယ သမ္ပတ္တိ ဝတ္ထု၊ ပြုသင့်ပြုထိုက်သော အဖြူသဘာဝသည်ပင် လူနတ်နိဗ္ဗာန် သုံးတန်သော ကောင်းကျိုးသမ္ပတ္တိတို့၏ တည်ရာမှီရာ) ဟု အနက်ဖော်ရမည် ဖြစ်၏။

သို့ရာတွင် သမ္ပတ္တိပုဒ်ကို ချေ၍ နောက်ဆုံး၌ ပုညကြိယ ဝတ္ထု၊ ဟူသော ၃-ပုဒ်တွဲပါဠိဝေါဟာရ ဖြစ်လာရ၏။ ပြုသင့်ပြု ထိုက်သော အဖြူသဘာဝ(ကုသိုလ်)တို့သည်ပင် ကောင်းကျိုး ဖလတို့၏ တည်ရာမှီရာဖြစ်သည်ဟု ဆိုလိုရင်းပေတည်း။ သို့သော် လည်း သို့စဉ်မျှ ရှည်လျားသောအနက်အဓိပ္ပါယ်ကို မြန်မာလို ဝေါဟာရမတီထွင်ပဲ ပုညကြိယဝတ္ထု၊ ဟူသော ပါဠိဝေါဟာရ အတိုင်း သုံးနှုန်းပြောဆိုလာကြသောကြောင့် ပါဠိစာပေ နှင့် နီးစပ်သူတိုင်း ယင်း ပုညကြိယဝတ္ထုပုဒ်၌ မြန်မာဝေါဟာရ အဓိပ္ပါယ်ကို နားလည်သူက များလိမ့်မည်ဟု ခန့်မှန်းရ၏။

# ဒါနရေးရာပိုင်း

ဖော်ပြထားသော ပုညကြိယဝတ္ထု ၁၀–ပါးတို့တွင် ဒါန၏အရကို သရုပ်ဖော်ရလျှင် ပေးလှူစွန့်ကြဲခြင်း ဖြစ်သည်ဟု အများအားဖြင့် နားလည်ကြသည်၊ သို့ရာတွင် ဒါနအရ အသေးစိတ်သဘာဝက ဘယ်နည်းဘယ်ပုံ ဖြစ်သည်ဟူသော အချက်အလက်ကိုကား ဒါနပြုသူတိုင်း သိကြမည်မဟုတ်ပေရာ၊ သို့ဖြစ်၍ ယင်း၏ သဘာဝကို အတန်ငယ်ရှင်းပြရန် လိုအပ်ပြန်၏။

ဒါနအရ မိမိအမြတ်တနိုး သိမ်းပိုက်ထားသော ဝတ္ထုတစုံတရာကို သူတပါးအား ပေးလှူစွန့်ကြဲနိုင်သည်ဆိုရာ၌ ပေးလှူစွန့်ကြဲနိုင်လောက်အောင် စေတနာထက်သန်မှုမရှိလျှင် ဘယ်နည်းနှင့်မျှ မိမိပိုင်ပစ္စည်းကို သူတပါး၏လက်ထဲသို့ ကြည်ဖြူစွာ လွှဲပြောင်းပေးနိုင်မည်မဟုတ်ပေ၊ စိတ်၏အရင်းခံဖြစ်သော စေတနာထက်သန်မှုကြောင့် သာလျှင်နှမြောတွန့်တိုခြင်းမရှိပဲ ကိုယ့်ပစ္စည်းကို သူ့ပစ္စည်းအဖြစ် လွှဲပြောင်းပေးနိုင်ရန် ဝန်မလေးပဲ ရှိကြသည်။

## စေတနာနှင့် အလောဘ-ဒါနဖြစ်ပြန်ရ

ဤအတိုင်းဆိုလျှင် လုံခြုံစွာသိမ်းပိုက်ထားသော ပစ္စည်းဘဏ္ဍာကို အပြင်သို့ရောက်လာအောင် ဖော်ထုတ်ပေးသော အရင်းခံ

လက်သည်မှာ မဟာကုသိုလ်ဇောနှင့် တွဲဖက်ပါလာသော စေတနာစေတသိက်တို့ပင်ဖြစ်၏။ ထို့ကြောင့် ပေးလှူစွန့်ကြဲနိုင်ရန် လှုံ့ဆော်ပေးသော အရင်းခံစေတနာကိုပင် "ဒိယတေဗ္ဗမိန်ဓာတိ ဒါနံ" ဟူသော ဝစနတ္ထအရ ဒါနခေါ်ရသည်ဟု မှတ်သားအပ်၏။

ထို့ပြင် ပေးလှူစွန့်ကြဲရမည့် ပစ္စည်းဝတ္ထုအပေါ်၌ ကိုယ့်ပစ္စည်းအဖြစ်မှ မလွှတ်ရက်နိုင်လောက်အောင် ငြိကပ်တွယ်တာမှုလောဘဇောတွေက လွှမ်းမိုးနေလျှင်လည်း လှူဒါန်းခြင်း ပေးကမ်းခြင်းဟူသော စွန့်လွှတ်မှုကြီး ဖြစ်ပေါ်မည်မဟုတ် ပေ၊ ပေးလှူရမည့်ပစ္စည်းအပေါ်၌ တွယ်တာမှုကင်းရှင်းခြင်း အလောဘစေတသိက်တွေ လွှမ်းမိုးနေမှသာလျှင် စွန့်လွှတ်နိုင်မည်မှာမလွဲပေ၊ ထို့ကြောင့် စေတနာနှင့်တွဲဖက်ပါလာသော အလောဘ စေတသိက်ကိုလည်း ဒါနဟု ခေါ်ရသေးသည်ဟု မှတ်သားထားအပ်၏။

## မပျက်စီးသော စွမ်းအင်သတ္တိ

ထို့ပြင် ပေးလှူစွန့်ကြဲအပ်သော ပစ္စည်းဝတ္ထုကိုလည်း "ဒါတဗ္ဗံတိ ဒါနံ" ဟူသောဝစနတ္ထအရ ဒါနဟု ခေါ်ဆိုရပြန်သည်။ သို့ရာတွင် ဒါနပြုသူအတွက် တမလွန်တွင် ကောင်းကျိုးပြုရာ၌ စေတနာသည်သာလျှင် အခြေခံပဓါန ဖြစ်သောကြောင့် ယင်းစေတနာကိုပင် ဒါနအဖြစ်ဖြင့် လိုအပ်၏။ ယင်းစေတနာသည်လည်း သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သော နာမ်ဓာတ်တခု ဖြစ်၍ ရုပ်နာမ်တို့၏ ထုံးစံအတိုင်း ဖြစ်ပြီးလျှင် ပျက်ချုပ်ပျောက်

သွားရမည်မဟုတ်ပါလော၊ သို့ဖြစ်လျှင် ချုပ်ပျောက်သွားသော စေတနာတို့က မည်ကဲ့သို့ အကျိုးပြုနိုင်ပါအံ့နည်း။

မှန်၏၊ စေတနာသည် နာမ်တရားဖြစ်၍ ရုပ်နာမ်တို့၏ ဓမ္မတာအရ ဖြစ်ပြီးသည်၏ အခြားမဲ့၌ မိနစ်စက္ကန့်မခြား ပျက်စီးသွားရမည်မှာ မလွဲပေ၊ သို့သော်လည်း စေတနာ၏စွမ်းအင်သတ္တိမှာမူ ပျက်စီးရာ ပါမသွားပဲ အရဟတ္တဖိုလ်သို့ မျက်မှောက်ပြုရသည့်အထိ အခွင့်သာတိုင်း အကျိုးပေးဖို့ရန် ကုသိုလ်ရှင်တို့၏ ခန္ဓာအစဉ်၌ မျိုးစေ့ဗီဇအဖြစ်ဖြင့် ကျန်ရစ်ခဲ့သည်သာတည်း။

ဥပမာ–အိုက်စပ်၍ ရေချိုးထားသူမှာ ရေချိုးပြီးလျှင် ကိုယ်ပေါ်၌ ရေပေါက်တွေမရှိတော့ဘူးဟု ဆိုရသည့် တိုင်အောင် ရေ၏အအေးဓါတ်သတ္တိကား ရုတ်တရက်မပျောက်ပဲ ကိုယ်ပေါ်၌ ကျန်ရစ်ခဲ့သကဲ့သို့တည်း။

ဤသို့လျှင် ကောင်းမှုပြုရာ၌ဖြစ်စေ ဆိုးမှုပြုရာ၌ ဖြစ်စေ စေတနာတို့က ချုပ်ပျောက် သွားသော်လည်း ချုပ်ပျောက်ရာ ပါမသွားသော စေတနာ၏ စွမ်းအင်သတ္တိတို့ကပင် ဆက်လက်ပြီး ကောင်းကျိုး ဆိုးကျိုးတွေကို ဖန်တီးပေးနေသည်ဟု မှတ်သားအပ်၏။ ပဋ္ဌာန်းပြော ပြောရလျှင်ပျက်စီးရာပါမသွားသော စေတနာ၏ စွမ်းအင်သတ္တိကို ကမ္မပစ္စယသတ္တိဟု ခေါ်ဆိုရ၏။ (နာနာက္ခဏိကစေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော–ဟူသော ပဋ္ဌာန်းပဋ္ဌာဝါရပါဠိတော်ကို ထောက်ပါ။)

## ပရလောကကို ယုံကြည်၍လှူဒါန်းမှု ဒါနဟု ခေါ်ရခြင်း

ဒါနပြုလိုသူတို့၏ ရည်ရွယ်ချက်ကို စစ်ရလျှင် မျက်မှောက်ဘဝအတွက် မျှော်လင့်ချက်မထားပဲ ဘဝခရီးဆက် ကောင်းမွန်ရေးနှင့် ဘဝခရီး ရပ်နားရေးအတွက် မျှော်လင့်ချက်ထား၍ လှူဒါန်းကြသည်က များပါသည်၊ သို့ဖြစ်ရာ နိဗ္ဗာန်ကို မျက်မှောက်မပြုသေးလျှင် ဆက်လက်၍ ဖြစ်ရမည့် ဘဝတွေသည်း တမျှော်တခေါ်ကြီး ရှိသေးသည်ဟု ယုံကြည်ချက်ရှိသူ တို့သည်သာလျှင် ဘဝခရီး ရိက္ခာနှင့်တူသော ဒါနမှုကို ပြုလုပ်ကြမြဲဖြစ်၍ နောက်ထပ် ဘဝခရီးဆက် မရှိတော့ဘူးဟု မှားယွင်းစွာ ယူဆစွဲလမ်းလျက်ရှိသော ဥစ္ဆေဒဝါဒီသမားတို့ အဖို့မှာ ကား ပရလောက (နောင်ဘဝ)အတွက် မျှော်လင့်ချက်ထားသော ဒါနမျိုးကို ပြုလုပ်ကြမည်မဟုတ်ပေ။

ထို့ကြောင့် ပရလောက နောင်ဘဝရှိသည်ဟု ယုံကြည်ချက်အရ လှူဒါန်းခြင်း၊ ပေးကမ်းခြင်းတို့ကိုသာ ဒါနကုသိုလ်ဟု ခေါ်ဆိုရ၏။ မျက်မှောက်ဘဝနှင့် ဆက်စပ်လျက်ရှိသော ချစ်ပေးကြိုက်ပေး ကြောက်ပေး လောကွပ်ပေး စသည်တို့ကိုကား ပုညကြိယဝတ္ထုဒါနထဲ၌ လုံးဝ ထည့်သွင်းရမည် မဟုတ်ပေ၊ ပရလောကရှိသည်ဟု ယုံကြည်၍ လှူဒါန်း စွန့်ကြသူ များမှာကား မသေမီက ကြိုတင်ပြုလုပ်ရသော ဒါနကုသိုလ်တို့သည်သာလျှင် တမလွန်ဘဝသို့ ယူသွားစရာကိုယ်ပိုင်ဥစ္စာ အစစ် ဖြစ်သည်ဟူသောအသိဉာဏ် ကမ္မဿကတာသမ္မာဒိဋ္ဌိသည်လည်း ယုံကြည်ချက်သဒ္ဓါတရားနှင့် တွဲဖက်ပါလာပြီး ဖြစ်တော့သည်သာတည်း။

## အလှူခံပုဂ္ဂိုလ် ရွေးချယ်ရေး

အလှူပေးနှင့် အလှူခံတို့သည် အာရုံအာရမ္မဏကအားဖြင့် ဆက်စပ်လျက် ရှိသောကြောင့် ဒါန စေတနာအကျိုးပေးရာ၌ အလှူခံပုဂ္ဂိုလ်လည်း အရေးကြီးသောအခန်းကဏ္ဍမှပါဝင်လျက် ရှိပြန်သည်၊ **တိရစ္ဆာနဂတေ ဒါနံ ဒတွာ သတာနိသံသာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ**-ဟု ဟောတော်မူသော ဒက္ခိဏဝိဘင် သုတ်ပါဠိတော်အရဆိုလျှင် တိရစ္ဆာန်လေးတကောင်ကို စေတနာထား၍ ကျွေးမွေးလိုက်ရသော ကုသိုလ်ကပင် ဘဝတရာ ကောင်းကျိုး ပေးနိုင်ကြောင်း သိရှိရပြန်သည်။

ထို့ကြောင့် မည်သည့်ပုဂ္ဂိုလ်မျိုးအား လှူဒါန်းသည်ဖြစ်စေ ဆည်းပူးထားသော ဒါန စေတနာ၏ ကောင်းကျိုးသည်ကား အချည်းနှီးဖြစ်သွားမည် မဟုတ်ပါ၊ ထိုက်သင့်သော အကျိုးကိုကား ပေးရတော့မည်မှာ မလွဲပေ၊ သို့သော် အကျိုးပေး ထက်သန်မှု မထက်သန်မှုမှာကား အလှူခံပုဂ္ဂိုလ်၏ သီလသိက္ခာ ဘက်မှ အဆင့်အတန်းမြင့်မှု နိမ့်မှုပေါ်မှာ အခြေစိုက်လျက် ရှိပြန်သည်။

မှန်၏၊သီလမရှိသူကို လှူဒါန်းရသော ဒါနက အချိန်-၁၀- လောက် အကျိုးပေးနိုင်လျှင် သီလရှိသူကို လှူဒါန်းရသောဒါန က အချိန်-၁၀၀-လောက် အကျိုးပေးမည်မှာ မလွဲပေ၊ထိုပြင် လူသီလဝန္တ ပုဂ္ဂိုလ်ကို လှူဒါန်းရသည်ထက် ရဟန်းသီလဝန္တ ပုဂ္ဂိုလ်ကို လှူဒါန်းရသည်က ပို၍ အကျိုးကြီးခြင်း ပုထုဇဉ် ရဟန်း သီလဝန္တကို လှူဒါန်းရသည်ထက် အရိယာပုဂ္ဂိုလ်ကို

လျှုဒါန်းရသည်က ပို၍အကျိုးကြီးခြင်း **အရိယာ**တို့တွင်လည်း အောက် အောက်အရိယာကို လှူဒါန်းရသည်ထက် အထက်အထက်အရိယာကို လှူဒါန်းရသည်က သာလွန်၍ အကျိုးကြီးပြန်ခြင်း စသည်တို့ကိုလည်း အင်္ဂုတ္တရ ပါဠိတော် ဝေလာမသုတ်ကို ထောက်ထား၍ အလားတူဖြစ်သည်ဟု သိအပ်၏။

ထို့ကြောင့် "**ဝိစေယျ** ဒါနံ **ဒါတဗ္ဗံ**၊ **ယတ္ထ** ဒိန္နံ မဟပ္ဖလံ" အကြင်ပုဂ္ဂိုလ်၌ လှူဒါန်းအပ်သော အလှူသည် များမြတ်အကျိုးရှိ၏၊ ထိုကဲ့သို့သော အလှူမျိုးကို ဉာဏ်မီသလောက် ရွေးချယ်စိစစ်၍ လှူဒါန်းရမည်ဟု ဗုဒ္ဓမြတ်စွာသည် အကုံရနတ်သားကို အကြောင်းပြု၍ ညွှန်ပြတော်မူသည်။

## ဘုရားရှိစဉ်က ရွေးချယ်ပုံ

ဗုဒ္ဓမြတ်စွာ ရှိစဉ်တုန်းက လှူဒါန်းလိုသော ဒကာ ဒကာမတို့သည် ကျောင်းတော်သို့ ရောက်သောအခါ "ဘုရားမြတ်စွာ ဘယ်မှာလဲ၊ အရှင်သာရိပုတ္တရာ ဘယ်မှာလဲ၊ အရှင်မဟာမောဂ္ဂလ္လာန်ဘယ်မှာလဲ၊ အရှင်အနုရုဒ္ဓါဘယ်မှာလဲ၊ အရှင်အာနန္ဒာ ဘယ်မှာလဲ—"ဟု မြတ်စွာဘုရားနှင့်တကွ အဂ္ဂသာဝကကြီးများကိုသာ ထပ်တလဲလဲမေးမြန်းကြသည် "ရှင်ဒေဝဒတ်ဘယ်မှာလဲ" ဟု ရှင်ဒေဝဒတ်ကို မေးမြန်းသူကား မရှိသလောက် ရှားပါးလှသည်။

ထို**အ**ရေးအခင်းကို စဉ်းစားရာဝယ် သာမာန်ပုဂ္ဂိုလ်ကိုလှူဒါန်းရခြင်းထက် ထူးကဲမြင့်မြတ်သော ပုဂ္ဂိုလ်ကို လှူဒါန်းရခြင်းက ပိုပြီးအကျိုးကြီးလိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် ဤကဲ့သို့

ရွေးချယ်ခြင်းဖြစ်သည်ဟု အဖြေထွက်လာပါသည်၊ တမျိုးပြော ရလျှင် အလှူပေးပုဂ္ဂိုလ်ဖက်မှ စိတ္တသမ္ပတ္တိ (ကြည်ညိုစိတ်) အားကောင်းဘို့ရန်နှင့် အလှူခံ ပုဂ္ဂိုလ်ဖက်မှ ဒက္ခိဏေယျ သမ္ပတ္တိ (အလှူခံ ပုဂ္ဂိုလ်ကောင်း) ဖြစ်ဖို့ရန် အတွက်သာလျှင် ရွေးချယ်ရခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

## တန်ခိုးပြ၍စည်းရုံးသော ရှင်ဒေဝဒတ်

ဒက္ခိဏေယျသမ္ပတ္တိ ဖြစ်ဖို့ရန် ရွေးချယ်ရာ၌လည်း လောကရေးရာ ဂုဏ်အနေဖြင့် ရွေးချယ်ခြင်း မဟုတ်ပါ၊ လောကုတ္တရာရေးရာ ဂုဏ်အနေဖြင့်သာ ရွေးချယ်ခြင်း ဖြစ်ပါသည်၊ အကယ်၍သာ လောကရေးရာဂုဏ်အနေဖြင့် ရွေးချယ်ရမည်ဆိုပါမူ ရှင်ဒေဝဒတ်ကိုပါ ရွေးချယ်သင့်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ရှင်ဒေဝဒတ်သည်လည်း ရှင်အနုရုဒ္ဓါ ရှင်အာနန္ဒာတို့ကဲ့သို့ မင်းညီမင်းသား အဆောင်အယောင်တွေကို စွန့်လွှတ်၍ တောထွက်လာခဲ့သော သာကီမျိုး သာကီနွယ် ဘုရင့်သားတော်တပါး ဖြစ်သောကြောင့်ပင် ဖြစ်၏။

သို့ရာတွင် လောကုတ္တရာရေးရာ ဂုဏ်အနေဖြင့်ကား အရှင်အနုရုဒ္ဓါ အရှင်အာနန္ဒာစသည်တို့နှင့်မိုးနှင့် မြေကြီးပမာ ကွာခြားလှပါသည်၊ သူသည် ပုထုဇဉ်ရဟန်းဖြစ်သော်လည်း မြေလျှိုး မိုးပျံ့ စျာန်အဘိညာဉ် ဝင်စားနိုင်သော တန်ခိုးရှင်ကြီး တပါးပါပေသည်း၊ ယင်းသို့ပင် တန်ခိုးရှင်ကြီးဖြစ်လင့်ကစား သူ ရထားသောတန်ခိုးဣဒ္ဓိပါဒ်ကို မဂ်ဖိုလ်ရရေးအတွက် အသုံးမပြုပဲ ယင်း တန်ခိုးဖြင့် အဇာတသတ်မင်းသားကို သူ့ဘက်

ပါလာအောင် စည်းရုံးခဲ့သည်၊ အဇာတသတ်မင်းသား၏ ကြည်ညိုမှုကိုရ၍ ပစ္စည်းလာဘ်တွေ ပေါများလာသောအခါ ဘုရားကို တုပြိုင်ရာမှအစ ဈာန်အဘိညာဉ်လျှောကျပြီး နောက်ဆုံး၌ ဘုရားသတ်ကံ သံဃဘေဒက ကံကြီးများကို ကျူးလွန်၍ အဝီစိငရဲ၌ ကျရောက်ခဲ့ရသည် မဟုတ်ပါလော။

သို့ဖြစ်ရာ ရာဂ ဒေါသ ပေါင်းမြက်တွေ ထူပြောလှသော အရှင်ဒေဝဒတ်လို ပုဂ္ဂိုလ်မျိုးကို ရွေးခေတ် ဒကာ ဒကာမတို့က ဒါနမျိုးစေ့ စိုက်ပျိုးဖို့ရန် လယ်ကောင်း ယာကောင်း အဖြစ်ကို အဘယ်မှာ ရွေးချယ်နိုင်ပါမသနည်း၊ ဤနည်းအားဖြင့်ပင် ရှင်ဒေဝဒတ်သည် အလှူရှင် ဒကာ ဒကာမတို့၏ စိုင်းပယ်မှုကို ခံခဲ့ရသတည်း။

## ယခုခေတ် အလှူခံရွေးချယ်နည်း

မိမိတို့ကြဲချလိုက်သော ဒါနမျိုးစေ့တွေကို အမြစ်တွယ် အပင်ပေါက်၍ ဖြစ်မြောက်စည်ပင် အောင်အောင်မြင်မြင် သီးပွင့်စေလိုလျှင် ဒေါင်ဒေါင်မြည် သီလဝန္တပုဂ္ဂိုလ်မျိုးကို ရွေးချယ်ရမည်သာဖြစ်၏၊ ပုဂ္ဂလိက အလှူဖြစ်လျှင် ပုဂ္ဂိုလ်ရွေးချယ်မှု မှန်ကန်မှသာလျှင်နောင်သံသရာ၌ ဒါန၏အကျိုးကို အပြည့်အဝ ခံစားရမည်ကို သတိပြုပါ၊ အချို့က အယုတ်အလတ် အမြတ်မရွေး မရွေးချယ်ရဟု ဆိုတတ်ကြ၏၊ ထိုစကားသည် ပုဂ္ဂလိက အလှူနှင့်မသက်ဆိုင်ပါ၊ သံဃိက အလှူနှင့်သာ သက်ဆိုင်ပါသည်၊ သံဃာတဖွဲ့လုံးကို ခြုံမိငုံမိအောင် အာရုံပြု၍ လှူဒါန်းနိုင်သော သံဃိကာ အလှူရှင်တို့အဖို့မှာကား ပုဂ္ဂိုလ်ရွေးချယ်ရန် မလိုတော့ပါ။

ပုဂ္ဂလိက အလှူလည်း ဖြစ်စေချင်သည်၊ ဒါန၏ အကျိုးကိုလည်း အပြည့်အဝခံစားချင်သည်ဟု ဆိုလျှင် မိမိလှူဒါန်းရမည့်ပုဂ္ဂိုလ်ကို အယုတ်အမြတ် ရွေးရမည်မှာ မလွှဲမရှောင်သာသော တာဝန်ဖြစ်၏၊ သို့သော်ယခုခေတ်၌ကား လှူဒါန်းပုံ လှူဒါန်းနည်းမ သိပဲ လှူဒါန်းနေကြသော မိရိုးဖလာ အလှူတွေကများနေပါသည်၊ အလှူဒါနပြုသောအခါ ဒက္ခိဏေယျသမ္ပတ္တိစာရင်း၌ ဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ အလှူဒါယကာဘက်မှ ဘုန်းကြီးရဟန်းတို့ကိုလည်း မပင့်လျှင်မဖြစ်သော လင်ပါဘုန်းကြီး အဖြစ်ဖြင့် ရွေးချယ်ကြသည်၊အလှူဒါယိကာမဘက်မှ ဘုန်းကြီးရဟန်းတို့ကိုလည်း မပင့်လျှင် မဖြစ်သော မယားပါဘုန်းကြီးအဖြစ်ဖြင့် ရွေးချယ်ကြရသည်၊ မကောင်းဘုန်းကြီးကောင်းဘုန်းကြီးဟူသော ဆောင်ပုဒ်အရ ပင့်ဖိတ်ကြရသည့်သာတည်း။

## သံဃိကအလှူ ဖြစ်နိုင်ရေး

ဘာမဆိုလှူဒါန်းရာ၌ ဖြစ်နိုင်လျှင် သံဃာတဖွဲ့လုံးကို ခြုံ၍ ဒက္ခိဏေယျသံဃာအဖြစ် ထားပြီးလျှင် လှူဒါန်းနိုင်ပါမူကား ထိုအလှူသည် သံဃိကအလှူဖြစ်၍ ပုဂ္ဂလိက အလှူထက် အဆပေါင်းများစွာအကျိုးပေးထက်သန်ရမည်မှာ သေချာ၏၊ သာသနာသက်တမ်း ကုန်တော့မည့်အခါနှိမ့်မှာသက်နုံးစုတ်ကို လည်ပင်းပတ်ထားသော ကာသာဝကဏ္ဍ (ဒုဿီလပုဂ္ဂိုလ်) ကိုပင် သံဃာအစစ်ဟု ရည်မှန်း လှူဒါန်းသော သံဃိကအလှူသည်ပင်လျှင် မရေတွက်အပ် မန္နိုင်းယှဉ်အပ်သော ကောင်းကျိုး ဖန်တီးနိုင်

ကြောင်း ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်၌ ဗုဒ္ဓမြတ်စွာ ညွှန်ကြားထားပါသည်။

အနာထပိဏ်ဍိက ဝိသာခါစသော တကာ့ထိပ်တန်း ပုဂ္ဂိုလ်ကြီးများသည် ဘုရားမြတ်စွာကိုရည်စူးလျက် ကုဋေပေါင်းများစွာ ကုန်ကျသော ဇေတဝန်ကျောင်းတိုက် ပုဗ္ဗာရုံ ကျောင်းတိုက်ကြီးများကို တည်ဆောက်ထားရာ ဗုဒ္ဓမြတ်စွာသည် ထိုဒကာ ဒကာမတို့ ၏ အကျိုးများမှုအတွက် ယင်းကျောင်းတိုက်တော်ကြီးများကို သံဃိကအဖြစ်ဖြင့်သာ အလှူခံတော်မူပါသည်။

အချို့သော ဒကာဒကာမတို့သည် ပုဂ္ဂလိက အလှူထက် သံဃိကအလှူမှာ ပို၍ အကျိုးကြီးကြသည်ဟူသောမူအရ မိမိတို့ဆောက်လုပ်ထားသော ကျောင်းဇရပ်စသည်ကို သံဃိကဒါနအဖြစ် လှူဒါန်းလိုကြသော်လည်း ဘုန်းတော်ကြီးများက သံဃိကမလှူရ ပုဂ္ဂလိကလှူရမည်ဟု မိန့်မြွက်တော်မူကြသဖြင့် ဆရာနှင့်ဒကာ အပေးအယူမမျှပဲ စိတ်ဝမ်း ကွဲပြားကြသည်ကိုလည်း မကြာ မကြာ တွေ့မြင်ရသည်။

မိမိကိုယ်ပိုင် စီမံထားသော ဝတ်လဲ့တော်အစုံကို သက်နှီးလျာအဖြစ်ဖြင့် ပုဂ္ဂလိက လှူဒါန်းလိုသော မိထွေးတော်ကြီးအား ဗုဒ္ဓမြတ်စွာက သံဃိကလှူဒါန်းရန် တိုက်တွန်းတော်မူသောထုံးကို နှလုံးသွင်းခဲ့ပါလျှင် သံဃိက မလှူချင်သော ဒသာ ဒကာမများကို သံဃိကလှူဒါန်းရန် တိုက်တွန်းရမည်သာဖြစ်၏၊ မိမိက သံဃာဖြစ်နေလျှင် သံဃိကအလှူကို ရှဲ့ကြောက်ရန်မလိုဟု ထင်ပါသည်၊ သို့ရာတွင် မိမိတို့ကိုယ်တိုင်

သံဃာတော်ဖြစ်နေပါလျက် သံဃိက ကြောက်ရှိသော ဘုန်းတော်ကြီးများကို တွေ့ရသည်မှာ ဝမ်းနည်းဖွယ် ကောင်းလှ၏။

မည်သို့ပင်ဖြစ်စေ ဖြစ်နိုင်သောအရာ၌ သံဃိကဒါန ဖြစ်စေခြင်းသည် ဗုဒ္ဓမြတ်စွာ၏ လိုလားချက်ဖြစ်သည်ဟု နားလည်မှု ရှိကြကုန်ရာ၏၊ သို့ဖြစ်ရာ တကယ်သာသနာစိတ်ရှိသောအချို့ ဆရာတော်ကြီးများသည် မိမိပိုင် ပုဂ္ဂလိက ပစ္စည်းကိုပင် သံဃာပိုင်ပြုလုပ်စေ၍ ဝေခြမ်းသုံးဆောင်တော်မူကြပါသည်၊ အတုယူဖွယ်ပါပေတည်း။

## ဘာသာရေးအလှူနှင့် လူမှုရေးအလှူ

ရတနာသုံးပါးနှင့် စပ်လျဉ်း၍ ဘာသာရေး တရားတော်၏ ညွှန်ကြားချက်အရ လှူဒါန်းနည်းကျနအောင် လှူဒါန်းသော မျက်မြင်အလှူကိစ္စများသည် ဘာသာရေးအလှူဖြစ်၍ တိုင်းပြည်နှင့် လူမျိုးအတွက် စေတနာထား၍ လှူဒါန်းရသော မီးဘေးဒုက္ခသည် ကယ်ဆယ်ရေး ရေဘေးဒုက္ခသည် ကယ်ဆယ်ရေးစသော ဒါနမှုများသည်ကား လူမှုရေး အလှူများဖြစ်ပါသည်၊ ဤကဲ့သို့သော လူမှုရေးအလှူမျိုးကို ရှေး အလောင်းတော်ကြီးများလည်း ပါရမီဖြည့်စဉ်က ဘဝပေါင်းများစွာ ဆည်းပူးခဲ့ကြပါသည်။

ထို့ပြင် ငွေကြေးတတ်နိုင်သူတို့က တသီးပုဂ္ဂလ အနေဖြင့် ဖြစ်စေ သို့မဟုတ် အများစုပေါင်း၍ဖြစ်စေ လူထုအကျိုးပြု ဖြစ်သော ဆေးရုံဆေးပေးခန်း ဆောက်လုပ် လှူဒါန်းခြင်း၊ စာ

သင်ကျောင်းဆောက်လုပ်လှူဒါန်းခြင်း ရေရှားသောအရပ်၌ ရေတွင်းရေကန် တူးဖော်ပေးခြင်း၊ လမ်းပြုပြင်ခြင်း၊ တံတား ခင်းခြင်းစသော အလှူဒါနမျိုးတို့သည်လည်း တိုင်းပြည် ကောင်းစားရေးအတွက် လုပ်သင့် လုပ်ထိုက်သော လူမှုရေး အလှူတို့သာဖြစ်သည်ဟု မှတ်သားအပ်၏။ မည်သည့်မြို့ရွာ၌ပင် ဖြစ်စေ မသိ၍ မလုပ်ရသောလူတွေ မြောက်မြားစွာ ရှိသကဲ့သို့ သိလျက်မလုပ်ကြသောလူတို့သည်သည်း မြောက်မြားစွာ ရှိနေ ပါသည်၊ သို့ဖြစ်ရာ ဤအခန်းကဏ္ဍသည်ကား မသိ၍မလုပ်ရသော လူများအတွက် ရည်ညွှန်းချက်ပြုသော သင်ခန်းစာပေတည်း။

## သံဃိကသဘောမျိုး သက်ရောက်သောအလှူ

ဤပြည်ထောင်စုမြန်မာနိုင်ငံ၌ ဆင်ခြင်တုံတရား ကင်းမဲ့သော မိရိုးဖလာ ဘာသာရေးအလှူတွေ ပေါများသလောက် လူမှု ရေးအလှူများ ရှားပါးနေရသေးသည်မှာ လွတ်လပ်သော တိုင်းပြည် လွတ်လပ်သောလူမျိုးဟူသောဂုဏ်နှင့် မဟပ်မိသော ချွတ်ယွင်းချက်ကြီးတခု ဖြစ်နေသည်ဟု ဆိုချင်ပါသည်။ အမှန် မှာ လူမှုရေးအလှူသည် တဦးတယောက် ကောင်းစားရေး အတွက် ကွက်၍လှူဒါန်းရသော ပုဂ္ဂလိက အလှူမျိုးမဟုတ်ပဲ အများကောင်းစားရေးအတွက် ရက်ရောရသော အလှူမျိုး ဖြစ်၍ သံဃိကသဘောမျိုး သက်ရောက်ပြန်သည်။

သို့ဖြစ်ရာ မိမိတို့က လှူဒါန်းရသော လူမှုရေးအလှူအတွက် အများကောင်းစားရသလောက်မက နောင်သံသရာ၌ မိမိတို့ မှာလည်း ဆတက်ထမ်းပိုး ကောင်းကျိုးခံစားရမည်မှာသေချာ

ပါသည်၊ သို့သော်လည်း တတ်နိုင်သောလူတယောက်က စေတီပုထိုးတွေ ပေါများသောနေရာ၌ စေတီတဆူအသစ်တည်ဖို့ရန် ဝန်မလေးသည့်တိုင်အောင် မရှိနွမ်းပါးသော ကလေးသူငယ်တယောက်အား ပညာပါရမီဆည်းပူးသည့်အနေဖြင့် စာအုပ်ခဲတံလှူလိုက်စမ်းပါဆိုလျှင် တွန့်တိုနေလိမ့်မည်ထင်ပါ၏။

ထို့ကြောင့် ဤအခန်းကဏ္ဍသည်လည်း ဘာသာရေးအလှူမှ လူမှုရေးအလှူ အထိတိုးချဲ့လှူဒါန်းရန် ညွှန်ကြားအပ်သော သင်ခန်းစာတရပ်ပင်တည်း။ (လူမှုရေးအလှူနှင့် ပတ်သက်သော အကြောင်းအရာများကို ဝိုင်အမ်ဘီအေ အသင်းမှ ဖြန့်ချိသော မင်္ဂလာ့အမြုတေကျမ်းစာကို ရှုပါ၊)

## အဖြူသဘာဝ—မြတ်ဒါန

ဘာသာရေးအလှူဖြစ်စေ လူမှုရေးအလှူဖြစ်စေ လှူဒါန်းနေခိုက်မှာ လှူဒါန်းရမည့် ပစ္စည်းများအပေါ်၌ တွယ်တာမှုမရှိသောကြောင့် လောဘကိလေသာမှလည်း လွတ်မြောက်နေ၏၊ ငါ့ပစ္စည်းဟု သိမ်းပိုက်မှုမရှိသောကြောင့် နှမြောတွန့်တိုခြင်းမစ္ဆရိယ ကိလေသာမှလည်း လွတ်မြောက်နေ၏၊ အလှူခံပုဂ္ဂိုလ်တို့အပေါ်၌ အကျိုးလိုလားသော မေတ္တာစေတ်တွေဖြန့်ထားသောကြောင့် ဒေါသ ကိလေသာမှလည်း လွတ်မြောက်နေ၏။ သို့ဖြစ်ရာ ကိလေသာမရော စင်းလုံးချော ဖြစ်နေသော အဖြူသဘာဝ ဒါနကုသိုလ်ကိုပင် တဒင်္ဂဝိမုတ္တိဟု ခေါ်ဆိုရ၏။ "ဒါနေန မစ္ဆရိယလောဘာဒိတော ဝိမုစ္စနံ အယံ တဒင်္ဂဝိမုတ္တိ နာမ"ဟူသော ဥဒါန်းအဋ္ဌကထာနှင့် အညီတည်း။

ခြုံလိုက်လျှင် တဒင်္ဂဝိမုတ္တိ-ဟု ခေါ်ဆိုရသော ပေးလှူစွန့်ကြဲခြင်းဒါနသည် ကိလေသာအမည်းကွက်မစွန်းငြိသော အဖြူထည်သဘာဝတမျိုးဖြစ်၍ ယင်းအဖြူသဘာဝဒါနမှုကိုပင် ပြုသင့်ပြုထိုက်သော အဖြူသဘာဝ ပုည ကြိယဝတ္ထုဟု မှတ်သားအပ်သည်သာတည်း။

# သီလရေးရာပိုင်း

သီလဟူသည်မှာ ကာယသုစရိုက် ဝစီ သုစရိုက် ခွဲတမ်းတုန်းက ဖော်ပြခဲ့သော ငါးပါးသီလ အာဇီဝဋ္ဌမက သီလ စသည် စောင့်ထိန်းခြင်း မဟာကုသိုလ်စေတနာပင်ဖြစ်၏။ ထိုစေတနာ ပြဋ္ဌာန်းချက်အရ သီလ လုံခြုံနေသူတိုင်းပင် ကိုယ်အမူအရာ သောင်းကျန်းမှု ကာယဒုစရိုက်မှလည်း ကင်းရှင်းလျက် ရှိ၏။ နှုတ်အမူအရာ သောင်းကျန်းမှု ဝစီဒုစရိုက်မှလည်း ကင်းရှင်းလျက်ရှိ၏၊ လူကောင်းသူကောင်း အခေါ် ခံရသူတိုင်းပင် ကိုယ်အမူအရာမှလည်း ကိုယ်ပြုချင်တိုင်းမပြု၊ နှုတ်အမူအရာမှလည်း ကိုယ်ပြောချင်တိုင်းမပြော၊ စောင့်စည်း ထိန်းသိမ်းနိုင်သော လူသီလဝန္တ ရဟန်းသီလဝန္တ ပုဂ္ဂိုလ်တို့သာဖြစ်ကြသည်ကို တွေ့မြင်ရပါသည်။

ထို့ကြောင့် လူတဦးတယောက်ကို "ဤသူသည် လူကောင်းလား လူညံ့လား" ဟု ခွဲခြားသိလိုလျှင် ထိုသူ၏ ပြုလုပ်ချက် ပြောဆိုချက် ဟုဆိုအပ်သော ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို ထောက်ဆ၍ ခွဲခြားသိနိုင်ပြန်သည်။ အမှန်မှာ လူတဦးတယောက်၏ ပြုလုပ်ချက် ပြောဆိုချက် များသည်

ယင်းပြုလုပ်သူ ပြောဆိုသူ၏ ကိုယ်ရေးရာဇဝင်ကို ဖော်ထုတ်ပေးသော ဖော်ကောင်သဖွယ် ဖြစ်နေပြန်၏။

## ဒါနပြုလျှင် သီလကိုပါ ထိန်းရခြင်း

လူဖြစ်စေ ရဟန်းဖြစ်စေ မိမိတို့ထိန်းသိမ်းရသော ကိုယ်ကျင့်သီလသည် ဘဝသမ္ပတ္တိ(လူ့ဘဝ နတ်ဘဝရောက်ရေး) အတွက် ဖြစ်၍ ပေးလှူစွန့်ကြဲမှုဒါန သည်ကား ဘောဂသမ္ပတ္တိ(လူ့စည်းစိမ်ရှင် နတ်စည်းစိမ်ရှင်ဖြစ်ရေး)အတွက်သာတည်း။ ဆက်ဦးအံ့- သီလကုသိုလ်ဖြင့် လူ့ဘဝ နတ်ဘဝကို မထူထောင်နိုင်ခဲ့လျှင် ပေးလှူစွန့်ကြဲထားသော ဒါနကုသိုလ်သည်ကား လူ့စည်းစိမ်ရှင် နတ်စည်းစိမ်အဖြစ် ကောင်းကျိုးပေးရန် အခွင့်အခါမရပဲ မြုပ်တိမ်နေရမည်သာဖြစ်၏။

အကယ်၍ ဒါနမျိုးစေ့တွေကို မည်မျှလောက် ဆည်းပူးထားသည်ဖြစ်စေ သီလမရှိ၍ အပါယ်လေးပါးသို့ ကျရလျှင် ထိုဆည်းပူးထားသော ဒါနမျိုးစေ့တို့သည် အဘက်မှာအကျိုးပေးခွင့် ရနိုင်တော့ပါမည်နည်း၊ အဘယ့်ကြောင့်နည်းဟူမူ သီလကုသိုလ်က ထူထောင်ပေးသော လူ့ဘဝ နတ်ဘဝထဲတွင်မှ ဒါနကုသိုလ်က လူ့စည်းစိမ်ရှင် နတ်စည်းစိမ်ရှင် ဖြစ်ရေးအတွက် ဖန်တီးပေးရမည်ဖြစ်သောကြောင့်တည်း။ သို့ဖြစ်ရာ ဒါနပြုသူတိုင်းပင် ဒါနကုသိုလ်၏ အကျိုးပေးရာဖြစ်သော လူ့ဘဝ နတ်ဘဝသို့ရောက်ပါမှသာလျှင် ဒါနကုသိုလ်က အကျိုးပေးခွင့်ရမည်ဖြစ်သောကြောင့် သီလဆောက်တည်၍ လုံခြုံစွာ ထိန်းသိမ်းကြပါဟု ညွှန်ပြပါသည်။

## တသက်လုံးပုံတော်သော အဆင်တန်ဆာ

"ကိံ သု ယာဝ ဇရာ သာဓု" အိုမင်းသည့်တိုင်အောင် ကောင်းသောတရားကား အဘယ်ပါနည်းဟု နတ်သား တယောက်က မေးလျှောက်ရာ "သီလံ ယာဝ ဇရာ သာဓု"အိုမင်းသည့်တိုင်အောင် ကောင်းသောတရားသည်ကား ကိုယ်ကျင့်သီလတည်းဟူသော အဆင်တန်ဆာဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာက တုံ့ပြန်မိန့်ကြားတော်မူပါသည်။ "စိန်ရွှေဆင်လို့ မယဉ်၊ ဣန္ဒြေဆည်မှယဉ်သည်"ဟူသော ပြောထုံးစကားသည်လည်း ထိုသီလအဆင်တန်ဆာကိုပင် ရည်ညွှန်းရင်းဖြစ်ပါသည်။

မှန်၏—မျက်မြင်လောက၌ စိန်ရွှေတွေ မည်မျှလောက် ဆင်ပြင်ထားသော်လည်း ထိုစိန်ရွှေ အဆင်တန်ဆာတို့သည် နုပျိုတုန်းအခါ၌သာလျှင် ဝတ်ဆင်ပုံတော်ပါသည်၊ အရွယ်ကြီးမှ စိန်တွေ ရွှေတွေ ဝတ်စားလာလျှင်"အမြင်မတော်-ဆင်တော်နှင့် ခလောက်"ဆိုသကဲ့သို့ ကဲ့ရဲ့ဖွယ်ဖြစ်ရမည်မှာ မလွဲပေ၊ သီလတည်းဟူသော အဆင်တန်ဆာသည်ကား ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ ဆင်ပြင်ပေးနိုင်လျှင် မည်သူက မျှ ကဲ့ရဲ့မည် မဟုတ်ပဲ နောင်သံသရာ၌လည်း ထိုသီလအတွက် ကောင်းသောဘဝသို့ ဆန်တက်ရမည်မှာ သေချာပါသည်၊ ထို့ကြောင့် ယင်းကိုယ်ကျင့်သီလကို တသက်လုံး ပုံတော်သော ကိုယ်ကျင့်တရားဟု ဆိုရသဘည်း။

## လူထုလုပ်စာကို အချောင်နှိုက်နေသော လူဒုသီလများ

ရဟန်းတော်များမှာ ရဟန်းကျင့်ဝတ် ရဟန်းသီလကို ချိုးဖောက်လျှင်ရဟန်းအလဇ္ဇီ ရဟန်းဒုသီလ ထိုက်သလို ဖြစ်ရသကဲ့

ထိုလူများမှာလည်း လူ့ကျင့်ဝတ် လူ့သီလကို ချိုးဖောက်လျှင် လူအလဇ္ဇီလူ ဒုဿီလထိုက်သလို ဖြစ်ရမည်သာတည်း၊ ထို ၂-မျိုးတွင် လူအဇ္ဇီထက် ကိုယ်ကျင့်တရား လုံးဝမကာပ်သောလူ ဒုဿီလက သာပြီး ကြောက်ဖွယ် ဖြစ်၏၊ ယင်း လူဒုဿီလ တို့တွင်လည်း အချို့မှာ စီးပွါးရေးနိမ့်ကျရာမှ တစတစ ကြီးထွားသာသောကြောင့် လူဒုဿီလဖြစ်ကြရသည်၊ အချို့မှာကား ဆင်ပြင်တုံတရား ကင်းကင်းမဲ့ရာမှ တစတစ မိုက်မဲလာသော ဝသီဆိုးဉာဉ်ဆိုးကြောင့် လူဒုဿီလဖြစ်ကြရသည်။

သို့ရာတွင် မည်သည့်ကြောင့်ပင် လူဒုဿီလဖြစ်လာရသည် ဖြစ်စေ ထို လူဿီလတို့သည်ကား ကိုယ့်အားကိုယ်ကိုးပြီး ရိုးသားစွာ လုပ်ကိုင်စားသောက်သူများ မဟုတ်ပဲ ပြည်သူလူထု၏ ပစ္စည်းကို ခိုးဆိုးတိုက်ခိုက် အချောင်နိုက်၍ စားသောက်နေသူများ ဖြစ်သည်ကို သူတို့၏လုပ်ရပ်ကပင် ဖော်ပြလျက်ရှိနေပါသည်၊ မြို့နေလူဒုဿီလသည် မြို့နေလူတန်းစား အသီးသီးအား နည်းအမျိုးမျိုးဖြင့် အနှောင့်အယှက်ပေးသကဲ့သို့ တောနေ ဒုဿီလတို့သည်လည်း တောနေလူတန်းစား အသီးသီးတို့အား အဖက်ဖက်မှ အနှောင်အယှက် ပေးနေကြပြန်သည်။

သို့ဖြစ်ရာ ကျေးလက်တောရွာမှ တောင်သူလယ်သမားတို့သည် မိမိတို့မြေယာလုပ်ခင်းမှ ရရိတ်သိမ်းရသေးသော ကောက်ပဲသီးနှံများကို စီးပွါးဖြစ် ခိုးယူရောင်းချနေသော လူဒုဿီလတို့၏ ဘေးရန်မှ မကာကွယ်နိုင်အောင် ရှိနေကြရ၏၊ အမှန်မှာ လူထုဥစ္စာကို အချောင်နိုက် စားသောက်နေသော ထိုလူဒု

သီလတို့သည်ကား အဲပါယ်ဘေးကိုမှကြောက် မင်းပြစ်မင်းဒဏ်ကိုသာ ကြောက်ရွံ့မည့် သူများပေတည်း။

## သီလ ၄-မျိုး ထူထောင်ရေး

တိုင်းပြည်တပြည်၌ ထိုကဲ့သို့သော လူဒုသီလတို့သည် လူနည်းစုအဖြစ်မှ လူများစုအဖြစ်သို့ ရောက်လာအောင် အရေအတွက် တိုးချဲ့နေခဲ့ပါလျှင် ထိုတိုင်းပြည်သည် သာယာမှုမရှိပဲ အမြဲတမ်း အခက်အခဲနှင့် ရင်ဆိုင်နေရဖို့ရှိပါသည်၊ သို့သော်ထိုကဲ့သို့သော လူဒုသီလ ပပျောက်ရေး အတွက်မှာမူ တိုးတက်နေသောသိပ္ပံပညာဖြင့် မန်းမှုတ်၍မရ ဘာသာရေးတရားတော်နှင့်စပ်သော ဝိဇ္ဇာပညာဖြင့် မန်းမှုတ်ကုစားမှသာ ရနိုင်ဖွယ်ရှိပါသည်။

သို့ဖြစ်ရာ မည်သည့်တိုင်းပြည်၌မဆို လူကောင်းသူကောင်းတို့က လူများစုဖြစ်နေမှသာလျှင် လောကနတ်ဘုံပမာ အေးချမ်းသာယာမှု ရှိမည်ဖြစ်ရကား အမျိုးသား အမျိုးသမီးတိုင်းပင် မိမိတို့အား လိမ္မာမှုပေးသော ဝိဇ္ဇာပညာကို မလွှဲသင့်ဖွယ်ပြုကာ—

၁။ မကောင်းမှု ဒုစရိုက်ကင်းရှင်းရန်အလို့ငှါ ဝိရတီပြဌာန်းသော ငါးပါးသီလ အာဇီဝဋ္ဌမကသီလ စွဲမြဲသူတွေ ဖြစ်ကြရမည်။

၂။ အပြင်မှ မြင်ရ ကြားရ နံရ စားရ တွေ့ထိရ တွေးခေါ်ကြံစည်ရသော အာရုံခြောက်ပါးကို အစွဲပြု၍ အတွင်းပိုင်းမျက်စိ

နား နှာ လျှာ ကိုယ် မနော ခြောက်ပါးသော တံခါးပေါက်တို့မှ ဝင်လာမစဲဖြစ်နေသော လိုချင်မှု မုန်းတီးမှု မသိမှု ထောင်လွှား မနာလိုမှုစသော မကောင်းဆိုးဝါးတွေကို တားဆီးပိတ်ဆို့နိုင်ရန် သတိပြဋ္ဌာန်းသော ဣန္ဒြိယသံဝရသီလနှင့်လည်း ပြည့်စုံသူတွေဖြစ်ကြရမည်။

၃။ ကိုယ့်အား ကိုယ်ကိုးပြီး ရိုးသားစွာ လုပ်ကိုင်စားသောက်နိုင်ရန် ဝီရိယပြဋ္ဌာန်းသော အာဇီဝပါရိသုဒ္ဓိ သီလနှင့် ပြည့်စုံသူတွေလည်း ဖြစ်ကြရမည်။

၄။ ရလာသောပစ္စည်းအပေါ်၌ အလွန်အကျွံ ကပ်ငြိခြင်း မရှိပဲ အကျိုးရှိ မရှိ ဆင်ခြင်သုံးသပ်ပြီးဝခြမ်းမျှတ သုံးစားဖို့ရန် အသိဉာဏ်ပြဋ္ဌာန်းသော ပစ္စယသန္နိဿိတ သီလနှင့် ပြည့်စုံသူတွေလည်း ဖြစ်ရမည်။

## အဖြူသဘာ၁ဝ— မြတ်သီလ

ထိုသီလ ၄—မျိုးသည် ရဟန်းလောက၌သာ ရှိသည်မဟုတ်၊ လူ့လောက၌လည်းရှိသည်ဖြစ်သောကြောင့် အဖြူသဘာဝဖြစ်သော ယင်းသီလ၄—မျိုးကို တိုင်းပြည်အေးချမ်းသာယာမှု အတွက်တွင်သာမက ဘဝခရီးကောင်းမွန်ရေးနှင့် ဘဝခရီးရပ်နားရေးအတွက် မျှော်မှန်းပြီး ကျင့်သုံးနိုင်ရန် ဤအခန်းကစာဖတ်သတ်တို့အား သင်ခန်းစာပေးလျက် ရှိသည်သာတည်း။

# ဘာဝနာရေးရာပိုင်း

## ရုပ်နှင့်နာမ်ကို ခွဲခြားသိရခြင်း

ယခုအချိန်၌ ဗုဒ္ဓမြတ်စွာသက်တော်ထင်ရှားမရှိသော်လည်း ထိုဗုဒ္ဓမြတ်စွာ၏ ဟောပြောညွှန်ပြချက်တို့သည်ကား အမှန်တရားကို ဖော်ထုတ်ပေးနိုင်သော မီးရှူးမီးတိုင်ကြီးများ၏အဖြစ်ဖြင့် သတ္တလောကကြီးအား အကျိုးပြုတုန်းရှိနေပါသည်၊ သို့ဖြစ်ရာ မီးရှူးမီးတိုင်သဖွယ်ဖြစ်သော ထိုဟောပြောညွှန်ပြချက်တို့က တွန်းပြပေးနေသောကြောင့် ဗုဒ္ဓဓမ္မ၌ သက်ဝင်ယုံကြည်သူတိုင်းပင် မိမိတို့၏ခန္ဓာကိုယ်ကြီးကို ခွဲခြားကြည့်လျှင် ရုပ်ဓာတ်အဖွဲ့အစည်းနှင့် နာမ်ဓာတ် အဖွဲ့အစည်းမှ တပါး အခြားဘာမျှမတွေ့ရ၊ ရုပ်ဓာတ်နှင့် နာမ်ဓာတ်တို့ ဆက်စပ်ပူးပေါင်းရာမှ အကောင်အထည်ပေါ်လာရသော ရုပ်နာမ် အစုအဝေးမျှသာဖြစ်သည်ဟု အမှန်အတိုင်း သိခွင့်ရကြပြန်သည်။

## ခန္ဓာအာယတနဓာတ်

ထိုရုပ်ဓာတ်အဖွဲ့အစည်း နာမ်ဓာတ်အဖွဲ့အစည်း ၂-မျိုးတို့တွင် ရုပ်ဓာတ်အဖွဲ့အစည်းတခုလုံးသည် ရူပက္ခန္ဓာဖြစ်၏၊ နာမ်ဓာတ်အဖွဲ့အစည်း၌ အကျုံးဝင်သော ခံစားမှုဝေဒနာစေတသိက်

သည် ဝေဒနက္ခန္ဓာဖြစ်၍ မှတ်သားမှုသညာ စေတသိက်သည်ကား သညာက္ခန္ဓာဖြစ်၏၊ ထို့ပြင် စုပေါင်းစီမံမှု ကျန်စေတသိက် ၅၀ ဆယ်တို့က သင်္ခါရက္ခန္ဓာဖြစ်၍ သိမှုစိတ်တို့က ဝိညာဏက္ခန္ဓာဖြစ်၏၊ ဤသို့လျှင် ပြောင်းလဲခံစား– မှတ်သားစီမံ– သိတတ်ပြန်–၅ ပါးတန်အခဲစု–ဟူသော ဆောင်ပုဒ်အရ ခန္ဓာ ၅ ပါး ဖြစ်လာရပြန်၏။

အမှန်မှာ ခန္ဓာ ၅ ပါးဟူသည်မှာ နာမ်တရား၌အမြင်မရှင်းသောပုဂ္ဂိုလ်များအတွက် နာမ်ဓာတ်ကို သေးစိတ် စိတ်၍ ခွဲခြားရာမှ ပေါ်ပေါက်လာရသော အစုအပုံ ၅ ပါးမျိုးပင်တည်း။ ထို့ပြင် ရုပ်တရား၌ အမြင်မရှင်းသော သတ္တဝါတို့၏ အလိုနှင့် ကိုက်ညီအောင် စက္ခာယတန သောတာယတနစသည်ဖြင့် ရုပ်ဓာတ်တို့ကို အများစုပြု၍ ဟောကြားရသောကြောင့် အာယတန ၁၂–ပါးဖြစ်လာရသည်၊ ရုပ်နာမ်နှစ်ခုလုံး၌ အမြင်မရှင်းသောပုဂ္ဂိုလ်တို့၏ အလိုအရ စက္ခုဓာတ်–သောတဓာတ်စသည်ဖြင့်ရင်း၊ စက္ခုဝိညာဏဓာတ်– သောတဝိညာဏဓာတ် စသည်ဖြင့်ရင်း၊ ရုပ်နာမ်နှစ်မျိုးလုံးကိုပင် အများစု စု၍ ဟောကြားရသောကြောင့် ဓာတ် ၁၈·ပါးဖြစ်လာရသည်။

သို့သော် ပုဂ္ဂိုလ်တို့၏အလိုအရ ခန္ဓာ ၅ ပါး· အာယတန ဘဆယ့်နှစ်ပါး–ဓာတ် တဆယ့်ရှစ်ပါး-ဟု အသီးသီး ခွဲခြားထားရသည်တိုင်အောင် ယင်း ခန္ဓာ အာယတနဓာတ်တို့ကို ချုံးလိုက်လျှင် ရုပ်ဓာတ်အဖွဲ့အစည်းနှင့် နာမ်ဓာတ်အဖွဲ့အစည်း ၂–မျိုးသာဖြစ်လာရ၏။ ထို့ကြောင့် သက်ရှိ သက်မဲ့ အရာအား

လုံးသည့် ရုပ်ဓါတ် အဖွဲ့အစည်းနှင့် နာမ်ဓါတ်အဖွဲ့အစည်း၌သာ စုဝေးပေါင်းဆုံ မိကြသတည်း။

## ရုပ်ဓါတ်ဖောက်ပြန်ပုံ

ရုပ်ဓါတ် အဖွဲ့အစည်းသည် ဆန့်ကျင်ဘက် အကြောင်း အမျိုးမျိုးကြောင့် ဖောက်ပြန်ရသော သဘာ၀တမျိုးဖြစ်၏။ သို့သော် ရုပ်ပျက်ဆင်းပျက် ဖြစ်နေမှသာလျှင် ဖောက်ပြန်သည် ဟု မထင်မှတ်အပ်၊ ရှေးကနှင့်မတူ တမူပြောင်းလဲလာသော အ ပြောင်းအလဲဟူသမျှကို ရုပ်ဓါတ်၏ ဖောက်ပြန်မှုဟု မှတ်သား အပ်၏။

ထင်ရှားစေဦးအံ့၊ ရာသီဥတု အေးလာသောကြောင့် မနေ သာမထိုင်သာဖြစ်ရခြင်း နှာစေးချောင်းဆိုးရခြင်း အဆုပ် အ အေးမိ၍ ဖျားရခြင်း စသည်တို့သည် အအေးကိုအစွဲပြု၍ပြောင်း လဲရသော ဖောက်ပြန်မှုများဖြစ်၍ ရာသီဥတုက ပူလွန်းသော ကြောင့် မနေသာ မထိုင်သာ ဖြစ်ရခြင်း၊ အပူ၀င်၍ ဖျားနာရ ခြင်း၊ အဖုအပိန့်တွေ ထရခြင်း၊ ၀မ်းပျက်ရခြင်း စသည်တို့သည် လည်း အပူကိုအစွဲပြု၍ ပြောင်းလဲရသော ဖောက်ပြန်မှုများဖြစ် ၏။ ထို့ပြင် ငယ်ရာမှ ကြီးလာခြင်း နုပျိုရာမှ အိုမင်းလာရခြင်း ၀-ရာမှ ပိန်၍ ပိန်ရာမှ ၀-လာရခြင်း ကျန်းမာရာမှမကျန်းမမာ ဖြစ်လာရခြင်း၊ မကျန်းမမာရာမှ ပြန်လည်ကျန်းမာလာရခြင်း ရှင်ရာမှ သေရခြင်း စသည်တို့သည်လည်း အလားတူ ရုပ်ဓါတ် ၏ ဖောက်ပြန်မှုတို့သာတည်း။

## နာမ်ခါတ်က အာရုံသို့ညွတ်ပုံ

နာမ်ဓါတ်သည် အာရုံသို့ ညွတ်တတ်သော သဘာဝဖြစ်၍ ညွတ်စရာအာရုံနှင့် တွေ့ရသောအခါ အာရုံကိုပင် အဖော်ပြုကာ ကောင်းသိ-ဆိုးသိ၊ အမှားသိ- အမှန်သိ-စသော အသိအမျိုးမျိုးတို့ပေါ်ပေါက်၍ အသက်ဝင်လာရသည်။ ထို့ကြောင့် အာရုံသို့ ညွတ်နေရသောစိတ်ကို ဝီထိစိတ် (လှုပ်ရှား တကြွနေသောစိတ်)ဟု ခေါ်ဆိုရ၏။ အမှန်မှာ လှုပ်ရှားထကြွနေသော စိတ်သည် အာရုံတို့က ကျေးဇူးပြုထားသောကြောင့် အားရှိသောစိတ်ပင် ဖြစ်နေပါသည်။

အကယ်၍ ညွတ်စရာအာရုံနှင့် မတွေ့ရပါမူကား လှုပ်ရှားမှုမရှိပဲ ဘဝင်စိတ်အဖြစ်ဖြင့် ငြိမ်ဝပ်နေရမည်သာတည်း၊ အမှန်မှာ ငြိမ်ဝပ်နေသောစိတ်သည် အပြင်အာရုံ၏ အထောက်အကူကိုမရသောကြောင့် အားမဲ့နေရမည်မှာမလွဲပေ၊ ဘာ အာရုံမှမတွေ့ရပဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကို စဉ်းစားလျှင် အာရုံမယူရသောအခါ နာမ်ခါတ်၏ အားနည်းပုံကို သဘောကျပါလိမ့်မည်။

ဖောက်ပြန်လျှင်ရုပ်— သမုတ်ခေါ်ဝေါ်၊
အာရုံတွေ့များ— ထွေပြားမှုပေါ်၊
အာရုံလေ့— ဆုံတွေ့ပြန်သော်၊
အဖော်တွဲ—ပျော်မြဲ နာမ်ဟုခေါ်။

## ရုပ်နာမ်ပျောက်ဆုံး ပညတ်ဖုံး

ဗုဒ္ဓမြတ်စွာ၏ ဟောပြောညွှန်ပြချက်အရဆိုလျှင် သတ္တဝါ တို့၏ သဏ္ဍာန်၌ ရုပ်နှင့် နာမ်တို့သည်သာလျှင် ပရမတ္ထ အနေ ဖြင့် တကယ်ရှိကြောင်း ထင်ရှား၏။ ထိုတွင် ရုပ်တရားသည် အခြေခံဓာတ်ကြီး လေးခုပေါင်းစု ဖွဲ့စည်းရာမှ ကံကြောင့်ဖြစ် သော ရုပ်အစု စိတ်ကြောင့်ဖြစ်သော ရုပ်အစု စသည်ဖြင့် အစု လိုက် အတွဲလိုက် ပေါ်ပေါက်လာရသောကြောင့် ရုပ်ဓာတ် အဖွဲ့အစည်းတခု ဖြစ်လာရပြန်သည်။ ထို့အတူ နာမ်တရား သည်လည်း အခြေခံစိတ် စေတသိက်များ ပေါင်းစုဖွဲ့စည်းရာမှ ကုသိုလ် အကုသိုလ် အဗျာကတ စသည်ဖြင့် အမျိုးတူချင်း ပေါင်းစပ် ပေါ်လာရသောကြောင့် နာမ်ဓာတ် အဖွဲ့အစည်း ကြီးတခု ဖြစ်လာရပြန်သည်။

မီးတောက်ကိုစွဲ၍ မီးတောင်ဖြစ်ပေါ်လာရသကဲ့သို့ တကယ် ရှိသော ရုပ်ဓာတ်အဖွဲ့အစည်းနှင့် နာမ်ဓာတ်အဖွဲ့အစည်းတို့ကို စွဲမှီ၍ တကယ်မရှိသော ပညတ်တရားတို့သည်လည်း ရှိနေသည့် အလား အမြောက်အမြား ဖြစ်ပေါ်လာကြရပြန်သည်၊ ဒါက ယောကျ်ား ဒါက မိန်းမ— ဟို ဝဝက ကိုဖြူ— ပိန်ပိန်လူက ကိုမဲ့— ဟိုအတွဲကတော့ မောင်ညွန့်တင်နှင့် + ခင်မမဟု မြင်သ မျှ အထည်ဒြပ်တွေကို အမည်တပ်၍ခေါ်ဝေါ်ရသော အရာမှန် သမျှ ပညတ်တရားတို့ချည်းသာတည်း။

ထိုပညတ်တရားတို့သည် ပုထုဇဉ်လူသားတို့၏ အာရုံ စား ကျက်ဖြစ်ရကား သတ္တဝါတို့သည်လည်း ပညတ်နယ်ထဲ၌ပင်

ပညတ်သိ သိပြီး ပညတ်စွဲစွဲ၍ တဝဲလည်လည် ဖြစ်နေကြရသည်။ သို့ဖြစ်ရာ မီးခိုးက မီးတောက်ကို ဖုံးကွယ်သကဲ့သို့ တကယ်မရှိသော ပညတ်တရားတို့က အပေါ်ယံမှနေ၍ ရုပ်နာမ်တွေကို ဖုံးအုပ်ထားသောကြောင့် သတ္တဝါတို့၏ အမြင်၌ တကယ်ရှိသောရုပ်နာမ်တွေ ပျောက်ဆုံးနေရသတည်း။

## အဖုံးဖယ်လျှင် ရုပ်နာမ်မြင်

အပေါ်ယံမှ ဖုံးအုပ်ထားသော ပညတ်တို့ကိုဖယ်ရှားလိုက်ပါလျှင် တကယ်ရှိနေသော ရုပ်ဓာတ်အဖွဲ့အစည်း– နာမ်ဓာတ်အဖွဲ့အစည်းတို့သည် မိမိတို့၏ အသိဉာဏ်၌ ပရမတ္ထအနေဖြင့် ထင်လာမြင်လာခဲ့သော် မိမိတို့အသိဉာဏ်၌ တသံသရာလုံး ပျောက်ဆုံးနေသော ရုပ်နာမ်တို့ကို ယခုမြင်တွေ့ရပေပြီဟု လက်သီးလက်ရုံးတမ်းနိုင်ပါပြီ။

ထို့ကြောင့် ဗုဒ္ဓဓမ္မ၌ သက်ဝင်ယုံကြည်သူတိုင်းပင် ပညတ်တရားတို့ကို ဖယ်ရှားနိုင်ရန် အရေးကြီးလှ၏။ သို့သော် အထည်ဒြပ်မရှိသော ယင်းပညတ်တရားတို့ကို လက်စသည်ဖြင့် ကိုင်တွယ်ဖယ်ရှား၍ မရ၊ ဤပညတ်တရားတို့သည် တကယ်ရှိသော ရုပ်နာမ်တို့ကို စွဲမှီ၍ လောကသင်္ကေတ အလျောက် နှုတ်ထဲ၌ပေါ်ပေါက်လာရသော အခေါ်အဝေါ်မျှသာ ဖြစ်သောကြောင့် တကယ်ရှိနေသည် မဟုတ်ပါတကားဟု အသိဉာဏ်ဖြင့် ဖယ်ရှားရမည်သာဖြစ်၏။

မည်သို့ပင်ဖြစ်စေ ဘယ်အရာမှ ပညတ်နှင့်ကင်း၍ မဖြစ်နိုင်သောကြောင့် အခေါ်ပညတ်ကို အသုံးမပြုရလျှင် ဘုရားသော်

မှုလည်း တရားဟော၍မဖြစ်၊ ယခုလူဘို့သည်လည်း မည်သည့်ကိစ္စကိုမှ ဆောင်ရွက်ဖြစ်မည်မဟုတ်ပေ။ အမှန်မှာ ပညတ်သည် ကြောက်လန့်စရာမဟုတ် ပညတ်ကို ပညတ်ဟု မသိခြင်းသည်သာလျှင် ကြောက်လန့်စရာဖြစ်၏။ အကယ်၍ ပညတ်ကို ပညတ်ဟု မသိခဲ့ပါမူကား မည်သူမှ ရုပ်နာမ်ကိုရုပ်နာမ်ဟု မမြင်ပဲ ပညတ်တို့ကိုသာ မြင်ကြရလိမ့်မည်။

## ရုပ်နာမ်ကိုမမြင် မောင်ဖြူကိုသာ မြင်ရခြင်း

ထင်ရှားစေဉုးအံ့—လူတယောက်ကို မောင်ဖြူဟုခေါ်ဝေါ်ရာ၌ မောင်ဖြူဟူသောအမည်သည် တကယ်မရှိ အခေါ်အဝေါ်မျှသာဖြစ်၏။ တကယ်ရှိသော အရာသည်ကား မောင်ဖြူဟု—ခေါ်ဝေါ်စရာ အမာခံ ရုပ်နာမ်တို့သာတည်း၊ သို့ရာတွင် မောင်ဖြူဟူသော အမည်ပညတ်က ဖုံးကွယ်ထားသောကြောင့် တကယ်ရှိသောရုပ်နာမ်တွေ ပျောက်ဆုံးနေကြရ၏။ သို့ဖြစ်ရာ-ကျွန်ုပ်တို့သည် ရုပ်နာမ်ကို မမြင်ရ မောင်ဖြူကိုသာ မြင်ကြရသည်။ ကျွန်ုပ်တို့သည် ရုပ်နာမ်ကိုမသိ မောင်ဖြူကိုသာသိ၏–ဟု ဆိုသကဲ့သို့ ဖြစ်နေကြရပြန်သည်။

## ရုပ်ဓာတ်ကို မမြင်ရ နေကိုသာ မြင်ရ

ထို့ပြင် ကောင်းကင်အလင်းရောင်ကို ပေးနေသော နေမင်းကြီး ဟူသည်မှာ– ရုပ်ဓာတ်အစုအရုံး မီးလုံး– မီးတောက်ကြီးသာတည်း၊ တကယ်ရှိသော အရာမှာ ဥဏှ တေဇောဓာတ်လွန်ကဲသော ဥတုဇ အဋ္ဌကလာပ် (ခွဲမရရုပ်ရှစ်ခု) ပင်ဖြစ်၏။

သို့သော်လည်း တကယ်ရှိနေသော ရုပ်ခေတ်အဖွဲ့အစည်းကို ရုပ်ခေတ်အနေဖြင့် မသိကြရ၊ မမြင်ကြရပေ။ အဘယ့်ကြောင့်ဆိုသော် အရှေ့လောကခေတ်မှ နေမင်းကြီး ထွက်လာသည်၊ အနောက်လောကခေတ်သို့နေမင်းကြီး ကွယ်ဝင်သွားသည်–ဟူသော ပြောဆိုမှုများနှင့်တကွ နံနက်ပိုင်းနေ– ညနေပိုင်းနေ– မွန်းတည့်နေ· စသော အခေါ်အဝေါ် ပညတ်တို့က ဖုံးကွယ်ထားသောကြောင့် ပင်ဖြစ်၏။

သို့ဖြစ်ရာ ကျွန်ုပ်တို့သည် ရုပ်ခေတ်ကိုမမြင်ရ၊ နေကိုသာမြင်ရသည်–ဟု ဆိုရသကဲ့သို့ဖြစ်ပြီးလျှင် နေ၌ရှိသော ရုပ်ခေတ်အစုအဝေးကို ရုပ်ဟု မသိကြရပဲ တကယ်မရှိသော နေကိုသာ ကောင်းကင်က နေမင်းကြီးဟု ပညတ်သိ သိပြီး ပညတ်စွဲ စွဲနေကြရပြန်၏။

## အားလုံးခြုံပြချက်

သက်မဲ့လောကဆိုင်ရာ တော· တောင်· ရေ· မြေ– လ· နေ– စကြဝဠာစသော မရှိပညတ်တို့က ထိုသက်မဲ့လောက၌ တကယ်ရှိနေသော ဥတုဇရုပ်ခေတ် အဖွဲ့အစည်းတို့ကို ရုပ်ဟု မသိနိုင်ရန် အပေါ်ယံမှနေ၍ ဖုံးအုပ်ထားကြသည်။ ထို့ပြင်သက်ရှိလောကဘခုလုံး၌ နတ်ပဲ· လူပဲ·၊ သူပဲ– ငါပဲ တဏှာစွဲ ဒိဋ္ဌိစွဲဖြင့် ခေါ်ဝေါ်ရသော ပညတ်တရားတို့ကလည်း ထိုသက်ရှိလောက၌ တကယ်ရှိနေသော ရုပ်ခေတ် အဖွဲ့အစည်း– နာမ်ခေတ်အဖွဲ့အစည်းတို့ကို ရုပ်နာမ်ဟုမသိစေပဲ သတ္တဝါတို့ကို– ပညတ်နယ်ထဲ၌သာ ထဲ့သွင်းသိုလှောင် ထားကြပြန်သည်။

ကျွန်ုပ်တို့သည် အကြင်မျှလောက် ကာလပတ်လုံး ပညတ်နယ်ထဲမှ မရုန်းထွက်နိုင်သေး၊ ထိုမျှလောက် ကာလပတ်လုံး အပါယ်ဆင်းရဲ-ဝဋ်ဆင်းရဲမှလည်း လွတ်မြောက်ကြလိမ့်မည် မဟုတ်ပေ။

ထို့ကြောင့် ပညတ်အဖုံးကိုခွာလှန်၍ အမှာခံဖြစ်သော ရုပ်နာမ်တို့ကို ရုပ်နာမ်အနေဖြင့် ထင်မြင်မှသာလျှင် မိမိတို့၏ အသိဉာဏ်၌ တသံသရာလုံး ပျောက်လာခဲ့သော ရုပ်ပျောက်- နာမ်ပျောက်တို့ကို ရှာတွေ့ပြီဟု လက်ခမောင်းခတ်နိုင်မည်သာတည်း။

(ဆောင်) ရုပ်နာမ်ပရမတ်— လူ–နတ်ခေါ်တွင်၊
ပညတ်အုပ်ဖုံး—ရုပ်လုံးမထင်။
အပေါ်ပညတ်-ခွါလှပ်ပါလျှင်၊
ဉာဏ်အလုပ်-ရုပ်နာမ်ပျောက်ကိုမြင်။

## လောကအသိနှင့်ဝိ ပဿနာအသိ

ဤ ဆိုအပ်ခဲ့သည့်အတိုင်း ပျောက်ဆုံးနေရာမှ ရှာ၍ တွေ့ရသော ရုပ်နာမ်တရားတို့သည်ကား- အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ စသည်ဖြင့်လာရှိသော ပဋိစ္စသမုပ္ပါဒ် ပါဠိတော်အရ အဝိဇ္ဇာဦးစီးသော ကံသင်္ခါရတို့က ထူထောင်ထားသော ကြောင်းကျိုးဆက်တရားတို့သာဖြစ်၏၊ တန်ခိုးရှင် နတ်ဘုရားတို့က ဖန်ဆင်းထားသောတရားမဟုတ်ပေ။အကြောင်းကိုစွဲ၍ ဖြစ်ပေါ်ရသော ထိုရုပ်နာမ်တို့၏ ဖြစ်စဉ်သမိုင်းကို အပိုင်းခွဲ၍သုံးသပ်ခဲ့လျှင်(၁) တဘဝလုံး၏ အစဖြစ်သော ပဋိသန္ဓေစိတ်ခေါ်အဖြစ်ကြီး ဖြစ်

လာသည်ကိုတွေ့ရမည်။ (၂)တဘာဝလုံး၏ အဆုံးဖြစ်သောအသေ စိတ်ခေါ် အပျက်ကြီးပျက်သည်ကိုလည်း တွေ့ရမည်။ (၃) ထို အဖြစ်ကြီးနှင့် အပျက်ကြီးတို့၏ ကြားကာလ၌ ခဏမစဲ တဖွဲ့ဖွဲ့ ဖြစ်ပျက်နေသော အဖြစ်လေးပေါင်းများစွာ အပျက်လေး ပေါင်းများစွာကိုလည်း တွေ့နိုင်ပြန်သည်။

ထိုအပိုင်းသုံးပိုင်းတို့တွင် ၁- အမှတ်ပြ အဖြစ်ကြီးဖြစ်လာ သည်ကို လူတယောက်မွေးဖွားလာပြီ၊ တိရစ္ဆာန်တကောင် မွေး ဖွားလာပြီဟု အများပင်သိကြ၏။ ထို့ပြင် ၂—အမှတ်ပြ ဖြစ် သော အပျက်ကြီးပျက်သည်ကိုလည်း မောင်ဖူသေပြီ၊ မောင်မဲ သေပြီဟု လူတိုင်းသိကြ၏။ သို့ရာတွင် ထိုကဲ့သို့သောအသိသည် ကား လောကသိဖြစ်ပါသည်၊ ဝိပဿနာ အသိမျိုး မဟုတ်ပါ။

အမှန်မှာ(၃) အမှတ်ပြဖြစ်သော ကြားကာလ အဖြစ်အပျက် လေးတွေကို မြင်အောင်ရှုနိုင်ခြင်းကိုသာ ဝိပဿနာသိဟုဆိုရ၏။ ထို့ကြောင့် စာထဲက သိရသောရုပ်နာမ်ကို အလုပ်ထဲက သိရ သော ရုပ်နာမ်မျိုးဖြစ်ဖို့ရန်နှင့် စာထဲက သိရသော အဖြစ် အ ပျက်ကို အလုပ်ထဲကသိရသော အဖြစ်အပျက်မျိုးဖြစ်ဖို့ရန် ဤ ဆိုမည့် သတိပဋ္ဌာန်နည်းဖြင့် ရုပ်နာမ်တို့၏ သဘာဝသမိုင်းကို အပိုင်းခွဲ၍ စီစစ်ဥုးစို့။

## အခြေခံလှုပ်ရှားမှုကြီး ၄—မျိုး

ဝိပဿနာအသိဉာဏ်၏အာရုံသည် ငါသူတပါး ယောကျ်ား မိန်းမ—စသော ပညတ်တွေမဟုတ်၊ ဘုံသုံးပါး၌ဖြစ်သော ရုပ်

နာမ်ခမ္မသ ဓ်ါရတရားတို့သာဖြစ်သည်ဟု ဖော်ပြခဲ့ပြီးပါပြီ၊ ချုပ်လိုက်လျှင် ရုပ်နှင့်နာမ်ပင်ဖြစ်၏။ သို့ဖြစ်ရာ ရုပ်ကထင်ရှားလျှင် ရုပ်ကိုရှုရခြင်း နာမ်ကထင်ရှားလျှင် နာမ်ကိုရှုရခြင်းသည် ဝိပဿနာအသိ၏ ပဓာနလုပ်ငန်းသာတည်း။

သို့ဖြစ်လျှင်သတိပဋ္ဌာန်တရားတော်အရ သတိဖြင့် စတင်ရှုမှတ်ရာ၌ ရုပ်ဘက်မှလည်း ထင်ရှားသော ရုပ်ကိုရွေးချယ်ရန်လိုပြန်သည်နာမ်ဘက်မှသည်း ထင်ရှားအောနာမ်ကို ရွေးချယ်ရန်ပြန်သည်။ အကယ်၍ ရွေးချယ်ရပါမူ ရုပ်ဘက်မှ အထင်ရှားဆုံးအပေါ်လွင်ဆုံးဖြစ်သော အခြေခံလှုပ်ရှားမှုကြီး ၄-မျိုးကိုတွေ့ရပြန်သည်။ ယင်းလှုပ်ရှားမှုကြီးများသည် ဘယ်အရာများပေနည်း။

၁။ လျောင်းခြင်း—လှုပ်ရှားမှုကြီး

၂။ ထိုင်ခြင်း—လှုပ်ရှားမှုကြီး

၃။ ရပ်ခြင်း—လှုပ်ရှားမှုကြီး

၄။ သွားခြင်း—လှုပ်ရှားမှုကြီး

ဤ ၄ -မျိုးတို့ဖြစ်ပါသည်၊ ထိုလှုပ်ရှားမှုကြီး ၄- မျိုးသည် တရားကိုယ်အားဖြင့် လျောင်းလိုစိတ်—ထိုင်လိုစိတ်— ရပ်လိုစိတ် သွားလိုစိတ်ကို အကြောင်းခံဖြစ်သော စိတ္တဇဝါယောဓါတ် (လှုပ်ရှား မှုရုပ်ကြီး)ပင်ဖြစ်၏။ သတ္တဝါဘိုင်းပင် ထိုလှုပ်ရှားမှုကြီး ၄— မျိုးနှင့် ကင်း၍မဖြစ်နိုင်ချေ၊ ထို့ကြောင့် ယင်းတို့ကို အခြေခံလှုပ်ရှားမှုကြီးဟု ခေါ်ဆိုရပြန်သည်။

## သတိစွဲမြဲရေး

လူတိုင်းပင် မိမိတို့၏ အနေအထိုင် သက်သာရေးအတွက် လျှောင်းရာမှထိုင်ခြင်း—ထိုင်ရာမှရပ်ခြင်း- ရပ်ရာမှသွားခြင်း စသော လုပ်ရှားမှုကြီးများဖြင့် မိမိတို့၏ရုပ်ကိုယ်ကြီးကို ပြောင်းလဲပြုပြင်နေကြရသည်၊ သို့ဖြစ်ရာ တနေ့တနေ့၌ လူတယောက်အဖို့မှာ ထိုင်ရပေါင်းလည်း အမြောက်အမြားပင်ဖြစ်၏။ ထရပေါင်းလည်း အကြိမ်ကြိမ်ဖြစ်၏။ သွားရပေါင်းလည်းမနဲလှ။ လျှောင်းရပေါင်းလည်း များစွာပင်တည်း။ သို့စဉ် များပြားသော လှုပ်ရှားမှုအပြောင်းအလဲများကို သတိဖြင့် စူးစိုက်လေ့လာမှုမရှိပဲ အမှုမဲ့—အမှတ်မဲ့ထိုင်၍ အမှုမဲ့- အမှတ်မဲ့ ထကြသည်၊ အမှုမဲ့-အမှတ်မဲ့ရပ်၍ အမှုမဲ့- အမှတ်မဲ့ သွားကြသည်။

တခုသောလှုပ်ရှားမှုကြီးများကို ပြုလုပ်တိုင်းပင် သတိ အစောင့်အရှောင့်ကင်းမဲ့နေကြသည်ဖြစ်ရကား လျှောင်းခိုက်တွင်လည်း ကိလေသာတရားဆိုးတွေ ဝင်လာသည်။ ထိုင်ခိုက်၊ ရပ်ခိုက်၊ သွားခိုက်တွင်လည်း ကိလေသာတရားဆိုးများ ဝင်လာကြသည်သာတည်း၊ ထို့ကြောင့် ယင်းကိလေသာတရားဆိုးတွေ မဝင်လာနိုင်ရန် ရပ်ရာမှ ထိုင်သည် ဖြစ်စေ၊ ထိုင်ရာမှ ရပ်သည်ဖြစ်စေ၊ လှုပ်ရှားမှုကြီးတခုခုကို ပြုလုပ်တိုင်းမှာပင် မိမိတို့၏ ထိုင်ခြင်း၊ လျှောင်းခြင်း၊ ရပ်ခြင်း၊ သွားခြင်း လှုပ်ရှားမှုကြီးများကို အမှုမဲ့—အမှတ်မိ မဖြစ်စေပဲ ထိုင်သည်၊ ထသည်၊ ရပ်သည်၊ သွားသည်ဟုသူဖြစ်နေတဲ့အတိုင်းသတိဖြင့် စူးစိုက်လေ့လာရန် ဗုဒ္ဓမြတ်စွာ၏ သတိပဋ္ဌာန် တရားတော်က ညွှန်ပြလျက် ရှိနေပါသည်။

ထို့ပြင် ထိုင်တုန်းမှာဖြစ်စေ- လျှောင်းတုန်းမှာဖြစ်စေ-တခုခု သောလုပ်ရှားမှုကြီး ဖြစ်နေစဉ်မှာ အပြင်ပမှ တစုံတခုသော အဆင်းရုပ်ကို မြင်လျှင်လည်း မြင်သည်ဟုရှုမှတ်ရခြင်း- အသံကို ကြားလျှင်လည်းကြားသည်ဟု ရှုမှတ်ရခြင်းစသည်တို့သည်လည်း သတိ၏အလုပ် သတိ၏တာဝန်သာတည်း၊ ဤဆိုအပ်ခဲ့သည့် အတိုင်း လုပ်ရှားမှုကြီး ၄—မျိုးကိုပြုလုပ်တိုင်း- ပြောင်းလဲတိုင်း မှာပင် သတိအစောင့်အရှောက် ချထားနိုင်ခဲ့ပါလျှင် ဥပဋ္ဌိတ သတိ (အမြဲတမ်း သတိထင်နေသော ယောဂီ)ပုဂ္ဂိုလ်စိတ်အစဉ် ၌ အဘယ်မှာ ကိလေသာဝင်ခွင့် ရနိုင်တော့ပါအံ့နည်း။

## ထပ်ဆင့်လှုပ်ရှားမှုများ

အခြေခံလှုပ်ရှားမှုကြီး တမျိုးတမျိုး၌လည်း ထပ်ဆင့်လှုပ် ရှားမှုများ ဖြစ်နိုင်သေး၏၊ ဥပမာ- သွားနေခိုက်မှာ ရိုးရိုးသွား ရာမှ ရှေ့တိုးခြင်း- နောက်ဆုတ်ခြင်း— စောင်း၍ကြည့်ခြင်း- တည့်တည့်ကြည့်ခြင်း— စသောလှုပ်ရှားမှုလေးများသည် သွား ခြင်းလှုပ်ရှားကြီးမှထပ်ဆင့်ပေါ်လာနိုင်သကဲ့သို့ထို့အတူထိုင်နေ ခိုက်မှာလည်း- လက်ကိုမြှောက်ခြင်း- ခြေကိုမြှောက်ခြင်း- လက် ကိုချခြင်း -ခြေကိုချခြင်း- ကွေးခြင်း- ဆန့်ခြင်း စသောထပ် ဆင့်လှုပ်ရှားမှုများ ပေါ်ပေါက်လာရမည်သာတည်း။ ကျန် လှုပ်ရှားမှုကြီးများမှ ထပ်ဆင့်လှုပ်ရှားမှုကြီးများ ပေါ်လာနိုင် ပုံကိုလည်း ဉာဏ်ဖြင့်မျှော်၍ သိနိုင်လောက်ပါပြီ။

သို့ဖြစ်ရာ နကိုက ပင်မလှုပ်ရှားမှုကြီး၄—မျိုးမှ ထပ်ဆင့် လှုပ်ရှားမှုများ ပေါ်လာသောအခါ မည်သည့် ထပ်ဆင့်လှုပ်

ရှားမှုကိုမျှ လစ်လပ်မှု မရှိစေရပဲ သတိဖြင့်စူးစိုက်လေ့ လာနေရမည်သာ ဖြစ်၏။ဥပမာ–ထိုင်နေတုန်း လက်ကိုကွေးလျှင်လည်း ကွေး့သည်ဟု ရှုမှတ်ရခြင်း- လက်ကိုဆန့်လျှင်လည်း ဆန့်သည်ဟု ရှုမှတ်ရခြင်း စသည်တို့ကဲ့သို့တည်း။

## ကိုယ်ပြုသမျှ– ရှုမှတ်ကြ

ခြုံ၍ပြောရလျှင် သူစားသည်- သူအိပ်သည်- သူရေချိုးသည် သူတံမျက်လှည်းသည်- သူအမှိုက်ကျုံးသည်- စသည်ဖြင့်ပြောဆိုအပ်သော ကိုယ်တိုင်ပြုလုပ်ချက်မှန်က မည်ကဲ့သို့သော ပြုလုပ်မျိုးကိုမဆို ကိုယ်တိုင်ပြုလုပ်နေသည့်အတိုင်း သတိဖြင့်ရှုမှတ်၍ ကိုယ်တိုင်သိနေရမည်ဟု ဗုဒ္ဓမြတ်စွာက အသေးစိတ်ညွှန်ပြတော်မူပါသည်။ ဥပမာ- ပြရလျှင် လူတိုင်းပင် အစာအာဟာရဖြင့်မကင်းသဖြင့် နေ့စဉ်ပင် စားသောက်နေကြသော်လည်း သတိမပါပဲ အမှုမဲ့ အမှတ်မဲ့ စားသောက်နေကြသောကြောင့် စားတုန်းသောက်တုန်းမှာပင် လောဘဖြစ်ခွင့်ကြုံလျှင် လောဘကိလေသာတွေ ဖြစ်ပေါ်လာသည် ဒေါသဖြစ်ခွင့်ကြုံလျှင် ဒေါသကိလေသာတွေ ဖြစ်ပေါ်လာသည်။

အကယ်၍ သတိဖြင့်ရှုမှတ်မှုမကင်းသော စားသောက်မှုမျိုးဖြစ်နေပါက အလွန်ကောင်းသော စားဖွယ်သောက်ဖွယ်တို့ကို စားသောက်နေကြရသည်တိုင်အောင် ထိုစားမှုသောက်မှုကြောင့် ရသတဏှာဖြစ်ဖွယ်မရှိတော့ပါ။ အဘယ့်ကြောင့်ဆိုလျှင် စားတုန်း စားခိုက်မှာ ကိလေသာ မဝင်နိုင်ရန် သတိတရားအစောင့်ချထားသောကြောင့် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့၏ ဆင်းရဲချုပ်ငြိမ်းရေး အတွက် သတိပဋ္ဌာန်သုတ္တန်ဖြင့် အလုပ်ပေးတရား ဟောပြတော်မူရာဝယ် သတိပဋ္ဌာန် အကျွက်ချုပ်ပုံ အလွန်စေ့စပ်တော် မူလှ ပါသည်။ အောက်ထစ်ဆုံးပြောရလျှင်- **ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ။** (ကျင်ကြီးကျင်ငယ်စွန့်ရာ၌ပင် သတိ စူးစိုက်မှု မကင်းသော ကိုယ်တိုင်သိသော စွန့်မှုမျိုးဖြစ်နေရ မည်)- ဟု သတိပေးတော် မူပါသည်။ အဘယ့်ကြောင့်နည်း "ချေးယိုယင်း ငှက်သင့်"ဆိုသကဲ့သို့ မဖြစ်စေလိုသောကြောင့် တည်း။ ထို့ကြောင့်ဘာလုပ်လုပ်-လုပ်သမျှပြုသမျှတိုင်း၌ သတိ ဖြင့် စူးစိုက်၍ ကိုယ့်အလုပ်ကို ကိုယ်တိုင်ရှုမှတ်နေဖို့ရန်လိုအပ် လှပြန်သတည်း။

## ကိုယ်၌-တစုံတရာ ထင်ရှားလာ ထိုဟာကိုလဲ ရှုမှတ်ပါ

ထို့ပြင် ထိုင်ရင်းတရားရှုမှတ်နေသောသူသည် အထိုင်ကြာ၍ ပူလာပြီ-ညောင်းလာပြီဟု ဆိုကြပါစို့၊ ထိုကဲ့သို့သောအခါမျိုး တွင် ထိုသူ့သန္တာန်၌ ထိုင်ခြင်း လှုပ်ရှားမှု ရုပ်သဘာဝထက် ညောင်းခြင်း-ပူခြင်း ဒုက္ခဝေဒနာက ပိုပြီး ထင်ရှားလာရမည် မှာ မလွဲပေ၊ သို့ဖြစ်ရာ ထိုအခါ၌ သတိပဋ္ဌာန်ရှုသူသည် မိမိ ၏သတိ စူးစိုက်မှုကို ရုပ်ကမ္မဋ္ဌာန်းဘက်မှ နာမ်ကမ္မဋ္ဌာန်းဘက် သို့ ဦးလှည့်ပေးပြီးလျှင် ညောင်းညာသည် ကိုက်ခဲသည်ဟု ရှုမှတ်ရပြန်ပါသည်။ ပူလာသောအခါ ပူသည်ဟု သတိဖြင့် စူးစိုက်ရခြင်း-အေးလာသောအခါ အေးသည်ဟု ရှုမှတ်ရခြင်း အောင့်လာသည့်အခါ အောင့်လာသည်ဟု သတိဖြင့် စူးစိုက် ရခြင်း စသည်တို့သည်လည်း အလားတူပင်တည်း။

## သတိပဋ္ဌာန်မှ ဝိပဿနာသို့

ရုပ်ကိုဖြစ်စေ–နာမ်ကိုဖြစ်စေ ထင်ရှားသောလှုပ်ရှားမှု တစုံတရာကို စူးစိုက်ရှုမှတ်နေစဉ် အစပထမ၌ သတိပြဋ္ဌာန်းသောစိတ်သည် ပေးထားသော အလုပ်ထဲ၌ တည်ငြိမ်မှုမရှိပဲ အခြားအလုပ်ထဲသို့ ရောက်နေတတ်ပါသည်။ သို့ရာတွင် "ခုတ်ရာတခြားရှရာတခြား"ဖြစ်နေသော ထိုစိတ်ကို အလုပ်ထဲသို့ ပြန်သွင်းပြီးလျှင် မဆုတ်နစ်သော ဇွဲဝီရိယဖြင့် တည်ငြိမ်သည်အထိ ရုပ်၏လှုပ်ရှားမှု နာမ်၏လှုပ်ရှားမှုများကို အဖန်ဖန်သတိဖြင့် စူးစိုက်နေရမည်သာ ဖြစ်၏။

ဤနည်းအတိုင်း ရှုဖန်များ၍ တည်ငြိမ်လာသောအခါ မိမိစိတ်၌ နောက်ခြင်း– ရှုတ်ခြင်း– ပူပန်ခြင်း– တွေဝေခြင်း-မရှိတော့ပဲ စိတ်ကြည်-စိတ်ရှင်း-စိတ်အေး-စိတ်ဖွေး-စိတ်ဖြူလေးတွေ ဖြစ်လာရမည်မှာ သေချာပါသည်၊ စိတ်သည် ထိုအခြေအနေသို့ ရောက်လာသောအခါ စိတ္တဝိသုဒ္ဓိဖြစ်ပြီဟု ကမ္မဋ္ဌာန်းဆရာတို့က အမည်တပ်ချင်လည်း တပ်ပါလိမ့်မည်၊ သို့ရာတွင် ကမ္မဋ္ဌာနာစရိယတို့ အမည်တပ်သည့်အတိုင်း တကယ် စိတ္တဝိသုဒ္ဓိ ဖြစ်နေပါမူ ဖြူစင်သန့်ရှင်းတည်ငြိမ်ခြင်း အားကောင်းသော ထိုစိတ်ကပင် အခြေခံလှုပ်ရှားမှုဖြစ်စေ–ထပ်ဆင့်လှုပ်ရှားမှု ဖြစ်စေ လှုပ်ရှားမှုဟူသမျှ ရုပ်တရားတွေချည်းပါတကားဟု ရုပ်ကို ရုပ်မှန်းသိလာသည်။

ထိုလှုပ်ရှားမှုတို့သည် သဘာဝအလျောက် ဖြစ်ပေါ်လာရသည်မဟုတ်၊လှုပ်ရှားလိုသောစိတ်ကြောင့် ဖြစ်ပေါ်လာရသည်။

ထို့ကြောင့် လှုပ်ရှားလိုမှုဟူသမျှ နာမ်တရားတွေပါတကားဟု နာမ်ကိုလည်း နာမ်ဟု ခွဲခြားသိလာသည်။ အမှန်မှာ-သူခွဲခြားသိထားသော ရုပ်နာမ်သည် အလုပ်ထဲက သိရသော ရုပ်နာမ်ဖြစ်၍ စာထဲကသိရသော ရုပ်နာမ်ထက် လေးနက်ပါသည်၊ သဘာဝကျပါသည်။

## ရုပ်နာမ်တိုင်းမှာ-ဖြစ်ပျက်ပါ

ရုပ်နာမ်တိုင်းမှာပင် အဟောင်းပျက် အသစ်ဆက်ဟု ဆိုရသော အဖြစ်အပျက်ကလေးဂ-လည်း ရုပ်နာမ်နှင့် ပူးတွဲ၍ ပါလာကြပြန်သည်။ သို့ဖြစ်ရာ လှုပ်ရှားမှုအသစ်တွေက အဖြစ်သဘာဝလှုပ်ရှားမှု အဟောင်းတွေ ကအပျက်သဘာဝဟု ခွဲခြား၍ သိလာသည် လှုပ်ရှားမှုတခုခုအတွင်း၌ မြင်ရ ကြားရသော အပြင်အာရုံတွေကို အစွဲပြု၍ အာရုံကို စူးစိုက်ရသည်၊ သတိပဋ္ဌာန် နာမ်ဓာတ်တို့သည်လည်း အာရုံတခုမှ အာရုံတခုသို့ ပြောင်းလဲဖြစ်ပျက်နေကြရသည်၊ ချုပ်လိုက်လျှင် ရုပ်ရော နာမ်ရော မမြဲသောအနိစ္စတို့ချည်းပါတကားဟု ရုပ်နာမ်၏ မမြဲခြင်းလက္ခဏာကိုလည်း သူ့အလိုအလျောက် ထင်လာ မြင်လာရပြန်သည်။

တစက္ကန့်အတွင်း တမိနစ်အတွင်းမှာပင် လှုပ်ရှားမှုတို့ဖြင့် ရပ်နားခြင်းမရှိပဲ ပြောင်းလဲပျက်စီးနေရသော ရုပ်နာမ်တို့သည် သုခမဟုတ်၊ ဒုက္ခတို့ချည်းပါတကားဟု ဒုက္ခလက္ခဏာကိုလည်း ထင်လာ မြင်လာပြန်သည်၊ သူ့သဘာဝအတိုင်း လှုပ်ရှားပြောင်းလဲနေသော ရုပ်နာမ်တို့ကို လှုပ်ရှားပြောင်းလဲမှုမရှိစေ

ရန် ထိန်းချုပ်မထားနိုင်သောကြောင့် ရုပ်နာမ်တို့သည် ကိုယ့်အလိုအတိုင်း မဖြစ်နိုင်သော အနတ္တတရားတို့ပါတကားဟု အနတ္တလက္ခဏာကိုလည်း ထင်လာ မြင်လာပြန်သည်၊

## သတိပဋ္ဌာန်မှ ဝိပဿနာသို့

ရုပ်အမူအရာ ပြောင်းတိုင်းမှာ သတိက စူးစိုက်ရှုမှတ်၍ စိတ်တည်ငြိမ်မှုဖြစ်လသောအခါ ဉာဏ်လည်း ရုပ်၏သဘာဝ နာမ်၏သဘာဝတို့ကို အမှန်အတိုင်း သိလာရပြန်သည်၊ ပြောင်းလဲသော အနိစ္စဖြစ်ကြောင်းကို လှုပ်ရှားမှုရုပ်တို့က သက်သေခံပါသည်။ ရုပ်ထက် အပြောင်းအလဲမြန်သော နာမ်ဓာတ်တို့အဖို့မှာမူကား အနိစ္စဖြစ်ကြောင်း အဘယ်မှာ ဆိုဖွယ်ရှိပါတော့အံ့နည်း။

သတိပဋ္ဌာန်နည်းဖြင့် အပိုင်းခွဲ၍ ဖော်ပြထားသော အခန်းကဏ္ဍအားလုံးအတွက် အဓိပ္ပါယ်ခြုံမိ ငုံမိအောင် ရေးဖွဲ့ထားသော ဆောင်ပုဒ်ကဗျာများကိုလည်း ဤဆိုမည့်အတိုင်း ဖော်ပြပါအံ့—

## အရှင်စန္ဒဇောတိ၏
## အိမ်တွင်း သတိပဋ္ဌာန်ဆောင်ပုဒ်လင်္ကာများ

### အခြေခံ ရှုပ်ရှားမှုကြီး ၄-ခု

လျှောင်း ထိုင် ရပ်သွား၊ ဤလေးပါး၊ လှုပ်ရှား အခြေခံ။

### သတိစွဲမြဲရေး

အခြေခံလေးရပ်၊ ပြောင်းတိုင်းမှတ်၊ ရှုအပ် အဖန်ဖန်။

### ထပ်ဆင့်လှုပ်ရှားမှုများ

တိုးမှု ဆုတ်မှု၊ စောင်းတဲ့ ရှု၊ ကြည့်မှု ဘာမကျန်။
မြှောက်ချလက်ခြေ၊ ကွေးဆန့်လေ၊ ရပ်တွေ ပြောင်းလဲပြန်။
ကိုယ်ပြုသမျှ၊ သတိက၊ နောက်မှ လိုက်မှတ်ရန်။
ကိုယ်၌တစုံတရာ၊ ထင်ရှားလာ၊ ထိုဟာကိုလည်း စူးစိုက်ရန်။

### သတိပဋ္ဌာန်မှ ဝိပဿနာသို့

ရုပ်အမူအရာ၊ ပြောင်းတိုင်းမှာ၊ ထင်လာသတိဉာဏ်။
သတိကမှတ်၊ ဉာဏ်ဖြင့်ကပ်၊ ရှုအပ်အဖန်ဖန်။
ပြောင်းလဲသမျှ၊ အနိစ္စ၊ ရုပ်က သက်သေခံ။
ရုပ်ပြောင်းသမျှ၊ ရှုကြံဆ၊ နာမ်က ရုပ်ထက်မြန်။
ရုပ်နာမ်တွေဆက်၊ ဖြစ်ပြီးပျက်၊ ရှုကွက် ဉာဏ်ဝယ်သန်။

## ရုပ်၏လှုပ်ရှားမှုကို နာမ်ကပြုလုပ်ခြင်း

အခြေခံလှုပ်ရှားမှုကိုပင်ဖြစ်စေ၊ထပ်ဆင့်လှုပ်ရှားမှုကိုပင်ဖြစ်စေ၊ ရုပ်၏လှုပ်ရှားမှုအမှုအရာကို ဖန်တီးပေးသော အရင်းခံလက်သည်မှာ ထိုင်လို ရပ်လို ထိုထို လှုပ်ရှားမှုကို ပြုလိုသော နာမ်တရားပင်ဖြစ်ကြောင်း သုတ္တန်ပါတ်အဋ္ဌကထာ ဝိဇယသုတ်အဖွင့်တွင်လာသော ဤဆိုမည့်ဂါထာက အဖြေပေးလျက် ရှိပါသည်။ ထိုဂါထာကား အဘယ်နည်း၊ ဤဆိုမည့် အတိုင်းပင်တည်း။

စိတ္တနာနတ္တ မာဂမ္မ၊
နာနတ္တံ ဟောတိ ဝါယုနော။
ဝါယုနာနတ္တတော နာနာ၊
ဟောတိ ကာယဿ ဣဉ္ဇနာ။

စိတ္တနာနာတ္တံ၊ ယိမ်းလိုလှုပ်လို ရုပ်ကိုပြုပြင် စိတ်ဝိညာဉ်၏လိုအင်အစားစား ရှေ့ထားကြံသိ နာမ်သတ္တိကို။ အာဂမ္မ၊ ထောက်ထားတည်လာ မှီရာကောင်းဖန် အကြောင်းခံ၍။ ဝါယုနော၊ သည်ကိုဟိုကို ကိုယ်ကို လှုပ်ရှား ရွေ့သွားစေတတ် အခြေမတ်သည့် လေဓာတ်သမုတ် ဝါယောရုပ်၏။ နာနတ္တံ၊ ဆန့်လား ကွေးလား လှုပ်ပြေးလွှားသည့် လေးပါးဣရိယာပုထ် နောက်ဆုတ်ရှေ့တိုး လှုပ်ရှားမှုအမျိုးမျိုးသည်။ ဟောတိ၊ စိတ်ကကြံစဉ် အမြန်နှင်လျက် အံဝင်ခွင်ကျ ဖြစ်ပေါ်ရလေ၏။

ဝါယုနာနာတ္တတော၊လျှောင်းထိုင်သွားရပ်ဝါယောဓာတ်၏ မပြတ်ဆော်နိုး လှုပ်ရှားမှု အမျိုးမျိုးကြောင့်။ ကာယဿ၊

ဤပုဂ္ဂိုလ်သည် ဤကားနတ်ပဲ အတတ်စွဲလျက် မှတ်လွဲခေါ် အပ် ရုပ်နာမ်ခေတ်အဖွဲ့အစည်း ဤခန္ဓာကိုယ်ကြီး၏။ဂ္ဂဋ္ဌနာ၊ သွားပုံလာပုံ မူရာစုံအောင် အာရုံပွားပြု လုပ်ရှားမှုသည်၊ နာနာ ပေါ်တီ၊ ပိတ်ကားပေါ်တွင် လူရုပ်ထင်သည့် ရုပ်ရှင် အလား စိတ် စွမ်း အား ဖြင့် ဆန်းပြားထူးထွေ အမျိုးမျိုး ဖြစ်ပေါ်နေရလေသတည်း။ ။(ဟောလိုပြောလိုသော ဓမ္မ ကထိကများအတွက် အထူးအနက်ပြန်၍ ဖော်ပြရပါသည်၊)

## ဤကျမ်းဆရာနှင့် သတိပဋ္ဌာန်

သက်ဆိုင်ရာ ဒကာဒကာမအချို့တို့သည် ဤကျမ်းဆရာ (ဦးစန္ဒဇောတိ)ကို ထင်ရှားသော ရိပ်သာကြီးတခုသို့ ကြွ ရောက်၍ တရားအားထုတ်ရန် တိုက်တွန်းကြပါသည်။ အချိန် မှာ တရားရိပ်သာများ ခေတ်စားစအချိန်က ဖြစ်ပါသည်။ တရားရိပ်သာသို့ကြွရောက်၍ တရားအားမထုတ်နိုင်သေးသော် လည်းကိုယ့်ကျောင်းတိုက်တာကိုပင် တရားရိပ်သာကဲ့သို့ အမှတ် ပြုပြီး ကိုယ့်အသိနှင့် ကိုယ့်အချိန်ထား၍ တရားနှလုံးသွင်းမှုကို ကား မလစ်လပ်စေခဲ့ပါ။ တရားရိပ်သာတွေ ခေတ်စားကုန်း အချိန်ဖြစ်၍ ကျော်ချင်လို့ ပေါ်ပင်ကိုလိုက်ပြီး တရားအား ထုတ်မှုမျိုးလည်း မဖြစ်စေချင်ပါဟု တုန့်ပြန်ခဲ့ပါသည်။

## တောင်ပုလုတောရနှင့် ဤကျမ်းဆရာ

စာပေသင်ကြားပို့ချမှုနှင့် တရားနှလုံးသွင်းမှုတို့သည် ရဟန်း သံဃာတော်တို့၏ တာဝန် ဖြစ်သည့်အတိုင်း ကိုယ့်အသိနှင့်

ကိုယ်တရားနှလုံးသွင်းခဲ့ရာ၊ နောက်မျှားမကြာမီ တောင်ပုလဲ့ တောရဆရာတော်ဘုရားကြီးကို စတင်ဖူးတွေ့ရပါသည်။တောင်ပုလုဆရာတော်ဘုရားကြီးသည်ကား သူတပါးအား တရားပေးမှုထက် မိမိကိုယ်တိုင် အချိန်ပြည့် တရားအားထုတ်မှု၌ ပို၍ မွေ့လျော်သော ဆရာတော်ကြီးပါပေတည်း။ ထိုဆရာတော်ဘုရားကြီးကလည်း ဤကျမ်းဆရာကို တရားအားတုတ်ဖို့ရန် တိုက်တွန်းပြန်ပါသည်။ ဤအကြိမ်၌ကား လေးစားထိုက်သော ဆရာတော်ကြီး၏တိုက်တွန်းချက်ဖြစ်၍ တရား အားထုတ်ဖို့ အရေးအချိန်နှေး၍ မဖြစ်တော့ပါ။

ထိုတိုက်တွန်းချက်အရ တရားအားထုတ်ရာဌာနကို ရွေးချယ်သောအခါ၌လည်း တောင်ပုလုတောရသည် လူယောဂီတို့ကို လက်မခံပဲ တကယ်တရားအားထုတ်လိုသော ရဟန်းယောဂီတို့ကိုသာ လက်ခံ၍ တရားအလုပ်ပေးသောဌာန ဖြစ်သောကြောင့် ယင်းဘောင်ပုလုတောရကိုပင် တရားအားထုတ်ရာ ပဓာနစခန်းအဖြစ် ရွေးချယ်လိုက်ပါသည်။ နေရာကို ရွေးချယ်ပြီးလျှင် ထိုနေရာသို့အရောက်သွား၍ တရား အားထုတ်ရန်ပင် ရှိပါတော့သည်။

သို့ဖြစ်ရာ ဤကျမ်းဆရာ (ဦးစန္ဒဇောတိ)သည် ကျောင်းကန်ပလိဗောဓတို့ကို ဖြတ်တောက်ပြီးလျှင် တောင်ပုလုတောရဆိုင်ရာ ရှောဘန်းဒါယကာ တဦးဖြစ်သော မိတ္တီလာမြို့ ထန်းလျက်ကုန်သည်ကြီး ဦးမောင်မောင်ကိုယ်တိုင် လာရောက်ပင့်ဆောင်သော သူပိုင်မော်တော်ကားဖြင့် ရန်ကုန် သရက်တော

ကျောင်းတိုက်မှ ဦးရာဇိန္ဒ၊ မိတ္ထီလာ စောင်ကြမ်းကုန်း ဘုန်းကြီး ဦးစန္ဒဝရတို့နှင့်အတူ သပိတ်တလုံး၊ သုံးထည် သော သင်္ကန်း ကိုယ်နှင့်တပါတည်း ယူဆောင်လျက် မိမိတို့၏ကျောင်းတိုက်မှ တောင်ပုလု တောရသို့ တော ထွက်လာခဲ့ကြပါသည်။ အချိန်မှာ ၁၃၂၉ ခု၊ နယုန်လပြည့်ကျော် ၅ ရက် နံနက်ပိုင်း ဖြစ်ပါသည်။

## ဇေတဝန်သတိပဋ္ဌာန် ကျင့်နည်းခံ

အချိန်သည် မိုးဦးကျဖြစ်၍ ဆရာတော်ဘုရားကြီး သီတင်းသုံးရာ တောင်ပုလုတောရစခန်းကြီးသည်လည်း တောင်ပုလု ဆည်တော်ကြီးမှ အံ ထွက်လာသော ရေတို့ဖြင့် ပတ်လည် ဝိုင်းကာ သာယာအေးမြသော တောကျက်သရေဖြင့် ရောက်လာ သူများကို နှစ်သိမ့်မှု ပေးနေပါသည်။ တောင်ပုလုတောရ ကျောင်းတိုက်ကြီး၏ ပတ်ဝန်းကျင်ဘေးတဝိုက်မှာ ရှိနေသော တောတန်းမြိုင်ညို ထိုထိုအလေ့ပေါက် သစ်ပင်တို့သည်လည်း ပင်ချင်းယှက်ကာ ဝေဆာစိမ်းလန်းလျက် အရိပ်သင်္ကန်းအဖြစ် ဖန်တီးလျက်ရှိနေပြန်သည်။

ဤကျမ်းဆရာသည် စိမ်းလန်းစိုပြေ တောကျက်သရေနှင့် ပြည့်စုံသော တောင်ပုလုတောရသို့ ဆိုက်ရောက်ခဲ့ပြီ ဖြစ်ရာ တောင်ပုလုတောရ မူဝါဒနှင့်အညီ ဆရာတော်ဘုရားကြီးထံ၌- တောရဓုတင် ရုက္ခမူဓုတင်- တိစီဝရိတ်ဓုတင်- နေသဇ္ဇိကဓုတင်- ပိဏ္ဍပါတ်ဓုတင် စသည်တို့ကို ဆောက်တည်ရပြီးနောက် တော တန်းတနေရာမှ ပင်ချင်းယှက်နေသော ရှားပင်ပျို သန်းဒဟပ်ပင်

ပျိုတို့၏ကြားထဲ၌ နေသဇ္ဈ ဂိကစူတင်မပျက် ပက်လက်နေနိုင်သော ဝါးကုလားထိုင်၌ထိုင်၍ ဆရာတော်ဘုရားကြီး ညွှန်ပြသော နည်းအတိုင်း တရားအားထုတ် ရပါသည်၊ စင်္ကြံန်လျှောက်ရာ တွင်လည်း သတိစွဲမြဲ၍စင်္ကြံန်လျှောက်ရပါသည်။ ဆွမ်းခံသွား သောအခါ၌လည်း ရှေးတုန်းက ဂတပစ္စာဂတ ဝတ်ကိုဖြည့် သော ရဟန်းများကဲ့သို့ အသွားအပြန် သတိပဋ္ဌာန်ကို မလွှတ် စေရပါ။

## မည်သူ့နည်းမှမဟုတ်- ဘုရားနည်း

တောင်ပုလု ဆရာတော်၏ သတိပဋ္ဌာန်နည်းဟူသည်မှာ သထုံ မြို့ မင်းကွန်းမူလ ဇေတဝန်ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန် နည်းပင်ဖြစ်ပါသည်။ ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည် ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန်နည်း ဟူသည်မှာလည်း မင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး၏ သတိပဋ္ဌာန်နည်း ပင်တည်း။ သို့ရာတွင် မဟာစည်ဆရာတော်ဘုရားကြီးသည် ပဋိ ပတ်တွင်သာမက ပရိယတ္တိအရာ၌လည်း သူမတူဘန်အောင် ကျွမ်းကျင်တော်မူသည့်အလျောက် မင်းကွန်းဇေတဝန်နည်းကို အခြေခံလျက် တိုးချဲ့မွမ်းမံထားပါသည်။

ထို့ကြောင့် ဇေတဝန်နည်းထက် မဟာစည်သတိပဋ္ဌာန် နည်းကမူတမူအဖြစ်ဖြင့် သာလွန်ထူးခြားလျက် ရှိနေပြန်သည်။ သို့ရာတွင် ထိုဆရာတော်ကြီး ၂-ပါးက သတိပဋ္ဌာန်တရားတော် ကို တွင်ကျယ်အောင် ဖြန့်ချိနိုင်သောကြောင့် ဇေတဝန်သတိ ပဋ္ဌာန်နည်း- မဟာစည်သတိပဋ္ဌာန်နည်းဟု ခေါ်တွင်နေရသော်

လည်း အမှန်မှာ မည်သူ့နည်းမှမဟုတ် ဗုဒ္ဓမြတ်စွာ၏သတိပဋ္ဌာန်နည်းပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓမြတ်စွာသည် ဟောကြားအပ်သော သတိပဋ္ဌာန်သုတ္တန်ကိုပင် အဋ္ဌကထာဖွင့် ဋီကာဖွင့်နှင့်အညီ မူဘည်ညွှန်ပြရသောကြောင့် ဖြစ်ပါသည်။

## သတိပဋ္ဌာန်အလုပ်ခွင်– သမိုင်းဝင်

## ကဗျာ ၂–ပုဒ်

ဤဆိုအပ်ခဲ့သည့်အတိုင်း ဆရာတော်ဘုရား ညွှန်ပြအပ်သော ဇေတဝန်သတိပဋ္ဌာန်နည်း (သို့မဟုတ်) ဗုဒ္ဓမြတ်စွာ၏ သတိပဋ္ဌာန်နည်းနှင့်အညီ တရားအားထုတ်ရာ ၁၅-ရက်မပြည့်မီ ၂- ရက်အလိုတွင် မိမိ၏စိတ်သည် အခြားရက်များနှင့် မတူတမူကဲထူး ကြည်နူးရွှင်ပြ ပီတိဟုန်ခလျက်ရှိနေသည်ကိုသတိရပါသည်။

**အမာနုသီ ရတီ ဟောတိ၊**

**သမ္မာ ဓမ္မံ ဝိပဿတော။**

တရားသဘာဝကို အမှန်အတိုင်း မြင်တွေ့ရသော တရားရှင်အား လူသာမန်တို့နှင့်မထိုက်ဘန်သော ကျေနပ် နှစ်သိမ့်မှုမျိုး ဖြစ်ပေါ်လာတတ်သည်ဟု ဆိုသည်မှာ ယခုတွေ့ကြုံရသော ကြည်နူးရွှင်ပြမှုမျိုးများ ဖြစ်နေရော့သလားဟု တွေးတောရာမှ အစပြု၍ မိမိ၏စိတ်သည် အလုပ်ခွင်ထဲမှ စာထဲသို့ ကူးပြောင်းသွားပါတော့သည်။

ထိုကဲ့သို့သော အခြေအနေတွင် အချိန်ကာလလည်း ညဉ့်နှောင်းယံသာသာ တောင်ပုလု ဆည်တော်ကြီး, ဆည်တော်ကြီးဆီမှ ဖြတ်သန်းတိုက်ခတ်လာသည့်လေပြေလေညှင်းလေးနှင့် အတူ ရောပါလာသော ချိုးကူသံနှင့် ခါတွန်သံတို့ကလည်း မိမိ၏စိတ်ကိုတောတောင်၏ကြည်နူးဖွယ်ဆီသို့ သယ်ဆောင်သွား ပြန်ရာ နောက်ဆုံး၌ မိမိ၏စိတ်သည် အလုပ်ထဲ၌လုံးဝမရှိတော့ပဲ ဆိုလတံ့ဖြစ်သော သမိုင်းဝင် ကဗျာ ၂ ပုဒ်သည်သာလျှင် ဘာဝနာအလုပ်၏ရလဒ်အဖြစ်ဖြင့် မိမိ၏အသိဉာဏ်၌ ထင်မြင်လာပါတော့သည်။

## သမိုင်းဝင်တေးထပ်

တောင်ပုလု ရေလယ်ကျွန်း၊ ငွေကြယ်ထွန်း လျှမ်းဖြာ၊ မြေနယ်တဝှန်း စခန်းသာတွင်၊ ရဟန္တာ လေလော။

လူများစိတ် ဒွိဟဝင်သည်၊ အရိယာ့အရှင် မွေ့လျော်တဲ့တော။

ဆိတ်ငြိမ်မှုရှိပြန်သည်၊ အသိဉာဏ်စိတ်နှော၊

သတိပဋ္ဌာန်နိမိတ်စောမည်ဟု၊ မြှိုင်ရိပ်တောမြေမှာ။

ရှားပင်ပျို သန်းဒဟပ်တို့ကိုလ၊ နန်းပြသာဒ်စိတ်က ထင်လာ။

သစ်ပင်ရိပ် ကောင်းရာတွင်၊ ကျောင်းပမာ ပျော်မွေ့လို့၊ ဖော်မတွေ့ တောရှုတောင် သောကဖြူစင်၊

သတိနှင့် ခြေလှမ်းပြင်သည်၊ ထေရ်ကမ္မဋ္ဌာန်းဝင်ကျင့်သုံးပြီကွဲ့လေး။ ။

## သမိုင်းဝင်လေးချိုးလေး

တောင် ၂ တောင်အသည်စောင်း၊ ဆည်မြှောင်းရယ်တဲ့ ရေနဒီ။ ။

တောင်ပုလုမ္ဘိရာ၊ ရေသိဘာ ပဘ်ခွဲဒိုင်းတည်၊ မှိုင်းညို့ညို့ရီ။ ။

ကျမ်းဂန်လာ စာအရပေမို့၊ သဘာဝ တောပိဒိ၊ (အော်) ယောဂီတို့ခဲလေ့။ ။

သည်တောသို့ဝင်၊ ဆယ်ပါးငယ်ဓုဘင်နှင့်၊ လူမမြင်အောင် သည်ငါပုန်းပါလို့၊ ဖြူစင်စွာ ဘာဝနာသုံးခဲ့တယ် ဖုန်းရဲ့ကိုယ်တွေ။ ။

## လယ်တီဆရာတော်ကြီး၏မိန့်ဆိုချက်

ထို့ပြင် မိတ္တိလာမြို့ သာသနာရေးအရာရှိ ဦးစိုးမြင့်၏ လျှောက်ထားချက်အရ ရေးပေးဖို့ရန် တာဝန်ရှိနေသော ဓမ္မစကြာ အခါတော်နေ့ သမိုင်းခေါ် တရားဦး ဘုရားပင့် ၂၈ ဂါထာကို ကျောင်းမှာ ရှိနေစဉ်က ထိုထိုပလိဗောဓတို့ကြောင့် ရုပ်လုံးမပေါ်နိုင်ခဲ့ပါ၊ ရေးလိုက် ရုပ်လိုက် နှင့် ပင်နောက်ဆုံး၌ ရေးဖို့ရန် ကြောင့်ကြမှု များသည်သည်း အလိုအလျောက် ချုပ်ငြိမ်း ရပ်စဲသွားခဲ့ပါသည်။ သို့ရာတွင် တရားအားထုတ်မှု၏ အရှိန်အဝါပဲလား မပြောတတ်ပါ၊ ရှေးရှေး

တုန်းအခါက ရုပ်လုံးမဖော်နိုင်ခဲ့သော ထိုဘုရားပင့် ဂါထာ ၂ ပုဒ်သည်လည်း ပြောင်မြောက်သော အနက်သွားနှင့်တကွ စက္ကူမင်တန် အသုံးမပြုရပဲ တရားအားထုတ်ရာမှ ရုပ်လုံးပေါ် လာပြန်သည်။

ထို့ပြင် အလုပ်ခွင်မှ ထွက်လာပြီးနောက် ၂ ရက်လောက် တောင်ပုလုမှာ အနားယူနေစဉ် တောင်ပုလုတောရမှ သီတင်းသုံး ဖော်တို့က လျှောက်ထား တောင်းပန်ကြ ပြန်သောကြောင့် တောင်ပုလုအတွက် နှုတ်ခွန်းဆက် ဂါထာများကိုလည်း အလွယ် ထကူနှင့်စိတ်ကူးလျက် ကြည်နူးဖွယ်ဖြစ်အောင် ရုပ်လုံးဖော်ခဲ့နိုင် ပါသည်။ သို့ဖြစ်ရာ တရားအားထုတ်ပြီး ကျမ်းစာရေးလျှင် မဂ်ဖိုလ်ရသည်မရသည်ကိုအပထား၍ ကျမ်းစာရေးရာ၌ အသိဉာဏ် ထက်မြက်၍ ဆက်လက်တွင်ကျယ်မှု ရှိသည်မှာ အမှန်ပင်ဖြစ် ကြောင်းမိန့်ဆိုအပ်သည့် လယ်တီဆရာတော်ဘုရားကြီး၏ မိန့်ဆို ချက်ကိုလည်း ပြန်ပြောင်းအမှတ်ရလျက် ရှိပါတော့သတည်း။

## တဘဝထဲနှင့် မဂ်ဖိုလ်ရဖို့ရန် မြွှော်လင့်ချက်မထား

ဤ ဆိုအပ်ခဲ့သည့်အတိုင်း တောင်ပုလုတောရ၌ ပွားများ အားထုတ်ခဲ့ရသော သတိပဋ္ဌာန်သည် ဆယ့်ငါးရက်တာကာလ ဆားမြည်းရုံမျှဖြစ်သော်လည်း ထိုမှ စုတ်ယူသုံးဆောင်ခဲ့ရသော တရားအရသာ မြိုက်ကြွေဇာသည်ကား ဤကျမ်းဆရာကို စာပေ သမားဘဝမှ တရားသမားဘဝသို့ ရောက်အောင်လည်း ဆွဲ ဆောင်နိုင်ခဲ့ပါသည်။ သို့ဖြစ်ရာ ထိုအခါမှ အစပြု၍ မိမိထံသို့

ရောက်လာသော ဝိပဿနာဘက်ဆိုင်ရာကျမ်းစာတို့ကို မလွတ်တမ်းဖတ်ရှုပါသည်၊ အထူးအားဖြင့် မဟာစည်ဆရာတော်ဘုရားကြီး၏ ဟောပြောချက်ကျမ်းစာတို့ကို ပို၍ ဂရုတစိုက် လေ့လာဖတ်ရှုပါသည်၊ လယ်တီဒီပနီကျမ်းစာတို့သည်ကား စာသင်သားဘဝထဲက မိမိ၏ခေတ်စာသဖွယ် ဖြစ်နေကြပါသည်။

ထိုကျမ်းစာတို့မှရရှိသော တရားအဆီတို့ကို စာပေပိဋကတ်မှ ရရှိသော ပင်ကိုယ်အသိနှင့် ပေါင်းစပ်ထားပြီးလျှင် အခါသတ်မှတ် ပရိယတ်အလုပ်နားချိန်မှာ အား ထုတ် လျက် ပင် တည်း။ သို့သော် တဘဝထဲနှင့် မဂ်ဖိုလ်ရဖို့ရန်ကား မျှော် လင့် ချက်မထားပေ၊ သို့သော်လည်း ဆုကြီးပန် အလောင်း အလျာမျိုးဖြစ်ပါက သံသရာဘေးကို တကယ် ကြောက်လန့်ပြီး ပါရမီဖြည့်ရခြင်းက ပို၍ထိရောက်သည် ပို၍လေးနက်သည်ဟု ခံယူချက်ရှိနေပါသည်။ ထို့ကြောင့် "ခရီး ရှည် သွား ရ မည့် အလောင်းလျာကြီးတွေ ဖြစ်လေလေ တရားအားထုတ်သင့်လေလေ" ဟူသော အသိသည်ကား မိမိ၏ နှလုံးအိမ်၌ အမြဲတမ်းနေရာယူလျက်ရှိသည်သာသည်း။

## တိုက်တွန်းပါရစေ

ဤကျမ်းဆရာအဖို့မှာ တဘဝထည်းနှင့် မဂ်ဖိုလ်ရရန် မျှော်လင့်ချက်မထားကြောင်း ဖော်ပြခဲ့ပါပြီ၊ သို့ရာတွင် တဘဝထည်းနှင့် မဂ်ဖိုလ် ရလိုသော ခရီးတိုသမားတွေ အကယ်ရှိနေခဲ့ပါမူ မိမိတို့၏ ဘဝခရီး ရပ်နားရေးအတွက် အလုပ်လုပ်ကြပါဟု ဆိုလတံ့ဖြစ်သော တရားဂါထာ တရားဆောင်ပုဒ်တို့ဖြင့် တိုက်တွန်းပါရစေ။

ယော စ ဝဿသတံ ဇီဝေ၊
အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊
ပဿတော ဥဒယဗ္ဗယံ။

ယော စ ပုဂ္ဂလော၊ ရဟန်းရှင်လူ မည်သူမဆို အကြင်ကဲ့သို့သော ပုဂ္ဂိုလ်သည်။ ဥဒယဗ္ဗယံ၊ ခဏမစဲ အမြဲဖြစ်ပျက် အသစ်ဆက်သည့် ဖြစ်ပျက်မှုအသချေ ရုပ်နာမ်တရား၏ အဖြစ်အပျက်တွေကို။ အပဿံ-အပဿန္တော၊ ဝိပဿနာ အမှန်ဆိုက်အောင်-ဉာဏ်၌ ထင်မြင် ဆင်ခြင်မှုကွာ မရှုပါပဲလျက်။ ဝဿသတံ၊ တရာလက်လှမ်း သက်တမ်းသတ်မှတ် အာယုကပ်ခေတ်အခါ နှစ်တရာကာလပတ်လုံး။ ဇီဝေ(ဇီဝေယျ)၊ ဝိပဿနာကုသိုလ် မပြုလိုဟု သူ့ကိုကပ်တွက် ကိုယ့်တွက်မကြည့် သတိကင်းကွာ အကယ်၍အသက်ရှည်နေစေကာမူ။ သော စ (ပုဂ္ဂလော)၊ ဖြစ်ပျက်မသိ သတိမမူ ထို အသက်တရာရှည်၍ နေရသော သူသည် ကား။ န သေယျော၊ နေရတဲ့ရက်အနေ အသက်တွေ ဘယ်လိုတိုးသော်လည်း သက်ဆိုးရှည်ကြာ မမြင့်မြတ်သည်သာ လျှင်တည်း။

ဥဒယဗ္ဗယံ၊ ခဏမစဲ အမြဲဖြင်ပျက် အသစ်ဆက်သည့် ဖြစ်ပျက်မှုအသချေ-ရုပ်နာမ်တရား၏ အဖြစ်အပျက်တွေကို။ ပဿ-တော (ပဿန္တဿ)၊ ဒီ့ခါခါဖြင်ပြီး အခါခါ ပျက်သည်ဟု ဘာဝနာအကွက် အမှန်ဆိုက်အောင် ဉာဏ်၌ထင်မြင် ရှုဆင်ခြင် နေသောသူ၏။ ဧကာဟံ၊ တနေ့တွက်တာ တရက်ခါမျှ၊ဇီဝိတံ၊ လုံ့လကူညီ သူမမီဖို့ ပီသစွာ အသက်ရှင်၍ နေရခြင်းသည်သာ

လျှင်။ သေယျော၊ လူစစ်လူမှန် အသိဉာဏ်အသစ်တိုးသဖြင့် လူဖြစ်ကျိုးနပ်ပလေ မြင့်မြတ်လှပါပေသတည်း။ ။(ဓမ္မပဒ ပါဠိတော် ပဋ္ဌာစာရာထေရီ ဝတ္ထုလာ ပါဠိဂါထာကို ကောက်နုတ်အနက်မြန်မာပြန်ဆိုသည်။)

## အိမ်တွင်း ဝိပဿနာ—တရားဆောင်ပုဒ်များ

ပရမတ်ရုပ်နာမ်- ပေါင်းစုပြန်-သဏ္ဌာန်ပေါ်လာသည်။
သဏ္ဌာန်ပေါ်ရာ-ပညတ်လာ—တဏှာစွဲဝင်သည်။
အစွဲသဘာဝ-ခွဲမရ-အတ္တထင်ပြန်သည်။
ရုပ်ခွဲ နာမ်ခွဲ—ဉာဏ်ကိုင်စွဲ—ဖြိုခွဲနိုင်ရမည်။
အခွဲကျေမှ-ထိုအတ္တ-သုညဖြစ်နိုင်သည်။
သုည နာမ်ရုပ်-အစွဲဖြုတ်-ဖြစ်ချုပ်ရှုရမည်။
ဖြစ်ပျက်မမြင်-ထိုသူလျှင်-လူတွင် လူမမည်။
တရားနေရ-သူ့ဘဝ—ဘာမှ မမြတ်ပြီ။
ရုပ်တွေ နာမ်တွေ-ဖြစ်တိုင်းသေ- ရှုလေဉာဏ်အကြည်။
တရက်ရှုရ-လူ့ဘဂ—သူကမြတ်သေးသည်။

ဘာဝနာရေးရာပိုင်း ပြီးပါပြီ။

# အပစ္စယနာဒီကဏ္ဍရေးရာပိုင်း

ပုညကြိယဝတ္ထု ၁၀ ပါးထဲမှ ဒါန-- သီလ-ဘာဝနာ ပုညကြိယဝတ္ထု ၃ ပါးကို ၁ ဒါနရေးရာပိုင်း၊ ၂ သီလရေးရာပိုင်း၊ ၃ ဘာဝနာရေးရာပိုင်းဟု အပိုင်း ၃ ပိုင်းခွဲ၍ဖော်ပြခဲ့ပါပြီ။ ယခုတဖန်ကျန်နေသေးသော ပုညကြိယဝတ္ထု ၇ ပါးကို အပစာယနာဒိကဏ္ဍ ရေးရာပိုင်းဟု အပိုင်းတပိုင်းဖွဲ့လျက် အစဉ်အတိုင်း အကျဉ်းချုပ်၍ရှင်းပြပါအံ့။

**အပစာယန ပုညကြိယဝတ္ထု**

အသက်သိက္ခာတို့ကို အရိုအသေပြုခြင်းသည် အပစယနပုညကြိယ ဝတ္ထုဖြစ်၏၊ ထိုတွင် အသက်သိက္ခာကြီးသူဟူသောစကား အရ–

၁။ အသက်ကြီးသူ။

၂။ သိက္ခာကြီးသူ-ဟု–

၂ မျိုး ၂ စား ထွက်လာရာ မိမိထက် တနေ့ တရက် တနံနက် ကြီးသူသည် အသက်ကြီးသူဖြစ်၍ မိမိထက်ကိုယ်ကျင့်သိက္ခာ ကြီးသူသည်ကား သိက္ခာကြီးသူပင် ဖြစ်ပါသည်။ ထို့ကြောင့် မိမိလောက် အသက်မကြီးသေးသော်လည်း သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာအားဖြင့် မိမိထက် အဆင့်

အတန်းမြင့်နေခဲ့ပါမူ ထိုသူကို မိမိက ရိုသေရမည်သာဖြစ်၍။ လူပုဂ္ဂိုလ်တို့က ရဟန်းငယ် ရှင်ငယ်တို့ကို ရှိခိုးဦးချ အရိုအသေပြုခြင်းသည် အသက်ကြီးမှုအတွက်မဟုတ် အကျင့်သိက္ခာကြီးမှုအတွက်ပင်ဖြစ်ပါသည်။

## လေးစားမှုနှင့် ရိုသေမှု

လေးစားမှုသည် စိတ်နှင့်ပတ်သက်သောအရာဖြစ်၍ ရိုသေမှုသည် ကိုယ်နှင့် နှုတ်နှင့် ပတ်သက်သော အပြုအမူဖြစ်ပါသည်၊ မှန်၏၊ အသက်သိက္ခာကြီးသူတို့အား စိတ်ကလေးစားမှုမရှိခဲ့ပါလျှင် ကိုယ်အမူအရာ နှုတ်အမူအရာအနေဖြင့်လည်း ရိုသေမှုရှိမည်မဟုတ်တော့ပါ၊ ထို့ကြောင့်ရိုသေထိုက်သူတို့ကိုဦးညွှတ်ခြင်း၊ ရိုသေထိုက်သူတို့၏ရှေ့မှောက်၌ကုန်းကွသွားခြင်း၊ ကိုင်းရှိုင်းခြင်းစသည်တို့သည် စိတ်၏လေးစားမှု အရိပ်အရောင် ဟပ်သာသော ကာယကံမှုများ ဖြစ်ပါသည်။

ထို့ပြင် အသက်သိက္ခာကြီးသူတို့ကို လူမှုဆက်ဆံရေး ကျင့်ဝတ်အရ ဘဘကြီးခင်ဗျား၊ မေမေကြီးခင်ဗျား၊ ဦးလေး-ဦးကြီး-အမကြီးခင်ဗျားစသည်ဖြင့် အသက် အရွယ် အလိုက် ယဉ်ကျေးစွာ သုံးနှုန်းပြောဆိုခြင်းသည်လည်း စိတ်၏လေးစားမှုထွက်ပေါ်လာသော ဝစီကံမှုများပင်တည်း။ ထို့ကြောင့် အသက်သိက္ခာကြီးသူတို့အား စိတ်၏လေးစားမှု ရှေ့ထားလျက် ကိုယ်အမူအရာ နှုတ်အမူအရာဖြင့်အရိုအသေပြုခြင်းသည် လူမျိုးတိုင်း ဘာသာတိုင်းမှ လက်ခံထားသော အပစာယနကုသိုလ်ကြီး တပါးဖြစ်ရုံမျှမက ထိုပုညကြိယဝတ္ထုမှာ ချက်မှောက်ဘဝ၌ပင်

၁။ အာယု (အသက်ရှည်ခြင်း)
၂။ ဝဏ္ဏ (ရုပ်ရေစိုပြေခြင်း)
၃။ သုခ (ကိုယ်ချမ်းသာ- စိတ်ချမ်းသာမှုရှိခြင်း)
၄။ ဗလ (ခွန်အားဗလမဆုတ်ယုတ်ခြင်း)

ဟု ဆိုအပ်သော ဤအကျိုးထူးကြီး ၄-မျိုး တုန့်ပြန်လာလိမ့်မည်ဟု ယုံကြည်မှုအပြည့်အဝဖြင့် ရှိသေကြဖို့ အလေးအနက်တိုက်တွန်းပါရစေ။

## ဝေယျာဝစ္စ ပုညကြိယဝတ္ထု

အသက်သိက္ခာကြီးသူတို့၏အမှုကိစ္စ၌ ကူညီဆောင်ရွက်ခြင်းသည် ဝေယျာဝစ္စ ပုညကြိယဝတ္ထုဖြစ်၏။ ရတနာ သုံးပါးနှင့်ပတ်သက်သော အမှုကိစ္စကို ပါဝင်ဆောင်ရွက်ရခြင်း၊ သူတပါး၏အလှူကိစ္စ၌ စေတနာသန့်သန့်ထား၍ ပါဝင်ဆောင်ရွက်ရခြင်း၊ ရပ်ရေး ရွာရေးအတွက် ကူညီဆောင်ရွက်ရခြင်း စသည်တို့သည်လည်း ဤပုညကြိယဝတ္ထု၌ပင် အကျုံးဝင်ပါသည်။

## ရဟန်းတော်များနှင့် ဝေယျာဝစ္စ

ရဟန်းတော်များအနေဖြင့် ဘုရားပရိဝုဏ်၊ ကျောင်းပရိဝုဏ် သန့်ရှင်းခြင်း၊ ဘုရားအိုး-ကျောင်းအိုး-ဇရပ်အိုပြုပြင်ခြင်း စသည်တို့သည်လည်း ဝေယျာဝစ္စကုသိုလ်ပင်ဖြစ်၏။ သို့သော် ရဟန်းတော်များကိုယ်တိုင် အလှူငွေကောက်ခံ၍ ဘုရား တည်ခြင်း၊ ကျောင်းဆောက်ခြင်း စသည်တို့ကား ဝိနည်းတရားတော်အရ ရဟန်းများနှင့် မအပ်စပ်သော ကိစ္စပင် ဖြစ်ပါသည် ၊ မှန်၏။

ရဟန်းတော်များကိုယ်တိုင်အလှူခံထားသောငွေသည် ဝိနည်းကံ အရ စွန့်ပစ်အပ်သော နိဿဂ္ဂိယဝတ္ထု ဖြစ်သကဲ့သို့ ထိုငွေဖြင့် တည်ဆောက်ထားသော ဘုရားနှင့် ကျောင်းတို့သည်လည်း နိဿဂ္ဂိယဘုရားနှင့် နိဿဂ္ဂိယကျောင်းမျိုးတို့သာ ဖြစ်ရမည်မှာ သေချာပါသည်။

နိဿဂ္ဂိယထိုက်သောကျောင်း၌ နေထိုင်သော ရဟန်းသည် ထိုကျောင်း၌နေထိုင်သမျှ ဒုက္ကဋ်အာပတ်ဟင်းလေးအိုးကြီး ဖြစ် နေရမည်မှာမလွဲပေ။ ထို့အတူ နိဿဂ္ဂိယထိုက်သောငွေဖြင့် တည် ထားသောစေတီတဆူမှန်းသိလျက်ရှိခိုးလျှင် အဘိဓမ္မာနည်းအရ ကုသိုလ်ရမည်မှန်သော်လည်း ဝိနည်းကံအရ အပြစ်မှ လွတ်ပါ့ မလားဟု စဉ်းစားဖွယ်ဖြစ်နေပြန်ပါသည်၊ ထို့ကြောင့် မင်း တုန်းမင်းကြီးလက်ထက်တွင် သာသနာ့အရေးအခင်းကို စောင့် ကြပ်ရသော မဟာဒဏ်ဝန်များသည် အရှေ့ပြင် ခေမိကာရာမ တိုက်မှ ဂုံညင်းထိုးကစားနေသော ကိုရင်တို့ကို တွေ့မြင်ရသဖြင့် ဆရာတော် ဘုရားကြီးအား တိုင်တန်း လျှောက်ထားရာ (ငါ့တိုက်မှ ကိုရင်တွေ ဂုံညင်းထိုး ကစားခြင်းသည် မင်းတို့ သာသနာပိုင် ရှာပြန်ပြီး ဘုရား တည်သလောက် မဆိုးရွားကြောင်း) ခေမိကာရာမ ဆရာတော်ကြီးက အမိန့်ရှိသည်ဟု ကြားရဘူးပါသည်။

## မာန်လည်ဆရာတော် မိန့်မြွက်ပုံ

မာန်လည် ဆရာတော် ဘုရားကြီး သက်တော် ထင်ရှား ရှိစဉ်တွင် ဆရာတော် ဘုရားကြီး၏တပည့် ဂိုဏ်းအုပ် ဆရာ

တော်သည် ဘုရားတဆူ အသစ် တည်ဖို့ရန် ပွဲခံ၍ အလှူငွေ ကောက် ခံ ခဲ့ ရာ ထိုကိစ္စကို မ နှစ် မြို့ သော သစ်တောဝန် ဦးဖိုးသင်းက ထိုအကြောင်းကို မာန်လည်ဆရာတော်ဘုရားကြီး အား တိုင်တမ်းလျှောက်ထားပါသည်၊ ထိုအခါ ဆရာတော် ဘုရားကြီးက "ဒါယကာ ဖိုးသင်း သုဓမ္မာခြေနေ မင်းကြီးနှင့် မဟာယာမိဖုရားကြီးတို့ ခြင်ထောင်ထဲမှာ ဒူးပေါ်ပေါင်ပေါ်နှင့် အိပ်စက်နေကြတာကြည့်မကောင်းဘူးပေါ့ကွာ၊ ဒါပေမဲ့ ဘုရား လေးမေးလာတော့ ဝိုင်းပြီးရှိခိုးကြရဒါပါပဲကွာ"- ဟု ပြန် လည်မိန့်မြွက်တော်မူကြောင်း တဆင့်စကား ကြားရဖူးပါသည်။

မာန်လည် ဆရာတော်ဘုရားကြီးသည် မိမိ၏ ဝါသနာအရ ပြောင်မြောက်သော စကားလုံးဖြင့် အလိုက်ဘာသာ တုန့်ပြန် မိန့်ကြားခြင်းဖြစ်သော်လည်း ရဟန်းများကိုယ်တိုင် အလှူငွေ ကောက်ခံ၍ ဘုရားတည်ခြင်းသည် ဝိနည်းတရားတော်အရ မအပ်စပ်သောကြောင့် ဒူးပေါ်ပေါင်ပေါ်နှင့် အမြင်မတော် သောကိစ္စဖြစ်သည်ကိုကား ဝန်ခံလျက်ရှိနေလေပြီ၊ သို့သော် ဘုရားကိစ္စဆောင်ရွက်ရေးအတွက် ဖွဲ့စည်းထားသော ဂေါပက အဖွဲ့အား ဩဝါဒါစရိယအနေဖြင့် ကွပ်ကဲစီမံ ခြင်းသည်ကား ရဟန်းတော်များအဖို့ အပြစ်မရှိပေ။

## ပတ္တိဒါနနှင့် ပတ္တာနုမောဒန

ကိုယ်တိုင် ဆည်းပူးထားသော ဒါနကုသိုလ် သီလကုသိုလ် စ သည်ကို မိမိကဲ့သို့ အညီအမျှရစေရန် အမျှပေးဝေခြင်းသည် ပတ္တိဒါန ပုညကြိယဝတ္ထုဖြစ်၍ သူတပါးက ပေးသဖြင့် မိမိ

ထံသို့ ရောက်လာသော ကုသိုလ်အဖို့ကို ဝမ်းမြောက်စွာ သာဓု ခေါ်ခြင်းသည် ပတ္တာနုမောဒန ပုညကြိယဝတ္ထုဖြစ်ပါသည်။ ပတ္တိ+ မိမိ၏ ကုသိုလ်အဖို့ကို- ဒါန+ သူတပါးအားပေးခြင်း- ဟု အဓိပ္ပါယ်ထွက်၏၊ ပတ္တိ+ သူတပါးပေး၍ မိမိထံသို့ရောက်လာသောကုသိုလ်အဖို့ကိုအနုမောဒနာ = ဝမ်းမြောက်စွာ သာဓု ခေါ်ခြင်း— ဟု အဓိပ္ပါယ်ထွက်ပါသည်၊ ပတ္တိ+ အနုမောဒန- ဟု ခွဲထားသောပုဒ် ၂ ပုဒ်ကိုလည်း ပတ္တာနုမောဒန-ဟု ပုဒ်တွဲပြုပါ။

## ဓမ္မသဝနနှင့် ဓမ္မဒေသနာ

မိမိ သူတပါး နှစ်ဦးသားတို့၏လောကဓမ္မ-နှစ်ဌာန ကြီးပွါးရန် အလို့ငှာ သူတပါးက ဟောပြောညွှန်ပြသည်ကို နာယူခြင်းသည် ဓမ္မသဝန ပုညကြိယဝတ္ထုဖြစ်၏၊ အပြစ်ကင်းသော စာပေကို သူတပါးဖတ်ရာ၌ နာယူခြင်း အပြစ်ကင်းသော ဘာသာရပ်များကိုသင်ကြားခြင်း စသည်တို့သည်လည်း ဤဓမ္မသဝနကုသိုလ်၌ပင် အကျုံးဝင်ပါသည်။

ထို့ပြင် ပစ္စည်းလာဘ်နှင့် ကျော်ဇောမှုကို ငဲ့ကွက်ခြင်းမရှိပဲ စေတနာသန့်သန့်ဖြင့် မျက်မှောက်တမလွန် နှစ်တန်သော ကောင်းကျိုးချမ်းသာအလို့ငှါ သူတပါးအား ညွှန်ပြဟောပြောခြင်းသည် ဓမ္မဒေသနာ ပုညကြိယဝတ္ထုဖြစ်၏၊ စာပေပို့ချခြင်း အပြစ်ကင်းသော ဘာသာရပ်များကို သူတပါးအားသင်ပြပေးခြင်းစသည်တို့သည်လည်း ဤဓမ္မဒေသနာ ပုညကြိယဝတ္ထု၌ပင် အကျုံးဝင်ပါသည်။

## သတိပြုဖွယ်ရာ

ယခုအချိန်သည် ဆုတ်ကပ်ဖြစ်၍ တရားဟောရာ၌ နှလုံးသွင်းမကောင်းခဲ့လျှင် ဓမ္မဒေသနာကုသိုလ်ဖြစ်အောင်ဟောပြောသို့ရန် မလွယ်ကူလှပါ၊ ဒကာ ဒကာမတို့က တုန့်ပြန်ပူဇော်မည့် ပစ္စည်းသာဘ်တို့ကို ငံ့ကွက်သာယာနေပြီဟု ဆိုကြပါစို့၊ ထိုပုဂ္ဂိုလ်အဖို့မှာ သူတပါးအား လောဘနည်းပါးစေရန်ဟောဟောပြောနိုင်သော်လည်း ကိုယ့်လောဘကိုကား သူကိုယ်တိုင်မနှိမ်နင်းနိုင်ပဲ ရှိနေမည်သာဖြစ်၏၊ ထို့ကြောင့် ပစ္စည်းလာဘ်ကို မျှော်ခေါ်တောင့်တမှုမရှိပဲ ဓမ္မဒေသနာ ကုသိုလ်ဖြစ်ရေးအတွက် အလေးအနက် သတိပြုသင့်ပါသည်။

## ကိုယ်တွေ့သာဓက လေး

ထို့ပြင် ပရိသတ်နှင့် ဆက်ဆံနေရသော ဟောပြောသူတိုင်းပင် ပရိသတ်ထံမှ တုန့်ပြန်လာသော ချီးမွမ်းခံရမှုနှင့် ကျော်စောမှုများကို မသိမသာဖြစ်စေ သိသိသာသာဖြစ်စေ လိုလားမှုမကင်းပဲ ရှိနေတတ်ပါသည်၊ ထို့ကြောင့် နာမည်ကြီးမှု - ထင်ပေါ်မှုအတွက် နည်းအမျိုးမျိုးဖြင့် ပြုလုပ်ကြပြန်သည်၊ ထိုအရေးနှင့်ပတ်သက်၍ ကိုတွေ့သာဓကတခုကို ထုတ်ပြပါရစေ။

အချိန်မှာ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ အသံကောင်း ဓမ္မကထိကများ ဈေးကောင်းတုန်း အချိန်ကဖြစ်ပါသည်၊ ထိုအချိန်၌ ဤကျမ်းဆရာ၏ မိတ်ဆွေဖြစ်သူ ဓမ္မကထိကတပါးရှိခဲ့၏၊ ဟောပြောရာ၌ နေပြည်တော်က မျှော်ပါတယ်— ဟူသော အ

နက်သွား စာပိုဒ်ကို ဆွဲဆွဲငင်ငင်ရွတ်ဆိုသည်ကို အစွဲပြု၍ သူ ကိုယ်သူ နေပြည်တော် ဦးနန္ဒိယဟု*ကင်ပွန်းတပ်ထားပါသည်၊ ထိုနေပြည်တော် ဦးနန္ဒိယသည် တနေ့တွင် မန္တလေးမျက်ပါး ရပ်မှ ကျောင်းဆရာကြီး ဦးလှဒင်ထံသို့ သွားပြီးလျှင် သူသည် မျက်ပါးရပ်၌ ညဉ့်တရားပွဲချ၍ ဟောပြောလိုပါသည်၊ သို့ဖြစ် ၍—

၁။ မျက်ပါးရပ် လမ်းဘေး ကွက်လပ်တခု၌ တရားပွဲဖြစ် မြောက်ရေးအတွက် ပြုလုပ်ပေးပါရန်။

၂။ နေပြည်တော် ဓမ္မကထိက ဦးနန္ဒိယ တရားဟောမည့် အကြောင်း ကြော်ငြာပေးရန်။

ဤအချက်ကြီး ၂-ချက်ကို ဆောင်ရွက်ပေးပါဟု တာဝန် ပေးလိုက်ရာ ဦးလှဒင်သည်လည်း သူနှင့်ရင်းနှီးသူဖြစ်သည့်အပြင် တရားဘက်၌ လိုက်စားနေသူလည်း ဖြစ်ရကား ကောင်းပါပြီဟု စန်ခံပြီးနောက် ညဉ့်တရားပွဲဖြစ်မြောက်ဖို့ရန် လိုလေသေးမရှိ အောင် စီစဉ်ရတော့ပါ၏။

## တရားပွဲ စပါပြီ

နေပြည်တော် ဦးနန္ဒိယသည် သတ်မှတ်ထားသော အချိန် တွင် အသင့်ပြင်ဆင်ထားသော လက်ဆွဲခေတ်မီးရောင်အောက် ၌ဓမ္မာသနပလ္လင်အဖြစ် ခင်းထားသော ပက်လက်ကြိမ်ကုလား

---

* အမည်များမှာ သင့်လျော်အောင်ထည့်သွင်းထားခြင်းဖြစ်ပါသည်။

ထိုင်ကြီးပေါ်သို့ ဆိုက်ရောက်လာပြီးနောက် ''တရားပွဲ စတင်ပါတော့မည်''ဟု ကျေညာလိုက်ပါသည်၊ တရားနာပရိသတ်သည် ထုံးစံအတိုင်း ကန်တော့ခန်းရွတ်ဆို၍ ဓမ္မကထိကထံ ငါးပါးသီလကို ခံယူဆောက်တည်ကြပါသည်။

နေပြည်တော် ဦးနန္ဒိယသည် တရားပွဲစပြီ-ဟူသော အထိမ်းအမှတ်ဖြင့် သူရွတ်ဆိုနေကျ တရားချီးဂါထာကို ရွတ်ဆိုပြီးနောက် ''နေပြည်တော်က မျှော်ပါတယ် နေပြည်တော်က ခေါ်ပါတယ်''ဟူသော အနက်သွားထဲက စာပိုဒ် ၂-ပိုဒ်ကို သံနေသံထားနှင့် ဘယ်သံ ညာသံတင်၍ သီချင်းဆိုသလို ဆွဲဆွဲငင်ငင်နှင့် ရွတ်ဆိုလိုက်ရာ ပရိသတ်မှာ တခါထဲ ငြိမ်ကျသွားပါသည်။

## တရားပွဲ ရုပ်သိမ်းပါပြီ

သို့ရာတွင် ဆောင်ရွက်ရေးမှူး ဦးလှဒင်သည်ကား ထိုအခြင်းအရာကို မနှစ်မြို့လှသဖြင့် ကုလားထိုင်ရှေ့မှ ဖျာကို လက်ဝါးဖြင့် ပုတ်လိုက်ပြီးလျှင် ''တန်တော့ တန်တော့ ရှေ့မဆက်နှင့်၊ ဒီလို သီချင်းဆိုလိမ့်မည်-ဟု အစတုန်းကသိရလျှင် ဦးပဥ္စင်းတရားကို ဘာပြုလို့နာရမှာလဲ လေဘာတီမြရင်အငြိမ့်ကို ငှားပြီး နားထောင်မှာပေါ့''ဟု ပြော၍ တရားပွဲ ရုပ်သိမ်းလိုက်ရာ နေပြည်တော် ဦးနန္ဒိယသည်လည်းရှက်ကိုးရှက်ကန်းနှင့် ကြွမြန်းရသည်ဟု ဆိုပါသည်၊ (ထိုအခါမှာ လေဘာတီမြရင်အငြိမ့် ခေတ်စားတုန်း ဖြစ်ပါသည်။)

## သနားစရာ့ သူ့ဘ၀

ဤဆိုအပ်ခဲ့သည့်အတိုင်း နေပြည်တော် ဦးနန္ဒိယသည် ထင်ပေါ်မှု ပစ္စည်းလာဘ်များမှုအတွက် သူ့နည်း သူ့ဟန်ဖြင့် ကြိုးစားခဲ့ရာ အတော်အသင့် အောင်မြင်မှုရလာသောအခါ၌ သူ့ကိုယ်သူ သူဋ္ဌေးဖြစ်နိုင်ပြီဟု အထင်ကြီးကာ သာသနာတော်မှ ခွါရှောင်လျက် အ၀ါရောင်၀တ်ထည်ကို စွန့်ပစ်ခဲ့ပါသည်၊ ဤနည်းဖြင့်ပင် လူ့ဘ၀သို့ ရောက်ခဲ့ပါသည်၊ သို့သော် လူ့ဘ၀ လူအဖြစ်သည်ကား သူထင်ခဲ့တဲ့အတိုင်း မဟုတ်ပေ။

ရဟန်းတုန်းကရလာသောငွေကို အရင်းအနှီးပြု၍ ရောင်း၀ယ်မှုဖြင့် အသက်မွေးမှုပါသော်လည်း သူ၏ဘ၀ကား စိုစိုပြေပြေ မရှိလှပါ၊ သားသမီးတပြုံဖြင့် ချွတ်ချုံကျလာပြီးလျှင် နောက်ဆုံး၌ သူ၏ဘ၀ကို ဆင်းဆင်းရဲရဲနှင့် ဇာတ်သိမ်းရရှာသည်၊ အော်—နေပြည်တော် နေပြည်တော် သနားစရာကောင်းတဲ့ နေပြည်တော်ဟုသာ ညည်းညူချင်ပါတော့သတည်း။

## ဓမ္မဒေသနာ ကုသိုလ်ဖြစ်အောင် ဟောပြောရေး

ယခုအချိန်သည် နေပြည်တော် ဦးနန္ဒိယတို့၏ ခေတ်တုံးကလို လွှမ်းခန်း ဆွေးခန်းတွေကို အသားပေးပြီး တရားဝေးနေသော လူတွေ နားထောင်ကောင်းအောင် ဟောပြောရသော ခေတ် မဟုတ်တော့ပါ၊ ၀ိပဿနာအလုပ်ကို ဦးစားပေးပြီး ဟောပြောရသော ၀ိပဿနာခေတ်သို့ ဆိုက်ရောက်နေပါသည်၊

လူတို့ဘက်မှ အနေအထားကို သုံးသပ်လျှင်လည်း ခေတ်ပျက်အခါပျက်မှ ရလာသော အမွေဆိုးတို့ကို ခံယူလျက် အကျင့်ပျက်ဆိုးသွမ်းနေသော လူတို့ကိုလည်း အများစုအနေဖြင့် တွေ့မြင်ရပြန်သည်။

ထို့ပြင် ခေတ်ဆိုးအခါဆိုးမှ တုန့်ပြန်လာသော ဆင်းရဲဒုက္ခတို့ကို ငြီးငွေ့ပြီးလျှင် ထိုကဲ့သို့သော ဒုက္ခတို့မှ လွတ်မြောက်ရန် သောကကင်းဝေး–ငြိမ်းချမ်းရေးဆီသို့ ဦးတည်နေသော လူတို့ကိုလည်း လူနည်းစုအနေဖြင့် တွေ့မြင်ရပြန်ပါသည်၊ ထိုလူတန်းစား ၂–မျိုးတို့အနက် သောကကင်းဝေး ငြိမ်းချမ်းရေးဆီသို့ ဦးတည်နေသော ၂–နံပါတ်လူတန်းစားတို့က တောင်းဆိုနေသော တရားသည်ကား ဝိပဿနာအလုပ်ပေးတရားပင် ဖြစ်ပါသည်။

သို့ဖြစ်ရာ ဝိပဿနာ ဓမ္မဒေသကပုဂ္ဂိုလ်တို့သည် အပူဇော်ခံရမှု ထင်ပေါ်မှုတို့ကို ပဓာနမထားပဲ ဓမ္မဒေသနာကုသိုလ်စစ်စစ်ဖြစ်အောင် ဟောပြောလျက် ဒုက္ခငြိမ်းချမ်းရေးဆီသို့ ဦးတည်နေသော တရားရှင်တို့ကို သူတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ ပို့ဆောင်ရတော့မည် ဖြစ်သတည်း။

## ဒိဋ္ဌိဇုကမှ ပုညကြိယဝတ္ထု

တဘဝပြီးတဘဝ ဖြစ်နေရသော ပရလောက(ဘဝသံသရာ)သည် တကယ်ရှိနေသော်လည်း အချို့သူတို့က ထိုပရလောက(ဘဝသံသရာ)ကို ယုံကြည်မှုမရှိကြပေ၊ ပရလောကကို မယုံ

ကြည်သော တဘာဝသမားတို့အဖို့မှာ မသေမီက ပြုလုပ်ခဲ့သော မကောင်းမှုသည်လည်း နောက်ထပ်ဘဝမရှိ၍ မကောင်းကျိုးမခံရ၊ ကောင်းမှုပြုမိပြန်လျှင်လည်း ကောင်းကျိုးခံစားစရာ ပရလောကမရှိဟု ယူဆစွဲလမ်းကြပေလိမ့်မည်၊ ဤကဲ့သို့သော ထင်မြင်မှုကို မိစ္ဆာဒိဋ္ဌိ(မှားသောအမြင်)ဟု ခေါ်ဆိုရ၏၊ (မနေ့ကသုစရိုက်ခွဲတမ်းတုန်းက ရှင်းပြခဲ့သော သမ္မာဒိဋ္ဌိဆိုင်ရာအပိုင်း ပြန်လည်သုံးသပ်ပါ။)

ထို မိစ္ဆာဒိဋ္ဌိ (မှားသောအမြင်)ကို ကောင်းမှုပြုလျှင် ကောင်းကျိုးခံစားရလိမ့်မည် မကောင်းမှုပြုလျှင် မကောင်းကျိုးကို ခံရလိမ့်မည်ဟု သမ္မာဒိဋ္ဌိ (မှန်သောအမြင်မျိုး)သို့ ရောက်အောင် အသိဉာဏ်ဖြင့် ပဲ့ကိုင်ပေးခြင်းသည်ပင် ဒိဋ္ဌိဇုကမ္မ ပုညကြိယဝတ္ထုဖြစ်သည်ဟု မှတ်သားအပ်၏၊ ထို့ကြောင့် မိမိ၏ အယူအဆကို ဖြောင့်မှန်သော အယူအဆမျိုး ဖြစ်စေကြကုန်ရာ၏။

## အကျဉ်းချုပ် ဖော်ပြချက်

ဤသို့လျှင် ပုညကြိယဝတ္ထုသည်—

၁။ ဒါန (ပေးလှူစွန့်ကြဲခြင်း)

၂။ သီလ (ကိုယ်နှုတ် စောင့်ထိန်းခြင်း)

၃။ ဘာဝနာ (ပွားများအားထုတ်ခြင်း)

၄။ အပစာယန (အသက်သိက္ခာကြီးသူတို့ကို အရိုအသေပြုခြင်း)

၅။ ဝေယျာဝစ္စ (အမှုကြီးငယ်ကို ဆောင်ရွက်ခြင်း)

၆။ ပတ္တိဒါန (မိမိ၏ ကုသိုလ်အဖို့ကို အမျှပေးဝေခြင်း)

၇။ ပတ္တာနုမောဒန (ရောက်လာသော ကုသိုလ်အဖို့ကို သာဓုခေါ်ခြင်း)

၈။ ဓမ္မသဝန (တရားနာခြင်း)

၉။ ဓမ္မဒေသနာ (တရားဟောပြောခြင်း)

၁၀။ ဒိဋ္ဌိဇုကမ္မ (အယူအဆကို ဖြောင့်မတ်မှန်အောင် ပြုလုပ်ခြင်း)ဟု အကျဉ်းချုပ်အားဖြင့် ၁၀-ပါး ဖြစ်ပါသည်။

လိုရင်းဖော်ထုတ် အကျဉ်းချုပ် ဆောင်ပုဒ် ဘယ်သို့ဆိုသနည်း၊

လိုရင်းဖော်ထုတ် အကျဉ်းချုပ် ဆောင်ပုဒ် ဤသို့ဆိုပါသည်။

(ဆောင်) ပေးလှူဒါန-သီလလုံခြုံ၊
ဘာဝနာပွား-တရားအထုံ။
ရှိသေတုပ်ကွ-ကိစ္စဖုံဖုံ၊
မှုဆောင်ရွက်-နောင်ထက်နတ်ပြည်ဘုံ။

(ဆောင်) ကုသိုလ်ဘာဂ-အမျှစီခဝေ၊
သာဓုခေါ်ရေး မြော်တွေးကြလေ။
နာကြားဟောပြော-စိတ်စောနိုင်စေ၊
ယူဖြောင့်စင်း-ကောင်းခြင်းစရိုက်ဖွေ။

## လိုရင်း ပုညကြိယာဝတ္ထု ၃–ပါး

ပုညကြိယဝတ္ထုသည် ၁၀-ပါးဖြစ်သော်လည်း လိုရင်းဖြစ်သော ပုညကြိယဝတ္ထုသည်ကား–

၁။ ဒါန (ပေးလှူစွန့်ကြဲခြင်း)

၂။ သီလ (ကိုယ်နှုတ်စောင့်ထိန်းခြင်း)

၃။ ဘာဝနာ (ပွားများအားထုတ်ခြင်း)

ဟု ဆိုအပ်သော ဤ ၃–ပါးပင်ဖြစ်ပါသည်၊ အဘယ့်ကြောင့်ဟူမူ နောက် ၇–ပါးသည် မူလအခြေခံဖြစ်သော ယင်း ၃-ပါးထဲ၌ လျှော်သလို အကျုံးဝင်ပြီးဖြစ်သောကြောင့်ပင်တည်း၊ သို့ဖြစ်လျှင် နောက် ၇-ပါးကို ရှေ့ ၃-ပါးထဲသို့ ဘယ်ပုံဘယ်နည်း သွင်းရမည်နည်း၊ အဖြေမှာ ဤဆိုမည့်အတိုင်း ဖြစ်ပါသည်။

## လျော်ရာ လျော်ရာ သွင်းပုံ

နောက် ၇-ပါးထဲမှ ၁။ အပစာယန ၂။ ဝေယျာဝစ္စ ဤ ၂-ပါးကို အလယ်သီလထဲသို့ သွင်းရမည်၊ အဘယ့်ကြောင့်နည်း စာရိတ္တသီလ ဝါရိတ္တသီလအဖြစ်ဖြင့် သီလချင်းတူသောကြောင့်တည်း။ ၁။ ပတ္တိဒါန ၂။ ပတ္တာနုမောဒနာ ဤ ၂–ပါးကို အစဆုံးဖြစ်သော ဒါနထဲသို့ သွင်းရမည်၊ အဘယ့်ကြောင့်နည်း ဆန့်ကျင်ဘက် လက္ခဏာချင်းတူသောကြောင့်တည်း။ ၁။ ဓမ္မသဝန ၂။ ဓမ္မဒေသနာ ဤ ၂–ပါးကို အသိဉာဏ်ပွားစေနိုင်သော ဘာဝနာသဘော သက်ရောက်

သောကြောင့် နောက်ဆုံးဖြစ်သော ဘာဝနာထဲသို့ သွင်းရမည်၊ ဒိဋ္ဌိဇုကမ္မကိုလည်း ဘာဝနာကဲ့သို့ပင် သွင်းရမည်၊ တနည်း သုံးပါးလုံးထဲသို့ သွင်းရပါမည်။

မေး— ဒါန သီလ ဘာဝနာ-သုံးဖြာလိုရင်းတည်း၊ နောက်ခုနစ်ပါး-သုံးပါးထဲပြု၊ သွင်းခွင့်ကြုံ၊ ဘတ်ပုံ ဘယ်သို့ သွင်းမည်နည်း။

ဖြေ— နောက်ခုနစ်ပါး သုံးပါးထဲပြု သွင်းခွင့်ကြုံ ဤပုံဤသို့ သွင်းပါမည်။

လျော်ရာ လျော်ရာ သွင်းပုံ

(က) အပစာယန-တုပ်ကွစဉ်လာ၊
ဝေယျာဝစ္စ-တကွမကွာ။
ဂုဏ်းနှစ်ပါး—မျိုးစားတူရာ၊
သီလထဲ—သွင်းမြဲ ဓမ္မတာ။

(ခ) ပတ္တိဒါန—ဒါနမှာယှဉ်၊
ပတ္တာနုမောဒ-ထပ်လောအတူ။
ဟောပြော နာကြား-နှစ်ပါးကိုမူ၊
နောက်ဆုံးထဲ—လုံးတွဲ သွင်းစေဟူ။

(ဂ) ဒိဋ္ဌုဇုလဲ-ထိုနဲ့တူစွာ၊
ဘာဝနာထဲ-သွင်းမြဲမကွာ။
တနည်းသော်ကား—သုံးပါးထဲမှာ၊
မလွတ်ကင်း-သွတ်သွင်းထည့်ယူပါ။

# လူ့စည်းကမ်း ဥပဒေတော်ကြီး

# နိဂုံးချုပ်ကဏ္ဍ

ဤ ဖော်ပြအပ်ပြီးဖြစ်သော ပုဒ်ကြီးယဝတ္တု ၁၀-ပါးသည် လည်း သုစရိုက်တရား ၁၀-ပါးကဲ့သို့ပင် ကမ္ဘာ့လူသားတို့ လိုက်နာကျင့်သုံးအပ်သော မနုဿဓမ္မ (လူ့စည်းကမ်း ဥပဒေ တော်ကြီး)တို့ ဖြစ်ပါသည်၊ ကမ္ဘာ့လူသားတို့၏ သက်တမ်း တိုးတက်ရေး သက်တမ်းဆုတ်ယုတ်ရေးသည်လည်း မူလအခြေခံ ဖြစ်သော ထိုလူ့စည်းကမ်းကျင့်စဉ်တို့ကို ကျင့်သုံးမှု တိုးလာ ခြင်း လျော့ပါးလာခြင်းတို့ အပေါ်၌ ရပ်တည်နေပါသည်။

အကယ်၍ လူသားတို့သည် မိမိတို့၏ လူ့စည်းကမ်းကျင့်စဉ် တို့ကို ကျော်ခိုင်းလျက် သောရိုင်းတိရစ္ဆာန်တို့နှင့်မခြား တရား မကပ်သော ဒုစရိုက်သမားတို့သာ ဖြစ်ကုန်ပြီဟု ဆိုကြပါစို့၊ ထိုအခါ၌ လူသားတို့၏ ဘဝအခြေအနေသည် တိုးတက်မှုမရှိပဲ အဖက်ဖက်မှ ဆုတ်ယုတ်ရတော့မည်မှာ မလွဲပေ။

## မတည်ငြိမ်သော ပြောင်းလဲမှု

သို့ဖြစ်ရာ တိုးတက်ရာမှ ဆုတ်ယုတ်ခြင်း ဆုတ်ယုတ်ရာမှ တိုးတက်ခြင်း-ဟု ဆိုအပ်သော ပြောင်းလဲမှုဖြစ်စဉ်သည် ဒါဝင်ဝါဒီတို့ ပြောဆိုကြသော ကြောင်လိန်လှေခါး ဥပမာကဲ့သို့ အောက်သို့ အဆင်းမရှိပဲ တဆင့်ပြီးတဆင့် အထက်သို့းချည်း တက်နေလိမ့်မည်ဟု မယူဆထိုက်၊ ၂၀-ရာစုနှစ်၏ မှတ်တိုင်သဖွယ်ဖြစ်သော သိပ္ပံမှုပဏ္ဍိတ်ကြီး အိုင်စဘိုင်း ပြောဆိုချက်အရ လူ့လောက၏ ပြောင်းလဲမှုဖြစ်စဉ်သည် ရေလှိုင်းပုံ ဥပမာကဲ့သို့ တည်ငြိမ်မှုမရှိပဲ နိမ့်တုံမြင့်တုံသာ ရှိနေလိမ့်မည်ဟု ယူဆထိုက်ပါသည်။

အိုင်စတိုင်းက တတိယကမ္ဘာစစ် ဘယ်အချိန်၌ဖြစ်မည်ဟု မပြောနိုင်သော်လည်း စတုတ္ထကမ္ဘာစစ်ကြီး ဖြစ်သည်အခါ၌ကား ကျောက်လက်နက်ဖြင့် တိုက်ခိုက်ကြလိမ့်မည်ဟု ဟောကိန်း ထုတ်ခဲ့ပါသည်၊ ကမ္ဘာ့ နိုင်ငံရေး ခေါင်းဆောင်ကြီးတို့သည် မိမိတို့၏ လောဘတရားဆိုးတွေကို မထိန်းချုပ်နိုင်သဖြင့် တတိယကမ္ဘာစစ်ကြီး ဖြစ်လာခဲ့အော် သူတို့အသုံးပြုမည့် သာမိုညူကလီးယား ခေါ် ကမ္ဘာဖျက်လက်နက်ကြီးတို့က တိုးတက်နေသော ကမ္ဘာကြီးကို ဖျက်ဆီးပစ်လိမ့်မည်၊ ထိုအခါယဉ်ကျေးမှုဟု ဂုဏ်ယူနေကြသော ကမ္ဘာ့အဆောက်အအုံကြီး ပြိုလဲ၍ ထူးဆန်းမှု ဆိတ်သုဉ်းသော ကျောက်ခေတ်သို့ ပြန်ရောက်သွားလိမ့်မည်ဟု ဆိုလိုရင်းပေတည်း။

## အဖြေမပေးပဲ ပြုံး၍နေခြင်း

ဆဋ္ဌသင်္ဂါယနာကိစ္စဖြင့် ရန်ကုန် ကမ္ဘာအေး၌ သိတင်းသုံးရစဉ်အခါ တနေ့တွင် စာချဆရာတော်များ လက်ဖက်ရည်ဝိုင်း၌ ဆုံမိ၍ ထိုထိုအရေးအခင်းကို စကားနွေးနေကြရာ ဤစာရေးသူကမိမိနှင့်ရင်းနှီးသောမန္တလေးမြို့ဘုရားကြီးတိုက်မှနာမည်ကြီးစာချဆရာတော်တပါးကို မေးလျှောက်သည်မှာ "ဆရာတော်.... ဆရာတော့် သိပ္ပံပညာက ဖန်တီးပေးသော ယခုလို တိုးတက်မှုတွေဟာ ယခုအတိုင်း အစဉ်ထာဝရ ရှိနေမှာလား" ဟု မေးလျှောက်သောအခါ ထိုဆရာတော်က ရှိနေမှာပေါ့ဟု တုန့်ပြန်ပါသည်။

ဒီလိုဆိုယင် အရိမေတ္တေယျ ဘုရားလောင်း တောထွက်တဲ့အခါ ဂျက်လေယာဉ်ပျံစီး၍ တောထွက်မှာလား- ဟု မေးတော့ အဖြေမပေးပဲ ပြုံးပြုံးလေး ဖြစ်နေသည်ကို တွေ့ရပါသည်၊ အမှန်မှာသိပ္ပံပညာနှင့်ဓမ္မရေးရာဖြစ်နေသည်ကို တွေ့ရပါသည်။ အမှန်မှာ သိပ္ပံပညာနှင့် ဓမ္မရေးရာ ဝိဇ္ဇာပညာသည် သူတပြန်ကိုယ်တပြန် နေရာလု နေကြမည် ဖြစ်ရာ အရိမေတ္တေယျပွင့်ရာအချိန်၌ကား သိပ္ပံပညာကို မေ့ပျောက်၍ ဝိဇ္ဇာပညာကိုသာ အသိလိုက်ကြမည့်အခါဖြစ်နေပါလိမ့်မည်။

## အပေါ်စီးရသောသိပ္ပံပညာ

ယခုအခါ၌မူ သိပ္ပံပညာက အပေါ်စီးရနေသဖြင့် ထိုသိပ္ပံပညာ၏ဖန်တီးပေးချက်အရ ရှေးခေတ်လူတွေ ပြော၍မယုံနိုင်

သော ဆန်းကြယ်မှု အမျိုးမျိုးတို့သည်လည်း ပေါ်ပေါက်ခဲ့ရလေပြီ၊ ထိုသိပ္ပံပညာကပင် လူသားတို့ကို လကမ္ဘာသို့လည်း ပို့ခဲ့လေပြီ၊ ထိုသိပ္ပံပညာ၏အစွမ်းဖြင့်ပင် စကော ၂ ချပ်ကို အတောင်တပ်ပျံရသောခေတ်မှ အဆင့်ဆင့် တိုးတက်လာခဲ့ရာ ယခုအခါ၌မူ ဗိုက်ကင်းခေါ် အာကာသယာဉ်ဖြင့် အင်္ဂါဂြိုဟ်မှမြေကိုပင် တူးဆွယူနိုင်သော ခေတ်အထိ တိုးတက်လာခဲ့လေပြီ၊ သို့ရာတွင် သိပ္ပံပညာသည် ရုပ်ဝတ္ထုကိုသာ စူးစမ်းရှာဖွေနိုင်သောပညာရပ်ဖြစ်ရကား၊ ယင်းသိပ္ပံပညာ၏ ရှာဖွေစူးစမ်းမှုကြောင့် ရုပ်လောကကြီးတိုးတက်လာလေလေ နာမ်လောကဆိုင်ရာ လူ့ကျင့်ဝတ် လူ့စည်းကမ်းတွေ ဆုတ်ယုတ်လာရမည်မှာ မလွဲပေ။

သို့ဖြစ်ရာ လူ့ကျင့်ဝတ်လူ့စည်းကမ်းတွေ ဆုတ်ယုတ်လာသည်နှင့်အမျှ လူ့လောကဖြစ်စဉ်သည်လည်း တည်ငြိမ်မှုမရှိဘဲ အုပ်မနိုင်ထိန်းမရဖြစ်နေရပြန်သည်။ ထိုအချက်ကိုပင် အစဲပြု၍ ပန်ကာအောက်မှ စားပွဲ ကုလားထိုင်ပေါ်တွင် စည်းစိမ်ခံ၍ အလုပ်လုပ်နေကြသော ကမ္ဘာ့နိုင်ငံရေး ခေါင်းဆောင်ကြီးတို့သည်လည်း မည်မျှလောက်ပင် ရုပ်ကိုယ်ကြီးက ချမ်းသာပါသည်ဟု ဆိုရစေကာမူ စိတ်ထဲ၌အပူကြောင့် စိတ်ချမ်းသာမှုကား မရှိပေ။ ယနေ့ငါပိုင်သောရုပ်ဝတ္ထုသည် မနက်ဖန် သူတပါးပိုင် ရုပ်ဝတ္ထုဖြစ်သွားမည်လောဟု တွေးတောပူပန်လျက်ရှိနေကြပြန်သည်၊

ခေတ်ကြီး ၂ ပါး၏ အကျိုးပျက်လုပ်ငန်း

ဆက်ဦးအံ့၊ တိုးတက်လာသောရုပ်ဝတ္ထုတို့၏သွေးဆောင်မှုကြောင့် လူသားတို့၏ နာမ်ပိုင်းဆိုင်ရာ၌ ကာမရာဂတဏှာဆိုး

တွေ့ သောင်းကျန်းလာသောအခါ ဓာမ္ဘာ့ လူဦးရေသည်လည်း ကြောက်ခမန်းလိလိ တိုးလာရပြန်သည်။ လူသား တို့ သည် တိရစ္ဆာန်လောကကို အမှီလိုက်၍ အရေအတွက် တိုးလာသော ကြောင့် မိုးလေဝသနှင့် ရာသီဥတုကို အကျိုးပြုလျက်ရှိသော တောတောင်အရပ်ရပ်မှ သဘာဝပေါက် သစ်တောကြီးများနှင့် အလေ့ပေါက်သစ်ပင်တို့သည်လည်း လူသုံး ပစ္စည်းအဖြစ်ဖြင့် ပြုန်းတီးလာကြရပြန်သည်။

ဤနည်းအားဖြင့် တောပြုန်းတောင်ပြုန်း တောင်ကတုံးတွေ ဖြစ်လာရသောအခါ ဥတုဇရုပ်ပိုင်းဆိုင်ရာ ဗဟိဒ္ဓလောက၏ အချက်အခြာဖြစ်သော တေဇောဓာတ်(ပူအေးမှု)နှင့်ဝါယော ဓာတ် (လှုပ်ရှားမှု) တို့သည်လည်း အချင်းချင်း ညီမျှမှုမရှိပဲ ဖောက်ပြန်လာပြီးလျှင် လူသားတို့၏ လိုအပ်ချက်နှင့် မကိုက် ညီသော–

၁။ ရန်ခါမိုးခေါင်၍ ရန်ခါရေကြီးခြင်း။

၂။ မိုးခေါင်မှုရေကြီးမှုကြောင့် ကောက်ပဲ့သီးနှံ ပျက်စီး ခြင်း။

၃။ အပူလွန်၍ ရောဂါထူပြောခြင်း။

၄။ အအေးလွန်၍ ရောဂါထူပြောခြင်း။

၅။ လေဘေးရေဘေးတို့ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ရခြင်း။

၆။ လူသားတို့သေကြေပျက်စီးခြင်းဟု ဆိုအပ်သော လူ့အကျိုးပျက်လုပ်ငန်းတို့ကို ဖန်တီးသကဲ့သို့ ရှိနေကြပြန်သည်။ ဤသို့လျှင် ကမ္ဘာ့လူသားတို့သည် ခေတ်ကြီး ၂-ပါး၏ အကျိုးပျက်လုပ်ငန်းကို မခုခံနိုင်ပဲ ရှိနေကြပါသည်။

## လူတိုင်းတွေဝေ သောကပွေ

လူ့ကျင့်ဝတ်ကို ကျော်ခိုင်းလျက်ရှိသော လူသားတို့သည် တိုးတက်နေသော သိပ္ပံပညာ၏ အကျိုးဆက် အနေဖြင့်—

၁။ ယာဉ်ရထားအမျိုးမျိုးတို့ကို စီးနင်းရခြင်း ။
၂။ ထူးဆန်းသောအစားအစာတို့ကို စားသုံးရခြင်း။
၃။ ထူးဆန်းသောအဝတ်အထည်တို့ကို ဝတ်ဆင်ရခြင်း။
၄။ ရုပ်ရှင်ပြပွဲကြည့်ရခြင်း။
၅။ လေညှင်းခံပျော်ပွဲစားထွက်ရခြင်း—

ဟု ဆိုအပ်သော ရုပ်ကိုယ်ကြီး၏ချမ်းသာမှုကို လိုလေသေးမရှိ ခံစားနေကြရသော်လည်း ခေတ်ကြီး ၂ ပါး၏အကျိုးပျက်လုပ်ငန်းနှင့် ရင်ဆိုင်နေကြရသောကြောင့် သိပ္ပံပညာကပေးသော ချမ်းသာမှုနှင့် မကာမိအောင် စိတ်ဆင်းရဲ နေကြရပြန်သည်။

ထို့ပြင် လူများစုအနေဖြင့်ပြောရလျှင် မိမိတို့၏ စီးပွားရေး အခြေအနေက တိုးမြင့်လာသော လူနေမှု အဆင့်အတန်းကို

မှီအောင် မလိုက်နိုင်သောအခါ စီးပွားရေးပြဿနာကို ဖြစ်သလို ဖြေရှင်းရာမှအစပြု၍ တဦးနှင့်တဦး သတ်ဖြတ်ကြခြင်း၊ ခိုးဆိုး တိုက်ခိုက်ခြင်းစသော မကောင်းမှုဒုစရိုက်တွေ ထူပြောလာရပြန် ပါသည်။ ဥတုပျက် အသီးအနှံ တို့မှ ဖြစ်ပေါ်လာသော အာ ဟာရကို မှီရသောကြောင့်လည်း ၉၆–ပါးရောဂါတို့တွင် ဘယ် ရောဂါထည့်သွင်းရမည်ဟု မသိနိုင်လောက်အောင် ကင်ဆာ၊ သွေးတိုး၊ အသည်းရောင်၊ အူရောင်၊ အသားဝါ၊ ထိုထိုရောဂါ တို့ကလည်း လူသားတို့ကို ဖိစီးလျက်ရှိသည်သာတည်း။

သို့ဖြစ်ရာ ထိုကဲ့သို့သော ရောဂါဆိုးတို့မှ အဖိုးထိုက်အဖိုး တန်ဆေးဝါးတို့ဖြင့် ကာကွယ်ကြရသည်မှာလည်း စိတ်မောစရာ တာဝန်ကြီးတခုဖြစ်နေကြပါသည်။ သို့သော်လည်း အချို့ သော ခေတ်လူတို့သည်ကား ထိုရောဂါတို့ကို အဖိုးထိုက် အဖိုး တန်ဆေးတို့ဖြင့်ကာကွယ်ရသည်ကိုပင် ဂုဏ်ယူကြပြန်၏။ မည်သို့ ပင်ဖြစ်စေ သိပ္ပံပညာသည် ကိုယ်၏ချမ်းသာမှုကို ပေးစွမ်းနိုင် သော်လည်း စိတ်၏ချမ်းသာမှုကိုကား ပေးစွမ်းနိုင်ခြင်း မရှိ ချေ။စိတ်၏ချမ်းသာမှုမရှိပဲလျက် ခံစားရသော ကိုယ်ချမ်းသာမှု သည်လည်း တန်ဖိုးမရှိပါ။

အမှန်မှာ ချမ်းသာမှုဟူသည်မှာ ရုပ်ထဲ၌မရှိ၊နာမ်ခတ်၌သာ ရှိပါသည်။ ''ယံ ခေါ အာနန္ဒ ဣမေ ပဉ္စကာမဂုဏေ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊ ဣဒံ ဝုစ္စတိ ကာမသုခံ'' ဟု ဟောတော်မူအပ်သော မဇ္ဈိမ ပဏ္ဏာသ ပါဠိတော် ဗဟု ဒေဝနီယသုတ်လာ စကားရပ်ကိုထောက်ပါ။ ထို့ထက် သာ

လွန်ထူးကဲသော ရျာန်ချမ်းသာ ဖိုလ်ချမ်းသာတို့သည်လည်း ရှုပ်ထဲ၌မရှိကြ၊ နာမ်ထဲ၌သာရှိကြပါသည်။ ထို့ကြောင့် လူတို့သည် သိပ္ပံပညာက မဖြေရှင်းနိုင်သော စိတ်ဆင်းရဲ မှုတို့ကို အလုံးအလဲ ခံစားလျက် သောကဗျာပါဒ ကိုယ်စီနှင့် ဖြစ်နေကြသည်ကို မျက်မြင်လောကကြီးက သက်သေခံလျက် ရှိနေပါသည်။

## သောကကင်းရေး ကိုယ်ကျင့်မွေး

စိတ်ထဲ၌ တငွေ့ငွေ့လောင်မြိုက်နေသော ပူပင်ဆင်းရဲမှုတို့သည် ဘယ်ကစတင်ခဲ့သနည်းဟူမေးလျှင် 'အရင်းစစ်အမြစ်မြေက' ဆိုသကဲ့သို့ ဒုစရိုက်တရားတို့နှင့် ထွေးလုံးရစ်ပတ်ဖြစ်နေသော လူ့လောကအဆောက်အအုံကြီးထဲမှ စတင်လာခဲ့သည်ဟု အဖြေထွက်လာပါသည်၊ သို့ဖြစ်ရာ ဘဝပြဿနာနှင့် ဆက်စပ်လျက်ရှိသောထိုစိတ်မချမ်းသာမှုမှ လွတ်မြောက်လိုပါလျှင် လူတိုင်းပင် မကောင်းမှုဒုစရိုက်တို့ကို ဖယ်ရှားလျက် သုစရိုက် ၁၀-ပါးနှင့် ပုညကြိယဝတ္ထု ၁၀—ပါးတို့ကို ငါတို့ လိုက်နာရမည့် လူ့စည်းကမ်း ဥပဒေတော်ကြီးပါတကားဟု အားပါးတရ လိုက်နာကြရန် လိုအပ်လှပါကြောင်း။

လိုရင်းဖော်ထုတ် အကျဉ်းချုပ် ဆောင်ပုဒ်ဘယ်သို့ ဆိုသနည်း။

လိုရင်းဖော်ထုတ် အကျဉ်းချုပ် ဆောင်ပုဒ်ဤသို့ ဆိုပါသည်။

(ဆောင်) သုစရိုက်ပုည—ဂုဏ်ကပေါ်ထင်၊
ဥပဒေငြိမ်း—စည်းကမ်းအစဉ်။
ကျင့်ဖောက်ပြားလို့—ပျောက်သွားပါလျှင်၊
လူ့သမိုင်း-ခုတိုင်းဖြစ်ဖို့မြင်။

(ဆောင်) မိုးခေါင်ရေရှား—ထွေပြားဖုံဖုံ၊
ရံခါရေကြီး—ပျက်စီးဖို့ကြုံ။
ကင်ဆာသွေးတိုး-ဘေးဆိုးတွေအုံ၊
အဖိုးထိုက်—ထိုးလိုက်ဆေးမျိုးစုံ။

(ဆောင်) စရိုက်လွဲတဲ့-မိုက်မဲသူတွေ၊
သတ်ကြဖြတ်ကြ—ငတ်ကြသလေ။
အပူဝိုင်းလို့-လူတိုင်းတွေဝေ၊
စိတ်မောကြ—သောကဗျာပါပွေ။

(ဆောင်) သည်ညွတ်ကွင်းမှ—လွတ်ကင်းလိုလျှင်၊
ဥပဒေကြီး-ဖွေမှီးအစဉ်။
လူ့စည်းကမ်းမို့—နည်းသမ်းစုံလင်၊
ကိုယ်၌ထား-လိုက်စားကျင့်စေချင်။

(ကတ္တု ပတ္ထနာ)

ပုညေနေ တေန နော မြမ္မ-
ရဋ္ဌံ ဘာသာနုဝတ္တကံ။
ဟောတံ သုစရိတာ ဟောန္တု၊
ဇနာပိ သောကမုတ္တိယာ။

ဧတေန ပုညေန၊ လူစည်းကမ်း ဥပဒေတော်ကြီး ဖန်တီး ရေးသား ကြိုးစားပါရ သဒ္ဒါကြွသည့် ဉာဏသမ္ဘယုတ် ရွေးထုတ် ဆည်းပူး ဤကောင်းမှုထူးကြောင့်။ နော၊ ငါတို့၏။ မြမ္မရဋ္ဌံ၊ မြန်မာ, ရှမ်း, ကရင် ကချင်, ကယား အစဉ်ထားလျက် အင်အားဖွဲ့စည်း (ဤ) ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည်။ ဘာသာနု ဝတ္တကံ၊ ဘာသာတရား အရေးထားလျက် လေးစား လောက်ဖွယ် မပျောက်ကွယ်ဖို့ နောက်ဝယ်လိုက်ပါ ကမ္ဘာ လွှမ်းကျော် ဗုဒ္ဓဘာသာနိုင်ငံတော်သည်။ ဟောတံ၊ အစဉ် ထာဝရ ကာလမြင့်ကြာ ဖြစ်နိုင်ပါစေသတည်း။

ဇနာပိ၊ ဗုဒ္ဓဘာသာဝင် ကမ္ဘာတွင်သည့် ရာဇဝင်ထင်ရှား ဗုဒ္ဓဘာသာနိုင်ငံသူ နိုင်ငံသားတို့သည်လည်း။ သောကမုတ္တိယာ၊ စိတ်ဝယ်ဇောကြွ မမောရပဲ သောကကင်းဝေး အတွင်းအေး

ဖို့ရန်အလို့ငှါ။ သုစရိတာ၊ သုစရိုက်တရား ကိုယ်၌ထား၍ လိုက်စားမှုဖြေ့ လူ့အနေဖြင့် ဥပဒေတော်ကြီး အပေါ်စီးလျက် ဖော်မှီးတွဲထုံ လူ့ကျင့်ဝတ် စရိုက်ကောင်း ရှိကြကုန်သည်။ ဟောဘ္တုံ၊ မလွဲပုံသေ ဖြစ်နိုင်ကြပါစေကုန်သတည်း။

ပြီးပါပြီ။

## အမှား–အမှန် ပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၂၈ | ၂ | ခွဲတမ် | ခွဲတမ်း |
| ၁၅၈ | ၁၀ | သုံးသပ်ပြိ | သုံးသပ်ပြီး |
| ၁၅၈ | ၁၉ | စာဖတ်သတ် တို့အား | စာဖတ် ပရိသတ် တို့အား |
| ၁၆၀ | ၈ | သေးစိတ် | လေးစိတ် |